The HOT NEWS weekly

Vol- 3, No-140 , 17 - 23 May , 2013

E-mail - admin@hotnewsweekly.com

# ပါတီနိုင်ငံရေးမလုပ်ဘဲ အမျိုးသားနိုင်ငံရေးကိုသာ လုပ်သွားဖို့ဆုံးဖြတ်ချက် ချပြီးသားပါ

စာ ၁၈ သို့



“လက်ရှိအချိန်မှာ ဘဘနဲ့ အခုအစိုးရအဖွဲ့ဝင်တွေကြားမှာ ဆက်ဆံမှု တစ်စုံတစ်ရာ ရှိပါသလား...”

“ဘဘအနေနဲ့ အခုချိန်မှာ အေးချမ်းတဲ့ဘဝလေးတစ်ခုကို တည်ဆောက်နေပြီ ပြီးတော့ အဲဒီအစိုးရအဖွဲ့ဝင်တွေနဲ့ ဘဘနဲ့ တစ်စုံတစ်ရာသော ဆက်ဆံမှုမျိုးလုံးဝ မရှိပါဘူး ဘဘအစိုးရအဖွဲ့မှာ တာဝန်ယူစဉ်ကတော့ ဘဘအနေနဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ လုပ်ခဲ့ပေမဲ့ အခုချိန်မှာ ဘဘဟာ အစိုးရအဖွဲ့ထဲမှာလည်း မပါတော့ဘူး...”



စာ ၄၀ သို့

## ဒေါ်အောင်ဆန်းစုကြည် သမ္မတလုပ်မည်ဟုဆိုသည်မှာ အာဏာရလိုမှုကြောင့်မဟုတ်ဟုဆို



စာ ၆ သို့

## လယ်သမားများ ဥပဒေနားမလည်ခြင်းအပေါ် အခွင့်ကောင်းယူ ခြိမ်းခြောက်၍ မြေသိမ်းနေမှု အပြစ်များဟုသိရ



စာ ၈ သို့

## နိုင်ငံရေးအကျဉ်းသားစိစစ်ရေးကော်မတီ အကျဉ်းထောင်များအတွင်း ဝင်ရောက်လေ့လာမည်

## ပြည်သူ့အတွက် ရင်မြေကတုတ်လုပ် အသက်စွန့်ကာကွယ်လာတဲ့တပ်မတော်ရဲ့တန်ဖိုးတွေဟာ တပ်မြေသိမ်းမှုကိစ္စတွေရဲ့အကျိုးဆက်ကြောင့် ပျက်စီးသွားရမှာလား

စာ ၂၇ သို့

အေးမြလန်းဆန်းမှုကို ပေးစွမ်းမည့်...

ဟိုက်ဒရိုဂျင် အချိုရည်



တစ်ထုပ် 50/-ကျပ်

• အမြုပ်ဆူထွက်သော ဂုဏ်သတ္တိရှိခြင်း • လူတိုင်း၏ ခံတွင်းနှင့် ကိုက်ညီမှု ရှိခြင်း • စူးရှ၍ နှစ်လိုဖွယ် အရသာရှိခြင်း
• အရသာ ကျဲတောက်မှုမရှိခြင်း • အလိုအလျောက် အေးမြခြင်း

✆ 09 5178737

# ဟာဂျ်ဘုရားဖူးကိစ္စ ဝန်ကြီးဌာန၏ ထိန်းချုပ်မှုမပါ အစ္စလာမ်ဘာသာရေးအဖွဲ့အစည်းများ၏စီမံမှုဖြင့်သာ သွားရန် ပြည်ထောင်စုဝန်ကြီး အကြံပြု



မကြာမီကာလအတွင်း အစ္စလာမ်ဘာသာဝင်များ၏ ဘာသာရေးတာဝန်တစ်ခုဖြစ်သော ဆော်ဒီအာရေးဗျနိုင်ငံမက္ကာလ်မြို့သို့ ဟာဂျ်ဘုရားဖူးကာလကျရောက်တော့မည်ဖြစ်သဖြင့် အစ္စလာမ်ဘာသာရေးအဖွဲ့အစည်းများ၊ ဟာဂျ်ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများနှင့် သာသနာရေးဝန်ကြီးဌာနတို့ အကြိုညှိနှိုင်းစည်းဝေးပွဲအား မေလ ၁၄ ရက်နေ့၌ နေပြည် တော်ရှိ ဝန်ကြီးဌာနရုံး၌ ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်မှ လာမည့်ဟာဂျ်ကာလမှစတင်ကာ ဟာဂျ်ကိစ္စအား ဝန်ကြီးဌာန၏ ထိန်းချုပ်မှုမပါဘဲ အစ္စလာမ်ဘာသာ ရေးအဖွဲ့အစည်းများ၏ စီမံမှုဖြင့်သာ သွားရန်အကြံပြုတိုက်တွန်းပြောကြားလိုက်သည်။

"ဒီ ဟာဂျ်ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ မထိန်းချုပ်မကိုင်တွယ်လိုပါဘူး။ ဟာဂျ်ကိစ္စတွေနဲ့ပတ်သက်ပြီး အသံတွေလည်း ကြားနေရတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ကလည်း ထိန်းချုပ်မှုဆိုတာတွေ များရင် အဖုအထစ်တွေများလာမယ်။ ဒါကြောင့် ပြောချင်တာက အစ္စလာမ်ဘာသာရေးအဖွဲ့အစည်းတွေအနေနဲ့ ဦးဆောင်ပူးပေါင်းကော်မတီတစ်ရပ်ဖွဲ့ပါ။ အဲသလို ဘာသာရေးအဖွဲ့အစည်းတွေရဲ့ ဦးဆောင်မှုကို ကုမ္ပဏီတွေ ခံယူပြီး ညီညီညွတ်ညွတ်လုပ်ဆောင်သွားကြပါ။ ခုလက်ရှိ အစ္စလာမ်ဘာသာရေးအဖွဲ့အစည်း (၅)ခု ရှိတယ်။ ဒီ (၅)ဖွဲ့ကနေပြီးတော့ ကော်မတီတစ်ရပ်ဖွဲ့ပါ။ ပြီးရင် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ကလည်း လွှဲပေးလိုက်ချင်တယ်။ ဒါဆို ထိန်းချုပ်မှုတွေ လျော့သွားမယ်။ အဲဒီဂွင်ဆိုတာတွေလည်း ပျောက်သွားမယ်။ အဲသလို ဘာသာရေးအဖွဲ့အစည်းတွေကနေ ဖွဲ့စည်း ဖြစ်လာမယ့် ကော်မတီကလည်း မှန်မှန်ကန်ကန်နဲ့ လုပ်ဆောင်သွားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု သာသနာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်မှ ပြောကြားသွားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးမှ အကြံပြုဖွဲ့စည်းရန် တိုက်တွန်းသည့် အစ္စလာမ်ဘာသာရေးအဖွဲ့အစည်းများမှာလည်း ပြည်ထောင်စုဝန်ကြီး အကြံပြုချက်အား လက်ခံကြောင်း ပြောကြားခဲ့ပါသော်လည်း လုပ်ငန်းရှင်များဘက်မှ အချို့သောငွေကြေးပြဿနာများရှိလာနိုင်သည့်အတွက် ဟာဂျ်ကိစ္စဘာသာရေး အဖွဲ့အစည်းများအားလုံးဝလွှဲမည့်ကိစ္စအား ကန့်ကွက်ကြောင်း တင်ပြခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မိမိတို့အနေဖြင့် ဘာသာရေးဆိုင်ရာ ကိစ္စများကိုသာ အကြံပေးကူညီသွားမည်ဖြစ်ပြီး ငွေကြေးကိစ္စများအား ကိုင်တွယ်မည်မဟုတ်ကြောင်း ပြန်လည်တင်ပြ ပြောကြားခဲ့သည်။

**ခန့်ခန့်(ဒသနိက)**

အာမခံချက်အပြည့်အဝပေးနိုင်သော
စင်တွာ
မီးလင်းကတ္တား
CENTRA
DIGITAL WEIGHING SYSTEM
"Smart Choice for Smart Business"
၀၉.၇၃၀၀.၉၆၄၁၊ ၀၉.၉၁၀၀၀.၇၅၃

## ရက္ခပူရကိုမွှေမယ့် မဟာဆန်(Mahasen) သူ




မိုး/ဇလဦးစီးဌာနရဲ့ ယနေ့မေလ ၁၄ ရက်ညနေ ၆နာရီအချိန်သတင်းထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အရှေ့ တောင်ပိုင်းမှာ ဖြစ်ပေါ်နေတဲ့မဟာဆန်(Mahasen) ဆိုင်ကလုန်း မုန်တိုင်းဟာ မြန်မာနိုင်ငံ ကိုကိုးကျွန်း၏ အနောက်တောင်ဘက် မိုင်၃၀၀ ခန့်၊ ပုသိမ်မြို့အနောက် တောင်ဘက် မိုင် ၅၀၀ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့တောင်ဘက်မိုင် ၃၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါတယ်။ ဒီမဟာဆန်မုန်တိုင်းဟာမေလ ၁၆ ရက်နေ့သန်းခေါင်ယံ အချိန်လောက်မှာ ရက္ခပူရ(ရခိုင် ပြည်နယ်)ကိုဖြတ်ကျော်နိုင်ကြောင်းမုန်တိုင်းကြိုတင်သတိပေးမှုများ နာရီမလပ်သတင်းထုတ်ပြန်လျက်ရှိပါတယ်။

နောက်ဆုံးသတင်းထုတ်ပြန်ထားချက်အရမုန်တိုင်းဟာ တစ် နာရီလျှင် ရေမိုင် ၆ မိုင်နှုန်းဖြင့် အရှေ့မြောက်ဘက်ကိုရွေ့လျားနေကြောင်း၊ မုန်တိုင်းဗဟိုမှာ တစ်နာရီလျှင် ၇၅ မိုင်နှုန်းဖြင့်တိုက်ခတ်နေပြီး၊ ပင်လယ်ရေဟာ ၁၇ပေခန့်ထိ မြင့်တက်နိုင်တယ်လို့ သတိပေးထားပါတယ်။

ဒါ့ကြောင့် မုန်တိုင်းသတိ ပေးချက်ရလျှင် လူ၊ ကယ်၊ ပြန်ဝန်ကြီးဌာနကအသိပေးတင်ပြထားရာမှာ-

(၁) ရေဒီယို၊ ရုပ်သံတွေ အမြဲဖွင့်နားထောင်ပါ။ (၂) ရေလမ်းခရီးများရှောင် ရန်။

(၃) ပြတင်းပေါက်တွေ အားလုံးပိတ်။ (၄) သောက်ရေ၊ ဆေးဝါး၊ ရိက္ခာခြောက်ဖြစ်တဲ့(ကြာဆံ ခြောက်၊ ခေါက်ဆွဲခြောက်) အနည်းဆုံး ၇ ရက်စာကြိုစုထားရန်။

(၅) လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်၊ ရေသန့်ဗူးများ အသင့်ဆောင်ထားရန်။

(၆) အသက်ကယ်ဘောကွင်းများကိုယ်စီဆောင်ထားရန်။

(၇) တန်ဖိုးကြီးပစ္စည်းများ၊ အရေးကြီးစာရွက်စာတမ်းများ၊ နွေးထွေးသောအဝတ်အထည်များကို ပလပ်စတစ်အိပ်ဖြင့်လုံခြုံစွာထုတ်ပိုးပြီးအလွယ်တကူလက်လှမ်းမီသည့်နေရာတွင်ထားရန်။

(၈) ဌာနဆိုင်ရာများ၏သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသတိပေးချက်များကို လိုက်နာဆောင်ရွက်ကြရန်နှိုးဆော်ထားသည်။

**ကျော်စိန်**









Location
No. (14), Corner the Pobba Thiri Myo Pat Road & Swel Taw Street, Oattara Thiri Hotel Zone (2), Nay Pyi Taw.

- အိပ်ခန်းနှင့်တွဲလျက်ကိုယ်ပိုင် Car-Garage ပါရှိသည်။
- Soft Opening Promotion (15.5.2013) to (30.6.2013)
- Hotel Guest - Room (20%) + Entertainment (20%) Discountပေးမည်။
- Only Entertainment Guest (10%) Discount ပေးမည်။

Tel : 95(67)435001,435002 ~ 9
HP : 09 73005719, 09 8611392
Fax : 95(67)417545
E-mail : sgdhotel.npt@gmail.com
Website : http://www. hotelshwegonedaing.com

The HOT NEWS
Vol - 3, No - 140, 17 - 23 May 2013

## လယ်သမားများ ဥပဒေနားမလည်ခြင်းအပေါ် အခွင့်ကောင်းယူခြိမ်းခြောက်၍ မြေသိမ်းနေမှု အဖြစ်များဟုဆို



လက်ရှိအဖြစ်များလျက်ရှိသော လယ်မြေများ၊ စိုက်ပျိုးလုပ်ကိုင်နေသည့် မြေများသိမ်းဆည်းခံရမှုများအနက် အများစုကို လေ့လာကြည့်ပါက ပညာအခြေခံနည်းပါး၍ ဥပဒေနားမလည်ရှာသော လယ်သမားများအားနည်းပေါင်းစုံဖြင့် ခြိမ်းခြောက်၍ မြေသိမ်းမှုများအဖြစ်အများဆုံးဖြစ်ကြောင်း လွှတ်တော်မြေယာနှင့် အခြားမြေများသိမ်းဆည်းခံရမှု စုံစမ်းရေးကော်မရှင်မှ အဖွဲ့ဝင် ဦးအောင်သိန်းလင်းကဆိုသည်။

"လယ်သမားတွေကိုလယ်ယာမြေဥပဒေတွေမြေသိမ်းဥပဒေတွေနဲ့ပတ်သက်ပြီး သူတို့ နားလည်အောင်သေသေချာချာ လုပ်ပေးဖို့လိုလိမ့်မယ်။ လယ်သမားတွေကသာဒီဥပဒေတွေကိုအနည်းအကျဉ်းလေးနားလည်မယ်ဆိုရင်တစ်ဖက်က မြေလာသိမ်းပြီးဆို မြေလာသိမ်းတဲ့သူတွေဘက်က ပြောနေတာတွေဟာဥပဒေနဲ့ညီမညီ ဒီလိုမြေသိမ်းတာကလည်း မြေသိမ်းဥပဒေနဲ့ညီမညီဆိုတာကိုထောက်ပြပြီး ပြန်ချေပလို့ရတယ်။ ခုဟာက ဒီလိုမဟုတ်ဘဲ မြေသိမ်းဥပဒေတို့ လယ်ယာမြေ ဥပဒေတွေကို နားလည်းမလည်၊ သဘောလည်း မပေါက်တဲ့အခါကျတော့တစ်ဖက်က ခြိမ်းခြောက်ပြောဆိုပြီး ပြောလိုက်ရော လယ်မြေတွေကနေထွက်သွားကြရော။ဒါမျိုးတွေဟာ လက်ရှိမှာ အရမ်းအဖြစ်များနေတယ်။ဒါလုံးဝကိုမဖြစ်သင့်ဘူးလေ"

မြေတစ်ခုကိုသိမ်းတော့မယ်ပြည်သူလူထုအကျိုးငှာသိမ်းဖို့လိုအပ်လို့သိမ်းတော့မယ်ဆိုရင်ဒီလိုသိမ်းတော့မယ်ဆိုတဲ့အကြောင်းကိုကာယကံရှင်သိအောင်အကြောင်းကြားရမယ်။ဒီလိုအကြောင်းကြားပြီးသုံးလအတွင်းမှာကာယကံရှင်က ဒီလိုမြေသိမ်းတဲ့ ကိစ္စအပေါ် မကျေနပ်ရင် ကန့်ကွက်လွှာတင်ရမယ်။ အဲဒီလိုကန့်ကွက်လွှာတင်ပေမဲ့ဒါဟာအများပြည်သူအကျိုးငှာမဖြစ်မနေသိမ်းရမယ်ဆိုရင်လည်း အစိုးရကတစ်ဖက်ကို လျော်ကြေးနစ်နာကြေးတောင်းနိုင်တယ်ဆိုပြီး ပြန်တမ်းတွေ ထုတ်ရမယ်။ ခုဖြစ်နေတဲ့မြေသိမ်းတဲ့ကိစ္စတွေမှာဘာပြန်တမ်းမှလည်းမရှိဘူး။ သိမ်းချင်လို့သိမ်းတယ်ကွာဆိုပြီး သိမ်းချလိုက်ရော။အဲဒီမှာလယ်သမားကဥပဒေမသိတော့ လယ်မြေတွေကနေ ထွက်ပေးလိုက်တယ်။ ကျွန်တော်တို့ ကော်မရှင်ရဲ့ လေ့လာတွေ့ရှိချက်တွေအရအချို့မြေသိမ်းမှုတွေမှာတည်ဆဲဥပဒေနဲ့မညီညွတ်တာတွေ အများကြီးတွေ့ရတယ်။ မြေသိမ်းချင် တိုင်းသိမ်းလို့မရဘူး။ ပြည်ထဲရေးက ခန့်ထားတဲ့ မြေသိမ်း ကောလိပ်တော် အရာရှိက တာဝန်ခံပြီးသိမ်းမှရမှာ။နောက်ပြီးတော့ အဲဒီမြေမှာလုပ်ကိုင်နေတဲ့လူတွေကိုလည်းတန်ရာတန်ကြေး၊ သိမ်းတဲ့အချိန်ရဲ့ကာလပေါက်ဈေးအတိုင်းမပေးဘဲ သိမ်းလို့မရဘူး" ဟု ဦးအောင်သိန်းလင်းက ပြောကြားသွားသည်။

မြေသိမ်းမှုများအနက် အများစုပါဝင်သည့် ကုမ္ပဏီ စီမံကိန်းကိစ္စများ၌လည်း လယ်သမားများမှာ ကုမ္ပဏီက သိမ်းလိုက်ပြီဟုသာသိရပြီး အမှန်တကယ်တွင်မူ ကုမ္ပဏီများအနေဖြင့် မြေသိမ်းခွင့်လုံးဝမရှိကြောင်း၊ လယ်သမားများ၏ ဥပဒေနားမလည်ခြင်းကိုအခွင့်ယူ၍ ကုမ္ပဏီကသိမ်းသည်ကို တရားဝင်သကဲ့သို့ ဝါဒဖြန့်နေမှုများအား လယ်သမားများကနားမလည်၍ တစ်ဖက်မှ ခြိမ်းခြောက်လာသည်ကို ကြောက်လန့်၍ လယ်မြေများကို စွန့်ခွာသွားနေရကြောင်း ဦးအောင်သိန်းလင်း၏ ပြောကြားချက်အရသိရသည်။

**ခန့်ခန့်(ဒဿနိက)**




## လက်ပံတောင်းတောင်အရေးသည် လူ့အခွင့်အရေးချိုးဖောက်ခံရတာဟုဆို

မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကြောင့်ဖြစ်ပျက်လာခဲ့သော အစိုးရနှင့် ဒေသခံပြည်သူများကြားပဋိပက္ခများသည်လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရှေ့နေများ ကွန်ရက်မှ ဦးလှထွန်းက ဆိုသည်။

"လက်ပံတောင်းတောင်ကိစ္စကို ပြန်ကြည့်ကြည့်မယ်ဆိုရင် လူ့အခွင့်အရေးချိုးဖောက်ချင်းကို သွယ်ဝိုက်သောနည်းနဲ့ ခံနေရတယ်။ နောက်တစ်ခုကလက်ပံတောင်းတောင်ကသပိတ်စခန်းတွေအင်အားသုံးဖြိုရှင်းခြင်းခံလိုက်ရတုန်းကအဲမှာသုံးခဲ့တဲ့ ဗုံးအခွံတွေကိုအမေရိကန်မှာရှိတဲ့ပညာရှင်တစ်ယောက်ဆီကိုပို့ပြီးတော့စစ်ကြည့်တဲ့အခါကြတော့ မီးလောင်ဗုံးလို့ အဖြေ ထွက်တယ်။ အဲလို အဖြေထွက်တဲ့အချက်အလက်တွေကိုပဲကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေး ကိုယ်စားလှယ်မစ္စတာသောမတ် အိုဟေးကင်တာနာဆီကို ဆရာ ကိုယ်တိုင်သူ့လက်ထဲကိုရောက်အောင်ထည့်ပေးခဲ့တယ်။ သူ့ရဲ့ အစီရင်ခံစာထွက်လာတဲ့အခါကြတော့ရခိုင်အရေးကိစ္စလောက်သာအဓိကထားပြီးတော့ပြောသွားတယ်။ လက်ပံတောင်းတောင် ကိစ္စကျတော့ထည့်တောင်ပြောဖို့နေနေသာသာလက်ပံတောင်းစာလေးတစ်လုံးတောင်မပါဘူး။ အဲဒါကိုလည်း ဆရာတို့အပြင်းအထန်ရှုတ်ချတယ်။ ဘာလို့လည်းဆိုလက်ပံတောင်း ကပြည်သူတွေက လူ့အခွင့်အရေးကို ချိုးဖောက်ချင်းခံနေ ရတာပဲ"ဟု ပြောကြားခဲ့သည်။

**ဖြိုးအောင်**

## ကွန်ပျူတာတက္ကသိုလ်အတွက်အသုံးပြုပြီး ပိုနေသောမြေ တောင်သူများပြန်ပေးရန်တောင်းဆို

တောင်ကြီးမြို့ဟိုပုန်းသွားရာကားလမ်းဘေး ၊ လေးမိုင်ရွာအနီး၊ နောင်လေကျေးရွာအုပ်စုမဲတောင်းရွာ၊ ထီအုံ့ရွာ၊ ထီတဖြေရွာ၊ မွှုံးရောင်းရွာ ရွာပေါင်း (၄)ရွာမှ တောင်ယာစိုက်ပျိုးနေသော မြေဧက (၄၆၇) ဧက ခန့်ကို ၁၉၉၂ ခုနှစ်တွင် တပ်မတော်မှ အမှတ် (၃) ဆက်သွယ်ရေး အလုပ်ရုံတည်ဆောက်ရန်အတွက်သိမ်းယူခဲ့ပြီး (၈)နှစ်သာ တပ်မတော်မှ နေထိုင်ပြီး တပ်ရင်း တစ်ရင်းလုံး ပြောင်းရွှေ့သွားသည့်နောက်ပိုင်း ၂၀၀၀ ပြည့်နှစ်တွင် တောင်ကြီး ကွန်ပျူတာ တက္ကသိုလ်အဖြစ် လွှဲပြောင်းခဲ့ပြီး တပ်ရင်းတည်ဆောက်ပြီးခဲ့သောအဆောက်အအုံများတွင် ကွန်ပျူတာသင်တန်းကျောင်းသားများကို လက်ခံသင်ကြားပေးနေကြောင်း ယခုအခါ ကွန်ပျူတာ တက္ကသိုလ် ပင်မအဆောက်အအုံကြီးလည်းဆောက်လုပ်ပြီးစီးပြီးလိုအပ်သောလမ်းနှင့် အခြားသောအဆောက်အအုံများကို ဆောက်လုပ်ရန် မြေနေရာများ သတ်မှတ်ပြီး ကျန်မြေများကို တောင်သူများမှ လွတ်လပ်စွာ စိုက်ပျိုးခွင့်ရနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အသနားခံစာ တင်ပြထားကြောင်း သိရှိရသည်။



အဆိုပါသိမ်းယူသောမြေများထဲတွင် ဒေသခံတို့အသုံးပြုနေသည့်ဂနိုင်ခေါ်ရေထွက်နေရာများကိုဘိုးဘွားစဉ်ဆက်ထိန်းသိမ်းစောင့်ရှောက်အသုံးပြုလာသော ရေထွက်များကို မသိမ်းရန်ကိုလည်း ဒေသခံများမှ လိုလားနေလျက်ရှိသည်။ တပ်မတော်မှအမှတ်(၃)ဆက်သွယ်ရေးအလုပ်ရုံတပ်အတွက်သိမ်းယူစဉ်ကစားကျက်မြေ၊ သချိုင်းမြေများပါရှိနေသလိုစိုက်ပျိုးမြေအမြောက်အမြားပါရှိနေခြင်းတို့ကြောင့်တာဝန်ရှိသူတွေမှအမြန်ဆုံးဖြေရှင်းပေးရန် ပအိုဝ့်တိုင်းရင်းသားတောင်သူများက လိုလားနေလျက်ရှိသည်။ အဆိုပါ မြေများကို တပ်မတော် သိမ်းယူစဉ်မှစပြီး စိုက်ပျိုးမှုများရရှိခဲ့ပြီးအခကြေးငွေပေးရန်မလိုဘဲ စိုက်ပျိုးခွင့်များရရှိခဲ့သော်လည်း ကွန်ပျူတာတက္ကသိုလ်ရောက်ရှိလာပြီး တာဝန်ခံတစ်ဦးမှ သစ်ပင်ဝါးပင်ကြီးများ တောင်သူများ ခုတ်လှဲခွင့် မပေးပေမယ့်ဌင်းတို့ကျတော့ ခုတ်လှဲရောင်းစားနေခြင်းကို ဖြံ့ရှင်များက စိတ်မကောင်းဖြစ်နေကြပြီး ယခင်တပ်သိမ်းသွားသည့်မြေဧကအတိုင်းကွန်ပျူတာတက္ကသိုလ်ကဧကရာချီပြီးသုံးဖို့လည်းမရှိကြောင်း၊ တခြားကျောင်းများနှင့်နှိုင်းယှဉ်ရင်လည်းဧကအမြောက်အမြားဖြစ်နေသည်အတွက်တာဝန်ရှိသည့်သူများစဉ်းစားပြီးစိုက်ပျိုးရာသီအမီဖော်ဆောင်သင့်ကြောင်းကိုလည်းတောင်ကြီးမြို့တိုင်းရင်းသား ပါတီတစ်ခုက ပြောဆိုကူညီဆောင်ရွက်ပေးနေလျက်ရှိကြောင်း သိရှိရသည်။

**ကွမ်းဇော်**

FACES Media Group

E-mail.
admin@hotnewsweekly.com

**အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာချုပ်**
မမ
**အတိုင်ပင်ခံ**
မောင်ခိုင်ခန့်(အမျိုးသားစာပေဆု)
**အုပ်ချုပ်ရေးမှူး**
အာရဏ
**အယ်ဒီတာ**
ကျော်စိန်၊ ဝင်းဇော်(သုံးဆယ်)၊
ဆောင်းအေးချမ်း၊ အန်ထော်ဏီ၊
သိုးထိန်း(မြန်မာပြည်သား)

**သတင်း အယ်ဒီတာ**
စွန်ရဲနက်(ရွှေမော်ဓမ်း)၊ ကျော်လီထွန်း၊
**လ/ထ အယ်ဒီတာ (စီမံ)**
မိုးမြင့်ဆွေ
**လ/ထ အယ်ဒီတာ (သတင်း)**
စိုးဝင်းနိုင်၊ အောင်မျိုးဝင်း
**အကြီးတန်းသတင်းထောက်**
ဖြိုးအောင်၊
**သတင်းထောက်များ**
မျိုးမြင့်၊ တူးတူး၊ ဘိုဘိုမင်း၊ ယဉ်ပပထွန်း၊
ညီညီအောင်၊

**တပြင်**
နောင်တင်စိုး
**နယ်သတင်းထောက်များ**
မြင့်အောင်(နေပြည်တော်)
ငြိမ်းချမ်းကို (ပန်းတနော်)
စိုးမိုးကျော်(ရွှေဘို)
ဟသ်ာတောင်တွင်းကြီး
စိုးမိုးထွန်း(မုံရွာ)
အရိန္ဒမာ(ဘိုကလေး)
ကျော်ကျော်ဦး(မြစ်ကြီးနား)
ဦးတင့်လွင်(ဒေးဒရဲ)
ဦးရွှေထူး(ပဲခူး)

**လိုဂိုဒီဇိုင်း**
ဦးတင်ထွဏ်း
**ဘဏ္ဍာရေးနှင့် ငွေစာရင်း**
စုစုဖြိုးအောင်
**ဒီဇိုင်းအဖွဲ့**
မင်းသူ၊ ကိုမျိုး၊ နေလင်း
**တစ် တပြု**
နီနီ၊ ဝင်းဝင်း
Website
သော်ဇင်၊ အောင်သူလင်း
**ပင်တိုင်ဓာတ်ပုံ**
ခင်မောင်ဝင်း(ရွှေအင်းသား)၊

**ဈေးကွက်နှင့် ကြော်ငြာ**
နင်းနုနုရီ
**ဖြန့်ချိရေးတာဝန်ခံ**
အောင်ကျော်စွာ၊ ဖြိုးမောင်မောင်
**ပြင်ပဆက်သွယ်ရေး**
ဟန်ဝေမျိုး၊ ဘိုဘိုထွန်း
**ထုတ်ဝေသူ**
ဦးဝေဖြိုးမင်း(ယာယီ-၁၃၉၅)
CTP Plate **နှင့် ပုံနှိပ်**
Star
**စောင်ရေ - ၃၀၀၀**
**တန်ဖိုး - ၅၀၀**

HOT NEWS သတင်းဂျာနယ်တိုက် ◆ အမှတ်(၄၀၁-စီ) ဒဂုံစင်တာ၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၇၀၃၃၁၇၊ ဖက်စ် - ၅၀၄၂၉၃ www.hotnewsweekly.com

Hot News

Vol - 3, No - 140, 17 - 23 May, 2013

# ဖွံ့ဖြိုးမှုနောက်ကျသောနိုင်ငံက နိုင်ငံသားတွေ အားမငယ် စိတ်မပျက်ဘဲ ပျော်ရွှင်စွာနေထိုင်နည်း

ကျွန်တော်တို့တစ်တွေဟာ ဖွံ့ဖြိုးမှုနောက်ကျခဲ့ကြပါတယ်။ ဥပမာ ဂျပန်၊ ဗြိတိန်၊ ပြင်သစ်တို့ နဲ့စာရင် ကျွန်တော်တို့ ဖွံ့ဖြိုးမှု နောက်ကျတယ်လို့ဆိုနိုင်ပါတယ်။ ဒီတော့ နိုင်ငံသားတစ်ယောက်အနေနဲ့ ကျွန်တော်ဟာ အီလည်လည်ခံစားရပါတယ်။

အရေးတည်း ငိုချင်လျက် လက်တို့ ဆိုသလို ဖြစ်ရပြန်ပါတယ်။ ဘာလို့လဲ ဆိုတော့ ဂျာမနီနိုင်ငံ ဘာလင်မြို့ အခြေစိုက်နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့ (TRANSPARENCY INTERNATIONAL)က ဘယ်သူက ခိုင်းတာမှန်းမသိ၊ သုတေသနတစ်ခုကို ထပြီး လုပ်လိုက်တယ်လို့ဆိုပါတယ်။ အဲဒီသုတေသနကတော့ နိုင်ငံ ၁၇၆ နိုင်ငံမှာ အကျင့်ပျက်ခြစားမှုအခြေအနေတွေကို လေ့လာတော့ မြန်မာနိုင်ငံဟာ အကျင့်ပျက်ခြစားမှု နှုန်းမြင့်မားနေပါတယ်ဆိုပြီး ၂၀၁၂ ခုနှစ်က သုတေသနရလဒ် တစ်ခုထွက်လာခဲ့ပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး Hot News ဂျာနယ် ၂၈/Feb/2013 မှာ ဆောင်းပါးရှင်အွမ်ကီးရဲ့ "နိုင်ငံခြားမှာ အရှက်ရခဲ့တယ်၊ ပညာတော်သင်တစ်ဦး၏ ဒိုင်ယာရီ" ဆိုပြီး ဆောင်းပါးရေးတာဖတ်ရပါတယ်။ နိုင်ငံခြားမှာ ပညာတော်သင်ရောက်နေသူ ဆောင်းပါးရှင်ဟာ စာတမ်းဖတ်ပွဲတစ်ခု တက်ရောက်ခဲ့တော့ စာတမ်းအမည်က "အဂတိလိုက်စားမှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု" စာတမ်းပဲဖြစ်ပါတယ်။ အဲဒီစာတမ်းဖတ်ပွဲမှာ မြန်မာနိုင်ငံရဲ့ အဂတိလိုက်စားမှု မြင့်မားမှုကိုတင်ပြတော့ မြန်မာဖြစ်သူ ဆောင်းပါးရှင် မျက်နှာပူမိတယ်လို့ဆိုပါတယ်။

ဒီတော့ အီလည်လည်ခံစားရသူ၊ ရှက်တဲ့သူ၊ ဘတ်စ်ကားကျပ်လို့ စိတ်ညစ်သူ၊ အလုပ်အကိုင်အခွင့်အလမ်းရှားလို့ စိတ်ညစ်သူ၊ ခရမ်းလွန်ရောင်ခြည်မြင့်လို့ စိတ်ညစ်သူ၊ မော်တော်ကားမီးခိုးတွေ ရှူရလို့ စိတ်ညစ်သူ စသဖြင့် အသီးသီး စိတ်ညစ်ကြသူတွေ ပျော်စရာအချိန်များများ ရှိပါရဲ့လားလို့ ကျွန်တော်တွေးမိပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းနေပြီလို့ဆိုပါတယ်။ သို့သော် ဒီမိုကရေစီဟာ သက်တမ်းနုဒီမိုကရေစီဖြစ်တဲ့အတွက် ဒီမိုကရေစီ ဘိုးအေနိုင်ငံကြီးတွေလို ဒီမိုကရေစီပျော်ရွှင်ခြင်း အရသာကို ခံစားရဖို့ ကျွန်တော်တို့အတွက် အချိန်လိုနေပါသေးတယ်။ ကျွန်တော်တို့နိုင်ငံဟာ အမေရိကန်လို ဒီလိုကရေစီ ဘိုးအေနိုင်ငံကြီးဖြစ်တဲ့နေ့၊ ဂျပန်နိုင်ငံလို စီးပွားရေးချမ်းသာတဲ့နိုင်ငံကြီးဖြစ်တဲ့နေ့၊ နော်ဝေနိုင်ငံတို့လို တည်ငြိမ်အေးချမ်းတဲ့နိုင်ငံဖြစ်တဲ့နေ့၊ အဲဒီနေ့မျိုးရောက်လာရင်တော့ ကျွန်တော်တို့တစ်တွေလည်း နိုင်ငံသားတစ်ဦးချင်း ဝင်ငွေတိုးတက်ပြီး ဥရောပနိုင်ငံတွေကို ကမ္ဘာလှည့်ခရီးသည်အဖြစ် သွားနိုင်မှာပါ။ အဲဒါဆိုရင် ပျော်စရာကောင်းပါပြီ။

ဒါပေမဲ့ အဲဒီလို အကြွင်းမဲ့ ပျော်စရာကောင်းတဲ့နေ့နဲ့ ကျွန်တော်တို့ လူကြီးပိုင်းတွေ လူအိုရောဂါနဲ့ ၉၆ ပါးဝေဒနာခံစားရပြီး အနိစ္စရောက်မယ့်နေ့ကတော့ ဘယ်နေ့အရင်ဖြစ်မလဲဆိုတာ မသေချာပါဘူး။

ကျွန်တော်ဟာ ဒီနေ့ (ယနေ့) ယခုချက်ခြင်းပျော်ရွှင်ရမယ့်နည်းကို တွေ့မိပါတယ်။ သို့ပါ၍ ဒီဆောင်းပါးကို ရေးမိပါတယ်။




**မိမိတန်ဖိုးထားတဲ့အရာကို မိမိရယူပိုင်ဆိုင်နိုင်ရင် မိမိဟာ ယနေ့ပဲ ပျော်ရွှင်ပါတယ်**

တစ်ခါတုန်းက ကျွန်တော်ဟာ လူငယ်လေးတစ်ယောက်နဲ့ လက်ဖက်ရည်ဆိုင်တစ်ခုမှာ ဒဿနတွေ ဆွေးနွေးခဲ့ဖူးပါတယ်။ သူ့ကို ကျွန်တော်က မေးကြည့်တာကတော့ အမေရိကန်နိုင်ငံမှာ နေချင်လား၊ မြန်မာနိုင်ငံမှာ နေချင်လားလို့ မေးကြည့်တော့ ဖွံ့ဖြိုးပြီး အမေရိကန်နိုင်ငံမှာနေချင်ပါတယ်လို့ဆိုပါတယ်။

ဒီတော့ ကျွန်တော်က ဆက်မေးကြည့်တာကတော့ ဥပမာပေါ့ကွာ၊ တကယ်လို့များ အမေရိကန်မှာ နေခွင့်ရမယ်၊ ဒါပေမဲ့ အမေရိကန်သူ အသက်(၆၀) လောက် နီဂရိုးဘွားဘွားကိုလက်ထပ်ရမယ် ဆိုပါစို့။ မြန်မာပြည်မှာနေရင်တော့ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် ကောင်မလေးချောချောလေးတစ်ယောက် အသက် (၂၀)အရွယ်နဲ့ လက်ထပ်ရမယ် ဆိုရင် ဘယ်မှာနေမလဲ မေးကြည့်တယ်။ ဒီတော့ သူက လန့်သွားပါတယ်။ အသက် (၆၀)နီဂရိုးဘွားဘွား၊ အမေရိကန်နိုင်ငံသူနဲ့တော့ လက်မထပ်ပါရစေနဲ့၊ အမေရိကန်လည်း မသွားပါရစေနဲ့တော့၊ အသက် (၂၀)လောက် ကွမ်းတောင်ကိုင် ကောင်မလေးကိုရမယ်ဆိုရင် မြန်မာပြည်မှာပဲ ဘတ်စ်ကားတိုးစီးပြီးနေပါတော့မယ်လို့ဆိုပါတယ်။ ဒီတော့ ကျွန်တော်သိလိုက်ရတာကတော့ သူတန်ဖိုးထားတဲ့အရာဟာ အသက် (၂၀)လောက် ကွမ်းတောင်ကိုင် ကောင်မလေးဖြစ်နေတာကိုး။ ဒီလိုမျိုး မိန်းကလေးကိုရရင် သူပျော်မှာပါ။ ဒီတော့ ဆက်လက်၍ ကျွန်တော်လည်း မိမိကိုယ်ကို မေးကြည့်ပါတယ်။ ငါ့ရဲ့ဘဝမှာ ဘာကိုတန်ဖိုးထားသလဲဆိုတဲ့မေးခွန်းပါ။ အဲဒီတန်ဖိုးထားတဲ့အရာကိုငါရခဲ့ပါရဲ့လား။ ငါပျော်ခဲ့ပါရဲ့လား။ စသဖြင့်ပေါ့ခင်ဗျာ။

စာရှုသူ အပေါင်းတို့ ခင်ဗျာ၊

ဒေါက်တာထွန်းဝင်း

ကျွန်တော်ဟာ အသက်(၂၀)အရွယ်လောက်တုန်းက အသက် (၂၀)ခန့်ရှိတဲ့ ကွမ်းတောင်ကိုင် ကောင်မလေး တော်တော်များများကို တန်ဖိုးထားခဲ့ဖူးပါတယ်၊ ဒါပေမဲ့ ဒါပေမဲ့ ဒါပေမဲ့ ရယ်ပါ၊ အဲဒီကောင်မလေးတွေတော်တော်များများနဲ့ ကျွန်တော်လွဲခဲ့ဖူးပါတယ်။ ဒါတွေကတော့ ရှိပါစေတော့၊ ဒါပေမဲ့ အခုလို အသက်အရွယ်မျိုးကျပြန်တော့ မိမိရဲ့သား သမီးတွေတောင်မှ အသက်(၂၀) အရွယ်တွေဖြစ်ကုန်ကြပါပြီ၊ ဒီတော့ ဒီအရွယ်မှာဘာကိုတန်ဖိုး ထားလဲဆိုတော့ ကျွန်တော်တို့ သေတဲ့အခါ ငရဲမလားဖို့ကိစ္စ၊ အပါယ်တံခါးပိတ်ဖို့ကိစ္စက တန်ဖိုးရှိတဲ့အရာဖြစ်နေပါတယ်။

ဒီတော့ အကုသိုလ်ကင်းတဲ့ ရိုးသားစွာနေထိုင်ရတဲ့ဘဝကို ပိုင်ဆိုင်ရတာဟာ တန်ဖိုးရှိတဲ့ပျော်စရာ ဖြေသိမ့်နိုင်စရာဖြစ်နေပါတယ်။ ဒီလိုတွေးမိတော့ ပျော်သလိုလိုဖြစ်လာပါတယ်။

အမေရိကန်နိုင်ငံသားဖြစ်လို့လည်း အပါယ်တံခါးမပိတ်ပါဘူး၊ ငါးပါးသီလလုံမှ အပါယ်တံခါးပိတ်မှာပါ၊ ကျွန်တော်တို့ အသေမဦးခင် သီလဦးဖို့လိုပါတယ်၊ ကုသိုလ်လုပ်၍ ပျော်ရွှင်ကျေနပ်ခြင်းဟာ ပျော်ရွှင်စေခြင်း နည်းလမ်းတစ်ခုဖြစ်ပါတယ်။

**အမရာသတို့သမီးက ဘုရားအလောင်းမဟော်သဓာကိုပြောပြခဲ့သော ခွဲခြမ်းစိတ်ဖြာနည်းဖြင့် ပျော်ရွှင်ပါစေ**

ဤဆောင်းပါးအစပိုင်းက ရေးခဲ့သလို ဆောင်းပါးရှင်အွမ်ကီးက နိုင်ငံခြားမှာ စာတမ်းဖတ်ပွဲလုပ်တော့မြန်မာနိုင်ငံရဲ့ အကျင့်ပျက်ခြစားမှုအတွက် ရှက်ခဲ့ရတယ်လို့ ဆိုပါတယ်။

ဒါကတော့ ခွဲခြမ်းစိတ်ဖြာခြင်းလုပ်ရင် အရှက်တွေပျောက်ပြီး ပျော်ရွှင်မှာပါ။

ဘုရားအလောင်းမဟော်သဓာနဲ့ ဇနီးလောင်းအမရာတို့ဟာ တစ်ဦးနှင့်တစ်ဦး လက်မထပ်မီ အမရာရဲ့အိမ်ကို မဟော်သဓာသတို့သားက လိုက်လည်ပါတယ်။ အဲဒီအခါမှာအမရာရဲ့ ဆွေမျိုးတွေက ယဉ်ကျေးမှုမရှိလို့ မဟော်သဓာက စိတ်ပျက်ပြီးပြန်သွားပါတယ်။ အဲဒီအခါမှာ အမရာသတို့သမီးက မဟော်သဓာမြင်အောင် နောက်ချေးပုံပေါ်မှာ ကြာပန်းကိုစိုက်ပြပါတယ်။ အဓိပ္ပာယ်ကတော့ ရွံရှာစရာကောင်းတဲ့ နောက်ချေးပေါ်မှာ လှပတဲ့ ကြာပန်းပွင့်နိုင်တယ်ဆိုတာပါပဲ၊ နောက်ချေးကသတ်သတ် ကြာပန်းကသတ်သတ် ဆိုပြီး နောက်ချေးနဲ့ ကြာပန်းကို ခွဲခြမ်းစိတ်ဖြာပြလိုက်တာပါ။ မယဉ်ကျေးတဲ့ဆွေမျိုးအသိုင်းအဝိုင်းအကြားမှာ အမရာလိုလှပကျက်သရေရှိတဲ့ မိန်းကလေး ရှိနိုင်တယ်ဆိုတာပါပဲ။

ဤဥပမာလိုပါပဲ၊ မြန်မာနိုင်ငံမှာ အကျင့်ပျက်ခြစားသူ ရှိကောင်းရှိမယ်၊ များကောင်းများမယ်။ ဒါပေမဲ့ မြန်မာနိုင်ငံမှာ ဗိုလ်ချုပ်အောင်ဆန်း၊ လူထုစိန်ဝင်း၊ ဝိပဿနာဆရာကြီး ဦးဘခင်တို့လို စာရိတ္တဒေါင်ဒေါင်မြည် မှတ်ကျောက်တင်ခံနိုင်တဲ့လူတွေ အများရှိတယ်ဆိုတာ တခြားနိုင်ငံသားတွေကို အမရာက မဟော်သဓာကို ပြောသလိုပြောချင်ပါတယ်။

အရေးကြီးဆုံးကတော့ အကျင့်ပျက်ခြစားသူတွေအထဲမှာ မိမိမပါဝင်ဖို့ပါပဲ၊ ဒါဆိုရင် ဗိုလ်ချုပ်အောင်ဆန်းလိုလူမျိုးနဲ့ တစ်နိုင်ငံတည်းသားဖြစ်ရတာ ဂုဏ်ယူစရာလို့တွေးလိုက်၍ ပျော်စရာကောင်းလာပါတယ်။

လွန်ခဲ့တဲ့လအနည်းငယ်တုန်းက ကျွန်တော်ဟာ လမ်းလျှောက်ရင်းနဲ့ သူငယ်ချင်းတစ်ဦးနဲ့ အမှတ်မထင်ဆုံဖြစ်ပါတယ်။ သူကနိုင်ငံခြားမှာသွားပြီး အလုပ်လုပ်ရင်းနဲ့ ခေတ္တပြန်လာတာပါ၊ နိုင်ငံခြားမှာသိပ်ပြီး ပြေပြေလည်လည် ဟန်ကျပန်ကျမဖြစ်ခဲ့ပါဘူး၊ ကျွန်တော်တို့သူငယ်ချင်းနှစ်ဦး လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်ကြပါတယ်။

ကျွန်တော်ကတခြားသူငယ်ချင်းတွေနဲ့ရော တွေ့ဖြစ်သေးလားလို့မေးတော့ သူက မဆက်သွယ်ဖြစ်ဘူး၊ သူ့ဘဝကလည်း လတ်တလော နိုင်ငံခြားမှာ အိုးတိုက်ပန်းကန်ဆေးနေရလို့ စိတ်ဓာတ်ကျပြီး ဘယ်သူနဲ့မှ မတွေ့ချင်ပါဘူးလို့ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော်က ပြောတာကတော့ အိုးတိုက်ပန်းကန်ဆေးတယ်ဆိုတာ အကျင့်ပျက်ခြစားတာ မဟုတ်ပါဘူး၊ သမ္မာအာဇီဝလုပ်ငန်းဖြစ်ပါတယ်၊ သမ္မာအာဇီဝလုပ်တဲ့ လူတစ်ယောက်ဟာ စိတ်ဓာတ်ကျနေစရာ မလိုပါဘူး၊ သေရင် ငရဲမကျဘူးဆိုတဲ့ အသိနဲ့ ပျော်ပျော်နေစမ်းပါလို့ပြောလို့ သူပျော်သွားပါတယ်။

ဒီတော့ လူတွေကိုခွဲခြမ်းစိတ်ဖြာရင် သမ္မာအာဇီဝလူသား (ကောင်းစွာအသက်မွေးသူ)နဲ့ မိစ္ဆာအာဇီဝလူသား (အကုသိုလ်နဲ့ အသက်မွေးသူ)ရယ်လို့ တွေ့နိုင်ပါတယ်။ လူ့ဘဝမှာ ပျော်ပျော်နေနိုင်တဲ့နည်းလမ်းတစ်ခုကတော့ သမ္မာအာဇီဝလုပ်ငန်းကို တန်ဖိုးထားခြင်းပဲဖြစ်ပါတယ်၊ ဒါဆိုရင် မိမိဘဝကို မိမိကျေနပ်ပြီး ပျော်ရွှင်မှာပါဟုဆိုချင်ပါကြောင်း။

## အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ ဖွဲ့စည်း

လက်ရှိကျင့်သုံးဆောင်ရွက်နေသော အခွန်ကောက်ခံမှုနှင့် ပတ်သက်၍ စိစစ်ကြီးကြပ်ခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် အခွန်ကောက်ခံမှု စိစစ် ကြီးကြပ်ရေးဘုတ်အဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့် ကြော်ငြာစာအမှတ် (၃၀/ ၂၀၁၃) ဖြင့် မေ (၈)ရက်က ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါဘုတ်အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် သူရဦးသောင်းလွင်၊ အဖွဲ့ဝင်များအဖြစ် ဦးမော်သန်း၊ ဦးကျော်မင်းထွန်း၊ ဦးသိန်းအောင်၊ ဒေါ်ဝါဝါထွန်း၊ ဒေါက်တာမောင်မောင်လေး၊ ဒေါ်ကြည်ကြည်စိန် တို့ပါဝင်ပြီး ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

၎င်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အခွန်စည်းကြပ်ကောက် ခံရာတွင် ရသင့်ရထိုက်သော အခွန်ရရှိခြင်းရှိ၊ မရှိ စိစစ်ရန်၊

နိုင်ငံတော်အတွင်းဆောင် ရွက်နေသည့်ဝန်ဆောင်မှု၊ ကုန်သွယ်မှုနှင့် ထုတ်လုပ်မှု လုပ်ငန်းများမှ အခွန်ကောက်ခံရရှိမှုကို စိစစ်ရန်၊ အခွန်ကောက်ခံမှုနှင့် ပတ်သက်၍ စိစစ်တွေ့ရှိချက် သုံးသပ်အကြံပြုချက်များအား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ တင်ပြရန်၊ ရသင့်ရထိုက်သော အခွန်ရရှိရေး၊ နိုင်ငံ တကာစံနှုန်းများနှင့်ကိုက်ညီ စေရေးအတွက် လက်ရှိ အခွန် ကောက်ခံမှုနှင့်ပတ်သက်၍ လေ့လာသုံးသပ်အကြံပြုရန်၊ မြန်မာနိုင်ငံ၏ အခွန်ကောက်ခံမှုစနစ်တကျ ဖြစ်စေရေးနှင့် အခွန်ပြည့်ပြည့်ဝဝရရှိရေး ရည်မှန်းချက်အား အထောက်အကူပြုရန်တို့ကို စိစစ်ကြပ်မတ်ရမည်ဖြစ်ကြောင်း သိရသည်။

**အောင်ထွန်း**

■

The HOT NEWS
Vol - 3, No - 140, 17- 23 May, 2013





## ပဋိပက္ခသတင်းများရေးသားရာတွင် သတိထား၍ ရေးသင့်ကြောင်း ပြန်ကြားရေးဒုဝန်ကြီးဆို

ယနေ့အချိန်ကာလသည် ပဋိပက္ခဖြစ်လွယ်သော ကာလတစ်ခုဖြစ်ပြီး ယခုလတ်တလော ပြည်ပမှပြောဆိုနေသော မြန်မာနိုင်ငံအပေါ် ဂျိဟဒ်စစ်ပွဲဆင်နွှဲမယ်ဟု ပြောဆိုချက်များကို ပြည်တွင်းပုံနှိပ်မီဒီယာများနှင့် အင်တာနက်လူမှုမီဒီယာများက Conflict Sensitive Journalism သဘောတရား နှလုံးသွင်း၍ ရေးသင့်ကြောင်း ပြန်ကြားရေးဒုဝန်ကြီးဦးရဲထွဋ်က ၎င်း၏ Face book စာမျက်နှာပေါ်တွင် ဖော်ပြထား ကြောင်းသိရသည်။

မီဒီယာများအနေဖြင့်လည်း ပြောဆိုချက်များကို သတင်းရေးသားသည့်အခါတွင် ဗုဒ္ဓဘာသာဝင်များကြားတွင် ထိတ်လန့်မှု၊ သံသယရှိမှုများအောင် မရေးသားသင့်ကြောင်း ဦးရဲထွဋ်က ရေးသားထားသည်။

"ပြည်ပကနေ မြန်မာနိုင်ငံကို ဂျိဟဒ်စစ်ပွဲဆင်နွှဲမယ်လို့ ပြောဆိုတိုက်တွန်းချက်များဟာ လူအသိုင်းအဝန်းနှစ်ခုကြားမှာ သံသယတွေပိုမိုများပြားလာအောင် ရည်ရွယ်ချက်ရှိရှိနဲ့ ဆောင်ရွက်တာတွေဖြစ်နိုင်တဲ့အတွက် ကျွန်တော်တို့အားလုံး သတိရှိရှိနဲ့တုန့်ပြန်ဖို့လိုပါတယ်။ မီဒီယာများအနေဖြင့်လည်း ပြည်ပကနေ ဒီလို ပြောဆိုချက်များကို သတင်းရေးသားတဲ့အခါမှာ ဗုဒ္ဓဘာသာဝင်များကြားမှာ ထိတ်လန့်မှု သံသယတွေများလာအောင် ရေးသားတာမျိုးမဖြစ်စေရန် ဒီလိုသတင်းတွေကို သတိထားသင့်ပါတယ်"ဟု ဦးရဲထွဋ်က ၎င်း၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ရေးသားထားသည်။

ဖြိုးအောင်

## မြန်မာနိုင်ငံကို ဂျိဟတ်စစ်ပွဲဆင်နွှဲမည်ဟုခြိမ်းခြောက်မှုအပေါ် အစ္စလာမ်ဘာသာရေးအဖွဲ့များက ကြေညာချက်ထုတ်ပြန်

၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ (၁၂)ရက်တွင်ဖြစ်ပေါ်ခဲ့သော အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းဖောက်ခွဲမှုတွင် အဓိကဦးဆောင်သူဟု စွပ်စွဲခံထားရသူ အဘူရ်ဘာကာဘာရှား၏ မြန်မာနိုင်ငံကို ဂျိဟတ်စစ်ပွဲ (ဘာသာရေးစစ်ပွဲ)ဆင်နွှဲမည်ဟု မေလ (၄)ရက်တွင် ခြိမ်းခြောက်ပြောဆိုမှုအပေါ် မြန်မာနိုင်ငံရှိ အစ္စလာမ်ဘာသာရေးအဖွဲ့အစည်းများက မေလ (၆)ရက် ရက်စွဲဖြင့် ကန့်ကွက်ရှုတ်ချကြောင်း သဘောထားကြေညာချက်ထုတ်ပြန်ခဲ့သည်။

အိုလမာ-အစ္စလာမ်သာသနာ့အဖွဲ့ချုပ်၊ အစ္စလာမ်သာသနာ့ရေးရာကောင်စီဌာနချုပ်၊ မြန်မာမွတ်စလင်လူငယ်များ (ဘာသာရေး)အဖွဲ့ဌာနချုပ်၊ မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်တို့ပူးပေါင်း၍ မေလ (၆)ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သော သဘောထားကြေညာချက်အမှတ် ၃/၂၀၁၃ တွင် "၁။ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သော ဆူပူအကြမ်းဖက်မှုများတွင် အပြစ်မဲ့ ပြည်သူများ၏ အသက်အိုးအိမ်နှင့် သာသနိကအဆောက်အအုံများ၊ ဗလီဝတ်ကျောင်းတော်များ ပျက်စီးဆုံးရှုံးခဲ့မှုအပေါ် ပြည်တွင်းနှင့် နိုင်ငံတကာမှ စာနာထောက်ထားကြသူအပေါင်းတို့ကို အထူးကျေးဇူးတင်ရှိပါသည်။ သို့ရာတွင် မြန်မာနိုင်ငံသားညီနောင် ဗုဒ္ဓဘာသာဝင်များအပေါ် ဆန့်ကျင်တိုက်ခိုက်ရန် ပြည်ပမှ လှုံ့ဆော်နေမှုများကို လုံးဝလက်မခံပါ။ ထိုသို့လှုံ့ဆော်သည့်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးနှင့် ဆက်နွယ်ပတ်သက်မှုလုံးဝ (လုံးဝ)မရှိပါ။ အပြစ်မဲ့သူများကို ထိခိုက်စေမည့် အကြမ်းဖက်မှုအားလုံးကို ရှုတ်ချပါသည်။ မြန်မာနိုင်ငံတွင် အစွန်းရောက်သူတို့က အစ္စလာမ်ဘာသာဝင်များကို အကြမ်းဖက်တိုက်ခိုက်ခဲ့သော်လည်း ကူညီကာကွယ်စောင့်ရှောက်ပေးသော ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူပြည်သူများလည်း ရှိနေပါသည်။ ၂။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်မှုများကြောင့် ပျက်စီးဆုံးရှုံးမှုများကို နိုင်ငံတော်က ကမကထပြု၍ ပြန်လည်ထူထောင်မှုများနှင့် လူသားချင်းစာနာသည့်အကူအညီများ အလျင်အမြန် ပြုလုပ်ပေးပါရန်နှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဆူပူအကြမ်းဖက်မှုများ နောက်ထပ်မဖြစ်ပေါ်လာစေရန် ဆူပူမှုဖြစ်ပေါ်စေသော လှုံ့ဆော်မှုများကို ဆောင်ရွက်သူများကို ထိရောက်စွာ ဖော်ထုတ်အရေးယူဆောင်ရွက်ပေးပါရန် အလေးအနက်ပန်ကြားခဲ့ပြီးဖြစ်ပါသည်။ ၃။ ဖြစ်ပေါ်ခဲ့သော အခြေအနေများကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဘာသာရေးအဖွဲ့ကြီးက အထူးစိုးရိမ်မကင်းဖြစ်လျက်ရှိပါသည်။ အစ္စလာမ်အများစုနေထိုင်သော နိုင်ငံများအပါအဝင် နိုင်ငံတကာအစိုးရများအနေဖြင့်လည်း သက်ဆိုင်ရာနိုင်ငံရှိ မြန်မာနိုင်ငံသား (လူမျိုးဘာသာမရွေး)တို့အား လုံလောက်သော လုံခြုံမှုအကာအကွယ်ပြုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်"ဟူသော အချက်များပါဝင်သည်။

ပြည်သူ့ညီညီအောင်

## ပြောင်းရွှေ့ခံမြစ်ဆုံရွာသားတွေ မူလနေရာတွင် ပြန်လည်နေထိုင်ခြင်းများရှိနေ

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြောင့် ပြောင်းရွှေ့ပေးလိုက်ရသော တန်ဖဲရွာ၊ မြစ်ဆုံရွာ၊ ပဒန်ရွာ၊ ဒေါင်ပန်ရွာများမှ ရွာသားအချို့သည်မြစ်ဆုံစီမံကိန်း ရပ်နားထားခြင်းကြောင့် မူလနေရာများတွင် ပြန်လည်အခြေချ နေထိုင်ခြင်းများရှိနေကြောင်း သိရသည်။ မြစ်ဆုံစီမံကိန်းကြောင့် ရွာ ၄ ရွာပြောင်းရွှေ့ပေးလိုက် ရစဉ်က ရွာသစ်များဖြစ်အောင် မြင်သာစံပြကျေးရွာ၊ မလိယန် ကျေးရွာများအဖြစ် တည်ပေးခဲ့ ပြီး၊ အသစ်တည်ပေးသော ယင်းကျေးရွာများတွင် စားဝတ် နေရေးအတွက် လုပ်ကိုင်ဆောင် ရွက်ခြင်းများ အဆင်မပြေသောကြောင့် မူလရွာများတွင်ပြန်လည် နေထိုင်ခြင်းများပြုလုပ်လာကြခြင်း ဖြစ်ကြောင်း မြစ်ဆုံကျေးရွာမှ ဒေါ်ဂျာခေါန်က မတ် ၄ ရက်က တိုင်းရင်းသားတွေ့ဆုံပွဲ တွင်ပြောကြားခဲ့သည်။

"ကျွန်မတို့တွေ မြစ်ဆုံစီမံကိန်းစလုပ်တဲ့အချိန်တုန်းက ဘာမှမသိဘဲ စီမံကိန်းဆိုပြီး ရွာလုံးလိုက် ပြောင်းပေးလိုက်ရတယ်။ အချို့တွေဆို ကိုယ်ပိုင်လုပ်ငန်းတွေကိုစွန့်၊ ကိုယ့်လယ်မြေတွေကိုစွန့်ပြီးတော့ ပြောင်းပေးရတယ်။ ရွာသစ်တည်ပေးတဲ့နေရာတွေကြတော့ ကျောက်တုံးကျောက်တောင်တွေကြားမှာ ဘာမှလုပ်စားကိုင်စားလို့မရဘူး။ အဲဒီတော့ ရွာတွေတော်တော်အများစုက သူတို့ကို ပေးတဲ့နေရာမှာ မနေကြဘူး။ မူလနေရာတွေ ပြန် နေကြတယ်။ အရင် ၂၀၁၁ ခုနှစ် တုန်းက ၁၄၄ ထုတ်တဲ့နေရာတွေ မှာ လူတွေက ပြန်နေကြတဲ့ အတွက် ဖမ်းတယ်၊ တရားရုံး တင်တယ်။ ၂၀၁၂ ခုနှစ်မှာကျ တော့ ဘာမှမဖြစ်တော့ဘူး"ဟု ပြောကြားခဲ့သည်။

ဖြိုးအောင်

## ဆင်စုရပ်ကွက်အုပ်ချုပ်ရေးမှူးကို ပြည်သူအချို့ ဆန္ဒပြ



(၇-၅-၂၀၁၃)ရက် နံနက် (၉)နာရီအချိန်ခန့်တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ဆင်စုရပ်ကွက် သဘော်ဆိပ်လမ်းနှင့် လှိုင်ဂတ်လမ်းထောင့်ရှိ ဦးစိန်ဝင်း (၅၈)နှစ် (ဘ)ဦးထွန်းရွှေ ဆိုက္ကားဘေးတွဲလုပ်ငန်းလုပ်ကိုင်သူ (ယခင် ဆင်စုရပ်ကွက်ဥက္ကဋ္ဌဟောင်း)၏ နေအိမ်ရှေ့လမ်းမပေါ်တွင် ဦးစိန်ဝင်းဦးဆောင်၍ လက်ရှိဆင်စု ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်စိုးကို ဖယ်ရှားပေးရေးအတွက် ဆန္ဒဖော်ထုတ်ခဲ့သည်ဟု သိရသည်။

နံနက် (၉)နာရီ (၀၂)မိနစ်အချိန်ခန့်၌ ဆင်စုရပ်ကွက်၊ သဘော်ဆိပ်လမ်းနှင့် လှိုင်ဂတ်လမ်းဆုံသို့ ပြည်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်နှင့် ပြည်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဦးတို့ ဦးစီးအဖွဲ့ရောက်ရှိလာပြီး ဦးစိန်ဝင်းဦးဆောင်သည့် အဖွဲ့နှင့်တွေ့ဆုံ၍ မြို့နယ်ရဲတပ် ဖွဲ့မှူး ရဲမှူးမြင့်ဦးက ဆင်စုရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်စိုးကို ရာထူးမှ ဖယ်ရှားပေးရေးအတွက် ဆန္ဒဖော်ထုတ်ခွင့် တင်ပြထားရှိမှုအပေါ် မေလ (၂) ရက်တွင် ငြင်းပယ်မိန့်ပေးထားကြောင်း၊ ဦးစိန်ဝင်းကလည်း မေလ (၆)ရက်တွင် ပဲခူးတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှူးထံ အယူခံဝင်ထားသည်ကို သိရှိရကြောင်း၊ ခွင့် ပြုမိန့်မရှိဘဲ အယူခံဝင်ဆဲကာလအတွင်း ဆန္ဒဖော်ထုတ်ပါက ဥပဒေနှင့် မညီညွတ်ကြောင်း၊ အယူခံပြန်ကြားချက်ရရှိမှသာ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယခုဆန္ဒဖော်ထုတ်မည့် အစီအစဉ်အား ယခုနေရာတွင် ရပ်ဆိုင်းရန် နှင့် ဥပဒေနှင့် မညီ၍ တားမြစ်ပါကြောင်း သတိပေးပြောကြားခဲ့သည်ဟု သိရသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်က ဦးမြင့်စိုးအား ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်ခဲ့သည့်ကိစ္စမှာ အများပြည်သူ ဆန္ဒမဲအများဆုံးရရှိ၍လည်းကောင်း၊ ၎င်း၏ ယခင်ပြစ်ချက်ဟောင်းများအား ဖော်ပြပြီး အထက်ဌာနအဆင့်ဆင့်သို့တင်ပြကာ အထက်ဌာနအဆင့်ဆင့်၏ ခွင့်ပြုချက်ဖြင့် ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဦးမြင့်စိုးကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ခန့်ထားသည့်ကိစ္စ ခွင့်ပြုမိန့်နှင့် အထက်ဌာနသို့ တင်ပြချက်များကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ လာရောက်ကြည့်ရှုနိုင် ကြောင်း၊ ယခုဆန္ဒဖော်ထုတ်သည့် ကိစ္စကိုလည်း အထက်ဌာနများသို့ တင်ပြဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း"ရှင်းလင်းပြော ကြားခဲ့သည်။

ဦးစိန်ဝင်းနှင့်အဖွဲ့က ယခုကဲ့သို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ရှင်းလင်းပြောကြားသည်ကို ကျေနပ်ပြီး ၎င်းတို့အနေဖြင့် ဆက်လက်ဆန္ဒဖော်ထုတ်ခြင်းမပြုတော့ဘဲ နံနက်(၉)နာရီ (၁၀)မိနစ် အချိန်တွင် ၎င်းတို့၏ နေအိမ် အသီးသီးသို့ ပြန်လည်ဝင်ရောက် သွားခဲ့ကြောင်း သတင်းရရှိသည်။

မိုးမခ(ပြည်)

# Constitution

The Hot News
Vol - 3, No - 140, 17 - 23 May, 2013

# ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခဲ့စဉ်က

အခြေခံဥပဒေဆိုသည်မှာ နိုင်ငံ၏ အခြေခံသဘောထား၊ သဘောတရားများနှင့် နိုင်ငံတော်အာဏာကိုခွဲဝေသုံးစွဲရန် အဖွဲ့အစည်းများတည်ထောင်ပုံ၊ ဆက်သွယ်ကြပုံကို ဥပဒေစကားလုံးများဖြင့် ရုပ်လုံးဖော် ဖွင့်ဆိုထားခြင်းဖြစ်ကြောင်း မောင်ချိုဝေမှတ်သားထားခဲ့ပါသည်။ အခြေခံဥပဒေပါစကားလုံးများသည်အဓိကမဟုတ်၊ လွှတ်တော်များနှင့် အစိုးရ၏ စေတနာပူးပေါင်းဆောင်ရွက်ပုံများကသာ အနှစ်သာရဖြစ်သည်။ သဘောထား၊ သဘောတရားများကသာအဓိကဖြစ်သည်။ အနီးစေတနာများ ပူးပေါင်းဆောင်ရွက်မှုများ ဖယိုဖရဲဖြစ်လာသည်နှင့် အမှုအခြေခံဥပဒေသည်လည်း အဓိပ္ပာယ်အနှစ်သာရကင်းမဲ့လာပါသည်။ စာရွက်ပေါ်မှစာလုံးများသာဖြစ်လာပါသည်။

## အခြေခံဥပဒေပြင်ဆင်ရန်

ယခုအခါနိုင်ငံရေးနယ်ပယ်တွင် ၂၀၀၈ ခုနှစ်အခြေခံဥပဒေကို ပြင်ဆင်ရန်လိုအပ်ကြောင်းတွင်တွင်ကြီးပြောဆိုသံများကြားနေရပါသည်။ မောင်ချိုဝေတို့မြန်မာနိုင်ငံတွင် ရေးဆွဲအတည်ပြုကျင့်သုံးခဲ့သည့်ဖွဲ့စည်းပုံအခြေခံဥပဒေတိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်နိုင်ခွင့်တံခါးပေါက်များဖွင့်ထားသည်ကိုလေ့လာမိပါသည်။ ၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအခန်း (၁၁)တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုပြင်ခြင်းဟူ၍လည်းကောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁၅)တွင် 'ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ခြင်း'ဟူ၍လည်းကောင်း၊ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁၂) တွင် 'ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း'ဟူ၍လည်းကောင်း ထည့်သွင်းရေးဆွဲထားပါသည်။ သို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြင်ဆင်စရာများရှိနေဦးမည်ဟု ရေးဆွဲစဉ်ကပင်မှတ်ယူထားကြောင်းနှင့် နိုင်ငံနှင့် ပြည်သူအကျိုးငှာအခြေခံဥပဒေပါပြဋ္ဌာန်းချက်တစ်ခုကို ပြုပြင်ပြောင်းလဲရန်၊ ဖြည့်စွက်ရန်၊ ရုပ်သိမ်းရန်လိုအပ်ပါက ပြုပြင်ပြောင်းလဲနိုင်ကြောင်း အဓိပ္ပာယ်သက်ရောက်ပါသည်။

## ပြင်ဆင်ခဲ့မှု

နိုင်ငံ၏အမွန်အမြတ်အထားအခံရဆုံးဖွဲ့စည်းပုံအခြေခံဥပဒေမှာ ၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြစ်သည်ဟု မြင်ပါသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် မြန်မာ့လွတ်လပ်ရေးကိုရယူခဲ့သည်။ ထိုအခြေခံဥပဒေဖြင့် မိမိလူမျိုးကိုမိမိတို့စတင်စီမံခန့်ခွဲနိုင်ကြသည်။ ထို့ကြောင့်လည်း ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်ပြည်သူတို့အသည်းစွဲဥပဒေဖြစ်သည်။ ဆောက်တည်ရာအဖြစ်လမ်းပြအဖြစ်ထားခဲ့သည်။ ပြည်သူတို့ကအထွက်အမြတ်ထားကာကွယ်ခဲ့သည်။ သို့တိုင် လိုအပ်ချက်ရှိလာချိန်တွင် ၁၉၄၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခဲ့ကြဖူးသည်။

## ဦးချန်ထွန်းနှင့် ၄၇ ဥပဒေ

၁၉၄၆ ခုနှစ်ကပင် မြန်မာနိုင်ငံလွတ်လပ်ရေးရလျှင် လွတ်လပ်သောနိုင်ငံတစ်ခုတွင်မလွဲမသွေရှိရမည့်ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေကို ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သောကော်မတီတစ်ရပ်ဖွဲ့စည်းကာရေးဆွဲခဲ့သည်။ ထိုဥပဒေကြမ်းကိုအဓိကရေးသားခဲ့သူမှာ ရှေ့နေချုပ်ဦးချန်ထွန်းဖြစ်သည်။ ဦးချန်ထွန်းသည် ဥပဒေပညာရှင်များ မြန်မာစာ၊ အင်္ဂလိပ်စာပညာရှင်များအကူအညီကိုရယူကာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးသားပြီးဗိုလ်ချုပ်အောင်ဆန်းကိုတင်ပြခဲ့သည်။ ထိုစဉ်က မြန်မာ့ဥပဒေပညာရှင်များသည် အခြေခံဥပဒေ၊ အပြည်ပြည်ဆိုင်ရာဥပဒေများဆိုသည်များကို ထိတွေ့ဖူးခြင်းပင်မရှိခဲ့ကြောင်း၊ ထိုဥပဒေများကို အုပ်ချုပ်သူအင်္ဂလိပ်အစိုးရကသာကိုင်တွယ်ကြောင်း၊ သို့အတွက် အချိန်တိုတိုအတွင်း ဥပဒေကြမ်းကိုအပြီး ရေးသားနိုင်ခဲ့ခြင်း မှာအံ့ကျစရာဖြစ်ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတွင်အခြေခံဥပဒေရေးဆွဲနေစဉ်ကာ

မောင်ချိုဝေ

လသည်အိန္ဒိယနိုင်ငံတွင်လည်းဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနေသည့်ကာလဖြစ်သည်။ ဦးချန်ထွန်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေကြမ်းရေးဆွဲပြီးသောအခါ အိန္ဒိယနိုင်ငံတွင်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်လျက်ရှိသော တရားသူကြီးဆာဘီနီဂယ်ရောင်းထံသွားရောက်အကြံဉာဏ်များရယူခဲ့သည်ဆို၏။ ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော် က ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ အဆိုပါအခြေခံ ဥပဒေနှင့်အညီ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မောင်ချို ဝေတို့နိုင်ငံလွတ်လပ်ပြီးအချုပ်အခြာ အာဏာပိုင်နိုင်ငံဖြစ်ခဲ့သည်။

## လက်ဝဲအင်အားစုများ

မြန်မာနိုင်ငံတွင်အခြေခံဥပဒေရေးဆွဲနေစဉ်၌ပင်နိုင်ငံရေးပဋိပက္ခများစတင်ခဲ့သည်။ ၁၉၄၆ ခုနှစ်အောက်တိုဘာလတွင် ဖဆပလမှ ကွန်မြူနစ်ကိုထုတ်ပယ်ခဲ့သည်။ ထိုနှစ်ဖေဖော်ဝါရီလတွင် ကွန်မြူနစ်ပါတီကွဲပြန်သည်။ သခင်စိုးခေါင်းဆောင်သော အလံနီကွန် မြူနစ်ပါတီ၊ သခင်သန်းထွန်းခေါင်းဆောင်သော အလံဖြူကွန်မြူနစ်ပါတီတို့ပေါ်လာသည်။ ထို့ကြောင့်လည်း ဗိုလ်ချုပ်အောင် ဆန်းက 'လက်ဝဲအင်အားစုများအချင်းချင်း ကွဲကြရသည်ကိုကြေကွဲဝမ်းနည်းမိသည်' ဟုပြောခဲ့သည်။

## ကွဲကြပြုကြ

သည်နောက် နိုင်ငံရေးအကွဲအပြဲများစွာဖြစ်ခဲ့သည်။ ခေါင်းဆောင်များအချင်းချင်းဝေဖန်၊ ထေ့ငေါ့၊ သရော်၊ ကလော်ကြသည်။ ဤသို့နှုတ်ဖြင့် စကားစစ်ထိုးကြသည်က တော်သေးသည်။ ထိုမှ ရန်ပွဲ၊ ရိုက်ပွဲများဖြစ်လာသည်။ ထိုစဉ်ကလက်နက်ကိုင်အဖွဲ့အစည်းများအဖြစ်ရှိနေသည့် ပုလိပ်အဖွဲ့၊ ပြည်ထောင်စုစစ်ရဲ၊ ပြူစောထီးစသောအဖွဲ့များအပေါ် နိုင်ငံရေးဩဇာအလွှမ်းခံနေရခြင်းက အန္တရာယ်များလှသည်။ ထိုလက်နက်ကိုင်တပ်ဖွဲ့များသည် အာဏာလုသူများ၏အိတ်ဆောင်တပ်များသဖွယ်ဖြစ်လာသည်။ ဩဇာလွှမ်းမိုးသောဆရာတို့စေခိုင်းသည့်အတိုင်းစစ်ပြင်လာသည်။ သည်ကိစ္စများကို ဆရာအထောက်တော်လှအောင်က 'ခက်ဖွယ်ရယ်ကြုံ၊ လက်နက်ကယ်အစုံအညီနှင့်'ဟူသည့် ဆောင်းပါးများဖြင့်လည်းကောင်း၊ ဂါးဒီးယန်းဦးစိန်ဝင်းကလည်း 'အကွဲအပြဲဇာတ်လမ်း'ဟူသည့် ဆောင်းပါးများဖြင့်လည်းကောင်းရေးသားမှတ်တမ်းတင်ခဲ့သည်ကို မောင်ချိုဝေဖတ်ခဲ့ရဖူးသည်။

## ဦးနေဝင်းနှင့်ဝန်ကြီးချုပ်ရာထူး

> ❝ ဆရာအထောက်တော် လှအောင်က "ခက်ဖွယ်ရယ်ကြုံ၊ လက်နက်ကယ်အစုံအညီနှင့်"ဟူသည့် ဆောင်းပါးများဖြင့်လည်းကောင်း၊ ဂါးဒီးယန်းဦးစိန်ဝင်းကလည်း "အကွဲအပြဲဇာတ်လမ်း"ဟူသည့် ဆောင်းပါးများဖြင့်လည်း ကောင်းရေးသားမှတ်တမ်းတင်ခဲ့သည်။ ❞

၁၉၅၈ ခုနှစ် နိုဝင်ဘာလတွင် လွှတ်တော်ကိုဖျက်သိမ်းခဲ့သည်။ အထွေထွေရွေးကောက်ပွဲကိုပြန်လည်ကျင်းပနိုင်ရန် သန့်ရှင်းဖဆပလခေါင်းဆောင်ဝန်ကြီးချုပ်ဦးနုက စည်းရုံးဆောင်ရွက်သည်။ ထိုနှစ်အောက်တိုဘာလ ၂၈ ရက်နေ့က ပြည်သူ့လွှတ်တော်သို့နိုင်ငံ၏အခြေအနေနှင့် ၎င်း၏ဆုံးဖြတ်ချက်ကို အစီရင်ခံခဲ့သည်။ ဦးနုက 'ကျွန်တော့်စိတ်ထဲမှာ အင်မတန်အရေးကြီးတဲ့ပြဿနာကြီးတစ်ခုပေါ်လာတယ်။ ဒီပြဿနာကတော့ အခြားဟာ မဟုတ်ပါဘူး။ ယခုလက်ရှိအခြေအနေမျိုးမှာ လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲကိုနိုဝင်ဘာလတွင်းမှာကျင်းပလို့ဖြစ်နိုင်မလားဆိုတဲ့ပြဿနာပဲဖြစ်တယ်။ ဒီပြဿနာအဖြေကတော့ ကျင်းပလို့မဖြစ်နိုင်ဘူးလို့ ကျွန်တော်အဖြေရတယ်။ ဒီပြဿနာကို ဖြေပြီးတဲ့အခါမှာ ဒီပြဿနာလောက်ပဲအရေးကြီးတဲ့ ဒုတိယပြဿနာတစ်ခုပေါ်လာပြန်တယ်။ ဒါကတော့တခြားမဟုတ်ပါဘူး။ တစ်နိုင်ငံလုံးမှာဖြစ်ပေါ်နေတဲ့သောင်းကျန်းမှုတွေ၊ ရာဇဝတ်မှုတွေ၊ လက်နက်ကိုင်အချို့ရဲ့အဓမ္မပြုကျင့်မှုတွေကစပြီး အာဏာလက်ရှိနိုင်ငံရေးပါတီနဲ့တပ်မတော်တို့အချင်းချင်း မသင့်မတင့်ဖြစ်နေမှု၊ ကြောက်လန့်နေမှုတွေကို အချိန်မီမဖြေရှင်းနိုင်ရင် တိုင်းပြည်မှာ ဘာဖြစ်မလဲဆိုတဲ့ ပြဿနာပဲဖြစ်တယ်။ ဒီပြဿနာကို ပြေလည်အောင်ဖြေဖို့လိုတယ်။ မဖြေရင် ဘာဖြစ်မလဲ။ မဖြေရင်ကျွန်တော့်ရဲ့အမြင်အားဖြင့် (၁) တိုင်းပြည်မှာ သွေးထွက်သံယိုမှုတွေ ပိုပြီးဖြစ်လာမယ်။ (၂) အခြေအနေဟာ အုပ်မနိုင်ထိန်းမရဖြစ်ပြီးတစ်နိုင်ငံလုံးလည်းအုပ်မနိုင်ထိန်းမရဖြစ်လာလိမ့်မယ်။ (၃) ဒီလိုဖြစ်လာရင် နိုင်ငံခြားပယောဂတွေဝင်လာလိမ့်မယ်။ (၄) နိုင်ငံခြားပယောဂတွေဝင်လာရင် ပြည်ထောင်စုဟာဒုက္ခရောက်မယ်။ အစိတ်စိတ်အမြွှာမြွှာပြိုကွဲပြီးစည်းလုံးမှုပျက်သုဉ်းမယ်။ ဒါတွေကို တွေးမြင်ပြီးတိုင်းပြည်အတွက်ကျွန်တော်စိတ်အပူကြီးပူခဲ့မိတယ်။ တိုင်းပြည်မှာသွေးထွက်သံယိုမှုတွေကို ရပ်တန်းကရပ်စေချင်လှပြီ။ ဒါကြောင့်မို့လို့လည်းပြည်တွင်းငြိမ်းချမ်းရေးကိုရအောင်ကျွန်တော်အားထုတ်ခဲ့ခြင်းဖြစ်တယ်။ နောက်ပြီးတော့ တိုင်းပြည်ရဲ့အခြေအနေအုပ်မနိုင်ထိန်းမရဖြစ်မှာကိုလည်း ကျွန်တော်အများကြီးစိုးရိမ်တယ်။ ဒီလိုအခြေအနေမျိုးတော့မဖြစ်ပါရစေနဲ့။ ဘယ်နည်းနဲ့ မှမဖြစ်စေရဘူးလို့လည်း ကျွန်တော်သန္နိဋ္ဌာန်ချလိုက်တယ်။ နောက်ပြီးတော့ နိုင်ငံခြားပယောဂဝင်လာမှာတွေ၊ နိုင်ငံခြားပယောဂတွေကြောင့် ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းတည်ဆောက်ပေးခဲ့တဲ့ပြည်ထောင်စုရဲ့စည်းလုံးမှုပျက်စီးမှာတွေ၊ ကိုရီးယားလို လောင်စာနဲ့ ပြာပုံဖြစ်လာမှာတွေဟာလဲ မတွေးဝံ့လောက်အောင်ပဲဖြစ်ခဲ့တယ်။ နောက်ပြီးတော့ ကျွန်တော်တို့ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ အဆီအနှစ်တစ်ခုဖြစ်တဲ့ ဒီမိုကရေစီဝါဒဟာမြန်မာနိုင်ငံမှာ ဆိတ်သုဉ်းသွားမှာကိုလည်းကျွန်တော်အများကြီးစိုးရိမ်မိတယ်။ ဒါကြောင့်မို့လို့ကျွန်တော်ဟာ ဒီပြဿနာတွေ ပူပန်စရာတွေ၊ စိုးရိမ်စရာတွေကိုလေးလေးနက်နက်စဉ်းစားပြီး အဖြေကိုရှာခဲ့တယ်။ ကျွန်တော်ရတဲ့အဖြေကတော့ တခြားဟာမဟုတ်ပါဘူး။ ခြောက်လအတွင်းမှာ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကြီးကိုကျင်းပနိုင်ဖို့ကို ရှေးရှုပြီး ဗိုလ်ချုပ်နေဝင်းကို ဝန်ကြီးချုပ်ရာထူးလက်ခံအောင်တိုက်တွန်းရတော့မှာပဲလို့ဆုံးဖြတ်လိုက်ပါတယ်။ ဒါဟာကျွန်တော်ရဲ့အဖြေပါပဲ'

## ဥပဒေပုဒ်မ ၁၁၆

၁၉၅၈ ခုနှစ်အောက်တိုဘာလ ၂၈ ရက်နေ့တွင် လွှတ်တော်၌ ဝန်ကြီးချုပ်ဦးနုနှင့် အစိုးရအဖွဲ့ရာထူးမှနုတ်ထွက်ကြကာဗိုလ်ချုပ်ကြီးနေဝင်းကို ဝန်ကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက်ခဲ့ကြလေသည်။ ယင်းသို့တာဝန်ပေးအပ်ခြင်းမှာ လွှတ်တော်အမတ်မဟုတ်သော ပုဂ္ဂိုလ်တစ်ဦးဦးကို ၆ လထက်မပိုသောကာလအတွက် အစိုးရအဖွဲ့ဝင်ဝန်ကြီးအဖြစ်ခန့်အပ်နိုင်သည်ဟုအဓိပ္ပာယ်သက်ရောက်သောအခြေခံဥပဒေပုဒ်မ ၁၁၆ အရဖြစ်ပါသည်။

## ဝန်ကြီးချုပ်သက်တမ်း(၆)လ

ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရသည်ရွေးကောက်ပွဲပြုလုပ်ပေးရန် နိုင်ငံတော်အာဏာကိုရယူထားခြင်းဖြစ်သော်လည်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဦးစားပေးလုပ်ဆောင်ရသည်။ နိုင်ငံတစ်ဝန်းလက်နက်ပုန်းများဖော်ထုတ်သိမ်းဆည်းရသည်။ ရန်ကုန်မြို့နှင့် အင်းစိန်တစ်ဝိုက်မှ ဓားပြဂိုဏ်း များကိုဖြိုရသည်။ အာဏာရဖ ဆပလ အုပ်စုများကတည် ထောင်ထားခဲ့သော အိတ်ဆောင်တပ်များကိုဖျက်ရသည်။ အချို့ကိုတပ်မတော် အတွင်းသို့၊ အချို့ကို စစ်ရဲတပ်ဖွဲ့အတွင်းသို့ သွတ်သွင်းခဲ့သည်။ ထို့ပြင် အဆမတန်မြင့်တက်နေသော ကုန်ဈေးနှုန်းအရေး၊ ရန်ကုန်မြို့တွင်ဆင်းရဲ ကျပ်တည်းစွာနေထိုင်နေကြရသည့်လူထု ပြဿနာများအရေးဖြေရှင်းရသည်။ တရားဥပဒေမစိုးမိုးလျှင် ပြည်သူတို့ ဆင်းရဲငတ်ပြတ်ကာ စိတ်ချမ်းသာမှုမရှိလျှင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်မြောက် နိုင်မည်မဟုတ်။ သို့ဆောင်ရွက်ရင်းမှ ဗိုလ်ချုပ်ကြီးနေဝင်း ၏ဝန်ကြီးချုပ်သက်တမ်း (၆)လပြည့်သွားသည်။ အချို့က ယာယီအစိုးရနှင့် ပုဒ်မ ၁၁၆ သည်မသက်ဆိုင်ပါဟုဆိုပါသည်။ အချို့က ဗိုလ်ချုပ်သည် ၆ လကုန်ဆုံးသောနေ့တွင် ရာထူးမှထွက်၍ နောက်နေ့တွင် ရာထူးပြန်လည်လက်ခံ လျှင် ၆ လ သက်တမ်းအသစ်စတင်ပါလိမ့်မည်။ ထို ၆ လ ကုန်ဆုံး၍ ဆက်လက်တာဝန်ယူရန် အကြောင်းရှိလျှင် ဤနည်းကိုပင် လိုက်နာနိုင်ပါသည်ဟုဆိုသည်။

## သင့်တော်သလိုပြင်ဆင်

၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်းရာထူးမှနုတ်ထွက်လွှာတင်သည်။ ဝန်ကြီးချုပ်အသစ်တစ်ဦးကိုတင်မြှောက်ပါလျှင် မိမိသည်ကာကွယ်ရေးဦးစီးချုပ်အဖြစ်အခြေအနေကိုဆက်လက်ထိန်းသိမ်းပေးပါမည်။ အကယ်၍ အစားထိုးရန်မလွယ်၍မိမိကိုပင်ဆက်လက်တာဝန်ယူစေလိုလျှင် အခြေခံဥပဒေပုဒ်မ ၁၁၆ ကို သင့်တော်သလိုပြင်ဆင်ပေးရန် လိုပါလိမ့်မည်။ သို့မဟုတ်ပါလီမန်အမတ်မဟုတ်သော မိမိသည် အခြေခံဥပဒေကိုမဆန့်ကျင်ဘဲ ၆ လကာလကိုကျော်၍ ဝန်ကြီးချုပ်တာဝန်ကိုထမ်းဆောင်နိုင်မည်ဖြစ်ပါသည်ဟုလည်းဖော်ပြသည်။

## ရွေးကောက်တင်မြှောက်နိုင်ခဲ့

ပါလီမန်က ဗိုလ်ချုပ်အစိုးရသက်တမ်းအတွင်းပုဒ်မ ၁၁၆ ကိုဆိုင်းငံ့သည့်အခြေခံဥပဒေပြင်ဆင်ချက်ကို ပြဋ္ဌာန်းပေးသည်။ ပြင်ဆင်ချက်ကို သန့်ရှင်း၊ တည်မြဲ ဖဆပလနှစ်ဖက်လုံးကထောက်ခံကြသည်။ ပမညတတို့ ကကန့်ကွက်သည်။ အခြေခံဥပဒေ၏အသည်းနှလုံးကိုထုတ်ယူလိုက်သောပြင်ဆင်ချက်ဖြစ်ပါသည်ဟုသူတို့ဆိုကြသည်။ ၁၉၆၀ ခုနှစ်မေလတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှတ်တော်တစ်ရပ်စီအတွက် တစ်ချိန်တည်းရွေးကောက်ပွဲကျင်းပကာ ပြည်သူ့လွှတ်တော်သို့သန့်ရှင်းဖဆပလအမတ် ၁၅၉ ဦး၊ တည်မြဲ ဖဆပလအမတ် ၄၂ ဦးနှင့် တစ်သီးပုဂ္ဂလအမတ်များ ရွေးကောက်တင်မြှောက်နိုင်ခဲ့ကြသည်။

■

# Article

The HOT NEWS
Vol - 3, No - 140, 17 - 23 May, 2013

# တို့မြန်မာပြည် ဇာတာစန်းက ပွင့်လန်းလာခဲ့ပြီ




(၅.၅.၂၀၁၃၊ သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲ၊ ဆုရရှိသူတစ်ဦး၏ပြန်ကြားကျေးဇူးတင်စကား)

ဒီကနေ့ ၅. ၅. ၂၀၁၃နေ့ ချက်ထရီယမ်ဟိုတယ်ကြီးမှာ ကျင်းပပြုလုပ်တဲ့ သုတစွယ်စုံစာပေ၊ စာပေဆုချီးမြှင့်ပွဲကို ကြွရောက်ချီးမြှင့်ဂုဏ်ပြုခဲ့တဲ့ ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရဝန်ကြီးဒေါ်စန်းစန်းနွယ်နဲ့ တကွ ကြွရောက်သူစာပေပညာရှင် ဆရာကြီး၊ ဆရာမကြီးများကို ယနေ့ဆုရ ရှိသူများကိုယ်စား၊ ကျန်းမာချမ်းသာကြပါစေလို့ မင်္ဂလာဆုတောင်းစကား တက္ကသိုလ်စိန်တင်ကပြောကြားခွင့်ပြုပါ။

ဒီနေ့သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲမှာ တက်ရောက်ဆုလက်ခံရရှိသူများထဲမှာ ထူးခြားတဲ့ ပုဂ္ဂိုလ်ကြီးနှစ်ဦးပါဝင်ပါတယ်။ သူတို့ကတော့ တစ်သက်တာစာပေဆုရှင် **ဆရာကြီးဦးမြင့်ကြွယ်**နဲ့ ဆရာကြီး**ဦးသန်းဆွေ**၊ မောင်သန်းဆွေထားဝယ်တို့ပဲဖြစ်ကြပါတယ်။

ဆရာကြီးဦးမြင့်ကြွယ်အကြောင်း အရင်ပထမပြောပြပါမယ်။ ၁၉၅၄ ခုနှစ်က တက္ကသိုလ်စိန်တင်၊ မင်းဘူးမြို့က ဆယ်တန်းအောင်ပြီး ရန်ကုန်တက္ကသိုလ်ရောက်တော့ ဆရာကြီးဦးမြင့်ကြွယ်က ရန်ကုန်တက္ကသိုလ်မှာ ကလောင်နာမည် **မောင်ညစ်ကျယ်**နဲ့ နာမည်ကျော်နေပါပြီ။ မကြာမီနှစ်တစ်နှစ်မှာ စာရေးဆရာမောင်မြင့်ကြွယ်နဲ့ တက္ကသိုလ်စိန်တင်၊ စာရေးဆရာ၊ ဒေါက်တာခင်မောင်ညိုတို့ ရန်ကုန်တစ်ဖက်ကမ်း၊ ဒလမြို့က (၁၀) မိုင်ခန့်ဝေးတဲ့ တော်ကေးရွာစာကြည့်တိုက်ဖွင့်ပွဲည စာပေဟောပြောပွဲကို ရောက်သွားကြတယ်။ ဆရာမောင်မြင့်ကြွယ်က ပထမဆုံးဟောပြောတဲ့အခါမှာ တက်ရောက်နားထောင်တဲ့ ကျေးရွာသူ၊ ရွာသားလူကြီးလူငယ်များပျော်ရွှင်ကြည်နူးရအောင် ဟာသစကားရယ်စရာရွှင်စရာတွေ စင်ပေါ်ကပြောတော့ ကျေးရွာလူထုက ဝါတော် (၆၀) ရ သံဃာတော်ဆရာတော်ကြီးတွေလိုပဲ ခပ်တည်တည်ကြီးမရယ်မပြုံးဘဲနေကြလေရဲ့။ ဆရာမောင်မြင့်ကြွယ်လည်း ကိုယ်ကရယ်စရာပြောတာပရိသတ်တော့ ခွကျကျဘာဆက်ပြောရမှန်းမသိဖြစ်ပြီး ဗဟုသုတဖြစ်စရာစကားတစ်ခွန်းနှစ်ခွန်းပြောပြီး စင်မြင့်ပေါ်က စိတ်ပျက်ပြီးပြန်ဆင်းခဲ့တယ်။ နောက်တက္ကသိုလ်စိန်တင်အလှည့်ကျလို့ စင်မြင့်ပေါ်တက်ပြီး အောင်ဆန်းသူရိယတိုက်ချွန်း၊ မယားနှစ်ယောက်နဲ့ ဒုက္ခရောက်အမှုပွေတာတွေ ပြောပြလည်း ပရိသတ်မရယ်ဘူးခင်ဗျ။

## တက္ကသိုလ်စိန်တင်

တက္ကသိုလ်စိန်တင်နဲ့ ယာဉ်ထိန်းရဲတို့ လမ်းမလယ်ကောင်မှာ လိုက်တမ်းပြေးတမ်းကစားသလိုရဲဖမ်းလို့ ပြေးရတာ၊ ပြောတော့ ရန်ကုန်မြို့မရောက်ဖူးတဲ့ ကျေးရွာ ပရိသတ်မရယ်တတ်ကြဘူး ထင်ပါရဲ့။ ယာဉ်ထိန်းရဲဆိုတာ ဘာမှုမသိကြတော့ ရယ်စရာပြောလည်း မရယ်ဘဲခပ်တည်တည်ပဲဗျ။ ဒီမှာပဲ၊ ကိုစိန်တင်လည်း အကြီးအကျယ် စိတ်ပျက်ပြီး စင်ပေါ်က ဆင်းပြေးရတယ်။ နောက်ဆုံးပြောတဲ့ ဆရာဒေါက်တာ ခင်မောင်ညိုအလှည့်မှာ ရှေ့ဆုံးမှာထိုင်နေတဲ့ **သမီးလေးတွေချောလိုက်တာ နန္ဒာလှိုင် ကလေးများထင်ရတယ်**ပြောတော့ ဝါးခနဲရယ်လိုက်ကြတာလေ။ ကျေးရွာမှာက နန္ဒာလှိုင်ဗီဒီယိုဇာတ်လမ်းတွေပဲ သိကြတာမို့ တဝါးဝါးတဟားဟားဖြစ်ကုန်တယ်။ အဲဒီတုန်းက ယခုတစ်သက်တာစာပေဆု ရှင် ဆရာကြီးဦးမြင့်ကြွယ် နဲ့တက္ကသိုလ်စိန် တင်တို့ 'ကွဲ' ခဲ့ရတဲ့ အဖြစ်သနစ်ကလေးကို သတိတရပြန်ပြောမျှဝေရပါတယ်။

ဒုတိယပုဂ္ဂိုလ်ကတော့ **ထီးသတင်း၊ နန်းသတင်း** စာအုပ်နဲ့ ဆုရရှိတဲ့ **စာရေးဆရာ၊ မောင်သန်းဆွေ** (ထားဝယ်) ပါပဲ၊ ဆရာမောင်သန်းဆွေ(ထားဝယ်)က ဒီကနေ့ပြည်ထောင်စုအစိုးရအဖွဲ့မှာ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် နိုင်ငံတာဝန်ထမ်းဆောင်နေသူပါ။ ဒီပွဲမှာ တက်ရောက်လာခဲ့တဲ့၊ အားမာန်သစ်စာပေ၊ **ဆရာဦးညီမြိုင်းနဲ့** တက္ကသိုလ်စိန်တင်တို့ဟာ ပြည်သူ့လွှတ်တော်က အားလပ်ချိန်စနေနေ့တိုင်းပြန်လာတဲ့ လွှတ်တော်ကိုယ်စားလှယ် **စာရေးဆရာမောင်သန်းဆွေ** (ထားဝယ်)နဲ့ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ **ရွှေမြို့တော်ကဖီး**မှာ လက်ဖက်ရည်သောက်ကြပါတယ်။ ဒီအချိန်မှာ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေထိုင်မယ့်ကုလားထိုင်ကို တက္ကသိုလ်စိန်တင်က ပခုံးပေါ်က စောင်တစ်ဘက်အဝတ်ကလေးနဲ့ ဖုန်ခါပေးပြီး **ဝန်ကြီးထိုင်ပါ ထိုင်ပါ**'လို့ရယ်ရယ်မောမောပြောလေ့ရှိတယ်။ ဟောဗျာ၊ပြီးခဲ့တဲ့ လွှတ်တော်အစည်းအဝေးမှာ ဆရာမောင်သန်းဆွေ(ထားဝယ်)ဟာ **ယဉ်ကျေးမှုဝန်ကြီးဌာန**၊ **ဒုတိယဝန်ကြီး** ဖြစ်သွားပါပြီ။ ဒါကြောင့် ဝန်ကြီးဖြစ်ရန် ဆန္ဒရှိသူများ တက္ကသိုလ်စိန်တင်နဲ့ အတူလက်ဖက်ရည်လာသောက်ပါ။ ကိုယ့်လူတို့ထိုင်မယ့် ကုလားထိုင်ခုံကို တက္ကသိုလ်စိန်တင်က သူ့မျက်နှာသုပ်ပဝါကလေးနဲ့ ဖုန်ခါပေးရင်း **ဝန်ကြီးထိုင်ပါ**လို့ ပြောပေးပါ့မယ်၊ ဆရာကြီးဦးသန်းဆွေလိုပဲ ဝန်ကြီးဖြစ်သွားနိုင်ပါတယ်။ (ရယ်မောသံများ)

ယခု တက္ကသိုလ်စိန်တင်၊ သုတစွယ်စုံစာပေတိုက်က အတ္ထုပ္ပတ္တိစာပေဆုချီးမြှင့်ခံရတဲ့ **အိုးဝေဦးညိုမြ၊ ဘဝနှင့် စာပေ**၊ စာအုပ်ဟာ မယုံမရှိကြနဲ့ ခင်ဗျ၊ စာပေစိစစ်ရေးဌာနကြီးမှာ ၁၉၉၁ ခုနှစ်က ၂၀၁၁ ခုနှစ်အထိ အနှစ် (၂၀) လုံးလုံး ကန့်ကွက်ပိတ်ပင်တားဆီးခံရပြီးမှ အားမာန်သစ်စာပေက ထုတ်ဝေခွင့်ရလာတဲ့ စာအုပ်ပါ။ စာပေစိစစ်ရေးမှာ အနှစ် (၂၀)ကြီးများ ပိတ်ပင်ထားခံရတဲ့ **အိုးဝေဦးညိုမြဘဝနှင့် စာပေ**စာအုပ် ထုတ်ဝေခွင့်ရခဲ့တာကို ဂုဏ်ပြုပြီးစာပေ ချစ်သူပရိသတ် တို့လက်ခုပ်ဩဘာလက်ခုပ်သံချီးမြှင့်ပါခင်ဗျာ။ (လက်ခုပ်သံများ)

ယခုအိုးဝေဦးညိုမြဘဝနှင့် စာပေ စာအုပ်ထဲက ထူးခြားတဲ့ ကဗျာကလေး (၄) ပုဒ်သတင်းပြောပြပါ့မယ်။ ဆရာကြီးဦးညိုမြဟာအလွန်ပင်ကဗျာဉာဏ်ကြွယ်သူပါ။ တက္ကသိုလ်ကျောင်းသားဘဝမှာ အင်းလျားကျောင်းသူဆောင်ကို နောက်ပိုးသွားရင်းပြန်လာတော့ **'အင်းလျားကပြန် မြားမှန်သူမောင်ညိုမြကို ကယ်ကြပါဦး'** ဆိုတဲ့ ကဗျာရေးပါတယ်။ အင်းလျားကျောင်းဆောင်သူ ချောမော လှပတဲ့ **မခင်မြ (ပဲရှုး)**ကို၊ ရိတိတိလုပ်ချင်တော့၊ **မောစောရှင်ခြေရင်းကဝင်းပပ မြဗေဒါဆင်းရေစပ်လာ** ဆိုတဲ့ ကဗျာရေးပါတယ်။ ပြီးတော့ သူ့ချစ်သူနဲ့ စိတ်ကောက်ကြတဲ့အခါမှာ ကဗျာဆရာညိုမြက သူသေသွားရင် လွမ်းမနေနဲ့ **ချက်ချင်းလင်ရှာလိုကြင်နာသူညီမြကို မေ့ကြစေသား**လို့ငေါ့တော့တော့ရေးပြန်တယ်။ မန္တလေးက အချောအလှမခင်မေကို သူကြုံတုတုလုပ်ချင်တော့ **တက္ကသိုလ်မြေပြုံပြဟ်မှုတဲ့ ရွှေမန်း။ နို့ပြီးသူသေတော့ နတ်ပြေ (ပြည်) မှာ နတ်တွေရှုံးမယ်။ ထူးတဲ့သူ့စမ်းလို့လည်း** ကဗျာဖွဲ့ပြန်ပါတယ်။ (အိုးဝေဦးညိုမြကဗျာဉာဏ်နုန့်ပုံကို စုံလင်စွာမကြာမီရေးဖွဲ့တင်ပြပါမည်။) ယခုပြောတာတွေ နည်းနည်းရှည်လျားသွားတာကြောင့် နိဂုံးချုပ်ပါတော့မယ်။

ယခုသုတစွယ်စုံစာပေဆုချီးမြှင့်ပေးပါတဲ့ **ဆရာဒေါက်တာတင်ထွန်းဦး**၊ **ဆရာမ ဒေါက်တာခင်မိုးမိုးတို့ကို** ဆုရရှိသူများရဲ့ ကိုယ်စားအထူးကျေးဇူးတင်စကား တက္ကသိုလ်စိန်တင်က ပျော်ရွှင်စွာပြောပါရစေ။ နိဂုံးချုပ်စကားမပြောကြားခင်မှာ စာပေဟောပြောပွဲတိုင်းသီချင်းဆိုလေ့ရှိတဲ့ တက္ကသိုလ်စိန်တင် သီချင်းကလေးတစ်ပိုဒ်၊ တစ်ပိုဒ်တည်းပါနော်။သီဆိုခွင့်ပြုပါ။ ဒီကနေ့ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ဒီမိုကရေစီနိုင်ငံတော်သစ်ဆိုသို့ဦးဆောင် ချီတက်နေတဲ့ **နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နဲ့ မြန်မာ့ဒီမို ကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစု ကြည်တို့ရဲ့** အောင်မြင်မှုများကို ဂုဏ်ပြုပြီးတော့

**တို့မြန်မာပြည်ဇာတာစန်းကပွင့်လန်းလာခဲ့ပြီ ဘုန်းတေဇာ၊ သမ္မာမညိုးတဲ့ စာဆိုတွေနဲ့ အညီမမေ့နိုင်ပြီ၊ ခေတ်ဆန်းချိန်ရောက်လုနီးပါပြီ။** (ဩဘာလက်ခုပ်သံများ)

■

# သူ့ရဲ့ကောင်းတွေ လိုနေပြီ

**မောင်ယသာ**

မဆလခေတ်နဲ့ နဝတခေတ် တစ်လျှောက်လုံးမှာ မြန်မာနိုင်ငံ သားတွေရဲ့ နိုင်ငံသားကျင့်ဝတ် တွေဖျက်ဆီးခံခဲ့ရတယ်။ ရပ်ကွက်ရဲ့တာဝန်ကို ထမ်းဆောင်ပေးရမယ့်ရပ်ကွက်ဥက္ကဋ္ဌတွေက သူတို့ ကိုယ်သူတို့ ဘုရင်တစ်ပါးလို့ ထင်မှတ်ခဲ့ကြတယ်။ ရပ်ကွက်ထဲမှာ အိမ်ရောင်း၊ အိမ်ဝယ်ကိစ္စ၊ အခန်းငှားပြီး ဧည့်စာရင်းနဲ့နေရမယ့် ကိစ္စ၊ အစိုးရက ချပေးတဲ့ပြည်သူ့ အခွင့်အရေး ရပိုင်ခွင့်ကိစ္စ အစ ရှိသော အထွေထွေကိစ္စရပ်များကို သူတို့ရဲ့သဘောအတိုင်း စီစဉ်ခဲ့ကြတယ်။ သူတို့ကို လာဘ်လာဘတွေ ပေးခဲ့ကြရတယ်။ အမှန်တကယ်က ရပ်ကွက်နေပြည်သူတွေအဆင်တပြေဖြစ်အောင် လိုက်လံကူညီရမယ့်အစား သူတို့က ဥက္ကဋ္ဌဆိုတဲ့အာဏာကိုလက် ဝယ်ကိုင်စွဲပြီး အမျိုးမျိုး အာဏာ ပြခဲ့ကြတယ်။ အဲဒါအပြင် ဥက္ကဋ္ဌ ရဲ့နောက်မီးဆွဲတွေကလည်း ရပ်ကွက်နေပြည်သူတွေအပေါ် အမျိုးမျိုးအဖုံဖုံ အာဏာပြခဲ့ကြ တယ်။

ဌာနဆိုင်ရာတွေမှာလည်း ပြည်သူ့ဝန်ထမ်းဆိုတဲ့သဘော သဘာဝပျောက်ကွယ်ပြီး လုပ်စား ဖို့နေရာတစ်နေရာပေးထားသလို ဖြစ်နေတယ်။ တံစိုးလက်ဆောင် မပါရင် လုပ်ငန်းတွေဆောင်ရွက်ပေးဖို့ အမျိုးမျိုးကြံနိုင်ကြနေတော့တာပါပဲ၊ အစိုးရကနေပေးတဲ့လေလံ တွေဆိုရင်လည်း နီးစပ်တဲ့အသိုင်း အဝိုင်းတွေကို လက်သိပ် ထိုးပေးခဲ့ကြတယ်၊ ပြည်သူ့အတွက် ရပိုင်ခွင့်တွေကို သူတို့ရဲ့ အခွင့်အရေးဆိုပြီး အမျိုးမျိုးလုပ်စားခဲ့ကြတယ်၊ အဆိုးဆုံးက လက်မှတ်ကိစ္စပါပဲ၊ ရာထူးကြီးတွေရဲ့ လက်မှတ်တွေနဲ့ ဌာနဆိုင်ရာတွေမှာ အမျိုးမျိုးအခွင့်အရေးတောင်းခဲ့ကြတယ်၊ အဲဒီအခွင့်အရေးတောင်းခဲ့တဲ့သူတွေက ရလာတဲ့ပစ္စည်း၊ အခွင့်အာဏာတွေကို လူမျိုးခြားတွေကို ထိုးရောင်းချခဲ့ကြတယ်၊ လူကြီးလို့ ခေါ်တဲ့သူတွေကိုလည်း အဲဒီလူ မျိုးခြားအောက်ဆွဲတွေကလိုလေသေးမရှိ အကူအညီတွေပေးပြီး အပြန်အလှန်လက်ဝါးရိုက်ခဲ့ကြတယ်၊

ဒုတိယကမ္ဘာစစ်အပြီး အရှေ့တောင်အာရှမှာ လက်မထောင်နေတဲ့ မြန်မာပြည်ဟာနှစ် ၅၀ ကျော်အာဏာရှင်စနစ်ရဲ့ အသိမဲ့၊ အမြင်မဲ့၊ အတ္တဝါဒီအုပ် ချုပ်မှုအောက်မှာ လူတန်းစားတစ်ခုနဲ့တစ်ခုဝေးကွာလွန်းမက ဝေးကွာနေခဲ့ကြရတယ်၊ ပေါ်လန်ဖားတွေ၊ သာရာကူးတွေ၊ ပိုက်ဆံသာလျှင် ကိုးကွယ်ရာဆိုတဲ့လူတွေကို မွေးထုတ်ပေးခဲ့တယ်၊ ရှေ့ လူက နိုင်ငံတော်ကို လက်ညှိုး တစ်ချောင်းထိုးရောင်းစားရင် ငါ့အလှည့်ကျရင်ရှိသမျှလက် ချောင်းတွေနဲ့ အကုန်ထိုးရောင်း စားမယ်ဆိုတဲ့လူတွေကိုပဲ ရရှိခဲ့တယ်၊ ငါချမ်းသာမှ၊ ငါအာဏာ ရှိမှ ငါ့မိသားစု၊ ငါ့ဆွေမျိုးအတွက် အထူးအခွင့်အရေးတွေ ရမယ် ဆိုတဲ့အတွေးတွေပဲ ကြီးစိုးခဲ့ကြ တယ်၊

ဒီကနေ့အထိ မြန်မာနိုင်ငံ မှာရှိတဲ့ ပြည်သူအများစုက ရာထူးအာဏာနဲ့ ငွေကြေးနောက် ကိုပဲ ကောက်ကောက်ပါအောင် လိုက်နေကြတယ်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေက အား နည်းလာကြတော့ အထူးအခွင့် အရေးတွေရဖို့ အတွက် ငွေကြေး (သို့)အာဏာရှိမှ အဆင်ပြေနိုင် မယ်လို့ ယုံကြည်လာကြတယ်၊ ဒါတွေက မြန်မာပြည်ကိုလာမယ့် အနှစ် ၅၀ အတွင်း ဆုံးဆုံးမြုပ် ဖို့ အတွက် ဖန်တီးလာနိုင်တဲ့ အကြောင်းအရာတွေပါ၊

တိုင်းပြည်ကောင်းစားဖို့ အသိအလိမ္မာပြည့်စုံတဲ့အစိုးရ အဖွဲ့လိုသလို နိုင်ငံသားတွေရဲ့ မြင့်မားတဲ့အသိစိတ်ဓာတ်ကလည်း အရေးတကြီးလိုအပ်နေပါတယ်၊ ငွေရဖို့အတွက် လူသားချင်းငဲ့ညှာ ထောက်ထားမှု(သို့)ကိုယ်ချင်းစာတရားတွေခေါင်းပါးနေခဲ့ကြတယ်၊

ယနေ့မြန်မာပြည်က ဒီမိုက ရေစီဆိုတဲ့ ပြည်သူ့အုပ်ချုပ်ရေး ဘက်ကိုပြန်လည်ဦးမော့လာပါပြီ၊ နာလံထမြန်မာနိုင်ငံအတွက် စွန့် လွှတ်စွန့်စားမယ့်နိုင်ငံသား အများအပြားလိုအပ်နေပါတယ်၊ ဝန် ထမ်းလောကမှာဆိုရင်လည်း အစိုးရပေးတဲ့လစာလေးနဲ့ လောက် ငှရုံစားပြီး တိုင်းပြည်အတွက်၊ တိုင်းပြည်ရဲ့ အနာဂတ်မျက်နှာကို ကြည့်ပြီးအလုပ်လုပ်နိုင်မယ့် ဝန်ထမ်းကောင်းတွေအများကြီးလို အပ်နေပါပြီ၊ တိုင်းပြည်ရဲ့ ထူထောင်ဆဲကာလအတွင်း တကယ် အလုပ်လုပ်မယ့်လူတွေလိုတာပါ၊ အလုပ်ကိုဖန်းပြီး အိတ်ဖောင်း အောင် ကြံစည်နေတဲ့သူတွေမလိုအပ်ပါဘူး၊ အရပ်ဘက်ပြည်သူ တွေမှာလည်း ပရဟိတလုပ်ငန်းတွေတိုးတက်လုပ်ကိုင်ဖို့လိုအပ် လာပါပြီ၊ ဆင်းရဲသားတွေရဲ့ ထွက်ပေါက်ဒုစရိုက်လုပ်ငန်းတွေကို ဝိုင်းဝန်းပိတ်ဆို့ကြရမှာဖြစ်ပါတယ်၊ အပျော်အပါးနဲ့ လောင်းကစားကိုလျှော့ပြီး အလုပ်တွေ တိုးလုပ်ဖို့ အပျင်းစိတ်တွေဖျောက် ဖို့ ကောင်းပါပြီ၊

အခုကာလအတွင်း ကျွန် တော်တို့ အပင်ပန်းခံနေရတာဟာ နောင်ကျွန်တော်တို့ရဲ့ ရင်သွေးတွေအတွက်ပါ၊ ကိုယ့်မျိုးဆက် ကို ချစ်တယ်ဆိုတဲ့လူတိုင်းတိုင်း ပြည်အတွက် အလုပ်လုပ်ကြပါ၊ ကိုယ်ကျိုးကို တတ်နိုင်သလောက် စွန့်ကြပါ၊ အဲဒီလို သူ့ရဲကောင်း တွေမြန်မာပြည်မှာ အရေးပေါ် လိုအပ်နေပါပြီ၊ တိုင်ပြည်လွတ်လပ်ရေးရဖို့အတွက် အရင့်အရင်က သူ့ရဲကောင်းတွေက ပေးဆပ်ခဲ့ပြီးပြီ၊ အခု ကျွန်တော်တို့ အလှည့်ရောက်လာပါပြီ၊ ကျွန်တော်တို့ ကျွန်တော်တို့ရဲ့နောင်လာနောင်သားတွေအတွက် ရင်ကိုမြေကတုတ်ပြုပြီး အနင့်နာခံဆောင်ရွက်ဖို့ လိုနေပါပြီ၊ ကိုယ့်အလှည့်ကြမှ ရှောင်ဖယ်ရှောင်ဖယ် လုပ်နေရင်တော့ ကျွန်တော်တို့တိုင်းပြည် အနာဂတ်လှပနိုင်စရာအကြောင်းမရှိတော့ပါဘူး၊

The HOT NEWS
Vol - 3, No - 140, 17 - 23 May, 2013

# ပါတီနိုင်ငံရေးမလုပ်ဘဲ အမျိုးသားနိုင်ငံရေးကိုသာ လုပ်သွားဖို့ ဆုံးဖြတ်ချက် ချပြီးသားပါ

ခန့်ခန့်(ဒဿနိက)
တွေ့ဆုံမေးမြန်းသည်

## ယခင်နိုင်ငံတော်ဝန်ကြီးချုပ် ဦးခင်ညွန့် နှင့် တွေ့ဆုံခြင်း

*တစ်ချိန်က ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အစိုးရအဖွဲ့အကြီးအကဲဝန်ကြီးချုပ်ရာထူးထိ တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဗိုလ်ချုပ်ကြီးခင်ညွန့်ကို မေလ (၁၁)ရက်က နေအိမ်၌တွေ့ဆုံ၍ နိုင်ငံတာဝန်များထမ်းဆောင်ခဲ့စဉ်အတွင်း မြန်မာပညာရေးစနစ်ကို မြှင့်တင်ရန်ကြိုးပမ်းခဲ့မှုများ၊ လက်ရှိနိမ့်ကျနေသောပညာရေးစနစ်၊ ထိုးဖောက်ဝင်ရောက်လာသော တိုင်းတစ်ပါးယဉ်ကျေးမှုများကို ကာကွယ်ရန်အတွက် လူထုသို့အကြံပြုလိုသည်များကို မေးမြန်းဖြစ်ခဲ့ပါသည်။*

***ရာစုနှစ်တစ်ခုအတွင်း ထိုးဖောက်ဝင်ရောက်လာတဲ့ သရုပ်ပျက်တိုင်းတစ်ပါးယဉ်ကျေးမှုတွေကြောင့် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်မှာ ယိုယွင်းပျက်စီးမှုတွေဖြစ်လာတဲ့အပေါ် ဘယ်လိုထိန်းသိမ်းမှုတွေလုပ်သွားရမယ်လို့ ဘဘအနေနဲ့မြင်ပါသလဲ။***

ဘဘတို့ မြန်မာလူမျိုးတွေအားလုံးမှာ တာဝန်ရှိတယ်လို့ ဘဘမြင်တယ်။ ဘယ်လိုတာဝန်ရှိသလဲ ဘယ်လိုထိန်းသိမ်းမှုတွေလုပ်ရမလဲဆိုတော့ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တွေကို မွေးမြူပြီး ဒါကိုအခြေခံ ထိန်းသိမ်းမှပဲရမယ်။ တိုင်းတစ်ပါးယဉ်ကျေးမှုတွေက နေ့စဉ်နှင့်အမျှကိုထိုးဖောက်ဝင်ရောက်နေတာ။ ဒါက သူတို့ယဉ်ကျေးမှု ဖြစ်ပေမဲ့ ဘဘတို့ရဲ့ အစဉ်အလာကြီးမားတဲ့ မြတ်နိုးဖွယ်ရာ မြန်မာ့ယဉ်ကျေးမှုနဲ့ လုံးဝမကိုက်ဘူး။ လားလားကိုဆန့်ကျင်နေတယ်။ ဒါကို ဘယ်လိုဆန့်ကျင်ရ မလဲ။ ဘဘ ခုနပြောသလိုမျိုး ကိုယ်ပိုင်အသိစိတ်လေးနဲ့ ကမ္ဘာကလေးစားတဲ့ မြန်မာ့ယဉ်ကျေးမှုဆိုတာကို ထိန်းသိမ်းဖို့ ငါတို့အားလုံးမှာ တာဝန်ရှိတယ်ဆိုတဲ့ အသိစိတ်၊ ခံယူချက်နဲ့လက်တွဲပြီး လုပ်သွားရင် ထိုးဖောက်လွှမ်းမိုးလာတဲ့ တိုင်းတစ်ပါးယဉ်ကျေးမှုဆိုတာ ပျောက်သွားလိမ့်မယ်။ ဒါမှ ကိုယ့်ယဉ်ကျေးမှုကို ထိန်းသိမ်းရာရောက်မှာ မြန်မာလူငယ်၊ လူရွယ်တွေကတော့ တိုင်းတစ်ပါးယဉ်ကျေးမှုကို အကောင်းထင်နေကြတယ်။ ဒါကြောင့် မြန်မာ့ယဉ်ကျေးမှုယိုယွင်းမှုဖြစ်မလာအောင် ကာကွယ်ဖို့နဲ့ ထိုးဖောက်လွှမ်းမိုးပြီးသား ပြည်ပယဉ်ကျေးမှုတွေပပျောက်ပြီး မြန်မာ့ယဉ်ကျေးမှုစစ်စစ်တွေပြန်လည်လွှမ်းမိုးလာဖို့ ပြည်သူတွေအားလုံး တက်ညီလက်ညီလုပ်ဆောင်သွားမှပဲရမယ်။

***ဒီလိုထိုးဖောက်ဝင်ရောက်လာတဲ့ တိုင်းတစ်ပါးယဉ်ကျေးမှုကို ကာကွယ်ဖို့နဲ့ လွှမ်းမိုးပြီးဖြစ်တဲ့ သရုပ်ပျက်ယဉ်ကျေးမှုတွေကို တွန်းလှန်ဖို့အတွက် လက်ရှိအစိုးရရဲ့ အခန်းကဏ္ဍကရော ဘယ်လောက်ထိအရေးပါပါသလဲဘဘ။***

ဒီလိုမျိုး တိုင်းတစ်ပါးယဉ်ကျေးမှုတွေကိုကာကွယ်ဖို့၊ ရှိပြီးသားတွေကို တိုက်ထုတ်ဖို့ဆိုတာဟာ အစိုးရမှာလည်း တာဝန်ရှိသလို ပြည်သူတွေအားလုံးမှာလည်း တာဝန်ရှိတယ်။ ဒီကဏ္ဍမှာ အစိုးရချည်း တာဝန်ရှိတယ်လို့ တစ်ဖက်သတ်ပြောလို့တော့ မရဘူး။ ပြည်သူလူထု တစ်ရပ်လုံးက အသိစိတ်၊ မျိုးချစ်စိတ်နဲ့ အစိုးရကို ပူးပေါင်းပါဝင်မှ၊ ပူးပေါင်းတိုက်ဖျက်မှ တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးတာတွေ ပျောက်သွားလိမ့်မယ်။ အမျိုးသားရေးစိတ်ဓာတ်နဲ့ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်။ ဒါမှပဲ ပြည်ပယဉ်ကျေးမှုလွှမ်းမိုးလာတာတွေ ပျောက်သွားမှာ။ ဒါကြောင့် ပြည်သူတွေအနေနဲ့ကလည်း ကိုယ့်ယဉ်ကျေးမှုကို တန်ဖိုးထားရမယ်။ နောင်လာနောင်သားတွေက တန်ဖိုးထားတက်လာအောင်လည်း သွန်သင်တာတို့၊ မြေတောင်မြှောက်တာတို့လို လုပ်ပေးရမယ်။ ဒါဟာ နိုင်ငံသားပြည်သူတွေရဲ့တာဝန်ပဲ။

**ဘဘအနေနဲ့ တိုင်းပြည်ရဲ့ အရေး ကိစ္စတိုင်းမှာပါဝင်ဖို့ ပြည်သူတိုင်းမှာ တာဝန်ရှိတယ်လို့ အမြဲပြောပါတယ်။ ဘဘအနေနဲ့ကလည်း ပြည်သူတစ်ယောက်ဖြစ်တဲ့အတွက်စုနကတာဝန်ရှိတယ်လို့ ဘဘပြောတာနဲ့ပတ်သက်ပြီး နိုင်ငံရေးလောကကိုဘဘ ပြန်ဝင်နိုင်တယ်ဆိုပြီးယူဆလို့ရပါသလား။**

ဘဘနိုင်ငံရေးလုပ်ဖို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူးဘူး။ ဘယ်တုန်းကမှလည်း ဘဘ မပြောခဲ့ဘူး။ ခုနက သားပြောသလိုမျိုးတိုင်းပြည်ရဲ့ အရေးကိစ္စကြီးငယ်တိုင်းမှာပြည်သူလူထုတစ်ရပ်လုံးက တာဝန်ရှိတယ်။ ဒီစကားဘဘအမြဲပြောတယ်။ ဒီလိုပြောတာကလည်း ဘဘအနေနဲ့ နိုင်ငံရေးလုပ်မယ်ဆိုပြီး ရည်ရွယ်ပြောတာမဟုတ်ပါဘူး။ ဘဘဆိုလိုချင်တာက တိုင်းပြည်အတွက် အားလုံးမှာ တာဝန်ရှိတယ်။ ဒါဟာ ပါတီနိုင်ငံရေးကိုဆိုလိုချင်တာမဟုတ်ဘူး။ အမျိုးသားနိုင်ငံရေးကိုပြောချင်တာ။ ပါတီနိုင်ငံရေးမဟုတ်တဲ့ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အခြေခံတဲ့ အမျိုးသားနိုင်ငံရေးကိုပြောတာ။ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်ရာတိုးတက်ကြောင်း၊ ပြည်သူတွေရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရာတိုးတက်ကြောင်းအတွက် ဘဘတစ်ယောက်ထဲမဟုတ်ဘူး။ အားလုံးမှာ တာဝန်ရှိတယ်လို့ ဆိုလိုတာ။ ပြောရရင် ပြည်သူတစ်ရပ်လုံးရဲ့ စားဝတ်နေရေးအဆင်ပြေချောမွေ့ရေး၊ ဘဝရပ်တည်မှုနဲ့ လူနေမှုအဆင့်အတန်းတွေ မြင့်မားတိုးတက်ရေးစတာတွေကို အခြေခံပြီးတော့ နိုင်ငံတော်ကြီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်ရမှာဖြစ်တဲ့အတွက် ဘဘမှာလည်း တာဝန်ရှိတယ်။ အားလုံးမှာလည်း တာဝန်ရှိတယ်။ ဒါကိုဆိုလိုတာ ပါတီနိုင်ငံရေး ဘယ်တော့မှမလုပ်ဘူး။ ဘဘ ဆုံးဖြတ်ထားပြီးသား၊ ဒီဆုံးဖြတ်ချက်ကိုလည်း ဘယ်တော့မှ မပြင်ဘူး။



**ဘဘအနေနဲ့ တိုင်းပြည်မှာ တာဝန်ထမ်းဆောင်စဉ်က မြန်မာ့ပညာရေးမြင့်မားဖို့အားပေးခဲ့တာတွေ့ရပါတယ်။ ခုလက်ရှိမြန်မာ့ပညာရေးဟာ ကမ္ဘာ့အဆင့်မီဖို့ဝေးပြီး အာဆီယံအဆင့်မှာတောင် အများကြီးနောက်ကျနေရပါတယ်။ ဒါဟာ ဘယ်လို အားနည်းချက်ကို အခြေခံပါသလဲ သိချင်ပါတယ်ဘဘ။**

ခုတာဝန်ရှိသူတွေက ဒီပညာရေးစနစ်ကြီးကို မြှင့်တင်ဖို့လုပ်နေကြပြီ။ မြန်မာ့ပညာရေးစနစ်ကြီး ဘာကြောင့်နိမ့်ကျရသလဲဆိုတော့ ဆရာဗဟိုပြုသင်ကြားရေးစနစ်ကြောင့်လို့ပဲ ဘဘမြင်တယ်။ အရင်ကတော့ ဆရာဗဟိုပြုသင်ကြားရေးစနစ်နဲ့ပဲသွားတာ။ ဒီတော့ ကလေးတွေရဲ့ ပညာရေးပိုင်းမှာ အားနည်းချက်တွေဖြစ်လာတယ်။ အဲဒီအားနည်းချက်ကပဲ မြန်မာ့ပညာရေးစနစ်ကို အောက်ကိုဆွဲချသွားတာ။ ခုတော့ ကျောင်းသားဗဟိုပြုသင်ကြားရေးစနစ်ကိုသွားနေပြီ။ ဒီလိုမျိုး ကျောင်းသားဗဟိုပြုစနစ်သာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အောင်မြင်မှုရသွားမယ်။ အကောင်အထည်ပေါ်သွားမယ်ဆိုရင်တော့ မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ကောင်းသွားနိုင်ပါတယ်။ လက်ရှိကာလကလည်း ကျောင်းသားဗဟိုပြုစနစ်ကိုသွားနေတဲ့ကာလဖြစ်တဲ့အတွက် အချိန်ကာလတစ်ခုတော့ စောင့်ရဦးမယ်။ ဘာလို့ဆိုတော့ အခြေခံပညာရေးကစပြီး အဆင့်မြင့်ပညာရေးထိအောင် ပြင်ရမှာဆိုတော့ အချိန်ကာလတစ်ခုတော့ စောင့်ရမှာပေါ့။ ဒီစနစ်ကြီးအကောင်အထည်မပေါ်လာခင်ထိတော့ လက်ရှိမြန်မာ့ပညာရေးစနစ် နိမ့်ကျနေဦးမှာပေါ့ကွယ်။

***တိုင်းပြည်တစ်ပြည်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာမှာ ပညာတတ်လူ့စွမ်းအားအရင်းအမြစ်တွေရဲ့အခန်းကဏ္ဍဟာ အရမ်းကိုအရေးပါပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာတော့ ပညာတတ်စွမ်းအားစုတွေ မွေးထုတ်နိုင်မှု၊ ပညာတော်သင်တွေလွှတ်ပြီး မြေတောင်မြှောက်ပေးနိုင်မှုတွေ အားနည်းနေပါသေးတယ်။ အဲဒီအပေါ် ဘဘအနေနဲ့ ဘယ်လိုသုံးသပ်ထားပါသလဲ။***

သားပြောသလိုပဲ ဘဘတို့ တိုင်းပြည်အတွက် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်တွေ အရမ်းအရေးပါပါတယ်။ ဒီလိုအရေးပါတဲ့ ပညာတတ်လူ့စွမ်းအားအရင်းအမြစ်တွေကို ပညာတော်သင်တွေ စေလွှတ်ပြီး မြေတောင် မြှောက်ပေးဖို့ကျတော့ ဘဘတို့ တိုင်းပြည်ရဲ့ နေအင်အားပေါ်မှာ မူတည်တယ်။ တိုင်းပြည်ရဲ့နေအင်အားတောင့်တင်းရင် ခုနကပြောသလိုမျိုး ပညာတတ်စွမ်းအားစုတွေကို မြေတောင်မြှောက်ပေးနိုင်မှာပေါ့။ တာဝန်ရှိသူတွေကလည်း လုပ်ပေးချင်ကြ၊ မြေတောင်မြှောက်ပေးချင်ကြပါတယ်။ တိုင်းပြည်ရဲ့ နေအင်အားတောင့်တင်းဖို့ဆိုတာကလည်း အစိုးရမှာ တာဝန်ရှိသလို ပြည်သူတွေအားလုံးမှာလည်း တာဝန်ရှိတယ်။ ဒါကြောင့် တိုင်းပြည်ရဲ့ နေအင်အားစု တောင့်တင်းခိုင်မာလာဖို့အတွက် ပြည်သူတွေအားလုံးလည်း ကြိုးစားကြရမယ်။ အစိုးရလည်း ကြိုးစားရမယ်။ ဒီလိုဆိုရင် တစ်ချိန်ကြရင် သားပြောသလိုမျိုး ပညာတတ်တွေကို ကမ္ဘာကအသိအမှတ်ပြုရတဲ့ပညာရှင်တွေဖြစ်တဲ့အထိ မြေတောင်မြှောက်မွေးထုတ်ပေးသွားနိုင်မှာပါ။

***လက်ရှိအစိုးရအဖွဲ့ဝင်အများစုထဲမှာ တစ်ချိန်က ဘဘတာဝန်ယူတုန်းက ဘဘနဲ့တူတူလက်တွဲလုပ်ဆောင်ခဲ့တဲ့သူတွေ တပည့်တွေဖြစ်နေခဲ့တဲ့အတွက် လက်ရှိမှာ ဘဘနဲ့ အဲဒီအစိုးရအဖွဲ့ဝင်တွေကြားမှာ ဆက်ဆံမှုတစ်စုံတစ်ရာ ရှိပါသလား။***

ဘဘအနေနဲ့ ခုချိန်မှာ အေးချမ်းတဲ့ဘဝလေးတစ်ခုကို တည်ဆောက်နေပြီ။ ပြီးတော့ အဲဒီအစိုးရအဖွဲ့ဝင်တွေနဲ့ ဘဘနဲ့ တစ်စုံတစ်ရာသော ဆက်ဆံမှုမျိုးလုံးဝမရှိပါဘူး။ ဘဘအစိုးရအဖွဲ့မှာ တာဝန်ယူစဉ်ကတော့ ဘဘအနေနဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ လုပ်ခဲ့ပေမဲ့ ခုချိန်မှာ ဘဘဟာ အစိုးရထဲမှာလည်း မပါတော့ဘူး။ ဒီတော့ ဘဘနဲ့ကိုယ်ပိုင်ဆုံးဖြတ်ချက်တွေ ဘာမှလုပ်လို့မရတော့ဘူး။ ပြည်သူအတွက်အကျိုးမယ့်ကိစ္စမှန်သမျှကို အမျိုးရေးစိတ်ဓာတ် အပြည့်နဲ့ရပ်တည်လုပ်ကိုင်သွားမယ်။ အဲသလိုသွားတဲ့အခါမှာလည်း ပြတ်သားသော၊ ဘယ်တော့မှမပြင်သော ဆုံးဖြတ်ချက်ချပြီးသားပါ။ ဘဘရဲ့ဆုံးဖြတ်ချက်ကိုဘယ်တော့မှမပြင်ပါဘူး။

ဟုတ်ကဲ့၊ ခုလိုဖြေကြားပေးတဲ့အတွက် ဘဘကြီးကို ကျေးဇူးတင်ပါတယ်။

■

The HOT NEWS
Vol - 3, No - 140, 17 - 23 May 2013

# တွေးချင်စရာ

## မြေရာကောက်သတင်းများ

### မောင်ယသ

**မေလ(၁၃)ရက်**APသတင်းဌာန၏ သတင်းတစ်ရပ်တွင် နိုင်ငံတော် သမ္မတ ဦးသိန်းစိန်၏အမေရိကန်အလည်အပတ် ခရီးတွင်သမ္မတ၏အိမ်ဖြူတော်သို့သွားရန်ရှိ သည်ဟု ဖော်ပြပါရှိသည်။ ၄၇နှစ်အကြာ မြန်မာ့ထိပ်တန်း ခေါင်းတစ်ဦး၏ ပထမ ဦးဆုံး အလည်အပတ်ခရီးလည်း ဖြစ် ကြောင်း၊ အမေရိကန်သမ္မတ အိုဘား မား၏ ဖိတ်ကြားချက်အရ လာရောက် လည်ပတ်ခဲ့ခြင်းဖြစ်ကြောင်း၊ သမ္မတ အိုဘားမားနှင့် ဦးသိန်းစိန် တို့တွေ့ဆုံပြီး ၂ နိုင်ငံဆက်ဆံရေး တိုးမြှင့်ဖွယ်ရာကိစ္စ ရပ်များဆွေးနွေးကြမည်ဖြစ်ကြောင်းဖော် ပြသည်။

**မြန်မာနိုင်ငံ၌** ၁၇ နှစ်ကြာ ကွယ် ပျောက်ခဲ့ရသော ဟန်နီကယ် ဘီယာကို ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ထုတ် လုပ်ရောင်းချသွားမည်ဟု သိရသည်။ ဟယ်နီကယ် ဘီယာအုပ်စုသည် မြန်မာ နိုင်ငံသားပိုင် ကုမ္ပဏီတစ်ခုနှင့် ပူးတွဲ ထုတ်လုပ်မည်ဖြစ်ကြောင်း၊ ကနဦးရင်းနှီး မြှုပ်နှံမှု ကန်ဒေါ်လာသန်း ၆၀ ဖြင့်စတင် မည် ဖြစ်ကြောင်း၊ ရန်ကုန်မြို့၌ စက်ရုံ တည်မည်ဖြစ်ကြောင်း၊ ဟန်နီကယ်သည် ကမ္ဘာအဆင့်(၈)ရှိသော ဘီယာထုတ်လုပ် နေသည့်ကုမ္ပဏီဖြစ်ကြောင်း သိရသည်။ ဥရောပ စီးပွားရေးဇုန်မှ ပြုစုထားသော စာရင်းအရ မြန်မာနိုင်ငံတွင် ဘီယာ သောက်သုံးမှုနှုန်းမှာ လူတစ်ဦးလျှင် ၃ လီတာနှုန်း၊ ဗီယက်နမ် တွင် ၃၀ လီတာ နှုန်း၊ ထိုင်းတွင် ၂၆ လီတာနှုန်း၊ တရုတ် တွင် ၃၆ လီတာနှုန်းနှင့် အမေရိကန်တွင် ၇၅. ၉လီတာနှုန်း သောက်သုံးကြောင်း သိရသည်။

**မြန်မာ့ရွှေ့ပြောင်း**လုပ်သား ၁၀၀ ကျော်ကို မဲဆောက်မြို့၌ ဖမ်းဆီးထား ကြောင်း အင်တာနက်သတင်းတစ်ခု၏ မေလ(၁၄)ရက်နေ့သတင်းတွင် ဖော်ပြ ပါရှိသည်။ အဆိုပါ အုပ်စုသည် ကရင် ပြည်နယ်ဘက်မှ တရားမဝင် ထိုင်းနိုင်ငံ ဘက်သို့ဝင်ရောက်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံ ရဲတပ်ဖွဲ့ကလမ်းပိတ်ရှာဖွေစဉ် ဖမ်းဆီးရမိ ကြောင်း၊ ၎င်းအပြင် နောက်ထပ် တရား မဝင် ရွှေ့ပြောင်းလုပ်သား (၁၂၀) ကို မဲဆောက်မြို့အတွင်း ဝင်ရောက်ရှာဖွေ ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

**IRIW သတင်းဌာန၏** မေလ (၁၄)ရက်နေ့ သတင်းတွင် KIA ထိန်းချုပ် နယ်မြေအတွင်းရှိ စာသင်ကျောင်းများ တွင်စာသင်ပေးရန်အတွက်ဆရာ/ဆရာမ များမှာ အခက်အခဲများ ရှိနေကြောင်း ဖော်ပြပါသည်။ တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေပါက ဒေသခံကလေး သူငယ် များကို စာသင်ကြားဖို့ရာ မလွယ်ကူ ကြောင်းပြီးခဲ့သည့် ဒီဇင်ဘာလကတည်း က စစ်ပွဲကြောင့် ကျောင်းသားများကို စာသင်ကြားမှု ရွှေ့ဆိုင်းထားရကြောင်း၊ ဆရာ/ဆရာမ မရှိခြင်း မလုံလောက် ခြင်းက အဓိကပြဿနာဖြစ်နေကြောင်း၊ ပညာရေးထက် စာဝတ်နေရေးကို ဦးစား ပေးနေရကြောင်း ကျောင်းနေ အရွယ် ကလေး သူငယ်များအတွက် အခက်အခဲ များစွာရှိနေရကြောင်း ဒေသခံတစ်ဦးက အဆိုပါ သတင်းဌာနအား ပြောကြားခဲ့ သည်။

**မေလ ၉ ရက်နေ့** သတင်းဌာန၏ သတင်းတစ်ရပ်တွင်ကရင် လက်နက်ကိုင် တပ်ဖွဲ့တစ်ခုဖြစ်သော DKBA က မြန်မာ အစိုးရ နယ်ခြားစောင့် တပ်ဖွဲ့များနှင့် သဘောထား ကွဲလွဲမှုများကို ညှိနှိုင်းဖြေ ရှင်းရန်အတွက်မျှော်လင့်ကြောင်း ဖော်ပြ ပါရှိသည်။ DKBA အဖွဲ့မှ ဗိုလ်မှူးမောင် လေးသည်နေပြည်တော်တွင်ပြည်ထောင်စု ငြိမ်းချမ်းမှု ဖော်ဆောင်ရေးအဖွဲ့မှ ဒု-ဥက္ကဋ္ဌဖြစ်သူ ဦးအောင်မင်းနှင့် မေလ ၆ ရက်ကတွေ့ဆုံမှုအပြီး သတင်းဌာနများ အား ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။'မြိုင်ကြီးငူကတိုက်ပွဲတွေအကြောင်း ပြောဖြစ်တယ်။ နောင်မှာ ပဋိပက္ခတွေကို ဘယ်လိုဖြေရှင်းရမလဲဆိုတာကို ဆွေးနွေး ဖြစ်ခဲ့ကြတယ်။ ဦးအောင်မင်းတို့ ဘက်က လည်း နောက်ထပ်ဆွေးနွေးမှုတွေလုပ်ဦး မယ်လို့ဆိုတယ်။ အထက်ကိုလည်းတင်ပြ ရဦးမယ်လို့ပြောတယ်။ ခွင့်ပြုချက်ရတာ နဲ့ ကရင်ပြည်နယ်ကို ချက်ချင်းလာပြီး နယ်ခြားစောင့် တပ်တွေနဲ့ DKBA ကြား ပြေလည်မှုတွေဖြစ် အောင်လုပ်နိုင်မှာ'ဟု ၎င်းကဆို သည်။ မေလ ၄ ရက်နေ့က DKBA မှ ဗိုလ်မှူးမောင်လေးနှင့် ကရင် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးတို့ ဆွေးနွေးခဲ့ရာ အဆင်မပြေမှု ရှိခဲ့သည်ဟု သိရသည်။

**မေလ(၁၃)ရက်** Bangkokpost သတင်းစာတွင် ကမ္ဘာ့ကော်ဖီ ဘီလူးကြီး Starbucks က မြန်မာနိုင်ငံတွင် လာမည့် ၂နှစ်အတွင်း ကော်ဖီ စတိုးဆိုင်များ လာ ရောက်ဖွင့်လှစ် နိုင်ရန်အတွက် ကြိုးပမ်း သွားမည် ဟု ထိုင်းနိုင်ငံတွင် ပြုလုပ်သည့် Starbucks ကော်ဖီစတိုးဆိုင် ဖွင့်ပွဲ၌ CEO ဟောင်ဝဒ်ချက်ရှ်က ဆိုကြောင်း ဖော်ပြပါရှိသည်။ Starbucks သည် ကော်ဖီလုပ်ငန်းနှင့်ပတ်သက်သည့်ပစ္စည်း များရောင်းချပေးသည့် စတိုးဆိုင်များဖြစ် ပြီး ဒေသတွင်းကော်ဖီ လုပ်ငန်းများဖွံ့ဖြိုး တိုးတက်စေရန် အကူအညီ ပေးလျက် ရှိသည်။ တရုတ်နိုင်ငံတွင် Starbuck ၏ ဆိုင်ခွဲ ၈၅၀ ရှိပြီး ထိုင်းနိုင်ငံတွင် ဆိုင်များ ဖွင့်လှစ်ထားခဲ့သည်မှာ ၁၅ နှစ်ရှိ ပြီဖြစ် သည်။ ယခုနှစ် ဖေဖော်ဝါရီလ အတွင်း က ဗီယက်နမ်တွင်ဆိုင်ဖွင့်နိုင်ခဲ့ပြီး ယမန် နှစ်ကအိန္ဒိယတွင်ဆိုင်ဖွင့်နိုင်ခဲ့သည်။ထိုင်း နိုင်ငံအခြေစိုက် Starbuck စတိုးများကို ၅ နှစ်အတွင်း ဆိုင်ခွဲ ၃၂၀ အထိဖွင့်လာ နိုင်စေရန်စီစဉ်ထားကြောင်းသိရသည်။

**မေလ (၁၄)ရက်** China Daily သတင်းဌာနမှ သတင်း တစ်ရပ်အဆိုအရ တရုတ်-မြန်မာ အသင်းအဖွဲ့စုံညီအစည်း အဝေးပွဲ တစ်ရပ်ကို ကူမင်းမြို့၌ ပြုလုပ်ခဲ့ ကြောင်းသိရသည်။ ကိုယ်စား လှယ် ၆၀ ကျော်ကို ပါဝင်သည့် ၎င်းအစည်းအဝေး ကို တရုတ် NGO ကွန်ရက်နှင့် မြန်မာ့ သယံ ဇာတဖွံ့ဖြိုးရေးဌာနတို့ ပူးတွဲကျင်း ပခဲ့သည်ဟုဆိုသည်။

**ဆန်း**သစ်သောအသွင်အပြင် ဖြင့် နိုင်ငံပိုင်သတင်းစာများက လပိုင်းအတွင်း သတင်းဆောင်း ပါးတိုကလေးများ နေရာပေး၍ ရေးသားလာကြသည်။ နှစ်ပေါင်း ၃၀ခန့်က ဆိတ်သုဉ်းကွယ်ပျောက်ခဲ့သော ပြည်သူတို့ရင်ထဲ နှလုံး သားထဲက ပေါက်ဖွားလာကြသော အသံ၊ သဘောဆန္ဒ၊ အမြင်အတွေး၊ အယ်ဒီတာထံ ပေးစာများ ပြန်လည်ဖတ်ရှုခွင့်ရ၍ ဝမ်းသာပီတိဖြာရပြီ။ စစ်မှန် သောဒီမိုကရေစီရပိုင်ခွင့်ကိုလက် ခုပ်တီးကြိုဆိုရပါသည်။ ယနေ့ စာရေးသက် ၄၀-၅၀ နှစ်ရောက်နေကြသော အသက် ၆၀ ကျော်တန်း သတင်းစာဆရာ ကြီးများ သတင်းထောက်များသည် တစ်ချိန်က နိုင်ငံတော်က ထုတ်ဝေခဲ့သော ဗိုလ်တထောင်၊ လုပ်သားပြည်သူ့နေ့စဉ်၊ မြန်မာ့အလင်း၊ ကြေးမုံတို့မှတစ်ဆင့် မွေးဖွားသန့် စင်ခဲ့သော ကလောင်အို၊ ကလောင်ဟောင်းကြီးများသာဖြစ်သည်။

ကျွန်တော်တို့နှင့်ခေတ်ပြိုင် ဆောင်းပါးရှင်များစွာကို ဗိုလ်တထောင် စာပေ စင်မြင့်က ကဏ္ဍစုံကို တစ်ရက်တစ်မျိုးစီဖြင့် ရေးသားဖော်ပြခွင့်ပြုခဲ့သည်ကိုလည်း အမှတ်ရမိသည်။

အယ်ဒီတာချုပ်၊ အယ်ဒီတာအဖွဲ့ဝင် စာတည်းမှူးများကား လူ့လောက၌ မရှိကြတော့သလို သတင်းစာလည်းမရှိတော့ပါ။ ထိုစဉ်က နိုင်ငံရေးကဏ္ဍ၊ စာပေနှင့် ယဉ်ကျေးမှုကဏ္ဍ၊ တိုင်းရင်းသား ကဏ္ဍ၊ လူငယ်ကျောင်းသားကဏ္ဍ၊ စီးပွားရေးကဏ္ဍဟူ၍ ကဏ္ဍစုံကို အပတ်စဉ် သတ်မှတ်သောနေ့တွင် ဖတ်ခွင့်ရ သည်။ အနယ်နယ်အရပ်ရပ်မှ ကလောင်စုံများကား ယခုအခါစာရေးဆရာကြီး များအဖြစ် မြင်တွေ့နေကြရသည်။ ဦးမင်းနိုင်၊ မနုဿကျော်ဝင်း၊ရဲဘော်ဟန်ညွန့်၊ မြန်ဂုဏ်ဆောင်၊မောင်သိန်းညွန့်(ကော့ကရိတ်)၊ ကော်သူလေ ကျော်ဆန်းပွင့်၊ အေးသန်း(သစ်တော)၊ စိန်လှဦးတို့ကား အချို့လွှတ်တော်ထဲ၊ အချို့စာရေး ဆရာအသင်း၊ အချို့သတင်းစာဆရာအသင်းတို့၌ ဝင်ရောက်နေကြပြီ။

## ပြည်သူထဲက အသံ ပြည်သူရေးသော တဝ သရုပ်စာများ ရှေ့တန်းတင်ကြပါစို့

### မင်းချိုဦး

လုပ်သားပြည်သူ့နေ့စဉ် သတင်းစာမှလည်း ဆောင်းပါး ပေါင်းချုပ်ထုတ်၍ စာပေစင်မြင့် သို့ တင်ခဲ့ပြီးပါပြီ။ ယခင်ထုတ်ဝေခဲ့သော သတင်းစာတိုက်ကြီးများ မရှိတော့သော်လည်းအဖိုးတန်သောခေတ်၏ပြယုဂ်သတင်းဆောင်းပါးပေါင်းချုပ် တွေ စုစည်းသင့်ပါပြီ။ ဗိုလ်တစ်ထောင်သတင်းစာတိုက်မှ အင်္ဂါနေ့တိုင်းထုတ်ဝေ ခဲ့သော တိုင်းရင်း သားဆောင်းပါးလေးများ အထူးလိုအပ်နေပြီ။

ယနေ့ဂျာနယ်လောကတွင်စာပေယဉ်ကျေးမှုကို ထိန်းသိမ်းသော အနုပညာ ကိုဇောင်းပေးသော ဂျာနယ်များစွာပေါ်ထွန်းလာသော်လည်း တိုင်းရင်းသား ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုဇောင်းပေးပြီးစာတစ်မျက်နှာပေးသော ဂျာနယ် များမရှိသေးပါ။

တစ်ချိန်က ကချင်မြေရှိ မြစ်ကြီးနား၊ ဗန်းမော်၊ ရွှေကူမြို့များတွင် တစ်မြို့ သုံးနှစ်စီ အခြေချနေထိုင်ပြီး တိုင်းရင်းသားကချင် လူမျိုးစုဂျိန်းဖော့၊ ရဝမ်၊ လရှီး၊ လေဝေါ်၊ အဇီးတို့၏ ဘဝဓလေ့များကိုရေးသားပြီး စာပေစင်မြင့်သို့ ၁၉၇၀ ပြည့်နှစ်ကတည်းကကလောင်ကိုင်ခဲ့သောကလောင်ရှင်တစ်ဦးအနေဖြင့် တိုင်းရင်း သား လူမျိုးစုစာပေများကို လိုလိုလား လား မျှော်လင့်မိသည်။ လွှတ် တော်ထဲတွင် တိုင်းရင်းသားလူမျိုးစု စာပေသင်ကြားရေးနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးအသံ တွေကြားလာရသည်။

လှိုက်လှဲဝမ်းသာစွာဖြင့် တောင်းဆိုလိုပါသည်။ ယနေ့ နိုင်ငံပိုင်သတင်းစာ ကြီးများကလည်း တိုင်းရင်းစာပေကဏ္ဍကို တစ်ခမ်းတစ်နားဖော်ထုတ်သင့်ပါပြီ။ တစ် ချိန်ကထုတ်ဝေခဲ့သော မြန်မာသတင်းစာတိုက် ကြေးမုံ၊ မြန်မာ့အလင်း၊ ဗိုလ်တထောင်၊ လုပ်သားပြည်သူ့နေ့စဉ်၊ ဟံသာဝတီသတင်း၊ လူထု၊ စာတိုက် ကြီးများကို ကျွန်တော်တို့ လက်လှမ်းမီခဲ့သည်ကို စုစည်းထုတ်ဝေသင့်ပါ သည်။ ယနေ့အများအသံ ပြည်သူ့အသံလွှမ်းခြုံသောပြည်သူထဲ ကစာ ဘဝသရုပ်မှန်စာ အယ်ဒီတာထံပေးစာများကို တိုးချဲ့၍နေရာပေးစေချင်ပါကြောင်း။



Artist Shwe Myint

Kyaw Kyaw Min (Sculptor)

## ပြင်သစ်ယဉ်ကျေးမှုဌာန၌ ဦးသန့်၏ပုံတူကို လက်တွေ့ရေးဆွဲထုလုပ်မည်

ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ၊ ကုလသမဂ္ဂအထွေထွေအတွင်းရေး မှူးချုပ်ဦးသန့်၏ပုံတူပန်းချီနှင့် ပန်းပုကို ပန်းချီ ရွှေမြင့်နှင့် လူငယ်ပန်းပုပညာရှင်ကျော်ကျော် မင်းတို့က လက်တွေ့ရေးဆွဲခြင်း ကို ရန်ကုန်မြို့၊ စမ်းချောင်းမြို့ နယ်ပြည်လမ်း၊ အမှတ် (၃၄၀) ရှိ ပြင်သစ်သံရုံး ယဉ်ကျေးမှု ဌာန၌ ကျင်းပမည်ဟုသိရသည်။

၂၀၁၃ ခုနှစ် ဇွန် (၃) ရက် နံနက် (၁၀) နာရီမှ ညနေ (၄) နာရီ ဦးသန့်၏ ပုံတူကို လက် တွေ့ရေးဆွဲထုလုပ်ကြမည်ဖြစ်ပြီး ဇွန် (၄) ရက် နံနက် (၁၀) နာရီမှ ညနေ (၄) နာရီအထိ ပြပွဲကျင်းပ မည်ဖြစ်သည်။

'ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ ကြီးလည်းဖြစ်တယ်။ ကမ္ဘာ့ကုလသ မဂ္ဂတာဝန်ကို အထွေထွေအတွင်း ရေးမှူးချုပ်အနေနဲ့ (၁၀) နှစ်တာ တာဝန် ထမ်းဆောင်ပြီးတော့ တတိယကမ္ဘာစစ်ဖြစ်မယ့်အရေး ကို တားဆီးနိုင်ခဲ့တဲ့ပုဂ္ဂိုလ်၊ မှုမတူ သော်လည်း ငြိမ်းချမ်းစွာ အတူ ယှဉ်တွဲနေထိုင်ရေးမူ (၅) ချက်ဆို တဲ့ မြန်မာတစ်ယောက်ပြောတာ ကို ကမ္ဘာကလက်ခံအောင်ပြော နိုင်တဲ့ ပုဂ္ဂိုလ်၊ တကယ့်မဟာဗျူ ဟာမြောက်တဲ့ နိုင်ငံရေးနဲ့ ငြိမ်းချမ်း ရေးဗိသုကာပညာရှင်ကြီးဦးသန့်ရဲ့ ပုံကို ပြင်သစ်ယဉ်ကျေးမှုဌာနမှာ လက်တွေ့ဂုဏ်ပြုရေးဆွဲတုလုပ် ကြမှာဖြစ်ပါတယ်။

နိုင်ငံခြားသားပြင်သစ်ပညာ ရှင်တွေရှေ့မှောက်မှာ လက်တွေ့ လုပ်ကြမှာဖြစ်လို့ ထူးခြားတဲ့ပွဲ လို့လည်းဆိုနိုင်ပါတယ်။ အခုပွဲက တရုတ်ပြည်မှာ အပ်သွား ရောင်း သလိုဖြစ်နေတယ်။ ပန်းချီ ပန်းပု ပညာနဲ့ကမ္ဘာမှာထိပ်တန်း ရောက် နေတဲ့ နိုင်ငံဖြစ်တဲ့ ပြင်သစ် သံရုံး မှာရေးဆွဲထုလုပ်ကြမှာဖြစ်ပါတယ်။

**မိုးမြင့်ဆွေ**

# ရန်ကုန်-ဒလ သင်္ဘော လက်မှတ်မဲ့မရောင်းရင် ဈေးဝတီ မရှုံးပါဘူးဟုဆို



ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်တွင် ပန်းဆိုးတန်း-ဒလ သင်္ဘောစီးခကို ၅၀ ကျပ်မှ ၁၀၀ ကျပ်သို့တိုးမြှင့်ကောက်ခံမှုအပေါ် လက်မခံရေး၊ အခြေခံလူတန်းစားများရဲ့ မျက်နှာထောက်ထားမှုပေးပါ။ လက်မှတ်ခ (၅၀) ကျပ်ချက်ချင်းလျှော့ပေးပါတောင်းဆိုချက် (၃) ချက်ဖြင့် မေလ (၁၂) ရက် ဒလမြို့နယ်ဆိပ်ကမ်း၌ ပြည်သူလူထုကိုယ်စားအယောက် (၃၀) ခန့်က ဆန္ဒပြတောင်းဆိုမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

'ကျွန်တော်ကပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှာလည်းဝန်ထမ်းလုပ်ခဲ့ဘူးပါတယ်။ ဒါက ၄ ဖာလုံလောက်ပဲရှိတဲ့ ခရီးစဉ်လေးပါ။ တကယ်မောင်းမယ်ဆိုရင် (၆) မိနစ်ပဲကြာပါတယ်။ (၆) မိနစ်ကို မြန်မာ့မီးရထားနဲ့ နှိုင်းယှဉ်ပြောမယ်ဆိုရင်မြို့ပတ်ခရီးစဉ်က ရန်ကုန်ကနေလှော်ကားအထိ အသွားအပြန်မိုင် (၂၀) ကျော်ရှိတဲ့ခရီးစဉ်ကို အသွားအပြန် (၁၀၀) ကျပ်ယူပါတယ်။ ဒီမှာ ၄ ဖာလုံလောက်ကို (၁၀၀) ကျပ်ယူတယ်ဆိုတာ သဘာဝကျကျစဉ်းစားဖို့လိုပါတယ်' ဟုဆန္ဒပြသူဦးစံထွန်းကပြောသည်။

ဒလမြို့နယ်တွင် လက်လုပ်လက်စားများဖြစ်ကြောင်းပန်းဆိုးတန်း-ဒလအသွားအပြန် တစ်လ (၆၀၀၀) ကျပ် ကုန်ကျမည်ဖြစ်ကြောင့် လက်လုပ်လက်စားမိသားစုစားဝတ်နေရေးအတွက် ခက်ခဲကြောင်း၊ နိုင်ငံတော်နှင့် ဌာနဆိုင်ရာ အသီးသီးကိုဆန္ဒပြခြင်းမဟုတ်ကြောင်း ဒလမြို့နယ်ပြည်သူများအတွက်ရသင့်ရထိုက်တဲ့ လူ့အခွင့်အရေးကိုတောင်းဆိုခြင်းဖြစ်ကြောင်း ဒေသခံကိုအေးမင်းကပြောသည်။

'သင်္ဘောစီးခ(၅၀) တက်သွားလို့ ဝန်ထုပ်ဝန်ပိုးလျှော့ချနိုင်ဖို့အတွက် ဒီကိစ္စကို ဒီမှာလာပြီး ဆန္ဒဖော်ထုတ်တာပါ။ အဓိက ဝန်ထုပ်ဝန်ပိုးလျှော့ချသွားမယ့်လမ်းကြောင်းတစ်ခုကို အကြံပြုချင်တာကတော့ လက်မှတ်ပေါက်တည့်တည့်မှာရှိနေတဲ့လက်မှတ်မရောင်းချတဲ့စနစ်ကို ဖျက်သိမ်းလိုက်ပြီး တရားဝင်လက်မှတ်နဲ့ ရောင်းချတဲ့စနစ်ကို ဆက်သွားမည်ဆိုရင် ဈေးဝတီမရှုံးနိုင်ပါဘူး။ နောက်တစ်ခုကသတ်မှတ်ထားတဲ့တန်ဆာခ (၇၀၀) ကျပ်ကို (၁၅၀၀) ကျပ်တောင်းနေတဲ့ကိစ္စတွေရှိပါတယ်။ ဒီကိစ္စတွေကိုလည်း မှန်ကန်တဲ့စစ်ဆေးမှုတွေ လုပ်ပေးပါလို့ ကျွန်မတို့ တောင်းဆိုချင်ပါတယ်။ လက်မှတ်တွေကိုလည်း မှန်ကန်တဲ့ စစ်ဆေးမှုတွေလုပ်ပေးပါလို့ ကျွန်မတို့တောင်းဆိုချင်ပါတယ်။ လက်မှတ်တွေ တကယ်စစ်မယ်ဆိုရင်လက်မှတ်တွေကို လိုက်ပေးပါတယ်။ လူထုကမယူရင် လက်မှတ်စစ်နေတယ် ယူသွားဆိုပြီး လိုက်ပေးတဲ့ဟာမျိုးတွေကြုံတွေ့နေရပါတယ်။ နိုင်ငံခြားသားတွေရဲ့ ဝင်ငွေတွေလည်း ရရှိနေပါတယ်။ ဒါကိုဈေးဝတီက ရှုံးတယ်လို့ပြောပါတယ်။ ကျွန်မတို့သုံးသပ်မယ်ဆိုရင်လက်မှတ်မဲ့ရောင်းချနေတဲ့အတွက် ရှုံးခြင်းဖြစ်ပါတယ်။ အပေါ်မှာရှိတဲ့လူကြီးတွေကလည်း လက်မှတ်ပေါ်မှာပဲဝင်ငွေကိုသိပြီး သူတို့ရှုံးတယ်လို့ပြောတာပါ။ လက်မှတ်မဲ့ကိုသူတို့မသိပါဘူး။ လက်မှတ်မဲ့စနစ်ကို ဖျက်သိမ်းပြီးပြည်သူတွေဝန်ထုပ်ဝန်ပိုးဖြစ်မယ့် (၅၀) ကျပ်ကို လျှော့ချပေးဖို့ကျွန်မတို့တောင်းဆိုလိုက်တာပါ'ဟု မြို့မလေးရပ်ကွက်မှဒေါ်ခင်လှလှကပြောသည်။

ပန်းဆိုးတန်း-ဒလသင်္ဘောစီးခရီးသည်မှာ (၁. ၈. ၂၀၁၁) မှ (၁. ၈. ၂၀၁၂)အထိ (၁) ရက်လျှင် (၄၄၆၃၀) ယောက်၊ တစ်လလျှင် (၁၃၃၈၉၀) ယောက်၊ (၁) နှစ်လျှင် (၁၆၀၆၆၈၅၀) ယောက်တို့ဖြစ်ကြောင်းသိရသည်။ **လင်းခ(သံတော)**

# ကျပ်သန်း (၁၀၀) ဖြင့် ဘဏ်ဒါရိုက်တာ ရွေးချယ်ခွင့်ရပြီ




မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်သည်လက်ရှိတွင်အများပိုင်ဘဏ် (Public Bank) အဖြစ်နိုင်ငံတော်၏ဘက်စုံကဏ္ဍအတွက် ဘဏ်လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရန် မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှမြန်မာ့ရတနာဘဏ်လီမိတက်သို့အမည်သစ်ပြောင်းလဲသတ်မှတ်လိုက်ကြောင်းနှင့် အစုရှယ်ယာကျပ်သန်း (၁၀၀)နှင့်အထက်ဝယ်ယူပိုင်ဆိုင်သူအား ဘဏ်ဒါရိုက်တာအဖြစ်ရွေးချယ်ခံနိုင်ရမည်ဖြစ်ကြောင်းမေလ(၁၂) ရက် ယုဇနု(ဟိုတယ်)၌ ကျင်းပသောသတင်းစာရှင်းလင်းပွဲတွင် မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်ဦးဆောင်ညွှန်ကြားရေးမှူးဦးအောင်မြင့်က ပြောသည်။

မြန်မာ့မွေးမြူရေးနှင့် ရေ လုပ်ငန်းဖွံ့ဖြိုးရေးဘဏ်ကို (၁၉၉၆)တွင် စတင်ဖွဲ့စည်းခဲ့ပြီးယခင်နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ညွှန် ကြားချက်အရလုပ်ငန်းသဘာဝနှင့် ဆက်စပ်မှုရှိသည့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ကွက်ကဲမှုအောက်သို့ (၁၉၉၉) ခုနှစ်တွင် ရောက်ရှိပြီး ဘဏ်၏မတည်ရင်းနှီးငွေမှာကျပ်သန်းပေါင်း (၂၀၀၀)သတ်မှတ်ခဲ့ပြီးကျပ်သန်း (၁၀၀၀) ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှချေးယူခဲ့ပြီး (၂၀၀၄) ခုနှစ် ဧပြီလတွင် ချေးငွေကျပ်သန်း (၁၀၀၀)နှင့် အတိုးငွေများအားပေးဆပ်ခဲ့ပြီးအများပိုင်ဘဏ်အဖြစ် ဆက်လက်ရပ်တည်ခဲ့ရာ (၂၀၁၂) ခုနှစ်တွင်လက်ရှိမတည်ရင်းနှီးငွေ ကျပ်သန်းပေါင်း (၃၅၀၀၀)သို့ တိုးမြှင့်လာကြောင်းသိရသည်။

ဇွန် (၂၅) ရက်မှစ၍ မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အားလုံးကိုမြန်မာ့ရတနာ ဘဏ်အမည်ဖြင့်တရားဝင်အမည်ပြောင်းလဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်ကဆောင်ရွက်ခဲ့သောရရန် ပေး၍ အပါအဝင်ငွေကြေးကိစ္စများကိုမြန်မာ့ရတနာဘဏ်လီမိတက်ကတာဝန်ယူဖြေရှင်းသွားမှာဖြစ် ကြောင်း အများပိုင်ရှယ်ယာရှင်စနစ်ဖြင့်သွားသည့်အခါတွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့်ရှယ်ယာရှင်များကစာရင်းဇယားများကို ကြည့်ရှုခွင့်ရမည်ဖြစ်ပြီး ကျပ်သန်း (၁၀၀) အထက်ဝယ်ယူနိုင်ပိုင်ဆိုင်သူများကဘဏ်ဒါရိုက်တာအဖြစ် ရွေးချယ်ခံခွင့်မည်ဖြစ်ကြောင်းငွေပို့ငွေလွှဲလုပ်ငန်းကဏ္ဍမှာလဲအရင်ကထက်(၂၄၄) ဆတိုးလာပြီဖြစ်ကြောင်းၝင်းကပြောသည်။ လက်ရှိမတည်ရင်းနှီးငွေမှာ ကျပ်သန်းပေါင်း (၃၅၀၀၀) နှင့် အစုရှယ်ယာရှင်ပေါင်း (၇၀၀၀၀) ရှိပြီး အစုရှယ်ယာရှင်ပေါင်း (၁၄၀၀၀၀)အထိတိုးမြှင့် ဆောင်ရွက်လျက်ရှိ ကြောင်းသိရသည်။ **ယဉ်ပပထွန်း**

# မိုးဦးလေဦးနှင့် စိုးရိမ်ရတဲ့ ဓာတ်တိုင်များ



ပဲခူးတိုင်းဒေသကြီး၊သနပ် ပင်မြို့ဈေးပိုင်းရပ်ကွက်လျှပ်စစ်ပိုင်းရှိ ဓာတ်အားပို့လွှတ်သော ဓာတ်တိုင်အများစုမှာမျှော့တိုင်၊ သစ်သားတိုင်များဖြစ်ကြသည်။ ထို့အပြင်ဓာတ်တိုင်များ၏အောက်ခြေမှာမြေသား၊ မြေပျော့များဖြစ်ကြ၍ဓာတ်တိုင်များမှာယိမ်းယိုင်၊ တိမ်းစောင်း၊ ခြစားနေကြပြီးရေကြီးနစ်မြုပ်နေရာများဖြစ်ကြသည်။ ခတ္တာလမ်းနှင့်ကန်ညီနောင် ဆုံရာဓာတ်တိုင်ဆိုလျှင်သစ်သားနှစ်ချောင်းကို ထပ်၍ဆက်ထားပြီး ဓာတ်တိုင်၏နောက်ဘက်တွင်ရှိသစ်ပင်နှင့် ကြိုးဆွဲထားရသည်။ ထို့အပြင်ရှေ့ဘက်တွင်လည်းဝါးလုံးဖြင့် မလဲပြိုစေရန်ထောက်ထားရသေးသည်။ လမ်းနေပြည်သူများ နှင့်လမ်းသွားလမ်းလာများမှာ မိုးဦးလေဦးတွင်ဓာတ်တိုင်ပြိုလဲသွားပါကကန်ညီနောင်ပတ်လည် ရှိ ဓာတ်တိုင်များအားလုံးလဲပြိုနိုင်ပြီး လျှပ်စစ်အန္တရာယ်ကြောင့် ဒုက္ခရောက်ကြရမည်ကိုစိုးရိမ်နေကြရသဖြင့်အချိန်မီပြုပြင်ဆောင်ရွက်ပေးရန် မျှော်လင့်နေကြကြောင်းရေးသားလိုက်ရပါသည်။ **တင်အောင်ဆန်း (သနပ်ပင်)**

# ၃၅၀၀၀၀ မှာ ၆၀၀၀ ခန့် မသုံးစွဲသေးသည့် တန်ဖိုးနည်းဖုန်း

ဆက်သွယ်ရေးနှင့်သတင်း အချက်အလက်နည်းပညာဝန်ကြီး ဌာနမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မှ တပ်ဆင်ပေးထားသော တန်ဖိုး နည်း ၁၅၀၀ ကျပ်တန် CDMA ဖုန်းများကို ပြည်နယ်နှင့် တိုင်း ဒေသကြီးအစိုးရအဖွဲ့အစီအစဉ် ဖြင့် ၂၄-၄-၂၀၁၃ ရက်မှ စတင် ၍ ပြည်သူများထံသို့ တစ်လလျှင် အခုရေ ၃၅၀၀၀၀ ရောင်းချပေး ခဲ့ပြီးဖြစ်သည်။

ဒုတိယအကြိမ်အဖြစ် ၂၀-၅-၂၀၁၃ ရက်မှစ၍ ယခင်အစီအစဉ်အတိုင်းပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့အစီ အစဉ်ဖြင့် မိုဘိုင်းဖုန်း Sing Card ၃၅၀၀၀၀ ကိုဆက်လက်ရောင်းချမည်ဖြစ်ကြောင်းလည်းသိရသည်။ ယခင်လကရောင်းချပေးခဲ့သော မိုဘိုင်းဖုန်း ၃၅၀၀၀၀ ကို အမှန်တကယ် သုံးစွဲမှုရှိမရှိစိစစ် ခဲ့ရာ ၁၃-၅-၂၀၁၃ ရက်အထိအလုံးရေ ၃၄၄၀၀၂ ခန့်သာ သုံးစွဲခဲ့ကြပြီးအလုံးရေ ၆၀၀၀ ခန့်မှာ သုံးစွဲခြင်းမရှိသေးကြောင်းလည်းသိရသည်။ ထို့ပြင်ဖုန်းသုံးစွဲမှုအဆင်ပြေမှုရှိမရှိကို မိုဘိုင်း အိတ်ချိန်းများတွင် သတ်မှတ်ထားသည့်အချက်အလက်များအားတိုင်းတာစစ်ဆေးခဲ့ရာ ရန်ကုန်၊ ပုသိမ်၊ ပဲခူးနှင့်ပျဉ်းမနားမြို့များတွင်ရောင်းချပေးထားသော မိုဘိုင်းဖုန်းအင်အားထက်ပိုမိုသုံးစွဲလျက်ရှိနေသည်ကိုလည်းတွေ့ရှိရသောကြောင့် ထပ်မံရောင်းချမည့်မိုဘိုင်းဖုန်းများအဆင်ပြေစွာအသုံးပြုနိုင်ရန်အတွက်လိုအပ်သောစက်ပစ္စည်းများကိုတိုးချဲ့တပ်ဆင်ထားပြီး ဖြစ်ကြောင်းလည်းသိရသည်။ **အောင်ထွန်း**

THE HOT NEWS
Vol - 3, No - 140, 17 - 23 May 2013

## ဒီမိုက်ဆယ်ပါတီ၏ တင်ပြချက်လွှတ်တော်တင်မည်ဟူသော ဦးတင်အေး၏ ပြောစကားပွဲ့စည်းပုံပါကော်မရှင်၏လုပ်ပိုင်ခွင့် ၌ ပါမပါအဓိပ္ပာယ်ဖွင့်ရန်လို



ပြည်တွင်းရှိနိုင်ငံရေးပါတီများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့တွေ့ဆုံ၍ရွေးကောက်ပွဲစနစ်အပေါ် ဆွေးနွေးခဲ့ရာ၌ ဒီမိုကရေစီမိတ်ဆွေဆယ်ပါတီက ရွေးကောက်ပွဲနှင့်ပတ်သက်သော အကြံပြုချက်များတင်ပြခဲ့ရာယင်း တင်ပြချက်များသည် လွှတ်တော်တင်၍ အဆုံးအဖြတ်ရယူမည်ဟု ကော်မရှင်ဥက္ကဋ္ဌဦးတင်အေးကဆိုခဲ့ပြီး အဆိုပါပြောစကားမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းပေးထားသော ကော်မရှင်၏လုပ်ပိုင်ခွင့်၌ ပါ၊ မပါတိကျသော အဓိပ္ပာယ်ဖွင့်ဆိုသွားရန်လိုကြောင်း NLD မှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူဦးဝင်းမြင့်ကဆိုသည်။

'ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကဒီမိုက်ဆယ်ပါတီရဲ့အကြံပြုတင်ပြချက်တွေကိုပြည်ထောင်စုလွှတ်တော်တင်ပြပြီး လွှတ်တော်ရဲ့အတည်ပြုချက်ယူ မယ်လို့ပြောတယ်။ ကော်မရှင်နဲ့ လုပ်ပိုင်ခွင့်ထဲမှာအဲဒါပါသလားလို့ကျွန်တော်မေးချင်တယ်။ ဖွဲ့စည်းပုံက ပြဋ္ဌာန်းထားတဲ့ကော်မရှင်ရဲ့ လုပ်ပိုင်ခွင့်မှာပါတာက လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲတွေကိုကျင်းပပေးဖို့ပဲ။ပါတီတွေကနေ ဟိုစနစ်သွားပါ၊ ဒီစနစ်သွားပါဆိုတာကို ပြည်ထောင်စုလွှတ်တော်ရဲ့အဆုံးအဖြတ်ယူမယ်ဆိုတာ ကော်မရှင်ရဲ့လုပ်ပိုင်ခွင့်မှာပါလို့လား။ဒီလိုမျိုးကိစ္စနဲ့ပတ်သက်ပြီး ကော်မရှင်အတွက်အခြေခံဥပဒေကပြဋ္ဌာန်းပေးထားတဲ့လုပ်ပိုင်ခွင့်တိတိကျကျရှိလို့လား။ ကော်မရှင်မှာရော ဒီအာဏာရှိရဲ့လား။ဒါမေးချင်တယ်။ စဉ်းလည်း စဉ်းစားစရာပဲ။ ပြောရရင် ဒီမိုက်(၁၀)ပါတီက PRစနစ်နဲ့ပတ်သက်ပြီးဒီလိုလုပ်ပိုင်ခွင့်အာဏာရှိလို့လား။ကျွန်တော်မေးချင်တယ်' ဟု ဦးဝင်းမြင့်ကပြောကြားသွားခဲ့သည်။ယင်းကဆက်လက်၍ကော်မရှင်ဥက္ကဋ္ဌကပြောကြားခဲ့သော ပြောစကားမှာနိုင်ငံတော်ဖွဲ့စည်းပုံဥပဒေကပြဋ္ဌာန်းပေးထားသော လုပ်ပိုင်ခွင့်၌ပါမပါထက် ဦးတင်အေး၏ပြောစကားမှာကော်မရှင်၏လုပ်ပိုင်ခွင့်၌ အကျုံးဝင် ပါဝင်မှုရှိ၊ မရှိ တိကျသော အဓိပ္ပာယ်ဖွင့်ဆိုမှုပြုလုပ်ပေးရန် တောင်းဆိုကြောင်း သိရှိရသည်။

**ခန့်ခန့်(ဒဿနိက)**

## မျှတမှုမရှိဘူးဆိုရင် တောင်သူလယ်သမားဘက်က အပြည့်အဝကူညီမယ်ဟု မစုစုနွေးပြော

မအူပင်မြို့နယ် မလက်တိုကျေးရွာအုပ်စု ပလောင်ကျေးရွာတွင် Oncharck အော့ချက်ကုမ္ပဏီနှင့်ဒေသခံလယ်သမားတို့အငြင်းပွားနေခဲ့သောကွင်းအမှတ်(၉၆၉)ကေ၅၅၀ပေါ်သို့(ပလောင်၊ အဒိတ်၊ ကွန်ဒိုင်းလေး) ကျေးရွာမှ ဒေသခံလယ်သမား၂၀၀ခန့်သည် မေ ၁၁ ရက်နေ့နံနက် ၈း၀၀ခန့်တွင် မိုးစပါးစိုက်ပျိုးရေးအတွက် ကြိုတင်ပြင်ဆင်ရန်ကျူတောရှင်း၊ ကန်သင်းရိုးတာ ဘောင်ဖို့ခြင်းပြုလုပ်ကြပါသည်။

တိုင်းစုံစမ်း စစ်ဆေးရေးအဖွဲ့၏ အစီရင်ခံ တင်ပြချက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှုတစ်စုံတစ်ရာမရမီစပ်ကြားလယ်သမားများ၏ဆောင်ရွက်မှုအား မေးမြန်းရာ-

'ကျွန်တော်တို့ ဆန္ဒပြတာမဟုတ်ပါဘူး။ မိုးစပါးစိုက်ပျိုးရေးအတွက် ကြိုတင်ပြင်ဆင်တာပါ။ ခရိုင်အုပ်ချုပ်ရေးမှူးပြေး ၂၅ ရက်ကပလောင်စာကြည့်တိုက်ရောက်လာစဉ်မှာ 'လယ်ယာမြေလုပ်ပိုင်ခွင့်ပြန်ချပေးဖို့အဖြေ ၁၅ ရက်လောက်စောင့်ပါဟုပြောခဲ့ပါတယ်။ အခု မေ ၁၀ ရက်နေ့သည် ခရိုင်အုပ်ချုပ်ရေးမှူးစောင့်ခိုင်းတဲ့နေ့စေ့ပါပြီ၊ ဘာမှအဖြေထုတ်ပြန်ခြင်းမရှိသေးပါဘူး။ ကျွန်တော်တို့မှာ မိုးရာသီမိုးစပါးစိုက်ပျိုးရန် အချိန်မီအောင်ကြိုတင်ပြင်ဆင်လုပ်ရတာပါ။ အခုလို ကြိုတင်ပြင်ဆင်ခွင့်ကိုလည်း မေ ၁၀ ရက်နေ့စွဲနဲ့ ဒီနေ့ (မေ ၁၁) ရက်မှာ လယ်သမား ၂၀၀ ခန့် အခုလို ပြင်ဆင်လုပ်ကိုင်ရတာပါ'ဟု အဒိတ်ကျေးရွာမှ ဦးတင်မင်းစိုးက ရှင်းပြ၏။

ထိုသို့ လယ်သမားများ၏ ခွင့်ပြုချက်အဖြေလမ်းညွှန်မှုမရမီ ဆောင်ရွက်ချက်နှင့် ပတ်သက်၍ တိုင်းဒေသကြီးစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ခေါင်းဆောင်တိုင်းအစိုးရအဖွဲ့ ဝန်ကြီးဦးဝင်းကိုကို ကပြန်လည်ရှင်းပြရာတွင်. . .

ယခင် ပဋိပက္ခဖြစ်စဉ်နှင့်ပတ်သက်ပြီး လေ့လာတွေ့ရှိသုံးသပ်ချက်တွေ အကြံပြုချက်တွေနဲ့ တိုင်းဝန်ကြီးချုပ်အစိုးရ အဖွဲ့ကို (မေ ၁၀ ရက်)နေ့က တင်ပြခဲ့ပြီးပါပြီ။ မကြာခင် တိုင်းအစိုးရရဲ့ အဖြေသဘောထား ထုတ်ပြန်ကြေညာမှာပါ ကိုယ့်ပြည်သူတွေအတွက်အကောင်းဆုံးဖြစ်အောင် ဥပဒေနဲ့အညီ စီမံခန့်ခွဲမှာပါ။ ဒေသခံ ပြည်သူတွေရဲ့ ဘဝတွေကောင်းရာ ကောင်းကျိုးကို ကျွန်တော်တစ်ယောက်တည်းလုပ်တာမဟုတ်ပါဘူး။ဒေသနဲ့မသက်ဆိုင်တဲ့ ဆရာတော်ကြီးတွေ၊ NGO အဖွဲ့တွေ အားလုံးလုပ်ကြတာပါ။ ဒါတွေကိုမျက်ကွယ်ပြုပြီး အခုလို ဥပဒေမဲ့လုပ်တာကျွန်တော့်ရင်ထဲတော်တော်ခံစားရပါတယ်။အချိန်လေးစောင့်ပြီးအကောင်းဆုံးအတူလက်တွဲလုပ်ကြရင် အားလုံးစိတ်ချမ်းသာရမှာပါ။ ဒါပေမဲ့ သူတို့ဒီလိုလုပ်လို့ကျွန်တော်တို့ အတွေးအခေါ်တွေ၊ ဆုံးဖြတ်ချက်တွေ၊ မပြောင်းပါဘူး အတတ်နိုင်ဆုံးလယ်သမားတွေ ရသင့် ရထိုက်တာတွေကို ကူညီဆောင်ရွက်ပေးသွားမှာပါ။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့အဖြေဟာအများသဘောကျစိတ်ချမ်းသာမယ်ဆိုတာ ကျွန်တော်အပြည့်အဝယုံကြပါတယ်' ဟု ရှင်းပြ၏။



ယင်းကိစ္စနှင့် ပတ်သက်၍ မလက်တို (ပလောင်)သို့ရောက်ရှိနေသော မစုစုနွေး (တောင်သူလယ်သမားသမဂ္ဂဖွဲ့စည်းရေးတာဝန်ခံ)က 'ကျွန်မအနေနဲ့ကတော့ လယ်သမားတွေထိခိုက်နစ်နာမှုမရှိအောင်စောင့်ကြည့်သွားမှာပါ။ လယ်သမားတွေဘက်ကအကြမ်းဖက်တာမျိုးမဖြစ်အောင်လည်း အတတ်နိုင်ဆုံးထိန်းသိမ်းသွားမယ်။ လယ်ယာမြေပြန်လည်ရရှိရေးအတွက်ကတော့အစိုးရဘက်က ဆုံးဖြတ်ချက်မှန်မှန်ကန်ကန်မျှမျှတတချပေးမယ်ဆိုရင်တော့ကောင်းတာပေါ့။ မျှတမှုမရှိဘူးဆိုရင်တောင်သူလယ်သမားဘက်က အပြည့်အဝကူညီမယ်ဟုပြော၏။

**မြမ်နိုင်**

## ငွေကြေးအကျပ်အတည်းကြောင့် တောင်သူတွေလယ်ယာမြေငှားရမ်းလာကြပြီ

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အတွင်း ကျေးရွာအုပ်စုအချို့ရှိ တောင်သူများက မိမိပိုင်လယ်ယာမြေများကို သီးနှံစိုက်ပျိုးခြင်းမပြုဘဲ တစ်ဆင့်ငှားရမ်းမှု၊ ပေါင်နှံမှုများပြုလုပ်လာကြသည်။

လယ်ယာမြေငှားရမ်းသည်ဆိုရာတွင် နှစ်ရှည် ၄-၅ နှစ်ငှားရမ်းထားခြင်းမဟုတ်ဘဲတစ်နှစ်တစ်ရာသီတစ်သီးစားနှစ်သီးစားကာလတိုသာ ငှားရမ်းခြင်း၊ ပေါင်နှံခြင်းသာဖြစ်သည်။

လယ်ယာမြေမရှိဘဲ အရင်းအနှီးရှိသောသူများကငွေကြေးကျပ်တည်း၍ လယ်မြေယာမြေငှားရမ်းချင်သူ၊ ပေါင်နှံချင်သူတောင်သူများကိုရှာကြပြီး လက်ငင်းအသုံးလိုသောငွေကို အပြောင်းအလဲပြုလိုက်ခြင်းသာဖြစ်သည်။

လယ်မြေ၊ ယာမြေများ ငှားရမ်းသူအဖို့ ငွေကြေးအသုံးလို၍ ငှားရမ်းခြင်းသာမဟုတ် အချို့ကကိုယ်တိုင်စိုက်ပျိုးလျှင် သီးနှံစိုက်စရိတ်အရင်းအနှီးကြီးမားမှု၊ မြေဆီဈေးတက်မှု၊ သီးနှံထွက်ချိန်၊ သီးနှံ ဈေးမသေချာမရေရာမှု၊ ရာသီဥတုမသေချာမှုဟူသော မသေချာမရေရာမှုပေါင်းများစွာကြားဝယ် ငွေကြေးအလျှင်မမီမှုများကြောင့် လယ်ယာမြေငှားရမ်းချထားမှုသာဖြစ်သည်။

တစ်နှစ် တစ်ရာသီတစ်သီးစားနှစ်သီးစား ငွေကြေးနှစ်သိန်း၊ သုံးသိန်းကို လိုချင်ကြသောကြောင့် ငှားရမ်းခြင်း၊ ပေါင်နှံခြင်းဖြစ်သည်။

ကောလင်းမြို့နယ်တွင် လွန်ခဲ့သော ၃-၄ နှစ်မှစတင်၍ ကြံခင်းမစိုက်ကြတော့ဘဲ မြေကွက်ကို ငှားရမ်းလိုက်ကြသည်။ ကြံတောင်သူများ ကြံသကာပေါ်ချိန်တွင် ဝယ်လက်က ဈေးနှိမ်လွန်းသဖြင့် ကြံမစိုက်ကြတော့ချေ။ လွန်ခဲ့သောနှစ်များက စိုက်ပျိုးအောင်မြင်ခဲ့သောကြံများကိုဈေးကွက်အခြေအနေအရ ကြံသကာမချက်ရန်မဖြစ်နိုင်တော့သဖြင့် ယာခင်းထဲမှာပင် ကြံပင်များကို ရင်နာနာဖြင့် မီးရှို့လိုက်ကြရသောနှစ်တွေကလည်း ကြံတောင်သူတို့ဆင်းရဲတွင်းနက်သထက်နက်အောင်တွန်းပို့သလိုဖြစ်ခဲ့ရသည်။

ကြံပင်များကို ခုတ်၊ ကြံသကာကြိတ်စက်ငှားရမ်း၊ ကြံသကာအဝယ်ဒိုင်သို့ တင်ပို့စရိတ်များလွန်းပြီး ပင်ပန်းသည်သာအဖက်တင်ပြီး ကြံသကာကို အရှုံးနှင့်ပေးသွင်းခဲ့ရသော နှစ်တွေက ငါးနှစ်ပင်ပြည့်လာပြီ။

ထို့ကြောင့် ကြံတောင်သူများက ကြံမစိုက်တော့ဘဲ အခြားသီးထပ်သီးညှပ်ရာသီသီးနှံ၊ ဟင်းသီးဟင်းရွက် ပန်းလှပင်များကို စိုက်ပျိုးပြီး ဝင်ငွေရှာကြရတော့သည်။

တစ်ဆင့်ငှားရမ်းသူအပေါင်ခံသူလယ်သမားများက သူတို့စိုက်ပျိုးချိန်ကာလတိုအတွင်း အပင်ရှင်သန်ရေး အသီးအနှံပိုထွက်ရေးအတွက် စိုက်ပျိုးရာတွင် ဓာတုဗေဒဓာတ်မြေသြဇာများအသုံးပြုကြသဖြင့် သဘာဝမြေ၊ လယ်မြေ၊ ယာမြေများ၌ မြေဆီလွှာပျက်စီးမှု အန္တရာယ်ကြုံတွေ့လာရသဖြင့် ယခုအခါ လယ်မြေ၊ ယာမြေများကို ငှားရမ်းလုပ်ကိုင်သူများ ပေါင်နှံထားသူများက မိမိတို့မြေအတွက် စိုးရိမ်မှုတွေပိုနေကြရကြောင်း သိရသည်။

**မင်းချိုဦး**

## ပေဒါနိုင်ငံတော်တည်ဆောက်ရေးသင်တန်း တောင်ကြီးမြို့မှာဆွေးနွေးပွဲပြုလုပ်



၂၀၁၃ ခုနှစ် မေလ ၁၂ရက်နှင့် ၁၃ရက်တို့တွင်ရှမ်းပြည်နယ် တောင်ကြီးမြို့ ခန်းမ၌ ကျင်းပပြုလုပ်သည့် ပေဒါနိုင်ငံတော်တည်ဆောက်ရေးသင်တန်းကျောင်းက စီစဉ်သော ပြည်ထောင်စုရေးရာ တိုင်းရင်းသားရေးရာ အလုပ်ရုံဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စိတ်ဝင်စားသူ၊ လေ့လာသူစုစုပေါင်း ၈၀ဦးတက်ရောက်ဆွေးနွေးခဲ့ကြောင်းသိရသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေး မည့်ပြည်ထောင်စုရေးရာ၊ တိုင်းရင်းသားရေးရာနှင့်ပတ်သက်သော ခေါင်းစဉ်များကို မိမိတို့နှစ်သက်ရာ အလိုက် အုပ်စုအသီးသီးက မဲပေးရွေးချယ်ခဲ့ကြပြီး မဲရရှိမှုများအလိုက်နံပါတ်စဉ်ရာတွင် အလုပ်ရုံဆွေးနွေးပွဲ ပထမရက်တွင် ခေါင်းစဉ်(၁)အဖြစ် ပြည်ထောင်စုအား ဘယ်လိုဖွဲ့စည်းတည်ဆောက်ကြမလဲဆိုသည့် ခေါင်းစဉ်ဖြင့် ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။ အလုပ်ရုံဆွေးနွေးပွဲဒုတိယရက်တွင် ခေါင်းစဉ်(၂) တပ်မတော်အခန်းကဏ္ဍနှင့် ခေါင်းစဉ်(၃)ရှမ်းပြည်နယ် လွှတ်တော်၏လက်ရှိအနေအထားနှင့်ပြည်ထောင်စုအတွင်းရှိပြည်နယ် လွှတ်တော်များ ရသင့်သည့် ဥပဒေပြုအာဏာများအကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးမှုများတွင်တက်ရောက်လာသော တစ်ဦးချင်းစီ၏အမြင်များ၊ ထင်မြင်ယူဆချက်များ၊အဖွဲ့ကိုယ်စားပြုဆွေးနွေးချက်များ ကိုမှတ်တမ်းတင်ရရှိခဲ့ပြီး ခြုံငုံ သုံးသပ်ချက်များအဖြစ် ဦးမျိုးရန်နောင်သိန်းကတက်ရောက်လာသူများကိုတင်ပြရာ တက်ရောက်သူများအားလုံးက သဘောတူညီခဲ့ကြကြောင်း သိရသည်။

**ဥယျာဉ်မှူး**

The HOT NEWS
Vol - 3, No - 140, 17 - 23 May 2013




# နှင်လားဟဲ့ မဟာစင်



မြန်မာ့ကမ်းရိုးတန်းဒေသတွေကို ခြိမ်းခြောက်နေတဲ့ မဟာစင်ဆိုတဲ့ ဆိုင်ကလုန်းမုန်တိုင်းဟာ မိုးဇလရဲ့ မေ ၈ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းတာချက်အရ ဘင်္ဂလား ပင်လယ်အော်အရှေ့တောင်ပိုင်းမှာ လေဖိအားနည်း ရပ်ဝန်းတစ်ခုအဖြစ် စတင်တွေ့ရှိခဲ့ပြီး အဆင့်ဆင့် အားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်း မဟာစင်အဖြစ်ကို ရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်။

မိုးဇလရဲ့ မေ ၁၀ ရက် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်အရဆိုရင်တော့ လေဖိအားနည်းရပ်ဝန်းကနေ ဖြစ်လာတဲ့ မုန်တိုင်းငယ်ဟာ ကော့သောင်းမြို့ရဲ့အနောက်တောင်ဘက်မိုင်၄၉၀အကွာ ပင်လယ်ပြင်ကို ဗဟိုပြုပြီး အနောက်မြောက်ဘက်ကို ဆက်လက်ရွေ့လျားမယ်လို့ ခန့်မှန်းထားပြီး မြန်မာ နိုင်ငံသို့ ဦးတည်ရွေ့လျားလာမယ့် အခြေအနေမရှိ (အဝါရောင်အဆင့်)လို့သတ် မှတ်ခဲ့ရတယ်။ မေ ၁၁ရက် နံနက် ၁၁နာရီခွဲလောက်မှာတော့ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်ကို ပြောင်းလဲသွားခဲ့ပြီး မုန်တိုင်းသွားမယ့်လမ်းကြောင်းကိုတော့ အနောက်မြောက်ဘက်ကို ၁၃ ရက်ထိ ရွေ့လျားနိုင်ပြီး မေ ၁၃ညနေမှာ အရှေ့မြောက်ဘက် ပုသိမ်မြို့ရဲ့ အနောက်တောင်ဘက် မိုင် ၃၅၀ လောက်ကိုရောက်ပြီး မေ ၁၄ ရက်မှာတော့ အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်းအဆင့်ကို ရောက်မယ်လို့ ခန့်မှန်းထားကြောင်း မိုးဇလ၊ မိုးလေဝသဌာနခွဲက ဒုညွှန်မှူး ဦးချစ်ကျော်က မြန်မာ့အလင်းကို ပြောခဲ့ပါတယ်။ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်သန်းမယ့်အချိန်ကိုတော့ မေ ၁၆ ရက် နံနက် ၆ နာရီခွဲလောက် မှန်းထားပြီး မောင်တော၊ စစ်တွေဘက်ကနေ တစ်နာရီ မိုင် ၁၂၀လောက် တိုက်ခတ်ဖြတ်သန်းပြီး မောင်တောမှာ ၁၂၀ နှုန်း စစ်တွေမှာ ၇၀၊ ၈၀ လောက် ရှိနိုင်တယ်လို့ မေ ၁၁ ရက်မှာ ခန့်မှန်းခဲ့တာ



ဖြစ်ပါတယ်။

မိုးဇလရဲ့ မေ ၁၂ ရက် ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရတော့ ဆိုင်ကလုန်းမုန်တိုင်း မဟာစင်(MAHASEN) ဟာ ကိုကိုးကျွန်းရဲ့အနောက်တောင်ဘက် မိုင် ၇၀ခန့် ပုသိမ်တို့ရဲ့ အနောက်တောင်ဘက် မိုင် ၆၂၀ ခန့်၊ အိန္ဒိယနိုင်ငံ(ချင်းမိုင်မြို့)ရဲ့ အရှေ့တောင်ဘက် မိုင် ၃၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အနောက်မြောက်ဘက်ကို ဆက်လက်ရွေ့လျားနေကာ အဝါရောင်အဆင့် သတ်မှတ်ထားပြီး မေ ၁၄ ရက် နံနက်က စတင်ကာ အရှေ့မြောက်ဘက်ကို ကွေ့လာပြီး မေ ၁၆ရက်ညနေပိုင်းခန့်မှာ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေဒေသတွေကိုဖြတ်ကျော်ဝင်ရောက်နိုင်တယ်လို့ ခန့်မှန်းခဲ့ပါတယ်။

မေ ၁၃ ရက် နေ့လယ် ၁ နာရီ မိုးဇလရဲ့ ထုတ်ပြန်ချက်အရဆိုရင် ကိုကိုးကျွန်းအနောက်ဘက် မိုင် ၄၁၀ ခန့် ပုသိမ်မြို့ အနောက်တောင်ဘက် မိုင် ၅၄၀ ခန့်၊ ကျောက်ဖြူမြို့ အနောက်တောင်ဘက်မိုင် ၅၉၀ ခန့်၊ အိန္ဒိယနိုင်ငံ (ချင်းမိုင်မြို့)ရဲ့ အရှေ့တောင်ဘက်မိုင် ၃၈၀ ကို ဗဟိုပြုနေပြီး မြောက်ဘက်ကို ဆက်လက်ရွေ့လျားမယ်လို့ ဆိုပါတယ်။

မေ ၂ ရက်မှာ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကလည်း မုန်တိုင်းဟာ အချင်းမိုင် ၁၂၀ ခန့်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းနဲ့ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းကို မိုင် ၁၀၀ ကျော် လေတိုက်နှုန်းနဲ့ အဓိကဝင်ရောက်တိုက်ခတ်မယ်လို့ ခန့်မှန်းခဲ့ရတယ်။

Jint Typhoon warnning center USA က ထုတ်ပြန်ခဲ့တာကတော့ မေ ၁၂ ရက်နေ့ တိုင်းထွာချက်အရ မြန်မာနိုင်ငံ မောင်တောမြို့ မြောက်ဘက်မိုင် ၅၀ ခန့်အကွာ ဘင်္ဂလားဒေ့ရှ် မြန်မာ နယ်စပ်အနီးမှ ကုန်းတွင်းကို ဖြတ်ကျော်ဝင်ရောက်မယ်လို့ ခန့်မှန်းခဲ့ပါတယ်။

**အယ်ဒီတာအဖွဲ့**

မိုးဇလက မေ ၁၄ ရက် နေ့လယ် ၁ နာရီမှာတော့ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့် သာရှိသော်လည်း နောက်ဆုံးတိုင်းထွာရရှိသော ခန့်မှန်းချက်အရ မေ ၁၆ ရက်နေ့ ညပိုင်းခန့်မှာ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်း ကမ်းခြေနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေဒေသများဆီကို ဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်း ခန့်မှန်းချက် ထုတ်ခဲ့ပါတယ်။

မိုးလေဝသပညာရှင်တွေ၊ ဌာန၊ အဖွဲ့အစည်းတွေရဲ့ ထုတ်ပြန်ချက်တွေအားလုံးကတော့ တဖြည်းဖြည်းနဲ့ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်း ဘူးသီးတောင်၊ မောင်တောနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့တို့အနီးတို့ကို ညွှန်းဆိုလာတာ တွေ့ရပါတယ်။

မုန်တိုင်းသတင်းတွေနဲ့အတူ ကမ်းရိုးတန်းဒေသ ပြည်သူတွေကို လှုပ်လှုပ်ရှားရှား နိုးထလာခဲ့ကြပါတယ်။ ကမ်းရိုးတန်းတင်သာမက ကုန်းတွင်းပိုင်းကိုလည်း အနည်းအများ သက်ရောက်မှုရှိတယ်ဆိုတာကြောင့် ကုန်းတွင်းပိုင်းဒေသပြည်သူတွေနဲ့ တာဝန်ရှိအဖွဲ့အစည်းတွေအရ လှုပ်ရှားမှုတွေ စတင်လာခဲ့ပါတယ်။

သတင်းစာ၊ ဂျာနယ်၊ ရုပ်သံ၊ ရေဒီယိုတွေကလည်း မုန်တိုင်းအသံကြားကတည်းက မြန်မာပြည်သူတွေအတွက် Up to date မုန်တိုင်းသတင်းတွေနဲ့အတူ မုန်တိုင်းအန္တရာယ်နဲ့ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန်များကို အသိပေး ဖြန့်ဝေပေးခဲ့ကြပါတယ်။ ပြန်ကြားရေးဌာနကတော့ မုန်တိုင်းသတင်းတွေကို မိနစ် ၃၀ တစ်ကြိမ် ထုတ်ပြန်ပေးလျက်ရှိနေတယ်လို့ ဆိုပါတယ်။

ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်တွေအနေနဲ့လည်း ပြည်သူများကို သတင်းအချက်အလက် ဖြန့်ဝေခြင်း၊ အသိပညာပေးခြင်း၊ မုန်တိုင်းဒဏ်ခံရနိုင်မယ့် ဒေသတွေက လုံခြုံမှုမရှိတဲ့ ပြည်သူတွေကို အခိုင်အမာအဆောက်အအုံတွေရှိရာ မုန်တိုင်းဒဏ်ခံရမယ့် နေရာတွေကို ကြိုတင်ပြောင်းရွှေ့ပေးတာတွေ ဆောင်ရွက်ပေးလျက်ရှိတာကိုလည်း သတင်းတွေ ကြားနေရပါတယ်။

ထူးခြားမှုကတော့ မုန်တိုင်းဝင်ရောက်နိုင်တဲ့ ရခိုင်ပြည်နယ် မြောက်ပိုင်းက ယာယီကယ်ဆယ်ရေးစခန်းတွေမှာ ဒုက္ခသည် ၁ သိန်းကျော်ရှိနေတာပါပဲ။ သို့သော်လည်း ရခိုင်ပြည်နယ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ယာယီကယ်ဆယ်ရေးစခန်းတွေက ဒုက္ခသည်တွေကို မေ ၁၂ ရက်ကစပြီး ရွှေ့ပြောင်းမှုတွေ စတင်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ကူညီကယ်ဆယ် ပြန်လည်နေရာချထားရေးတွေကို အနီးကပ် ကြီးကြပ်ဆောင်ရွက်နိုင်ဖို့လည်း အဆင့်မြင့်တာဝန်ရှိသူတွေ ရခိုင်ပြည်နယ်မှာ အခြေစိုက်ဆောင်ရွက်သွားမယ်လို့လည်း သိရပါတယ်။နိုင်ငံတော်သမ္မတဦးသိန်းစိန် ခေါင်းဆောင်တဲ့ အစိုးရအဖွဲ့ကလည်း မေ ၁၄ ရက် နံနက် ၉ နာရီမှာ ဆိုင်ကလုန်းမုန်တိုင်းမဟာစင်နဲ့ ပတ်သက်ပြီး ကြိုတင်ညှိနှိုင်း စည်းဝေးမှု ပြုလုပ်ခဲ့ရတယ်။ အစည်းအဝေးမှာ ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးတွေကို ဆွေးနွေးခဲ့ကြပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုတာ တားဆီးလို့မရနိုင်တဲ့ အန္တရာယ်ဖြစ်ပေမယ့် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်မှုတွေနဲ့ ရင်ဆိုင်ကျော်လွှားရမယ်လို့ သမ္မတက ပြောပါတယ်။ ရခိုင်ကို ဝင်မယ်လို့ ခန့်မှန်းထားပေမဲ့ တခြားဒေသတွေဆီကိုလည်း ပြောင်းသွားနိုင်တာကြောင့် ကြိုတင်ပြင်ဆင်မှုတွေကို တခြားဒေသများမှာပါ ဆောင်ရွက်ထားပြီလို့ ဆိုပါတယ်။ မုန်တိုင်းဟာ ကုန်းတွင်းပိုင်းကို ဝင်ရောက်ပြီး နောက်လည်း အန္တရာယ်ပေးနိုင်လို့ ကုန်းတွင်းပိုင်းဒေသတွေမှာလည်း ကြိုတင်ပြင်ဆင်ထားတယ်လို့ ဆိုပါတယ်။

မုန်တိုင်းနဲ့ပတ်သက်လို့ အဆင့် ၄ ဆင့်ဖြစ်တဲ့ မုန်တိုင်းမလာမီ ကြိုတင် ပြင်ဆင်ခြင်း၊ မုန်တိုင်းဖြစ်နေစဉ် ဆောင်ရွက်မှုအပိုင်း၊ မုန်တိုင်းဖြစ်နေပြီးနောက် ကူညီကယ်ဆယ်ရေးအပိုင်းနဲ့ မုန်တိုင်းကာလ ပြန်လည်ထူထောင်ရေးအပိုင်းတို့နဲ့ ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ မုန်တိုင်းဒီရေ ဝင်ရောက်နိုင်မှာဖြစ်တဲ့အတွက် ယာယီတဲနဲ့နေသူများ၊ အနိမ့်ပိုင်းဒေသနေပြည်သူများကို ဦးစားပေး ပြောင်းရွှေ့ပေးနေကြောင်း သမ္မတက ပြောပါတယ်။

ဒုသမ္မတကိုယ်တိုင် မေ ၁၄ ရက် မွန်းလွဲပိုင်းမှာ ရခိုင်ပြည်နယ်ကို သွားရောက်ပြီး ကြိုတင်ပြင်ဆင်မှုတွေကို ကြီးကြပ်ဆောင်ရွက်ပေးကာ မုန်တိုင်းကာလအတွင်းမှာ အမ်းမြို့မှာအခြေပြုပြီး အနီးကပ်ကူညီဆောင်ရွက်ပေးမယ်လို့လည်း သိရပါတယ်။

အရေးပေါ်အခြေအနေမှာ ကူညီလို့ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်တွေလည်း အသင့်ပြင်ဆင်ထားပြီးဖြစ်တယ်လို့ သမ္မတက ပြောထားပါတယ်။ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဖွဲ့စည်းမှုမှာပါဝင်တဲ့ ဝန်ကြီးဌာနများကလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ဒုက္ခသည်တွေ ဘေးလွတ်ရာရွှေ့ပြောင်းရေး၊ ရိက္ခာကြိုတင် စုဆောင်းရေး၊ ဆက်သွယ်မှု မပြတ်တောက်စေရေး၊ လျှပ်စစ်ဓာတ်အား ရရှိရေး၊ ထောက်ပံ့ပစ္စည်း ပို့ဆောင်ရေး၊ အချိန်နဲ့တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ရေးနဲ့ လုံခြုံရေးဆိုင်ရာတွေကို ဆောင်ရွက်နေပြီလို့ သိရပါတယ်။

အစိုးရနဲ့ဒေသခံပြည်သူများ မကြာမီရောက်လာတော့မယ့် မဟာစင် ဆိုင်ကလုန်းမုန်တိုင်းကို အန်တုဖို့ အစီအမံတွေပြုလုပ်နေချိန်မှာပဲ ရန်ကုန်အခြေစိုက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတွေ၊ JNGO တွေနဲ့ NGO တွေကလည်း မုန်တိုင်းဝင်ရောက်တဲ့အခါ ကူညီ ကယ်ဆယ်ရေးတွေ သွားရောက်လုပ်ဆောင်နိုင်အောင် ကြိုတင်ပြင်ဆင်နေကြပြီ ဖြစ်ပါတယ်။ဒေသခံပြည်သူများကလည်းမုန်တိုင်းအတွေ့အကြုံရှိဖူးတဲ့ ရခိုင်ပြည်နယ်သားတွေဖြစ်ပြီး နာဂစ်အတွေ့အကြုံတွေနဲ့ ပေါင်းစပ်လို့ အစိုးရရဲ့ ဦးဆောင်ကူညီစောင့်ရှောက်မှု၊ ကုလသမဂ္ဂ၊ INGO ၊ NGO တွေနဲ့ လက်တွဲလို့ အဖျက်အန္တရာယ်ပေးမယ့် မဟာစင်ဆိုင်ကလုန်းအန္တရာယ်ကောင်ကို ပျော့ပျောင်းနူးညံ့တဲ့ မဟာဆန်သူလို့တောင် ပျက်ရယ်ပြုပြောကာ နင်လားဟဲ့ မဟာစင်လို့ စိန်ခေါ်ယှဉ်ပြိုင်နိုင်စွမ်းအပြည့်ရှိမယ်လို့ ယုံကြည်ရပါကြောင်းခင်ဗျား။

မေ ၁၄ ရက် ညနေ ၉ နာရီခွဲတိုင်းတာထွက်ချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းမှာ ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်းသည် စစ်တွေမြို့အနောက်ဘက်မိုင် ၄၉၀၊ ကျောက်ဖြူမြို့အနောက်တောင်ဘက် မိုင် ၅၀၀ကို အကွာတွင် ဗဟိုပြုနေ၊ အမြင့်ဆုံး လေတိုက်နှုန်း မိုင် ၆၀၊စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် မိုးကြီးနိုင်၊ မိုးသက်လေပြင်းကျစဉ်ရေပြင်မြေပြင်လေသည် တစ်နာရီ ၄၅ မိုင်ထိ တိုက်ခတ်၊ လက်ရှိအခြေအနေ လိမ္မော်ရောင်၊ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းနှင့် ဘင်္ဂလားဒေ့ရှ်ကမ်းခြေဒေသကို ဦးတည်နေပါတယ်။

The HOT NEWS
Vol - 3, No - 140, 17 - 23 May, 2013

# မြန်မာ့လွတ်လပ်ရေးစာချုပ်များ ပြည်တွင်းစစ် နှင့် ပြည်တွင်းငြိမ်းချမ်းရေး

မျိုးညွန့်

*(ယခင်အပတ်မှအဆက်)*

ထိုသို့ KNU အဖွဲ့ကြီးက အရေးပေါ်ညီလာခံခေါ်ဆိုပြီး ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ လူမျိုးရေးအဓိကရုဏ်းမဖြစ်ရေး ဆုံးဖြတ်ချက်များ ချမှတ်ကြေညာလျက် ပျက်ပြားနေသည့်အခြေအနေတို့ကို ထိန်းသိမ်းရန် ကြိုးပမ်းနေသကဲ့သို့ အဖွဲ့ခေါင်းဆောင် စောဘဦးကြီးကလည်း ဝန်ကြီးချုပ်သခင်နုနှင့် ဖဆပလခေါင်းဆောင်များကို ပူပင်သောကမရောက်ရအောင် ကတိကဝတ်များပြုခဲ့ပေသည်။ ၉-၁၀-၁၉၄၈ နေ့တွင် ရန်ကုန်မြို့ အလုံမစ်ရှင်လမ်း(ယခုအလုံလမ်း)ရှိ ကရင်အမျိုးသားကလပ်သို့ ဝန်ကြီးချုပ်အပြင် ကချင်၊ ရှမ်း၊ မွန်ခေါင်းဆောင်များကို ဖိတ်ကြား၍ ထမင်းစားပွဲတစ်ရပ်ကျင်းပခဲ့သည်။ထိုထမင်းစားပွဲတွင် သမိုင်းတွင်ရစ်မည့် မိန့်ခွန်းတစ်ခု ပြောခဲ့၏။ ထိုမိန့်ခွန်းတွင် ယခင်က ၎င်းနှင့်သခင်နုတရင်းတနှီးရှိခဲ့သည်မဟုတ်၊ လပွတ္တာတွင် ကရင်-ဗမာ အဓိကရုဏ်းဖြစ်တော့မည့်သတင်းများပေါ်ပေါက်လာ၍ လပွတ္တာသို့တရားဟောထွက်ရန် အကြောင်းကြားလာ၍သဘောတူလက်ခံပြီးသွားခဲ့ကြောင်း၊ သွားရာတွင် ကရင်ခေါင်း ဆောင်များအပြင် ဆမားဒူးဝါးဆင်ဝါးနောင်၊ ဦးဝမ္မသူမောင်တို့လည်း ပါကြောင်း၊ ရက်သတ္တတစ်ပတ်အတူသွားကာ တရားဟောကြရင်း သခင်နုနှင့် တစ်ဦးနှင့်တစ်ဦး ရင်းနှီးနားလည် ယုံကြည်လာကြောင်း၊ ပြည်တွင်းပြည်ပ အနှံ့အပြားရောက်ခဲ့ဖူးကြောင်း၊ တိုင်းတစ်ပါးသားတို့အကြောင်း ကောင်းကောင်းသိပါကြောင်း၊ သူတို့က မြန်မာပြည်ကိုအုပ်ချုပ်လိုတာမဟုတ်၊ ကုန်ကူးလိုခြင်းသာဟု ပြောဖူးကြောင်း၊ သူတို့က ကုန်သည်တွေဆိုတာ မငြင်းလိုကြောင်း၊ သို့သော် သူတို့သည် ကုန်သည်ရိုးရိုးမဟုတ်ဘဲ သည်တစ်ကြိမ်မှာ 'အကုန်သယ်'ကြမည့်သူများဖြစ်၍ သူတို့ကို မယုံ၊ ကိုယ့်တိုင်းရင်းသားချင်းသာ ယုံပါကြောင်း၊ ကရင်သီးခြားပြည်နယ် ရလိုသော်လည်း လက်တွေ့ဆောင်ရွက်ရာမှာ တရားနည်းလမ်းအတိုင်းသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကရင်သီးခြားပြည်နယ် ရပြီဆိုလျှင် ဒီသီးခြားပြည်နယ်နှင့် မိမိတို့ ထိုက်တန်သလားဆိုသည်ကိုလည်း အလေးအနက်ထား စဉ်းစားရမည်ဖြစ်ကြောင်း၊ သီးခြားပြည်နယ်နှင့်တန်အောင် ကိုယ်တိုင်က သူခိုးဓားပြမဖြစ်ဖို့ လူကြီးလူကောင်းဖြစ်ဖို့လိုကြောင်း၊ မအူပင်ငွေတိုက်ဖောက်သူများမှာ ကရင်(၁၉)ယောက်မျှသာဖြစ်သော်လည်း ငွေကလည်း မနည်းကြောင်း(ကေအင်ဒီအိုတို့မအူပင်ငွေတိုက်မှ ငွေဖောက်ပြီးစအချိန်ဖြစ်၍ ၎င်းကို ရည်ညွှန်းခြင်းဖြစ်သည်။ စာရေးသူ) ထိုငွေများ ကရင်လူထုထံ ပျံ့သွားလျှင် ကရင်တစ်မျိုးသားလုံး ဓားပြသူခိုးတွေ ဖြစ်ကုန်မှာဖြစ်ကြောင်း၊ ဒါကြောင့် ဒီငွေတွေကို မိမိဦးဆောင်ပြီး ကရင်တစ်မျိုးသားလုံးက ပြန်အပ်ရမှာဖြစ်ကြောင်း၊ မိမိပိုင်လယ်ဧကတစ်ထောင်ကျော်ကို အစိုးရထံအပ်၊ တန်ဖိုးသင့်ပြန်ဆပ်ရန် ဆုံးဖြတ်ထားကြောင်း . . အင်းစိန်မှာ ကရင်တချို့က လက်နက်တိုက်မှ လက်နက်ဖောက်ယူသွားသည်ကြားရကြောင်း၊ ကရင်ဆိုးများ ဖြစ်ပါလိမ့်မည်။ မည်သို့ဆိုစေ ထိုငွေကိစ္စ၊ လက်နက်ကိစ္စများ ဆောင်ရွက်ရန် မအောင်မြင်ပါက KNU ဥက္ကဋ္ဌအဖြစ်က နုတ်ထွက်သွားမည်ဖြစ်ကြောင်း. . . စသည်ဖြင့် အကျယ်တဝင့် ကတိကဝတ်ပြုပြောကြားခဲ့လေသည်။

အထက်ပါတိုင်း စောဘဦးကြီးကမည်သို့ပင် ထမင်းစားပွဲဝိုင်း၌ ကတိကဝတ် စကားများ ဆိုစေကာမူ ကရင်လက်နက်ကိုင်တို့၏ မြေပြင်လက်တွေ့လုပ်ရပ်များက ပြည်ထောင်စုအစိုးရကို အတိအလင်း လက်နက်ကိုင်အကြမ်းဖက်ပုန်ကန်မှုပြုနေပြီကို အထင်အရှားပြသနေလေပြီ။ KNDO နှင့် ကရင်စစ်ရဲများ၊ ကရင်ရိုင်ဖယ်တပ်များ ပူးပေါင်းလျက် ၁၉၄၉ နှစ်ဦးပိုင်းမှစ၍ မြို့ကြီးမြို့ငယ်တို့ကို တိုက်ခိုက်သိမ်းပိုက် လာလေတော့သည်။ တောင်ငူရှိ ကရင်လက်နက်ကိုင်တပ်ရင်း(၁)သည် ပြည်ထောင်စုအစိုးရကို သစ္စာဖောက်ဖျက်ကာ KNDO တို့နှင့်ပူးပေါင်းလျက် ၂၇-၁-၄၉ ရက်နေ့တွင် တောင်ငူမြို့ကို သိမ်းပိုက်လိုက်သည်။ ဖြူး၊ အုတ်တွင်း၊ ထန်းတပင်တို့ကိုလည်း ဆက်လက်သိမ်းပိုက်လိုက်လေသည်။ (၂၈-၁-၄၉)ရက်တွင် ပုသိမ်ကို စတင်တိုက်ခိုက်သည်။ (၂-၂-၄၉)ရက်နေ့တွင် အင်းစိန်ကိုလည်းကောင်း (၅-၂-၄၉)ရက်နေ့တွင် ကရင်သေနတ်ကိုင် တပ်ရင်း(၂)က ပြည်မြို့ကိုလည်းကောင်း သိမ်းပိုက်သည်။ တစ်ဆက်တည်းမှာပင် ဒိုက်ဦး၊ ရမည်းသင်း၊ ပျော်ဘွယ်တို့ကိုသိမ်းယူပြီး မိတ္ထီလာသို့ဦးတည်ကာ (၂၁-၂-၁၉၄၉)နေ့တွင် မိတ္ထီလာမြို့ကို သိမ်းလိုက်သည်။ ထိုနေ့မှာပင် မေမြို့ကိုလည်း ဝင်ရောက်သိမ်းပိုက်လေသည်။ ပြည်နှင့် တောင်ငူမြို့ကြီးများသည် စီးပွားရေး၊ စစ်ရေးအချက်အချာကျ ဗျူဟာမြောက်မြို့များဖြစ်လေရကား ထိုမြို့နှစ်မြို့ကို အင်နှင့်အားနှင့် တိုက်ခိုက်သိမ်းပိုက်ထားခဲ့သော ကရင်သူပုန်တို့သည် ရန်ကုန်မြို့တော်ဆီသို့ ချီတက်သိမ်းပိုက်ရန် အလျင်အမြန် ပြင်ဆင်လာလေသည်။ သို့နှင့် 'ဝက်ကော်တံတားတိုက်ပွဲ' နှင့် 'ဘုရားကြီး' တိုက်ပွဲတည်းဟူသော မြန်မာ့သမိုင်းကို အလှည့်အပြောင်း ဖြစ်စေမည့် တိုက်ပွဲကြီးနှစ်ပွဲ ဖြစ်ပွားခဲ့ရလေတော့သည်။

ကရင်လက်နက်ကိုင်ပုန်ကန်သူတို့သည် အင်းစိန် တွံတေးတူးမြောင်းတို့ကို သိမ်းပိုက်ထားနိုင်ပြီဖြစ်ရာ ရန်ကုန်မြို့တော်အခြေအနေမှာ များစွာ စိုးရိမ်ဖွယ်ရာ ဖြစ်လေသည်။ ထိုအခြေအနေကို အခွင့်ကောင်းယူ၍ ကရင်တပ်များက ၎င်းတို့သိမ်းပိုက်အခြေပြုထားသော ပြည်ဘက်မှစစ်ကြောင်းတစ်ကြောင်း၊ တောင်ငူဘက်မှ စစ်ကြောင်းတစ်ကြောင်း ချီလာပြီး အင်းစိန်တွင် ခံစစ်ကြောင်းချ ခုခံနေသော မြန်မာ့စစ်တပ်ကို အင်အားကြီးဖြင့် ထိုးဖောက်တိုက်ခိုက်ကာ မြို့တော်ရန်ကုန် သိမ်းပိုက်ရန် စီမံခဲ့သည်။ ပြည်ဘက်မှစစ်ကြောင်းတွင် အင်အား ၁၅၀၀ကျော် ပါဝင်ပြီး လက်နက်ခဲယမ်းအပြည့်အစုံ၊ ဘရင်းကယ်ရီယာ ၂စီးအပါအဝင် ယာဉ်အစီး ၁၈၀ ကျော်ဖြင့် စစ်ကြောင်းချီလာသည်။ တစ်ဖန် တောင်ငူဘက်မှ ဆင်းလာသော စစ်ကြောင်းတွင် ကရင်လက်နက်ကိုင်တပ်ရင်း(၁)၊ ကရင်စစ်ရဲနှင့် KNDO တပ်များပူးပေါင်း၍ ကာနယ်မင်းမောင်ဦးစီးလျက် လက်နက်လူသူအင်အား အပြည့်အစုံဖြင့် ချီတက်လာသည်။ ပြည်ဘက်မှ စစ်ကြောင်းသည် ကြို့ပင်ကောက်အနီးတွင် ဝက်ကော်တံတားဟူ၍ရှိရာ ထိုတံတားတွင် မြန်မာ့စစ်တပ်ခံစစ်ကြောင်းနှင့် တွေ့ဆုံ၍ ၁၉၄၉ ခု ဖေဖော်ဝါရီလ ၉၊ ၁၀၊ ၁၁၊ ၁၂ ရက်နေ့များတွင် အကြိမ်ကြိမ်တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားပြီး ကရင်တပ်ပျက်ကာ ဆုတ်ခွာသွားလေသည်။ ထို့အတူ တောင်ငူစစ်ကြောင်းမှ ချီလာကာ ကရင်တပ် ပဲခူးမြို့မှ ၁၀ မိုင်အကွာ ဘုရားကြီးသို့ ယာဉ်အစီး ၄၀ ကျော်နှင့် တကွအရောက်တွင် မြန်မာ့တပ်မတော်တပ်ပေါင်းစု ခံစစ်ကြောင်းနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားသည်။ ဖေဖော်ဝါရီ ၄၊ ၅၊ ၆၊ ၇ ရက်နေ့များကား သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ပွဲများဖြစ်ပြီး တိုက်ပွဲနောက်ဆုံးရက်၌ ကရင်သူပုန်တို့တပ်များ အကွဲကွဲအပြားပြား ဆုတ်ခွာသွားကြလေသည်။ သို့နှင့် ကရင်တပ်များ၏ ဆိုခဲ့ပါ စစ်ကြောင်းနှစ်ကြောင်း၏ စစ်ရည်မှန်းချက်ပျက်သည်နှင့်အတူ အင်းစိန်စစ်မျက်နှာတွင်လည်း မြန်မာ့တပ်မတော်က ခံစစ်မှသည် တန်ပြန်ထိုးစစ်တိုက်ခိုက်ပြီး အင်းစိန်ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့လေသည်။ သို့နှင့် 'ရန်ကုန်အစိုးရ'ဟု နိုင်ငံခြားသတင်းဌာနများ၏ ပြက်ရယ်ပြု လှောင်သရော်ခေါ်ဝေါ်ခံနေရမှု တစ်စတစ်စပျောက်ကွယ်ပြီး 'မြန်မာအစိုးရ'အဖြစ်သို့ ပြန်လည်ရောက်ရှိခဲ့ရလေသည်။

မည်သို့ဆိုစေ ထိုစဉ်က မြန်မာ့ဒုတိယမြို့တော်လည်းဖြစ်၊ ယဉ်ကျေးမှုမြို့တော်ကြီးလည်းဖြစ်သည့် မန္တလေးမြို့ကြီးကို ကရင်သူပုန်နှင့် အလံနီဗကပစသည့် သူပုန်တပ်များ ခေတ္တသိမ်းပိုက်ခံခဲ့ရပါသေးသည်။ ထို့အတူ မြန်မာပြည်အလယ်ပိုင်း တောင်ပိုင်း မြစ်ဝကျွန်းပေါ်မြို့ အများအပြားလည်း ရောင်စုံလက်နက်ကိုင်သူပုန်တို့လက် ခေတ္တဖြစ်စေကျရောက်ခဲ့ပါသေးသည်။ ထိုကာလများကား ၁၉၄၉ခု စောစောပိုင်းကာလများဖြစ်လေသည်။ သို့သော် ရန်ကုန်သိမ်းရေးစီမံကိန်းပျက်သွားပြီးနောက် KNU ခေါင်းဆောင် စောဘဦးကြီးနှင့် အစိုးရကိုယ်စားလှယ်များ စေ့စပ်ဆွေးနွေးပွဲတစ်ရပ် ကျင်းပဖြစ်ခဲ့သေးပေသည်။ ထိုနေ့ကား (၄-၄-၁၉၄၉)ဖြစ်၏။ KNUဘက်မှ စောဘဦးကြီးနှင့် မန်းဂျိမ်းထွန်းအောင်တို့ကလည်းကောင်း၊ အစိုးရဘက်မှ ဝန်ကြီးချုပ်သခင်နု၊ ဗိုလ်ချုပ်နေဝင်း၊ ဆာဘဦးနှင့် ဦးအေးမောင်တို့ကလည်းကောင်း ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို (၅-၄-၁၉၄၉)ရက်နေ့တွင် အသီးသီးပါဝင်လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။ သို့သော် ဧပြီ ၈ ရက်နေ့တွင် မြစ်ဝကျွန်းပေါ် ကရင်သူပုန်ခေါင်းဆောင် စောဟန်တာသာမွေးနှင့် စောစိန်မောင်တို့က အဆိုသစ်များ တင်လာရာမှ တိုက်ပွဲများ ပြန်ဖြစ်လာပြီး မြန်မာ့တပ်မတော်နှင့် ရဲဘော်ဖြူတပ်များ ပူးပေါင်းစစ်ဆင်တိုက်ခိုက်ကာ အင်းစိန်ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့လေသည်။

ကရင်လက်နက်ကိုင်ပုန်ကန်မှု အရှိန်တန့်သွားရာမှ အကျဘက်သို့ ခေါင်းပြုလာချိန် ၁၉၄၆ ဇွန်၁၄ရက်နေ့၌ တောင်ငူ KNUဗဟိုဌာနချုပ်တွင် စောဘဦးကြီးက **'ကရင်တော်လှန်ရေးအစိုးရအဖွဲ့'**ဆိုသည်ကိုဖွဲ့စည်းလိုက်လေသည်။ ပြည်ထောင်စုအစိုးရနှင့် **'စင်ပြိုင်အစိုးရအဖွဲ့တစ်ဖွဲ့'** ဖွဲ့စည်းလိုက်ခြင်းဖြစ်လေသည်။ သာမန်ကြည့်လျှင် ထူးဆန်းမှုတစ်ခုပဲ. . . အန္တရာယ်တော့ကြီးတာပဲ. . . ဟု ယူဆစရာ ဖြစ်၏။ စင်စစ်သော် ထူးပင်ထူးသော်လည်း မဆန်းလှပါ။ ကရင်လက်နက်ကိုင်ပုန်ကန်မှုစကတည်းက လမ်းစဉ်ချမှတ်ရာတွင် -

**ရည်ရွယ်ချက်-** သီးခြားလွတ်လပ်သော ကရင်ပြည်ထူထောင်ရေး

**အဓိကရန်သူ-** ဖဆပလအစိုးရ

**ဒုတိယရန်သူ-** ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော်၊ တောခိုဘားမားရိုင်ဖယ်

**သာမညရန်သူ-** ဗမာလူမျိုး

**အဓိကဝင်ရိုး-** ဗမာလူမျိုး ဆန့်ကျင်မုန်းတီးရေး

**တာဝန်များ-** ဗမာလက်နက်ကိုင်တပ်ကို ချေမှုန်းရေး၊ ဗမာတစ်ပြည်လုံးသိမ်းပိုက်၍ **'ကရင်ပြည်'**ဟု ပြန်လည်အမည်ပေး ကင်ပွန်းတပ်ရေး - ဟု အတိအလင်း ချမှတ်ထားပြီးပြီ။

ထိုချမှတ်ထားသည့် လမ်းစဉ်မူဝါဒအရ 'ပြည်ထောင်စုအစိုးရ'နှင့် စင်ပြိုင်အစိုးရထောင်ခြင်း ဖြစ်လေသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## တရုတ်-မြန်မာ ရင်းနှီးဖလှယ်စားပွဲဝိုင်းဆွေးနွေးပွဲ ကျင်းပ

တရုတ်-မြန်မာပြည်သူချင်း ရင်းနှီးဖလှယ် စားပွဲဝိုင်းညှိနှိုင်း ဆွေးနွေးပွဲတစ်ရပ်ကို တရုတ်ပြည်အနောက်တောင်ဘက်ရှိ ယူနန် ပြည်နယ်မြို့တော်ကွေ့မင်တွင် ၂၀၁၃ ခုနှစ် မေလ ၄ ရက်က ဖွင့်လှစ်ကျင်းပခဲ့သည်။

"နှစ်ဖက်အောင်-နှစ်ဖက်နိုင်ရေး အတူတကွ အကြံဉာဏ်ဖော်ထုတ်ပေး"ဟု အနှစ်သာရ ဆောင်ပုဒ်ပြုထားသော အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲက တရုတ်-မြန်မာနှစ်နိုင်ငံစလုံးမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လုပ်ငန်းများ အချင်းချင်း အကောင်းမြင် ဆက်သွယ်ဆောင်ရွက်မှုများကို အဓိကပုံဖော်ပေးသည်။ တစ်နေ့တာ ထိုဆွေးနွေးပွဲသို့ ကိုယ်စားလှယ် ၆၀ ကျော် တက်ရောက်ပြီး ဆွေးနွေးပွဲကို "တရုတ်ပြည် နိုင်ငံတကာရင်းနှီးဖလှယ်အစိုးရမဟုတ်သော အဖွဲ့အစည်းများ ကွန်ရက်"နှင့် "မြန်မာနိုင်ငံဖွံ့ဖြိုးရေး အရင်းအမြစ်များဆိုင်ရာ ဗဟိုဌာန"တို့ ပူးတွဲစည်းဝေးပြုကျင်းပကြောင်းနှင့် ထိုဆွေးနွေးပွဲမှာ တရုတ်-မြန်မာနှစ်နိုင်ငံပြည်သူချင်း ရင်းနှီးဖလှယ်ဆက်သွယ်ရေးလမ်းကြောင်းတွင် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရှိရသည်။

တရုတ်-မြန်မာနှစ်နိုင်ငံတို့သည် ရှည်လျားသည့် နယ်နိမိတ်ထိစပ်မှုရှိပြီး အိမ်နီးချင်းကောင်းများအဖြစ် သင့်မြတ်စွာ နေထိုင်လာခဲ့ကြသည်။ ယင်းဆွေးနွေးပွဲ အဖွင့်တွင် "တရုတ်ပြည်နိုင်ငံတကာ ရင်းနှီးဖလှယ်အစိုးရမဟုတ်သော အဖွဲ့အစည်းများ ကွန်ရက်" ဥက္ကဋ္ဌဆန်ကျိယာဇင်းက "ပြည်သူချင်း ရင်းနှီးဖလှယ်လုပ်ငန်းများသည် နှစ်ဦးနှစ်ဖက် ဆက်သွယ် ဆောင်ရွက်ရေးအတွက် အခြေခံဖြစ်ကြောင်းနှင့် ပြည်သူနှစ်ရပ်တို့၏ ယဉ်ကျေးရေး၊ စီးပွားရေး၊ ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေလိမ့်မည်ဖြစ်ကြောင်း မြွက်ကြားသည်။"

"သမ္မတဇီက မြန်မာအပါအဝင် သူ့အိမ်နီးချင်းတိုင်းပြည်တွေကို တရုတ်ပြည်က ဒေသရဲ့ ဘုံဖွံ့ဖြိုးရေးလမ်းကြောင်းအတိုင်း လိုက်ပါတဲ့အနေနဲ့ အကျိုးအမြတ်များပေးဝေဖို့ ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်လို့ ထုတ်ဖော်ပြောဆိုထားပါပြီ။ ဒါကြောင့် ကျွန်တော်တို့နှစ်နိုင်ငံဟာ အခြားတိုင်းတစ်ပါးတွေရဲ့ အနှောင့်အယှက် အဟန့်အတားတွေကြောင့် တွေဝေမနေသင့်ပါဘူး။ ခုလို နှစ်ဦးနှစ်ဖက် ရင်းနှီးဖလှယ်ဆွေးနွေးမှုတွေထဲမှာ အခက်အခဲမှ ဖောက်ထွက်နည်းလမ်းတစ်စုံတစ်ရာ ရှာဖွေဖော်ထုတ်နိုင်မယ်လို့ မျှော်လင့်ပါတယ်. . . "ဟု ဆယ့်တစ်ကြိမ်မြောက် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်ဒုတိယ ဥက္ကဋ္ဌလည်းဖြစ်သူ ဆန်က ထည့်သွင်းပြောကြားသွားသည်။

ဆွေးနွေးပွဲတက်ရောက်သူ မြန်မာကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဦးကိုကိုလှိုင်က ". . . မြန်မာနဲ့ တရုတ်နိုင်ငံတို့ချင်း နှစ်ဦးနှစ်ဖက် ဆက်ဆံရေးဟာ အခုအခါ ခေတ်သစ်တစ်ခုဆီသို့ ဦးတည်ဆိုက်ရောက်လာပြီဖြစ်ပါတယ်။ ခုလိုခေတ်သစ်မှာ လစ်ဟာမှုတွေ၊ နားလည်မှုလွဲမှားတာတွေကို ရှောင်ရှားနိုင်ဖို့ဆိုရင် ပုံမှန်ဆက်သွယ်ရေးလမ်းကြောင်းတစ်ခု ထူထောင်ထားရပါမယ်. . . " စသည်ဖြင့် အလေးအနက် ထုတ်ဖော်ပြောကြားသွားကြောင်း သတင်းရရှိပါသည်။ **ကြည်စင်ဟန်**

# စီးပွားရေးအတွက် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ခုတုံးမလုပ်ဟု ဦးခင်ညွန့်ဆို



တိုင်းတစ်ပါး ယဉ်ကျေးမှု ပေါင်းစပ် ပါဝင်ခြင်း လုံးဝကင်းစင်သော မြန်မာ့ရိုးရာ ပန်းဆယ်မျိုး ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းရန်နှင့် မြန်မာ့အနုပညာများ ကမ္ဘာသို့ ခြေဆန့်နိုင်ရေးအတွက်တစ်ထောင့်တစ်နေရာမှ ပံ့ပိုးလိုသည့် ရည်ရွယ်ချက်သာရှိပြီးစီးပွားရေးအတွက်ယဉ်ကျေးမှု အမွေအနှစ်များကို လုံးဝ ခုတုံးမလုပ်ဟု ဦးခင်ညွန့်က ၎င်းတည်ထောင်သော Nawaday Art Gallery ဖွင့်ပွဲ၌ မီဒီယာများသို့ အတိအလင်း ပြောကြားလိုက်သည်။

"ခုလိုမျိုး Gallery ဖွင့်တဲ့ ရည်ရွယ်ချက်က နံပါတ်တစ် ဒီကို လာရောက်တဲ့ လူတွေအားလုံး ဘဘ ဘဝ အေးချမ်းနေသလို အေးချမ်းစေချင်တယ်။ နံပါတ်နှစ် ရည်ရွယ်ချက်ကတော့ ဘယ်နိုင်ငံ ဘယ်ယဉ်ကျေးမှု နဲ့မှ ပေါင်းစပ်ခြင်း လုံးဝမရှိတဲ့ ဘဘတို့နဲ့ ပန်းဆယ်မျိုး အနုပညာတွေကို ဘဘ မြတ်နိုးတယ်။ ဒီတော့ ဘဘမြတ်နိုးသလိုမျိုး ကျန်တဲ့လူတွေကိုလည်း မြတ်နိုးစေချင်တယ်။ ဒီတော့ ဒီလိုမြတ်နိုးဖွယ်ရာ မြန်မာ့အနုပညာစစ်တွေ ကမ္ဘာကြီးကို ခြေဆန့်နိုင်အောင် ဘဘက ပံ့ပိုးပေးချင်တယ်။

အဲသလို ပံ့ပိုးတဲ့ အခါမှာလည်း ရွှက်ပုန်းသီးအနု ပညာရှင်ငယ်လေးတွေလည်း မြေတောင်မြှောက်ပေးရာလည်းရောက်အောင် ဘဘရဲ့Galleryမှာပန်းချီကားတွေလာတင် ဘဘအခကြေးငွေလုံးဝ မယူဘူး။ ခုလိုမျိုး Gallery ဖွင့်တာကလည်း စီးပွားဖြစ် မဟုတ်ဘူး။ ဘဘချစ် မြတ်နိုးတဲ့ မြန်မာ့အနုပညာတွေကိုကမ္ဘာကနှစ်သက်တဲ့မြန်မာ့အနုပညာလက်ရာတွေကိုတစ်နေရာတည်းမှာလွယ်ကူစွာ ရှာဖွေနိုင်ဖို့ ရည်ရွယ်တာပါ။

စီးပွားရေးအတွက် ဒီလိုမျိုး အဖိုးမဖြတ်နိုင်တဲ့ ဘဘတို့မြန်မာ့ ယဉ်ကျေးမှု အမွေအနှစ်တွေကို ခုတုံးမလုပ်ပါဘူး"ဟု ဦးခင်ညွန့်က ပြောကြားသွားသည်။

ဦးခင်ညွန့်ဦးဆောင်ဖွင့်လှစ်သော Nawaday Art Gallery ၌ အနုပညာရှင်များ၏ ပန်းဆယ်မျိုး လက်ရာများ လာရောက်ပြသပါက ပြသခွင့် တစ်စုံတစ်ရာ ယူမည်မဟုတ်ဘဲ ယင်းသို့သော လက်ရာများ ကမ္ဘာသို့ ခြေဆန့်ဝင်ရောက်နိုင်သည်အထိ ပံ့ပိုးမှုများပြုလုပ်သွားမည်ဟုသိရသည်။

အဆိုပါ Nawaday Art Gallery ဖွင့်ပွဲသို့ ကမ္ဘာကျော် မြန်မာပန်းဆယ်မျိုး အနုပညာရှင်ကြီးများ၊အငြိမ်းစားတပ်မတော်ခေါင်းဆောင်များနှင့် နယ်ပယ်အသီးသီးမှ ထင်ရှားကျော်ကြားသူများ တက်ရောက်ချီးမြှင့်ခဲ့ကြသည်။ **ခန့်ခန့်(ဒဿနိက)**

# အကူအညီပေးမရခဲ့တဲ့ အခြေအနေရှိနေရင်
# ရတဲ့အခြေအနေကနေ ပြည်သူတွေကို အကူအညီပေးမှာပဲဟု ဦးသိန်းညွန့်ဆို

ရန်ကုန်တိုင်း ဒေသကြီး၊ သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် ကောက်လျှင်လမ်းသွယ် ၁၊ ၂ ၃၊ ၄ (V) စောက်ကွေ့၊ မီးဒုံးလမ်းသွယ်(၁)အတွင်းရှိ ပြည်သူလူထုများသည် ရေအခက်အခဲများနှင့် ကြုံတွေ့နေရသည့်အတွက် သယ်န်းကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီပါတီသစ်က ကူညီဖြေရှင်းနေရကြောင်း ဗဟိုအလုပ်အမှုဆောင်ရုံးအဖွဲ့မှူးဦးမျိုးထွန်းက ဆိုပါသည်။

သယ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်အတွင်း နေထိုင်ကြသော ရပ်ကွက်နေပြည်သူများသည် ရာသီဥတု ပြင်းထန်မှုနှင့် ကြုံတွေ့ကာ သောက်သုံးရေမရရှိသဖြင့် စားဖို့ထက်ရေဝယ် သုံးစွဲနေရသော ရေဖိုးက တစ်နေ့ (၂၀၀၀)ကုန်ကျနေရကြောင်း ရပ်ကွက်နေပြည်သူတစ်ဦးကဆိုပါသည်။

ထိုပြဿနာ အခက်အခဲကို လိုက်ပါကူညီ ဆောင်ရွက်ပေးနေသည့် အမျိုးသားဒီမိုကရေစီပါတီမှ ဦးမျိုးထွန်းကို မေးမြန်းရာတွင် (၄)လပိုင်းကတည်းက သူတို့တွေ ရေအခက်အခဲတွေနဲ့ ကြုံတွေ့နေရတာ၊ ကျွန်တော်တို့ပါတီကနေ ကွင်းဆင်းကြည့်ခဲ့တယ်။ အဝီစိတွင်းစမ်းတူးကြည့်တယ်။ ပေ(၅၀၀)အထိတူးရတယ်။ ရေက အရမ်းဝါတယ်။ ဒါနဲ့အခုရေပေးဝေနေတဲ့ ပိုက်ကိုပဲပြင်ပြီး သုံးဖို့အတည် ဖြစ်ခဲ့တယ်။ မြို့နယ် ရေ/သန့် တာဝန်ခံ ဒေါ်မာမာအေး (မြို့တော် စည်ပင်)ကို တင်ပြပြီးဒေါ်မာမာအေးကအဝီစိတွင်းတူးဖော်ရေးတာဝန်ခံ ဦးကျော်ဆန်းနဲ့ ပူးပေါင်းပြီး တူးခဲ့တယ်။

တချို့တစ်ဝက်တော့ ပြေလည်မှုရှိခဲ့တာပေါ့ဗျာ။ အကုန်လုံးတော့ အဆင်မပြေနိုင်သေးဘူးပေါ့။ ဒါနဲ့ ပါတီဥက္ကဋ္ဌဦးသိန်း ညွန့်က သူ့ရဲ့မိတ်ဆွေဦးကျော်မင်း (ရွှေပြည်နန်း)ကို အကူအညီတောင်းခဲ့လို့ (၄-၅-၂၀၁၃)ရက်မှာ သုဝဏ္ဏ(၂၉)ကို တိုင်ကီ (၅၀)ဆန့်ကား (၂)စီး၊ (၅-၄-၂၀၁၃)ရက်မှာ မင်းဒင်လမ်း၊ ကောက်လျှင်လမ်းတို့မှာ ကား(၅)စီး အကူအညီပေးခဲ့တယ်ဗျာ။ ရေသန့်တာဝန်ခံ ဒေါ်မာမာအေးက ရက်အနည်းငယ်အတွင်း ပြေလည်အောင် ဖြေရှင်းပေးမယ်လို့ ပြောထားပါတယ်"ဟု ရေအခက်အခဲနဲ့ပတ်သက်၍ ပြောပါသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ အမျိုးသားဒီမိုကရေစီ ပါတီသစ်မှ ဥက္ကဋ္ဌ ဦးသိန်းညွန့်မှ "သောက်သုံးရေအခက်အခဲဖြစ်နေတဲ့ ပြည်သူတွေကို ကျွန်တော့်ပါတီက တာဝန်ရှိသူတွေဖြစ်တဲ့ ဒေါ်စန်းစန်းမြင့်(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)၊ ဦးကျော်(တိုင်းဒေသကြီးကိုယ်စားလှယ်)တို့နဲ့ တာဝန်ရှိသူတွေ တခြားလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဒီကိစ္စကို အဖြေရှာပြီး ပြည်သူလူထု အခက်အခဲ ယနေ့ကြုံတွေ့နေရတဲ့ ဒုက္ခကို ဖြေရှင်းမှာပါ။ ရှင်းရှင်းပြောရရင်ကျွန်တော့်ပြည်သူတွေကို ကျွန်တော်ဘယ်သောအခါမှ လျစ်လျူရှု မထားနိုင်ဘူးဗျ။ မရတဲ့အခြေအနေရှိနေရင်လည်းရတဲ့ အခြေအနေကနေ အကူအညီပေးဖို့ ဆုံးဖြတ်ထားပါတယ်" ဟု ဆိုပါသည်။

**စိုးဝင်းနိုင်**





# ရေဝတီမြစ်အတွင်းကျောက်မှ ပေါ်တော်မူဘုရားတွေ့ရှိ မြစ်ကြီးနားမြို့တွင် ဘုရားဖူးများနေ့စဉ်ကား

မြစ်ကြီးနားမြို့ ခတ်ချိုကူးတို့ဆိပ်အနီးနေ ဦးမောင်မြင့်+ဒေါ်နှင်းဝေတို့ ဇနီးမောင်နှံသည်ဧရာဝတီမြစ်အတွင်းမှသဲကျောက်ကိုကားပေါ်တင်စဉ် ကျောက်တုံး လေးမှာလှ၍ ဆီမီးပူဇော်ရန် အိမ်သို့ယူဆောင်လာပြီး ဆီမီးပူဇော်ထားရာ ထူးဆန်းသလို ဖြစ်နေ၍ကျောက်တုံးကိုကော်ပတ်စားကြည့်ရာမှ ကျောက်တုံးထဲတွင် ဘုရားပုံပေါ်နေသဖြင့် စကားများပျံ့နှံ့ သွားရာလာရောက် ကြည့်ရှုဖူးမြော်သူများလာ၍ ယခုအခါမြစ်ကြီးနား မြို့လယ်ကုန်းရပ်ကွက်၊ သောင်ဦး ဘုန်းတော်ကြီးကျောင်းတွင် အပူဇော်ခံထားကြောင်း သိရှိရသည်။

ဘုရားပုံတော်မှာ ကျောက်တုံးထဲတွင် ထင်ရှားစွာဖူးတွေ့ရသဖြင့် လာရောက်ဖူးမြော်သူများပြားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ကျောက်တုံးတွင်းမှ ထူးဆန်းစွာ ဖြစ်ပေါ်နေသောဘုရားကို ယုံကြည်သူများရှိသလို စူးစမ်းလေ့လာနေသူများလည်း ရှိကြောင်း ဒေသခံတချို့က ပြောကြားပါသည်။ ကျောက်အမျိုးအစားမှာ စလင်း ကျောက်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါပေါ်တော်မူဘုရားကို ဧပြီလ (၂၉) ရက်နေ့ကတွေ့ရှိခဲ့ကြောင်း ဦးမောင်မြင့်က ပြောပါသည်။ ယခုအခါ ဦးမောင်မြင့်မှာ ရဟန်းခံလျက်ရှိကြောင်းတွေ့မြင်ခဲ့ရပါသည်။

**ငြိမ်းချမ်း(MPA)**

# စားစရိတ်အလှူငွေဖြတ်ပိုင်းကိစ္စ လူမှုဝန်ထမ်းက ရှင်းပြီ

အစိုးရမူကြိုကျောင်းများ၌ စားစရိတ် အလှူငွေဖြတ်ပိုင်းများနှင့်ပတ်သက်၍ သတင်း ရေးသားကြခြင်းအပေါ် အများပြည်သူများက အမြင်မရှင်းလင်းမှာစိုးသည့်အတွက် ခေါ်ယူရှင်းလင်းပွဲကို မေ ၁၁ ရက်က မြောက်ဒဂုံမြို့နယ်(၃၅)ရပ်ကွက်ရှိမြောက်ဒဂုံမူလတန်းကြို ကျောင်းတွင် ပြုလုပ်ခဲ့သည်။

အဆိုပါကျောင်း၏ ကျောင်းအုပ်ဆရာမ ဒေါ်ခင်အေးသောင်းက ပြောကြားရာတွင်-

နှစ်စဉ်ကြေး ၁၀၀၀ ဆိုတာ မေလ တစ်လတည်းမှာ သာကောက်ခံပါတယ်။ ကျန်တဲ့လတွေ နှစ်စဉ်ကြေး မကောက်ပါဘူး။ ဒီလမှာ ပေးဆောင်ရတဲ့အထဲမှာ ၃၄၈၅ ဆိုတာ ပါတယ်။ လစဉ်ကြေး ၁၅ ကျပ်ဆိုတာ ပါတယ်။ နှစ်စဉ်ကြေး ၁၀၀၀ဆိုတာပါတယ်။ ဒီသုံးခုလုံးက ပြေစာပေးပါတယ်။ ကျွန်မတို့ ပြေစာမပေးတဲ့ အထဲမှာတော့ ကျောင်းဖွံ့ဖြိုးရေးအတွက် အခုလုပ်အားပေး ခန့်ထားတဲ့ ၅၀၀ ဟာ ပြေစာ မပေးဘူး။

အဲဒါကိုလည်း အစည်းဝေးမှတ်တမ်းနဲ့ ထည့်ပြီးသားဖြစ်ပါတယ်။ အဲဒါကြောင့် ဒီ ၃၄၈၅ ကျပ်သည် ကျွန်မတို့ အလကားအသားလွတ်သုံးစွဲနေတာမဟုတ်ပါဘူး။

နှစ်စဉ် ကြေး ၁၀၀၀ သည် နှစ်စဉ် မေလမှာ ပုံမှန်ဘဏ်စာရင်းထဲကို သွားပါတယ်။ ဘဏ်ကနေမှလိုအပ်တဲ့ လုပ်ငန်းအသုံးစရိတ်တွေနဲ့ လိုအပ်တဲ့ နေရာတွေမှာ ထုတ်နုတ် သုံးစွဲပါတယ်။

၃၄၈၅ မှာတော့ ၃၂၀၀ကို ကလေးတစ်ဦးအတွက်စားစရိတ် သုံးစွဲပြီးတော ကျန်တဲ့ ၂၈၅ ကျပ်ကိုတော့အထွေထွေကြေး၊ရေသန့်နဲ့ ကျွန်မတို့ CDMA ဖုန်းကတ်တွေကို လိုအပ်သလောက် ၂၈၅ ထဲက သုံးစွဲပါတယ်။ ကျန်တဲ့ ၃၂၀၀ကိုတော့ကလေးတစ်ဦး ကို ကုန်စို ၃၀ နှုန်း၊ ကုန်ခြောက် ၄၈ ကျပ်၊ ဖြည့်စွက် ၆၆ ကျပ် ကလေးတစ်ဦးကို ၁၄၄နှုန်း သုံးစွဲပေးပါတယ်။

လူမှုဝန်ထမ်းဝန်ကြီးဌာန MD အနေနဲ့ ကတော့ ကလေးတစ်ဦးကို ကုန်စို ၅၀ နှုန်း၊ ကုန်ခြောက်ကို ၅၀ နှုန်း ပေးပါတယ်။ ကလေးတစ်ဦးကိုMD ပေးတဲ့နှုန်းက ၁၀၀ ရရှိပါတယ်။ ကလေးတစ်ဦးကို တစ်နေ့ တစ်ရာနှုန်းနဲ့ ဘယ်လိုမှ ကျွေးလို့မရပါဘူး။ ၁၅ ကျပ်နဲ့လည်း ကျွေးလို့မရပါဘူး။ ဒါကြောင့် လစဉ်လစဉ် စားစရိတ် အလှူငွေဆိုပြီး ၃၄၈၅ ကျပ်ဆိုတဲ့ ဖြတ်ပိုင်းလေးနဲ့ပေးပါတယ်။အဲဒါကြောင့် ကလေးတစ်ဦးကို ၂၄၄ ကျပ်နှုန်းကျွေးပါတယ်။ အစိုးရက ၁၀၀ ထောက်ပံ့ပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် အစိုးရသစ်တက်လာပြီးနောက်ပိုင်း အစိုးရဝန်ကြီးဌာနရှိဝန်ထမ်းများ အဂတိလိုက်စားခြင်းနှင့် အပိုဝင်ရှာခြင်းများကို အရေးယူ ဆောင်ရွက်နေလျက်ရှိရာ လူမှုဝန်ထမ်း ဦးစီးဌာန လက်အောက်တွင် အပိုဝင်ငွေများ ရှာခြင်းမရှိပါဟု လူမှုဝန်ထမ်းဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး၊ ဦးတင်ဇော်မိုးက-

"ကျွန်တော်တို့ ဌာနလက်အောက်က ဝန်ထမ်းတွေကို နေစရာ အိမ်ပေးထားတယ်။ စားဖို့အတွက်လစာတွေပေးထားတယ်။ အဲဒါကြောင့်ကျွန်တော်တို့ဝန်ကြီးဌာန လက်အောက်က ဝန်ထမ်းတွေက အပိုဝင်ငွေတွေ မရှာဘူး" ဟု ပြောကြားခဲ့သည်။

ထင်သာမြင်သာ သင့်ပြီဖြစ်သော အစိုးရဌာန ဖြတ်ပိုင်းများဆိုသည့် သတင်းနှင့် ပတ်သက်၍ လူမှုဝန်ထမ်း ဦးစီးဌာနလက် အောက်မြောက်ဒဂုံ မူကြိုကျောင်းမှရှင်းလင်းခဲ့ကြောင်းသိရသည်။

**ဖြိုးအောင်**

■

The HOT NEWS
Vol - 3, No - 140, 17 - 23 May 2013

# ကူညီပါရစေ နောက်ဆက်တွဲ

**အောင်မြင်သူ**

'အဖေ ဖုန်းလာနေတယ်'

ကျွန်တော်အိပ်ယာမှ မထသေးပါ။ စောစောစီးစီးလာသောဖုန်းဖြစ်သည်။

'ကိုအောင်မြင်သူလား၊ ဒီနေ့ထွက်တဲ့ Hot News ဗိုလ်မှူးကြီးခင်မောင်ဝင်းမီးပွိုင့်က ဝယ်လာလို့ ကိုယ်တို့အဖွဲ့တွေတပ်မတော်ဂေါက်ကွင်းပထမကိုးကျင်းအပြီးမှာ ဖတ်ရတယ်။ ကူညီပါရစေဆောင်းပါးလေး ကောင်းပါတယ်။ ပုံပိုးမှုတွေ ပြည့်ပြည့်ဝဝ ပေးဖို့ပဲပြောပြီး သူတို့ဘက်ကချို့ယွင်းနေတာတွေ ထောက်ပြရေးထားတာမတွေ့ဘူး။ ရဲရဲရေးစမ်းပါဗျာ၊ ကောင်းစေချင်တဲ့ဆန္ဒနဲ့ ရေးတာပဲ။ အားလုံးအစိုးရကိုပဲ ပုံမချနဲ့ပေါ့။ ဥပမာအင်းစိန်လမ်းမကြီးပေါ်မှာဘတ်စ်ကားကြီးတွေအပြိုင်မောင်းတာ လမ်းလယ်မှာရပ်တာတွေ သူ့ကားလိုင်းနဲ့သူထိန်းပေါ့ဗျာ၊ မထသလည်းရှိတာပဲ၊ လိုင်းတွေက ငွေကောက်ပြီးလူတွေခန့်ပေါ့၊ တာဝန်ရှိတဲ့ ဥက္ကဋ္ဌတို့၊ အတွင်းရေးမှူးတို့ အခါအားလျော်စွာလိုက်စစ်ပေါ့။ အဝေးပြေးကားဂိတ်လည်းဒီလိုပဲ။ စည်းကမ်းကတော့ ဘယ်နေရာမှမရှိပါဘူး။ စည်းကမ်းမရှိလို့ အပေါ်ကအုပ်ချုပ်နေတဲ့လူတွေကြည့်လိုက်တော့လည်း ကိုယ်တို့တပ်က အငြိမ်းစားလူကြီးတွေချည်းပဲ။ မလုပ်တတ်တာလား။မလုပ်ပဲနေတာလား မသိဘူး။ ကိုခင်မောင်ဝင်းပြောဦးမယ်'

တပ်မတော်ဂေါက်ကွင်းမှာ ဗိုလ်မှူးကြီးနှင့် အထက်ရှိသူများရိုက်သည့်ကွင်းဖြစ်ပါသည်။ ယခုပြောသူမှာ ကျွန်တော့်အားရင်းရင်းနှီးနှီးပြောသွားသော်လည်း သူ့အသံမမှတ်မိသဖြင့် မည်သူဟု မခန့်မှန်းနိုင်ပါ။ နောက်မှ ကိုခင်မောင်ဝင်းအားမေးမည်ဟုသာ စဉ်းစားထားလိုက်သည်။

'ခင်မောင်ဝင်းပါ။ ကိုယ်တောင်ဒဂုံမှာနေတယ်။ ကာနယ်ဆိုပေမဲ့ ငြိမ်းတော့လည်းအိမ်ရှေ့မှာ ကုန်စုံဆိုင်လေးဖွင့်ပြီး၊ အများပြောဖုန်းလေးချထားတယ်။ စနေ၊ တနင်္ဂနွေမှအပ ဖုန်းအားတယ်လို့မရှိဘူး။ ထုံးစံအတိုင်းနှစ်လုံးသုံးလုံးကိစ္စတွေသုံးတဲ့လူများတယ်။ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ဖို့ဆိုရင်တော့ အဲဒါကို အရင်ရှင်းသင့်တယ်။ တစ်နေ့လုပ်တစ်နေ့စားတွေ တစ်နေ့ထိုးတာနဲ့ကုန်နေကြတယ်။ စီမံချက်လုပ်တော့လည်း လက်ခွဲရောင်းတဲ့လူတစ်ယောက်နှစ်ယောက်နဲ့ ထိုးသားပဲအဖမ်းခံရတယ်။ ကိုယ်တို့ မော်လမြိုင်မှာ နေခဲ့တာပဲ။ သုံးလုံးပေါက်တဲ့လူများရင် ဒိုင်မလျော်တော့ဘူး။ မကျေနပ်လို့ ဒိုင်ချုပ်တိုက်ကိုဝိုင်းဖို့သွားတဲ့လူတွေ ဝင်းခြံဝမှာ ရဲတွေ့တာနဲ့ ပြန်လာရတယ်။ ရဲတွေဘာလို့ရောက်နေတာလည်းဆိုတော့ ရှုတ်ရှုတ်သဲသဲဖြစ်မှာစိုးလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ဒိုင်ချုပ်ခမ်းသွားရင်လုံခြုံရေးပါတယ်။ အနောက်နိုင်ငံကမော်ဖီးယားဂိုဏ်းချုပ်အိုက်တင်နဲ့ အဲဒီတစ်ယောက်ရှင်းလိုက်ရင်ပြီးတဲ့ကိစ္စပဲ။ သူ့ကိုရှင်းလိုက်ရင် လက်ခွဲဒိုင်လေးတွေ စားဝတ်နေရေးခက်မှာ စိုးလို့လား၊ တာဝန်ရှိတဲ့ လူတွေစားဝတ်နေရေးခက်မှာစိုးလို့လား မသိဘူး'

'နောက်တစ်ခုက ဆိုင်ကယ် အမိန့်မထုတ်ရင်လည်း မထုတ်နဲ့လေ၊ ထုတ်ပြီးရင်လည်း လူရှိသေရှင်ရှိသေ အမိန့်နဲ့တူအောင်လုပ်ပေါ့။ ဆက်သွယ်ရေးသာ မဟုတ်ဘူး။ ရဲတို့၊ လျှပ်စစ်ဝန်ထမ်းတို့တကယ်လိုအပ်မယ့်ဌာနတွေ နိုင်ငံတော်က ဌာနဆိုင်ရာဆိုင်ကယ်ဝယ်ပေးထားပါ။ တောင်ဒဂုံ၊ မြောက်ဒဂုံ၊ မြောက်ဥက္ကလာ၊ သာကေတ၊ မင်္ဂလာဒုံ၊ လှိုင်သာယာစတဲ့နေရာတွေမှာ ကယ်ရီတွေ အခက်အခဲမရှိအောင်သုံးခွင့်ပြုမယ်ဆိုရင်လည်း ချောင်းမကျော်နဲ့ မြစ်မကျော်နဲ့ နယ်မြေသတ်မှတ်ပေးပြီး ကျော်တာနဲ့ဖမ်းတဲ့စနစ်လုပ်လို့ရပါတယ်။ ဥပဒေရှိရဲ့သားနဲ့ မလုပ်ရဲတာ ဥပဒေချိုးဖောက်သူတွေရဲ့ နောက်ကွယ်မှာ ဘာတွေရှိနေလို့လဲ ဥပဒေထိန်းရမည့်အကြီးအကဲတွေ ကိုယ်တိုင် ဥပဒေချိုးဖောက်နေလို့လား၊ လက်အောက်ငယ်သားတွေ လုပ်စားနေကြတာလား။ သူငယ်ချင်းလည်း စစ်သားတစ်ယောက်ပဲ။မှန်မှန်ကန်ကန်နဲ့ဖြောင့်ဖြောင့်မတ်မတ်သားသားလုပ်ရင်ဘာမှမလုပ်နိုင်စရာမရှိဘူး' ကိုခင်မောင်ဝင်းမှာ အမြောက်တပ်မှ အငြိမ်းစားယူသည့်အရာရှိကြီးတစ်ဦးဖြစ်သည်။ တပ်မတော်တွင် အမြောက်တပ်သည် အခြားတပ်များထက် စစ်စည်းကမ်းလိုက်နာမှုရှိသည်။ ကုန်စုံဆိုင်လေးဖွင့်ထားခြင်းကို သူဂုဏ်ယူသည်။ ကျွန်တော်တို့အမြောက်သင်တန်းတက်စဉ်နည်းပြဗိုလ်မှူးညွန့်တင် (ဗိုလ်မှူးချုပ်၊ အမြောက်ညွှန်မှူးကွယ်လွန်)သူ ဂျာမနီနိုင်ငံသို့ အမြောက်သင်တန်းသွားတက်စဉ်သင်တန်းကျောင်းအနီးလက်ဖက်ရည်ဆိုင်တွင် စားသောက်လေ့ရှိသည်။ ဆိုင်မှ စားပွဲထိုးဂျာမန်အဘိုးကြီးသူ့ကိုတွေ့သည်နှင့် မြန်မာနိုင်ငံစစ်ရေးအခြေအနေ၊ မြန်မာ့တပ်မတော်အကြောင်း သူတွေ့ဆုံခဲ့သည့်တိုက်ပွဲများအကြောင်း အမြဲမေးလေ့ရှိသည်။ ကြာလာသည်နှင့်အမျှ သူမသင်္ကာဖြစ်လာပြီး မြန်မာနိုင်ငံအကြောင်း စစ်ရေးအခြေအနေဘာလို့သိချင်တာလဲဟု မေးကြည့်လိုက်သည်။ စားပွဲထိုးအဘိုးကြီးမှ 'ငါလည်း ဒုတိယကမ္ဘာစစ်တုန်းက ဂျာမန်တပ်မတော်မှာ ကာနယ်တစ်ယောက်ဖြစ်ခဲ့လို့ပါ'ဟု ပြောသည်။ နိုင်ငံတွင် စစ်ရေးလိုအပ်ချိန်တွင် ကာနယ်ရာထူးဖြင့် တိုက်ပွဲဝင်ခဲ့သည့်သူတို့နိုင်ငံသားကြီးငြိမ်းချမ်းချိန်တွင် စားပွဲထိုးလုပ်နေပါသည်။

ကျွန်တော်တို့ နိုင်ငံတွင် တစ်ချိန်က ဝန်ကြီးကိုယ်ရေးအရာရှိ လုပ်ခဲ့သူဗိုလ်ကြီးတစ်ဦး ရန်ကုန်-မော်လမြိုင်လမ်းဘေးတွင် ခြံကျယ်ကြီးနှင့် ဟိုတယ်ဖွင့်ထားပါသည်။ မနေ့တစ်နေ့က အငြိမ်းစားယူသော နိုင်ငံတော်အဆင့်ဗိုလ်ချုပ်တစ်ဦး ရန်ကုန်၊ မော်လမြိုင်ကားလမ်းမကြီးဘေးတွင် လမ်းဘေးထမင်းဆိုင်လေးဖွင့်ထားသည်။ သူ့အရည်အချင်းနဲ့ သူလို့ပဲဆိုကြပါစို့။

ယခင်ကရာထူးများ လစာမရသည်ကို အကြောင်းပြသည်။ လုပ်ပိုင်ခွင့်နှင့် လုပ်စားနေမှုများ မပြောကြ ယနေ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လစာရသည်။ ရပ်ကွက်ရုံးအသုံးစရိတ်ငါးသောင်းရသည်ဟုပြောသည်။ သုံးသောင်းက မဝယ်မနေရသတင်းစာဖိုးပေးရသည်။ တစ်သောင်းက အထက်ဌာနသို့ အရေးကြီးပုဂ္ဂိုလ်ဧည့်ခံစရိတ်၊ ကျန်တစ်သောင်းဖြင့် စာရွက်စာတမ်းဖိုး မလောက်ကြောင်း သိရသည်။ ဒါပေမဲ့ ဖြစ်ပါတယ်။ ထုံးစံအတိုင်းစားသောက်ဆိုင်၊ အရက်ဆိုင်၊ အနှိပ်ခန်းလေးတွေရှိပါတယ်ဟု အသံထွက်လာသည်။ ကျွန်တော်ကိုခင်မောင်ဝင်းကိုဘာပြန်ပြောရမည်ကို စဉ်းစားရင်းတွေးနေခြင်းဖြစ်ပါသည်။

'ကိုခင်မောင်ဝင်းပြောတာဟုတ်ပါတယ်။ ဥပဒေအတွင်းမှာနေပြီး ဥပဒေအတိုင်းဖြတ်ဖြတ်သားသားလုပ်ရင်ဖြစ်ပါတယ်။ ဘယ်သူ့မျက်နှာမှ မထောက်နဲ့ တိုင်းပြည်မျက်နှာပဲကြည့်။ မင်းမြို့နယ်မှာ ဒါတွေ ဒါတွေမလိုချင်ဘူး။ မလုပ်နိုင်ရင် ထွက်ဆိုပြီး ဖြတ်ဖြတ်သားသားလုပ်ရင် ရပါတယ်။ ကိုယ့်ကိုသာ (၁၀) ရက်ပဲ လုပ်ပိုင်ခွင့်ပေးပါ။ ကိုယ်အားလုံးဖြတ်ဖြတ်သားသားလုပ်ပါမယ်'

'ကိုအောင်မြင်သူစဉ်းစားပြီးမှ ပြောနော်။ ကန့်သတ်ချက်တွေ အများကြီးရှိတယ်။ ဆက်ရက်ပြည့်လို့ သူငယ်ချင်းလုပ်ဆောင်ချက်မအောင်မြင်ရင် ဘယ်လိုလုပ်မလဲ'

'ကိုခင်မောင်ဝင်းရယ် ကျွန်တော်(၁၀) ရက်ပဲလုပ်မယ်လို့ ပြောထားသားပဲ။ (၁၀) ရက်ပြည့်ရင်ကျွန်တော့်တာဝန်ပြီးပြီပေါ့'

**ကျွန်တော်တို့ နိုင်ငံတွင် တစ်ချိန်က ဝန်ကြီးကိုယ်ရေးအရာရှိ လုပ်ခဲ့သူဗိုလ်ကြီးတစ်ဦး ရန်ကုန်-မော်လမြိုင်လမ်းဘေးတွင် ခြံကျယ်ကြီးနှင့် ဟိုတယ်ဖွင့်ထားပါသည်။ မနေ့တစ်နေ့က အငြိမ်းစားယူသော နိုင်ငံတော်အဆင့်ဗိုလ်ချုပ်တစ်ဦး ရန်ကုန်၊ မော်လမြိုင်ကားလမ်းမကြီးဘေးတွင် လမ်းဘေးထမင်းဆိုင်လေးဖွင့်ထားသည်။**

# နိုင်ငံ့အတွက်လို့ဆိုတယ် ရည်ရွယ်ချက်နဲ့ စေတနာရောမှန်ရဲ့လားဆိုတာပြန်ကြည့်ဦး

**စိုးဝင်းနိုင်**

**ရည်ရွယ်ချက်နဲ့ စေတနာကအဓိကကျတယ်ဟုဆိုသည့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ညွှန်ချုပ်(အငြိမ်းစား)ဦးမန်းစိုးဟန်နှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။**

**မေး–တိုင်းပြည်အပေါ်မှာ ရည်ရွယ်ချက်ရှိရမယ်။ ကိုယ်လုပ်တဲ့ အလုပ်အပေါ် စေတနာထားရမယ်ဆိုတာကဘာကို ကြည့်ပြီးပြောတာလဲ။**

**ဖြေ–** ဒီလိုပါ၊ ဒီစကားက နည်းနည်းလေးတော့ ကိုယ်ရည်ကိုယ်သွေးတင်တဲ့စကားလို့ ထင်ချင်ထင်မယ် နိုင်ငံရေးပဲလုပ်လုပ် စီးပွားရေးပဲလုပ်လုပ်ရန်ရွယ်ချက်နဲ့ စေတနာက အရေးကြီးတယ်လို့ ပြောရမှာပဲ။ ကျွန်တော်အကြီးအကဲတာဝန်ယူချိန်တုန်းက အဖွဲ့အစည်းတစ်ခုရဲ့ တိုးတက် ရာတိုးတက်ကြောင်း တစ်နှစ်အတွင်းဘယ် လိုလုပ်ရမလဲ အခက်တွေ့ခဲ့ဘူးတယ်။ အချိန်ကာလ လုံလုံလောက်လောက်မရှိ ခဲ့ဘူး။ ကဲ အဲဒီတော့ ငါအောင်မြင်အောင် လုပ်မယ်ဆိုပြီး ရည်ရွယ်ချက်ထားပြီး လုပ်လိုက်တာက ရည်ရွယ်ချက်နဲ့ စေတနာဆိုတာပဲ ခေါင်းထဲရောက်လို့ ဒီအတိုင်းလုပ်တယ်။ ဒီနည်းနဲ့ပဲသွားခဲ့တယ်။ ရည်ရွယ်ချက်နဲ့စေတနာမှန်ကန်ဖို့ အဓိကဖြစ်တယ်လို့ခံယူခဲ့တာ ခံယူတဲ့အတိုင်းပဲ လုပ်ခဲ့တယ်။ ဒီအကျိုးဆက်ကရှုံးနိမ့်ခဲ့ခြင်း မရှိခဲ့ဘူး။ တစ်စုံတစ်ရာအောင်မြင် ခဲ့တယ်။ ပြောချင်တာဒီလိုပါ။လောကကြီးမှာ အောင်မြင်ခြင်း ရှုံးနိမ့်ခြင်းရှိတယ်။ နိုင်ငံရေးအရကြည့်မလား၊ စီးပွားရေးအရပဲ ကြည့်မလား။ လူမှုရေးအရပဲကြည့်မလား။ အဖြေကတော့ Yes,No ပဲ။ အဲဒီ Yes, No ကလည်း ကိုယ်လုပ်တဲ့အပေါ်မှာ ကိုယ့်ကိုအဆုံးအဖြတ်ပေးတာပဲလေ။ ဒါကို ပြောချင်တာပါ။

**မေး– Logic အရကတော့ လူ့ဘဝကြီးကိုအဆုံးအဖြစ်ပေးတာက Yes,No ပါဘဲ။ အတွေ့အကြုံအရကရော ကိုယ်လိုချင်တဲ့ Yes ကို ရောက်အောင် လုပ်လို့ရော မဖြစ်နိုင်ဘူးလား။**



**ဖြေ–** အတွေ့အကြုံအရပဲဖြစ်ဖြစ်၊ မကြုံ ခဲ့ဘူးတာဘဲဖြစ်ဖြစ် ကိုယ်က ဘာကိုရည် ရွယ်တာလဲ။ စေတနာရောပါရဲ့လားဆိုတာ ကြည့်တတ်ဖို့ ထားတတ်ဖို့အရေးကြီးတယ်။ Logic အရအဆုံးအဖြတ်ပေးမှာ တာပဲ။

**မေး– ဆရာဖြတ်သန်းလာတဲ့ကာလမှာ လိုအပ်ချက်ဆိုတာရှိမှာပါပဲ ဘယ်အချိန် မှာ အဆုံးအဖြတ်ပေးသလဲ။**

**ဖြေ–** လိုအပ်ချက်ကတော့ရှိတာပေါ့။ ကျွန်တော်တက္ကသိုလ် ကျောင်းသားဘဝလောက်တုန်းက လက်ဝဲစာပေအတော်များများ ဖတ်ရှုခဲ့ကြတယ်။ အဲဒီမှာဘာသွားတွေ့လဲဆိုတော့ စာပေတွေအပေါ်မှာ မူတည်ပြီးတော့ဘဝအတွေးအခေါ်အမျိုးမျိုး တွေ့ခဲ့ရတယ်။ လက်တွေ့ မကူတဲ့ သဘောတရားတွေကို ရှေ့တန်းတင်ပြီး အငြင်းအခုန်ပြုလုပ်ခဲ့ကြတယ်။ ဒီထဲမှာပဲ ရုန်းမထွက်နိုင်တာတွေဖြစ်ခဲ့ကြတယ်။ အဲဒါဟာ လိုအပ်ချက်တွေအများတွေပဲ။ နောက်ထပ်အဖွဲ့အစည်း တစ်ခုမှာ ဦးဆောင်ဦးရွက်လုပ်ကြသူများရှိခဲ့ကြသလို မိမိကျင်လည်ရသော လူမှု ဝန်းကျင်မှာ ပေါ်ပြူလာဖြစ်ချင်ကြသူများလည်းရှိကြတယ်။ ဒီလိုပြောရခြင်းဟာ ကိုယ့်ရဲ့လိုအပ်ချက်ဖြစ်မဲ့အရာကသူများ ဆီမှာသွားတွေ့လို့ သိလိုက်မြင်လိုက်ရလို့ ကိုယ်ဆင်ခြင်လို့ရတာကိုပြောတာပါ။ လူမှုရေးအသိ နိုင်ငံရေးအသိစီးပွားရေးအမြင် လိုအပ်ချက်တွေနဲ့ ပတ်သက်ပြီးတော့ တချို့ကအတော်အသင့်ရှိကြတယ်။ တချို့လည်းမရှိကြဘူး။ ကူညီနိုင်မှုရှိအောင်တော့ အချိန်တော့ စောင့်ရတာပေါ့။ ကိုယ်လုပ် တဲ့လုပ်ငန်းအပေါ်မှာ မိမိရဲ့အကျိုးစီးပွားကို ရှေ့တန်းမတင်ဘဲ စိတ်ရင်းစေတနာမှန်မှန်နဲ့ တာဝန်ယူဆောင်ရွက်ကြဖို့ အရေးကြီးတယ်။ စေတနာမှန်သော ကံတရားအရ ကိုယ်ပဲပြန်လည်ခံစားရမှာပဲလေ။

**မေး– နိုင်ငံထူထောင်ရာမှာ ဘယ်လို သွားရင်ကောင်းမလဲ။**

**ဖြေ–** ယနေ့ခေတ်စားနေတဲ့ နိုင်ငံရေးပါတီ အဖွဲ့အစည်းပဲဖြစ်ဖြစ် လူမှုရေး အသင်းအဖွဲ့ပဲဖြစ်ဖြစ် အုပ်ချုပ်ရေး အသင်းအဖွဲ့ပဲ ဖြစ်ဖြစ်

*စာမျက်နှာ ၃၇ သို့*

The HOT NEWS
Vol - 3, No - 140, 17 - 23 May, 2013



*လတ်တလော မြန်မာပြည်တွင်းဒေသအချို့၌ အဖြစ်များလျက်ရှိသောတပ်ကမြေသိမ်းမှုများနှင့်ပတ်သက်၍ ယခင်တပ်မတော်၌ တပ်မမှူး(ဗိုလ်မှူးချုပ်)အဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၀ အထွေထွေရွေးကောက်ပွဲကြီး၌ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသော ဦးအောင်သိန်းလင်းကို တွေ့ဆုံ၍ တပ်မြေသိမ်းမှုများနှင့် ပတ်သက်သော အကျိုးဆက်ရလဒ်များအကြောင်း မေးမြန်းဖြစ်ခဲ့ပါသည်။*

# ပြည်သူ့အတွက် ရင်မြေကတုတ်လုပ် အသက်စွန့်ကာကွယ်လာတဲ့ တပ်မတော်ရဲ့တန်ဖိုးတွေဟာ တပ်မြေသိမ်းမှုကိစ္စတွေရဲ့အကျိုးဆက်ကြောင့် ပျက်စီးသွားရမှာလား

## တပ်မြေသိမ်းမှုများအရေး ဦးအောင်သိန်းလင်း နှင့် တွေ့ဆုံခြင်း

ခန့်ခန့်(ဒဿနိက)တွေ့ဆုံမေးမြန်းသည်။



***လတ်တလော အဖြစ်များတဲ့ တပ်ကနေပြီးတော့ မြေသိမ်းတာ၊ မြေသိမ်းပြီး သီးစားချထားတဲ့ ကိစ္စတွေကြောင့်လယ်သမားတွေ နစ်နာရမှုအပေါ်ကော် မရှင်အဖွဲ့ဝင် တစ်ယောက်အနေနဲ့ရော ယခင် တပ်မတော်ခေါင်းဆောင် တစ် ယောက်အနေနဲ့ရော ဘယ်လိုသုံးသပ်ပါသလဲ။***

မြေတစ်ခုကိုသိမ်းပြီဆိုရင် အဲဒီမြေနဲ့ပတ်သက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက တာဝန်ခံပြီး သိမ်းပေးရတယ်။ မြေသိမ်းတဲ့ကိစ္စတွေမှာ စက်မှုဇုန်လုပ်ဖို့၊ မြို့ပြအိမ်ရာဆောက်ဖို့အတွက်သိမ်းတယ်။ နောက်လုံခြုံရေးအရ တပ်ချထားဖို့သိမ်းတယ်။ တပ်ကနေပြီးတော့ စိုက်ပျိုးမွေးမြူရေးအတွက်ဆိုပြီး ပိုင်ရှင်ရှိ မြေကိုသိမ်းလို့မရဘူး။ တပ်မိသားစုသက်သာချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ရမယ်ဆိုတာရှိတယ်။ ဒါကို ဘယ်လို အကောင်အထည်ဖော်ရမလဲဆိုတော့ မူဝါဒတွေရှိပြီးသား မိမိတပ်ဝင်းထဲမှာရှိတဲ့ လွတ်နေတဲ့မြေတွေမှာ တစ်နိုင်တစ်ပိုင်လုပ်ရမယ်။ နောက်ပြီးတော့ ပိုင်ရှင်မရှိသော ထွန်ယက်စိုက်ပျိုးလုပ်ကိုင်နေသူမရှိသော မြေလွတ်မြေလပ်တွေမှာ တပ်အစီအစဉ် နဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ပြီး တပ်ဖွဲ့ဝင်မိသားစုတွေကို ထောက်ပံ့ရမယ်။ ဒါဟာ တပ်မတော်အကြီးအကဲပိုင်းရဲ့ မူဝါဒပဲ။ ပိုင်ရှင်ရှိမြေ၊ လယ်သမားလုပ်ကိုင်စိုက်ပျိုးနေတဲ့ မြေတွေကိုသိမ်းဖို့ သီးစားပြန်ချထားဖို့နဲ့ပတ်သက်ပြီး အထက်ပိုင်းအကြီးအကဲတွေက ဘာမှ ညွှန်ကြားမထားဘူး။ အဲသလို ညွှန်ကြားတာမရှိဘဲ ပိုင်ရှင်ရှိမြေတွေလိုက်သိမ်းရတာကိုက အားနည်းချက်ထောက်ပြစရာဖြစ်နေတာ။

***အဘ ခုနကပြောသလိုမျိုး တပ်ကမြေသိမ်းမှုတွေ နောက်မှာ လုံခြုံရေးအရ တပ်ချထားဖို့က လွဲပြီး အကြီးအကဲတွေရဲ့ညွှန်ကြားချက်မရှိဘူးသိရပါတယ်။ အဲဒီကိစ္စလေးအပေါ် ပြည့်စုံစွာသုံးသပ်ပေးပါ။***

ဖြစ်နေတဲ့ ပြဿနာတွေမှာက မြေပုံကိုကြည့်ပြီး သိမ်းလိုက်တယ်။ ဒါပေမဲ့ မြေပြင်မှာက တကယ်လုပ်ကိုင်နေတဲ့ လယ်သမားကရှိနေတယ်။ အဲဒီမှာ သိမ်းတဲ့ထဲပါသွား၊ ပါသွားပြီးတော့ ပြန်မပေးဘဲ ချော်လဲရောထိုင်လုပ်။ သီးစားခတွေကောက်နေတယ်။ ကိုယ်တိုင်စိုက်ပျိုးမှုလည်း မလုပ်၊ သီးစားခလည်းပြန်ကောက်ပေါ့ဗျာ။ ပြည်သူနစ်နာအောင် မလုပ်ဘူးဆိုတာ တပ်မတော်ရဲ့ မူဝါဒပဲ။ လုံခြုံရေးအရ တပ်ချရတော့မယ်ဆိုရင်လည်း တပ်မတော်အကြီးအကဲပိုင်းက စည်းဝေးဆုံးဖြတ်ပြီးမှ ညွှန်ကြားပြီးသိမ်းတာ တပ်မိသားစုသက်သာချောင်ချိရေးအတွက်ကျတော့ တပ်တွင်းမှာ စိုက်ပျိုးမွေးမြူ ဒါမှမဟုတ် ပိုင်ရှင်မဲ့မြေလွတ်မြေလပ်တွေမှာ စိုက်ပျိုးမွေးမြူရေးလုပ်ဖို့ဆိုတာ ပိုင်ရှင်ရှိနေတဲ့ မြေကိုသိမ်းပြီး တပ်မိသားစုသက်သာချောင်ချိရေးလုပ်ဖို့ ဘယ်တပ်မတော်အကြီးအကဲကမှ ညွှန်ကြားထားတာမျိုး လုံးဝမရှိဘူး။ ဒါပေမဲ့ ဒီမူဝါဒတွေကို အောက်ခြေပိုင်းတပ်ခေါင်းဆောင်တွေက မသိတာလား။ ဒါမှမဟုတ် မသိချင်ယောင်ဆောင်နေသလားတော့ မသိပါဘူး။

**မေး– အဘတို့ကော်မရှင်အနေနဲ့ စတင်ဖွဲ့စည်းချိန်ကစပြီး ခုချိန်ထိ တပ်မြေသိမ်းမှုတွေကို ကိုင်တွယ်ဆောင်ရွက်တဲ့ အခါ အောင်မြင်မှုဆိုတာဟာ ဒေသတွေနဲ့ မြေသိမ်းတဲ့ဒေသခံတပ်တွေအလိုက် ထိရောက်မှုကွဲပြားတာမျိုးရှိပါသလား။**

ကျွန်တော်တို့ ကော်မရှင်ကတော့ စိစစ်တွေ့ရှိချက်တွေ၊ ပြည်သူလူထုနစ်နာတာတွေကို အစီရင်ခံစာတင်တယ်။ လွှတ်တော်မှာ အစီရင်ခံစာအပိုင်း(၁) မှာပါတယ်။ နောက် တပ်မတော်ခေါင်းဆောင်ပိုင်းအချို့ကို ကော်မရှင်က တပ်မြေသိမ်းတာနဲ့ပတ်သက်တဲ့ Case ဖိုင်တွေလည်းပေးလိုက်တယ်။ ခုထိတော့ မထူးခြားသေးဘူး။ ဒီလိုမထူးခြားတာဟာ တပ်မတော်အကြီးအကဲတွေက ဒီကိစ္စတွေကို သေသေချာချာ ပြန်စိစစ်နေတာလား။ ဆုံးဖြတ်ချက်တွေ၊ အတည်ပြုချက်တွေ မလုပ်ရသေးတာလား။ လုပ်ပြီးပြီဆိုလည်း ဒီညွှန်ကြားချက်တွေက အောက်ခြေကို မရောက်သေးတာလား။ ရောက်ရဲ့သားနဲ့ အောက်ခြေပိုင်းက မျက်ကွယ်ပြုနေတာလား။ စဉ်းစားရမယ်။ ထိရောက်မှုကတော့ အခြားနေရာတွေမှာ ဒေသတွေမှာတော့ရှိတယ်။ ဒါပေမဲ့ ရန်ကုန်တိုင်းဒေသကြီးမှာတော့ လုံးဝမရှိသေးဘူး။ ကျွန်တော်တို့ကော်မရှင်နဲ့ လုပ်ဆောင်ချက်တွေက ထိရောက်တယ်။ မထိရောက်ဘူးထက်၊ တပ်အကြီးအကဲပိုင်းက ဘာလုပ်နေသလဲဆိုတာတောင်ကျွန်တော်တို့ကော်မရှင်ကဘာမှမသိရဘူး။ လူထုက ကျွန်တော်တို့ကို တင်ပြတယ်။ ဒီတော့ ကျွန်တော်တို့က လူထုကို ပြန်ချပြရဦးမယ်လေ။ ရန်ကုန်မှာဆို ၅၃၂ တပ်က မြေသိမ်းတဲ့ကိစ္စ ခုထိမထူးခြားသေးဘူး။ ကော်မရှင်ရဲ့အစီရင်ခံစာအရ စိစစ်တာ၊ စိစစ်တဲ့ရလာဒ်တွေအရဖော်ထုတ်ရရှိတဲ့ ပိုင်ရှင်တွေကိုပြန်ပေးတာတို့ စတဲ့လှုပ်ရှားမှုတွေ ရန်ကုန်တိုင်းမှာတော့ လုံးဝမရှိသေးဘူး။



**လက်ရှိဖြစ်နေတဲ့ တပ်မြေသိမ်းမှုအရေးကိစ္စတွေနဲ့ ပတ်သက်ပြီး တပ်မတော်ခေါင်းဆောင်ပိုင်းက ထိရောက်စွာကိုင်တွယ်မှု မလုပ်ဘူးဆိုရင် လူထုအနေနဲ့ တပ်မတော်ကြီးအပေါ် ဘယ်လိုမြင်သွားစေနိုင်ပါသလဲ။ ပြီးတော့ အစဉ်အလာကြီးမားတဲ့ တပ်မတော်ကြီးရဲ့ အခန်းကဏ္ဍကို ဘယ်လိုထိခိုက်စေနိုင်ပါသလဲ။**

အောက်ခြေပိုင်းတပ်ခေါင်းဆောင်အချို့ စဉ်းစားလွဲတာအချို့ကြောင့်၊ ယူဆမှုလွဲတာအချို့ကြောင့်၊ ခေတ်အဆက်ဆက် တိုင်းပြည်ရဲ့ အရေးကြီးငယ်ကိစ္စတိုင်း ပြည်သူမျက်နှာတစ်ခုတည်းကြည့်ပြီး အသက်ပေးလာတဲ့ ကျွန်တော်တို့တပ်မတော်ကြီး ပြည်သူအတွက် နယ်ချဲ့တော်လှန်ရေးကစပြီး ခုချိန်ထိ ရင်မြေကတုတ်လုပ် အသက်ပေးကာကွယ်ခဲ့တဲ့ တပ်မတော်ကြီးရဲ့ အခန်းကဏ္ဍတွေ၊ တန်ဖိုးတွေက ပျက်စီးသွားရမှာလား။

ဒီလိုမျိုးအောက်ခြေပိုင်းမှာဖြစ်နေတဲ့ကိစ္စတွေမှာ တပ်မတော်အကြီးအကဲပိုင်းရဲ့ ညွှန်ကြားချက်လုံးဝမပါဘူး။ ပြည်သူအတွက် အသက်တောင်ပေးထားတာပဲ။ ပြည်သူနစ်နာအောင် လုပ်ပါ့မလား။ ဒါပေမဲ့ လူထုက တပ်မတော်ကြီးကို အပြစ်ပြောသလိုရှိလာကြပြီ။ ဒါကို တစ်ချိန်တုန်းက တပ်မတော်သားကြီးတွေဖြစ်ခဲ့တဲ့ ကျွန်တော်တို့ဘေးကနားထောင်နေရတယ်။ စိတ်လည်းမကောင်းဘူး။ အသက်သွေးချွေးပေးခဲ့တဲ့ ကျွန်တော်တို့ တပ်မတော်ကြီးရဲ့တန်ဖိုးတွေကို လူထုကဥပေက္ခာပြုသွားမှာအသိအမှတ်မပြုတော့မှာကိုတော့ အရမ်းစိုးရိမ်တယ်။

***ခုချိန်ဟာပွင့်လင်းမြင်သာတဲ့ အချိန်ဖြစ်တဲ့အတွက် ဒီလိုအချိန်မျိုးမှာတပ်ကသိမ်းထားတဲ့မြေတွေအရေး ပွင့်လင်းမြင်သာစွာ မလုပ်ဆောင်ဘူးဆိုရင်ရေရှည်အကျိုးဆက်က ဘာများဖြစ်လာနိုင်ပါသလဲ။***

အထက်ရဲ့ အမိန့်ညွှန်ကြားချက်တွေ အောက်ခြေပိုင်းကို မရောက်သေးတာလား၊ အောက်ခြေကပဲ မျက်ကွယ်ပြုနေတာလားတော့ မသိဘူး။ မစွပ်စွဲပါဘူး။ ဒါပေမဲ့ ခုလိုပွင့်လင်းတဲ့အချိန် လုပ်သင့်လုပ်ထိုက်တဲ့အချိန်မှာ တပ်သိမ်းထားတဲ့မြေတွေ ပြန်ပေးဖို့ကိစ္စ ကြန့်ကြာနေမယ်။ ထိရောက်တဲ့ဆောင်ရွက်ချက်တွေမရှိဘူးဆိုရင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တပ်မတော်အပေါ် လူထုက အကြည်အညိုမဲ့လာမယ့်တိုင်းပြည်ရဲ့အခင်းကြီးငယ်ကိစ္စတိုင်း ရင်မြေကတုတ်လုပ် ပြည်သူကို အသက်ပေးကာကွယ်လာတဲ့တပ်မတော်ကြီးကိုလည်း လူထုက ဥပေက္ခာပြုသွားမယ်။ နောက်ပြီးတော့ ခုသွားနေတဲ့ ဒီမိုကရေစီလမ်းကြောင်းမှာ တည်ငြိမ်အေးချမ်းမှုက အလွန်အရေးပါတယ်။ လူထုရဲ့မကျေနပ်ချက်တွေများလာရင် တည်ငြိမ်မှုပျက်ပြားမယ်။ ဒီလိုဆိုသွားနေတဲ့ ဒီမိုကရေစီလမ်းကြောင်း နောက်ပြန် လှည့်သွားလိမ့်မယ်။ တပ်မတော်ကြီးအပေါ်လူထုကအကြည်ညိုပျက်ရုံတင်မကဘူး။ ပြန်ပေးသင့်တဲ့အချိန်မှာ ပြန်မပေးတဲ့အတွက်တစ်ပြည်လုံးအတိုင်းအတာနဲ့အခြား မြေသိမ်းမှုတွေပါစုပြီး မီးတောက်ကြီးဖြစ်လာရင် အရမ်းစိုးရိမ်ရမယ်။ ဒါဆိုဒီမိုကရေစီလည်း နောက်ပြန်လှည့်ပြီ။

***တပ်မိသားစုသက်သာချောင်ချိရေးအတွက် မြေသိမ်းတယ်ဆိုပေမဲ့ နိုင်ငံတော်ကလစာတွေတိုးပေးတဲ့ အခါမှာလည်းတပ်မတော်သားတွေပါဝင်ခဲ့ပါတယ်။ ဒါကြောင့် လစာတွေတိုးပြီးနောက်ပိုင်းမှာရော ဖူလုံရေးအတွက်ဆိုပြီး သိမ်းထားတဲ့မြေတွေ၊ လယ်သမားတွေပြန်မရတဲ့အပေါ် အဘရဲ့အမြင်သိပါရစေ။***

တပ်မတော်အကြီးအကဲပိုင်းတွေကလည်း တပ်ကသိမ်းထားတဲ့ မြေတွေပြန်ပေးခိုင်းမှာပါ။ နိုင်ငံတော်ကလစာငွေတွေတိုးပေးတယ်။ ဝန်ထမ်းတွေကို အဲဒီမှာ တပ်မတော်သားတွေကို ခြယ်လှယ်ထားခဲ့တာမှမဟုတ်တာလေ။ ဝန်ထမ်းတွေလစာတိုးတဲ့ထဲမှာ တပ်မတော်သားတွေလည်း ပါတာပဲ။ ကျွန်တော့်အနေနဲ့ကတော့ တပ်မြေသိမ်းလို့ လယ်သမားနစ်နာတာတွေကို မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးစေချင်တယ်။ ခုဆို မိုးကျတော့မယ်။ လယ်သမားတွေခမျာ လယ်တွေပြန်စိုက်ချင်နေရှာပြီပေါ့။ ကော်မရှင်ကိုလည်း အမြဲ လာတင်ပြကြတယ်။ ပြောချင်တာက သိမ်းမိထားတဲ့မြေတွေနဲ့ပတ်သက်ပြီး ချော်လဲရောထိုင်မလုပ်ပါနဲ့တော့ ပိုင်ရှင်ရှိမြေတွေပြန်ပေးလိုက်ပါတော့။ ဒီလိုပြန်ပေးမှပဲ တရားကျမယ်လေ။ အပိုသိမ်းထားတာတွေ ပေးလို့ရရဲ့သားနဲ့ မြေတွေပြန်မပေးတာတွေကို လူထုက ဘယ်ကြိုက်မလဲဗျာ။ အထက်အကြီးအကဲတွေရဲ့ပေါ်လစီကတော့ ပြည်သူနစ်နာအောင် ဘယ်တော့မှမလုပ်ပါဘူးဗျာ။

***ဟုတ်ကဲ့ ခုလိုတပ်မြေသိမ်းမှုတွေကြောင့်ပြည်သူနစ်နာရတာတွေအရေး အဘအနေနဲ့ ထပ်မံသုံးသပ်ပြောကြားလိုတာရှိရင်လည်း ပြောပြပေးပါခင်ဗျာ။***

ပြည်သူတွေက တပ်မတော်ကြီးကိုချစ်သလို တပ်မတော်ကြီးကလည်း ပြည်သူတွေကိုချစ်ပါတယ်။ ပြောရရင် သွေးရင်းတွေချစ်ကြသလိုပါပဲ။ ဒါပေမဲ့ ဒီလိုသွေးရင်းကို အပြန်အလှန်ချစ်ကြတဲ့ တပ်မတော်နဲ့ ပြည်သူကြားက သံယောဇဉ်ဆိုတာကြီးကို မပျက်စီးစေချင်ဘူး။ ပြီးတော့ တပ်မတော်ကြီးကို လူထုက အကြည်အညိုပျက်တာမျိုးမဖြစ်စေချင်ဘူး။ ဒါကြောင့် ပြန်ပေးသင့်တဲ့မြေတွေ ပြန်ပေးလိုက်စေချင်တယ်။ တပ်ကမြေသိမ်းတာကြောင့် လူထုကိုဥပေက္ခာပြုတဲ့ တပ်မတော်ဖြစ်သွားမှာ လုံးဝအဖြစ်မခံနိုင်ဘူး။ ဒါကြောင့် ပြည်သူကို ကာကွယ်တဲ့ တပ်မတော်၊ ပြည်သူ ကိုနစ်နာအောင် လုံးဝမလုပ်ဘူးဆိုတာကို သက်သေပြလိုက်စမ်းပါ။

The HOT NEWS
Vol - 3, No - 140, 17 - 23 May 2013

# ထောင်အတွင်းမှာ ၂၃နှစ်ပြည့်ရန် ၂၈ရက်အလိုနှင့်ကိုယ်တွေ့မှတ်တမ်းများ အပိုင်း(၁၅)

**ကိုကျော်လီထွန်းဉက္ကဋ္ဌ အထွေထွေ သပိတ်ကော်မတီ (မဟာဗျူဟာ) သာယာဝတီမြို့နယ် ၁၉၈၈ ။ (ARMS STRUGGLE တာဝန်ခံ) ပဲခူးတိုင်းအနောက်ခြမ်း၁၄မြို့နယ် ဒီမိုကရေစီရရှိရေးကော်မတီ၁၉၈၈။ အထွေထွေ အတွင်းရေးမှူး ဇေ့ဗေတီ(ကယား)CAMP, ABSDF, အလိုအလျောက်ဗဟိုကော်မတီဝင်နှင့် First Central Body (ကော့မူးရာ) CAMP ကိုယ်စားလှယ်။ နိုင်ငံရေးအကျဉ်းသားဟောင်း (၁၉၈၉မှ၂၀၁၂)အင်းစိန်ထောင်၊သာယာဝတီထောင်၊သရက်ထောင်၊ထောင်တွင်း တစ်ဆက်တည်းကျခံကာလ ၂၂နှစ် ၁၁လ ၂၈ရက်၊ လွတ်မြောက်သည့်နေ့ ၂၀၁၂ ဇန်နဝါရီလ ၁၃ရက် (သရက်)။**

*ယခင်တစ်ပတ်မှအဆက်*

အပြင်ကဝန်ထမ်းက လေသံမာမာနဲ့ "ပေးဆို ပလတ်စတစ်ဇလုံ"လို့လည်း ထပ်ပြောရော အထဲကကြောက်ကြောက်နဲ့ ပလတ်စတစ်ဇလုံကိုသွားယူပေးလိုက်တယ်။ ဝန်ထမ်းကလည်း မစစ်မဆေး မစူးစမ်းဘဲ ကြီးသမားလူသစ်က ကြောက်ကြောက်နဲ့ပေးလိုက်တဲ့ပလတ်စတစ်ဇလုံကို ယူပြီးတော့ ထမင်းသွားတောင်းပါတော့တယ်။ ထမင်းရလာပြီးတော့ ဟင်းကိုလည်း ဒီလိုပဲ ထောင်ဝန်စာဇည့်တွေ့လာထားသူအကျဉ်းသားတွေထံကလိုက်တောင်းပါတယ်။ နောက် လူကြီးမမြင်နိုင်တဲ့တစ်နေရာမှာ ဝိုင်းထိုင်စားကြတာပေါ့ဗျာ။ စားပြီးတော့ ခုနက အကျဉ်းသားထံက ငှားလာတဲ့ ဇလုံကို ချက်ခြင်းပြန်မပေးသေးပါဘူး။ မိုးလင်းမှ ပြန်လာပေးတော့ ညကငှားပေးလိုက်တဲ့ အကျဉ်းသားနဲ့ သူ့အခန်းကို မမှတ်မိတော့ဘူးလေ။ အဲဒီတော့မှ ပလတ်စတစ်ဇလုံကို ထောင်ပြပြီးတော့ အော်မေးပါတယ်။ ဟေ့ ညတုန်းက ဒီဇလုံကို ဘယ်အခန်းက ငှားလိုက်တာလဲကွ။ ကျွန်တော်ပါဆရာ ဒီကငှားပေးလိုက်တာပါ။ အကျဉ်းသားကထပ်ပြောလိုက်ပါတယ်။ ဟာဗျာ ဆရာတို့ကလည်း ဇလုံလာပြန်မပေးတော့ ကျွန်တော်ဖြင့် တစ်ညလုံးအောင့်ထားရတယ်လို့လည်းပြောရော မင်းကဘာကို အောင့်ထားရတာလဲ၊ ဟာဆရာကလည်း အဲဒီပလတ်စတစ်ဇလုံက ကျွန်တော်အီးပါဖို့ ထောင်ကထုတ်ပေးထားတာလေဗျာလို့လည်းဆိုရော ညတုန်းကထမင်းထည့်စားထားသူဝန်ထမ်းတွေပြေးပြီးတော့ အန်ထုတ်ကြပါတယ်။မမီတော့ပါဘူးဗျာ။ အစာကကြေသွားပြီလေ။ အကျဉ်းသားထံ ဇလုံလာငှားသွားတဲ့ အကျဉ်းထောင်ဝန်ထမ်းကလည်းအကျဉ်းသားကိုအံကြိတ်သာကြည့်နေလိုက်ရတော့တယ်ဗျာ။

၂၀၀၀ ခုနှစ် ကျော်ကျော်လောက်မှာပေါ့။ သရက်ထောင်မှာ ဝစီပိတ်လို့ခေါ်ကြတဲ့ ကြိုးလွတ်(လွတ်ငြိမ်းချမ်းသာခွင့်နဲ့လွတ်သူ)တစ်ဦးရှိပါတယ်။ ကံရဲ့ အကျိုးပေးဘုရားဟောနဲ့ညီတာ သွားမှတ်မိလိုက်ပါတယ်။ ဝစီပိတ် (နာမည်ရင်းမဟုတ်)အမှုဖြစ်စဉ်က ၁၉၉၀ လောက်မှာ ရန်ကုန်တိုင်းသယ်န်းကျွန်းဘက်က ဝစီပိတ်ကျင့်နေတဲ့ ဘုန်းတော်ကြီးကို လက်သီးနဲ့ထိုးပြီးတော့ လုယက်မှုကျူးလွန်ခဲ့တာမှာ ဘုန်းကြီးပျံလွန်တော်မူခဲ့ပါတယ်ဗျာ။ အင်းစိန်ထောင်မှာ သေဒဏ်ကျနေပါတယ်။ ၁၉၉၃ ခုနှစ် လွတ်ငြိမ်းချမ်းသာခွင့်မှာထောင်ဒဏ်အနှစ် ၂၀ ဖြစ်သွားပါတယ်။ နောက်တော့ သရက်ထောင်ကို အပြောင်းရွှေ့ခံရပါတယ်။ တော်တော်ဆိုးပါတယ်။ သရက်ထောင်မှာလည်းအာဏာပိုင်လစ်ရင် လစ်သလို အမြဲလောင်းကစားလုပ်ပါတယ်။ ရန်လည်း ခဏခဏဖြစ်ပါတယ်။ တစ်နေ့ ကျွန်တော်က ၁ ဆောင်မှာ ညဘက်အိပ်နေတုန်း နံနက် ၁ နာရီလောက်မှာ






**ကျော်လီထွန်း**

အုန်းဆိုတဲ့ အသံကြီးကြားပြီး လန့်နိုးခဲ့ရပါတယ်ဗျာ။ နောက် လူအော်သံတွေ ဝီစီမှုတ်သံတွေကြားပါတယ်။ စုံစမ်းကြည့်လိုက်တော့ ဝစီပိတ်သေပြီတဲ့။ ကွန်ကရစ်တုံးကြီးနဲ့ ထုသတ်ခံရတာတဲ့သတင်းက ချက်ခြင်းဝင်လာပါတယ်။ ညဦးပိုင်းက အလစ်မှာခိုးလုပ်တဲ့ ဖဲဝိုင်းမှာ မကျေနပ်လို့ ဝစီပိတ်အိပ်နေတုန်းမှာ အကျဉ်းသားတစ်ဦးက ခေါင်းကိုအိမ်သာတက်လို့ အဆင်ပြေအောင်လုပ်ထားတဲ့ ကွန်ကရစ်တုံးနဲ့ ယူထုလိုက်တာလို့ ကြားပါတယ်။ ကျွန်တော် အဲဒီညက မြတ်ဗုဒ္ဓအဆုံးအမကို နှလုံးသွင်းမိတယ်ဗျာ။ ဘာတဲ့ (ဇော ခုနှစ်တန်ပြည့်မှ ကံတစ်ခုမြောက်ပါတယ်တဲ့။ ပထမဇောက အခုဘဝအကျိုးပေးတယ်။ သတ္တမဇောက ဒုတိယဘဝမှာ အကျိုးပေးတယ်။ အလယ်ဇောငါးချက်က တတိယဘဝကစပြီး နိဗ္ဗာန်မရောက်မချင်းအကျိုးပေးတယ်တဲ့။ အချိန်မရွေး အကျိုးပေးတယ်ဆိုတာလေ။ အခု ဝစီပိတ်ဆိုတဲ့ လူဆိုးကတော့ သယ်န်းကျွန်းမြို့နယ်က ဝစီပိတ်ဆရာတော်ကြီးကို ကျူးလွန်တဲ့အချိန်မှာ လက်သီးဟာ ပထမဇောအကျိုးပေးချိန်မှာ ကွန်ကရစ်တုံးကြီး(အတွင်းမှာ အုတ်ခဲ စခဲပါဝင်) ဖြစ်သွားတာကြောက်စရာကြီးနော်။ ဒုတိယဘဝမှာ အကျိုးပေးမယ့် သတ္တမဇောကလာဦးမယ်။ နောက်ကောင်းစွာအရှိန်ရနေပြီဖြစ်တဲ့ ဘယ်အချိန်လာမယ်။ အကျိုးပေးမယ်မသိရတဲ့ အလယ်ဇောငါးချက်က ပိုမိုကြီးမားတဲ့အင်အားနဲ့ လာဦးမယ်ဆိုတော့ စာရှုသူများဆင်ခြင်နှလုံးသွင်းနိုင်ကြပါစေလို့သာ။

မှတ်မိတာလေးတွေက အရှိန်ရလာတယ်လို့ထင်ပါတယ်ဗျာ။ ပေါ်ပေါ်လာတယ်ဗျား။ ၁၉၉၂ ခုနှစ် ဧပြီလ ၂၅ ရက်နေ့သရက်ထောင်ရဲ့ နံနက်စောစောပေါ့။ နံနက်ပိုင်း ထောင်ထုံးစံအတိုင်း အကျဉ်းသားလူပေါင်းစစ်ဆေးပြီး ထောင်မဖွင့်ခင်မှာ၊ ထောင်ဝန်ထမ်းအဖွဲ့တစ်ဖွဲ့က ၄ တိုက် ၁ ခန်းမှာထားထားတဲ့ ကျွန်တော့်ကို လာရိုက်ပါတယ်။ ဝန်ထမ်း ၅ ဦး အုပ်ချုပ်သူ အရာရှိဖြစ်ကာစကတစ်ဦးပေါင်း ၆ ဦးဝိုင်းရိုက်ကြတာပါ။ စုစုပေါင်းအချက်ရာကျော်ရိုက်တယ်လို့ အန်ကယ်ဦးကျင်မောင်(သာကေတ NLD)က ပြန်ပြောပြပါတယ်။ သူက တုတ်ရိုက်သံ ထိုင်မှတ်နေပုံရပါတယ်။ ကျွန်တော်ကတော့ အရိုက်ခံရတဲ့ အချက်ရေကို မှတ်မိဖို့နေနေသာသာတုတ်တစ်ချက်ရိုက်ပြီးတိုင်း နောက်တစ်ချက်ထပ်မရိုက်ခင် ဝေဒနာထပ်မခံစားချင်တော့လို့ အသက်ထွက်သွားရင်ကောင်းမယ်လို့သာ စိတ်ထဲမှာဖြစ်ပေါ်နေရတဲ့အချိန်ပါဗျာ။ ၁ တိုက်မှာလည်း ရိုက်ပါတယ်။ ကြိုးသမားကိုအောင်ရွှေကိုရိုက်တာပါ။ ဝန်ထမ်းကိုဆရာမခေါ်ဘဲ နာမည်တပ်ခေါ်လိုက်တဲ့အမှုပါဗျာ။ ၄ တိုက်တစ်တိုက်လုံးလည်း အရိုက်ခံရပါတယ်။ မဂ္ဂင်ဆရာတော်ကြီးပါ အရိုက်ခံရပါတယ်။ (မဂ္ဂင်ဆရာတော်ကြီးဆိုတာက လူအမည် ဦးရွှေသာအေး-ရခိုင်အမျိုးသားပါ။ ပုသိမ်မှာမွေးပါတယ်။ ငယ်စဉ်ကတည်းက သာသနာဘောင်ဝင်ထားသူပါ။ ကိုယ်ရင်ဘဝနဲ့ လောကီလောကုတ္တရာ စာပေများသင်ကြားခဲ့ပါတယ်။ လောကီအထက်တန်းကို ကိုလ်ကတ္တားမှာအောင်ပါတယ်။ အင်္ဂလန်မှာ ဝိဇ္ဇာဘွဲ့ရယူပါတယ်။ ထိုင်းဘုရင်ကိုယ်တိုင် ဆက်ကပ်တဲ့သာသနာရေးဆိုင်ရာဘွဲ့တစ်ခုလည်း ရရှိပါတယ်။ နိုင်ငံတကာမှာ မိဘမဲ့ကလေးများ စောင့်ရှောက်ပေးတဲ့ဂေဟာများကို ဒကာ/ဒကာမများအကူအညီနှင့် ထူထောင်ခဲ့ပါတယ်။ မွေးရပ်မြေမှာလည်း ထူထောင်ပေး လိုစိတ်ဖြစ်ပေါ်လာပြီး မြန်မာနိုင်ငံကို ပြန်လာသူပါ။ Burma under the boots ဆိုတဲ့ နိုင်ငံခြားမဂ္ဂဇင်းတစ်ခုမှာပါတဲ့ ဆောင်းပါးကို ဒကာ၊ ဒကာမများကို ဘာသာပြန်ပေးမှုနဲ့ စစ်ခုံရုံးက ထောင်ဒဏ် ၇ နှစ်ချမှတ်ခံရပြီး သရက်ထောင်ကိုရောက်နေတာပါ။ ထောင်တွင်းမှာ အကျဉ်းသားအဖြစ် နေထိုင်ခဲ့ရစဉ်ကာလတစ်လျှောက်လုံးမှာ ရဟန်းအကျင့်ကိုသာ အပျက်မခံ ကျင့်ကြံနေထိုင်သွားခဲ့ပါတယ်။ မဂ္ဂင်ဆရာတော်ရဲ့ ဝါစဉ်ကတော့ ၆၂ ဝါကျော်ပါပြီ။ ငယ်ဖြူလည်း ငယ်ဖြူပါ။ နားလည်သူများကတော့ ကျွန်တော်တို့ကိုးကွယ်နေတဲ့ မြတ်ဘုရားထက်ဝါကြီးတယ်လို့ ပြောသံကြားဖူးပါတယ်။ ဆရာတော်ကြီးကိုရိုက်နှက်တဲ့ပုဂ္ဂိုလ်က သရက်ထောင်က အကျဉ်းဦးစီးတပ်ကြပ်ကိုညိုတဲ့။ ၃ ချက်လောက် ရိုက်နှက်ပြီးမှ သရက်ထောင်ဝန်ထမ်းတစ်ဦးက ဆရာတော်ကြီးရဲ့ အကျင့်နဲ့ဖြစ်ရပ်မှန်သိထားလို့ ဝန်ထမ်းကိုညိုကို ဝင်ဆွဲတားလိုက်ရတယ်လို့ ဘေးကမြင်လိုက်ရသူတွေက ပြန်ပြောပြကြပါတယ်။ သရက်ထောင်ဝန်ထမ်းကိုညိုလည်း ဆရာတော်ကြီးကို ရိုက်နှက်အပြီး တစ်လလောက်မှာ ဆွမ်ပရာဗွန်ဘက်က အကျဉ်းဦးစီးဌာနအလုပ်စခန်းတစ်ခုကို ပြောင်းရွှေ့မိန့်ကျလာပါတယ်။ မိသားစုနဲ့အတူ ကချင်ပြည်နယ် အလုပ်စခန်းကို အသွားမှာ ကချင်ပြည်နယ်မှာ ကားမှောက်ပါတယ်။ စခန်းအသစ်ဆောက်လုပ်ရန် ဌာနက သယ်ယူလာတဲ့ ကားပေါ်က သစ်ခွဲသားများပိပြီး သေပါတယ်။ သူ့သားအသက် ၁၀ နှစ်သား ကလေးကတော့ ချောင်းရေထဲမှာ မျှောပါပြီးတော့ ကျောက်တုံးနဲ့ငြိပြီးတင်နေတုန်းမှာ ဘေးကမြင်သူတွေက ကယ်ထားလိုက်ရပါတယ်။ ဒီကလေးအသက် ၁၇ နှစ်သားမှာ သရက်ထောင်မှာ ဝန်ထမ်းပြန်လုပ်နေတာ တွေ့ခဲ့ရပါတယ်ဗျာ။ ကံစီမံတာ မယုံမရှိကြပါနဲ့။ ကျွန်တော်လက်တွေ့ မျက်တွေ့တွေ များနေပါပြီဗျာ။ အခုလည်းကြည့်လေ။ မဂ္ဂင်ဆရာတော်ကြီးကို တုတ်နဲ့ ၃ ချက်ပဲ ရိုက်မိတာပါ။ အကျင့်စင်ကြယ်သူကို ပြစ်မှားမိတော့ အချိန်အနည်းငယ်အတွင်းမှာ သစ်ခွဲသားတုတ်ချောင်းမြောက်များစွာနဲ့ အသက်ထွက်သွားတဲ့အထိ အရိုက်ခံလိုက်ရတာလေ။ အတူတူရှိနေတဲ့ မပြစ်မှားမိတဲ့ကလေးကတော့ လွင့်စင်ပြီး လွတ်မြောက်အသက်ချမ်းသာရာရခဲ့တယ်လေ။ အရိုက်ခံရတဲ့အကြောင်းတွေ ဆက်ပြောရဦးမယ်ဗျာ။ အဲဒီတုန်းက သရက်ထောင်မှာရှိနေကြတဲ့ ရဲဘော်၊ ရဲဘက်များကတော့၊ အကိုကြီးကို ခွန်ဆိုင်း၊ ကိုညိုထွန်း၊ ကိုမင်းဇေယျ၊ ကိုလှမျိုးနောင်၊ ကိုဆက်အောင်နိုင်၊ ရေနံချောင်းက ကျောင်းဆရာကိုလှစိုးမြင့်၊ ရန်ကုန်ကကျောင်းဆရာ၊ ဦးဇော်ဖေဝင်း၊ ကိုဇော်ဝင်းထွန်း၊ ကိုရဲ၊ ကိုမြင့်ဆွေ (ထောင်တွင်းအသတ်ခံရသူ) ကိုသန်းဇော်၊ ကိုသိန်းထွန်းမြင့်၊ ကိုလှဝင်း၊ ပုဇွန်တောင်ဘက်က လုံခြုံရေးဝန်ထမ်း၊ ဦးကျင်မောင်၊ ကိုကျော်ကျော်သိန်း၊ တောင်တွင်းကြီးနယ်က ၂ ဦး၊ ကိုမောင်မောင်ဝမ်း၊ ဦးသာချို၊ ကိုနီ၊ ကိုကျော်ကျော်၊ (လူထု) ကိုငြိမ်းချမ်း၊ ကိုဝင်းနိုင်ဦး၊ ကိုရဲမော်ထူး၊ ကိုဇော်မင်း၊ နာမည်မပေါ်မမှတ်မိသူတွေရှိသေးတယ်။ ဦးကိုကိုကြီး၊ ကိုဗညား၊ကိုမျိုးအောင်ထွေးတို့ကနောက်မှအင်းစိန်က ထပ်အပြောင်းခံရတာလေ။ ကိုမင်းကိုနိုင်က ၂၀၁၂လွတ်ခါနီးမှကျိုင်းတုံကနေ သရက်ထောင်ကို အပြောင်းခံရတာပါ။ ***ဆက်လက်ဖော်ပြပါမည်။***

The HOT NEWS
Vol - 3, No - 140, 17 - 23 May, 2013

# ဆိပ်ကမ်းထဲက မော်တော်ကားတွေ ဘာကြောင့်ထုတ်မရသလဲ

'ထိခိုက်ဒဏ်ရာပါသည့်ကားများကို ဆိပ်ကမ်းကထုတ်မပေး၍ ကားတင်သွင်းသူများအခက်တွေ့နေ' ခေါင်းစဉ်ဖြင့်' သတင်းဒုတိယအပိုဒ်ကိုဖတ်နေစဉ်မှာပင် အဲဒီကားဘာကြောင့်ထုတ်မရသည်ကို 'ဒက်ခနဲ' သိလိုက်ပါသည်။ အဖြေသည် သတင်းထဲမှာပင်ပါနေပြီးဖြစ်ပါသည်။ ၎င်းအဖြေကို မဖော်ပြမီ မြန်မာနိုင်ငံတွင်းသို့ ပြည်ပမှမော်တော်ကားများ တရားဝင်တင်သွင်းခြင်းဆိုင်ရာအခြေခံစည်းမျဉ်းအချို့ကိုဖော်ပြရန်လိုပါမည်။

တင်သွင်းသည့်ကားသည်အသစ်စက်စက်ဖြစ်ပါက ပြဿနာမရှိသော်လည်း အများအားဖြင့် ဈေးသက်သာသော၊ ဝယ်ယူရလွယ်သော အဟောင်းများကိုသာ တင်သွင်းကြသည်ဖြစ်ရာ ထိုကားဟောင်းများတင်သွင်းခွင့်ရရှိရေးအတွက် ပထမဦးစွာကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် သွင်းကုန်လိုင်စင်ရရှိရေးအတွက်မည်သို့လျှောက်ထားရသည်ကိုသိဖို့လိုပါသည်။ သွင်းကုန်လိုင်စင်လျှောက်လွှာပုံစံကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ရိုက်နှိပ်ထားသော်လည်း အင်္ဂလိပ်ဘာသာဖြင့် ဖြည့်စွက်လျှောက်ထားလေ့ရှိပါသည်။ လျှောက်လွှာ၏အပိုဒ် ၁၁ တွင် တင်သွင်းမည့်ကုန်ပစ္စည်းအမျိုးအမည် အရေအတွက်နှင့် တန်ဖိုးကိုဖော်ပြရပါသည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးသွင်းရမည်ဖြစ်ရာ မိမိတင်သွင်းမည့်ကားသည်ကားဟောင်းဖြစ်ပါက 'Old Car' ဟု တိုက်ရိုက်ဘာသာပြန်၍မသင့်သဖြင့် 'Used Car' 'Second Hand Car' (အသုံးပြုပြီးကား)ဟု ရေးလိုသော်လည်းခွင့်မပြုပါ။ သွင်းကုန်လိုင်စင်ထုတ်ပေးသော ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည်ခြွင်းချက်အဖြစ်လုပ်ငန်းသုံးယာဉ်ကြီးများ၊ ဌာနဆိုင်ရာစီမံကိန်းများအတွက် လုပ်ငန်းသုံးယန္တရားကြီးမှတစ်ပါးကုန်တင်ကား၊ ခရီးသည်တပ်ဘတ်စ်ကားနှင့် ဖိမ်ခံကားဟုကင်ပွန်းတင်ထားသော ဆလွန်းကားများကိုမည်သည့်အခါကမျှကုန်ပစ္စည်းအမည်ကို 'Used Car' (အသုံးပြုပြီးကား) အမည်ဖြင့် ခွင့်မပြုခဲ့ပေ။ 'Reconditioned Car' (ပြုပြင်ပြီးအဆင့်ရှိကား)၊ ရန်ကုန်ဆိပ်ကမ်းတွင်းမှ အသင့်မောင်းနှင်ထွက်ခွာနိုင်သော အဆင့်အထိပြုပြင်ထားပြီးသောကားကိုသာ သွင်းကုန်လိုင်စင်တွင်ခွင့်ပြုပါသည်။

၎င်းသို့ဆိုလျှင် 'ပြုပြင်ပြီးအဆင့်' (Reconditioned) ဆိုသောစကားရပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သိနားလည်ရပါမည်။ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ကသတ်မှတ်ထားသော 'ပြုပြင်ပြီးအဆင့်' ဆိုသည်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။၁။ မော်တော်ကားအင်ဂျင်သည်လိုအပ်သောအစိတ်အပိုင်းအပိုပစ္စည်းများဖြင့် အစားထိုးတပ်ဆင်ထား၍ စမ်းသပ်မောင်း နှင်ချိန်ကိုက်ပြီးသော ပြီးပြည့်စုံသည့်အဆင့် ဖြစ်ရမည်။
Engine, tested and adjusted to complete condition including replacement of necessary parts.

၂။ ဘရိတ်များအပါအဝင်ကားအောက်ပိုင်းတစ်ခုလုံးသည်လိုအပ်သော အစိတ်အပိုင်းများ အပိုပစ္စည်းများဖြင့် အစားထိုးတပ်ဆင်ပြုပြင်ထား၍ လုံးဝလုံခြုံစိတ်ချရသည်အထိ ပြင်ဆင်ပြုပြင်ပြီးသော အဆင့်ဖြစ်ရမည်။
Under chassis including brakes, overhauled and repaired to complete safety condition including replacement of necessary parts.

၃။ မော်တော်ကားကိုယ်ထည်ကို ပြီးပြည့်စုံသည်အထိ ပြုပြင်ထား၍ ဆေးသုတ်ပြီးဖြစ်ရမည်။
Body repaired to complete condition and be painted.

၄။ မော်တော်ကားအတွင်းခန်းသည်သန့်ရှင်းစင်ကြယ်ရမည်။
Room inside, Cleaned.

၅။ ဘတ္တရီအိုးနှင့် တာယာများသည် အသစ်များဖြစ်ရမည်။
New battery and tyres.

> ပစ္စည်းရှင်ကိုယ်တိုင်လည်း ထိုအခါကျမှသာ "ငါတော့ခံလိုက်ရပြီ"ဟု အော်ရတော့သည်။ အချို့ကားပိုင်ရှင်များမှာတုန်းက ဈေးကောင်းသော အပြူရောင်၊ ရောက်လာတော့ ရွှေဗမာတွေ ရွှေရောင်ကြိုက်မှာပဲ . . .

စာရှုသူများခင်ဗျား၊ ယခုထုတ်ယူမရဆိုသောကားသည်အထက်ပါသတ်မှတ်ပြဋ္ဌာန်းချက်များနှင့် မည်သို့ငြိနေပြီကို သတင်းပါအချက်အလက်များနှင့်ပင် ချိန်ထိုး၍ရနိုင်ပါသည်။ အခုသတင်းမှာ ဖော်ပြထားတာတွေကို တစ်ချက်ချင်း စိစစ်ကြည့်ကြရအောင်။

**သတင်းကောက်နုတ်ချက် (၁)**

'ကီလိုမီတာနည်းနည်းနဲ့ ကားအသစ်စီးချင်ရင်ဒီလိုပဲတင်သွင်းရတာ။ ထိခိုက်ထားတဲ့ ဒဏ်ရာကို ဟိုမှာပြင်လည်းရတယ်။ ဟိုကလူတွေ ပိုက်ဆံရမယ်။ ဒီမှာပြင်မှ ဒီကလူတွေ ပိုက်ဆံရမှာလေ။ ဟိုမှာပြင်ပြီး သွင်းလာတဲ့ ကားကိုတော့ ခွင့်ပြုတယ်၊ တင်သွင်းလိုက်ကတည်းက ဂျပန်ကနေ ထိခိုက်ထားတာတွေအတွက် အပိုပစ္စည်းကို အပြည့်အစုံထည့်ပေးလိုက်တယ်၊ ဒီမှာတပ်ရုံပဲ'

၎င်းအပိုဒ်ကိုဖတ်ရုံဖြင့်ပင် တင်သွင်းလာသောကား၏အခြေအနေကို ခန့်မှန်းမိပါပြီ။ ကီလိုမီတာနည်းနည်းပဲ မောင်းရသေးတယ်ဆိုတော့ အသစ်နီးနီးကောင်းမယ်။ သို့သော်တိုက်ထားပြီး ဒဏ်ရာကို သူတို့ဆီမှာ မပြင်ချင်တော့လို့ လျှော့ဈေးနဲ့ ရောင်းလိုက်တာဖြစ်မယ်။ Recondition လုပ်မပေးဘဲ ဒီကျမှပြင်ဖို့အပိုပစ္စည်းကို ကားထဲမှာထည့်ပေးလိုက်တယ်။ သတင်းမှာကားရဲ့ ဘယ်နေရာထိထားတယ်ဆိုတာမဖတ်ရဘဲဘာအပိုပစ္စည်းတွေဆိုတာလည်းဖော်ပြမထားပါ။ ဆိုပါတော့ ရှေ့ပိုင်းသို့မဟုတ်နောက်ပိုင်းတစ်နေရာရာမှဖြစ်နိုင်တယ်။ ရှေ့ပိုင်းမှာတိုက်ထားပြီဆိုရင် ရှေ့အဖုံးကြွနေပြီး ရေလည်အုံကွဲနေပြီလား။ နောက်ပိုင်းမှာတိုက်ထားရင်

သက်ထွန်းရည်

မီးလုံးတွေကွဲနေမယ်။ ဘမ်ပါကောက်နေပြီ နောက်အဖုံးပိတ်လို့မှရရဲ့လား။ ဒါဆိုရင် အထက်ပါပြုပြင်ပြီး အဓိပ္ပာယ်ဖွင့်ဆိုချက် အပိုဒ် ၃ နဲ့ ငြိနေပြီ၊ ကားကိုယ်ထည်ကို ပြုပြင်မပေးလိုက်တာသေချာတာပေါ့။

အဲဒါကို ကိုယ့်ဘက်ကဆင်ခြေပေးထားတာက ဟိုမှာပြင်ရင် ဟိုကပိုက်ဆံရမယ်၊ ဒီမှာပြင်ရင် ဒီကလူတွေပိုက်ဆံရမယ်လို့ဆိုတယ်။ ဒါဟာဖြစ်လာတဲ့ပြဿနာအပေါ်မှာ ပေ့ါပေ့ါဆဆတွေးခေါ်ယူဆထားတာပဲ။ ကားတစ်စီးလုံးဖိုး CIF ဒေါ်လာ ၅၀၀၀ နဲ့ ရန်ကုန်အရောက်ဝယ်ထားတာဖြစ်လို့ ဆိပ်ကမ်းကထုတ်၊ ကညနလိုင်စင်ဝင်ပြီး အသင့်စီးရုံပဲ။ အခုတော့ ဟိုကပြင်မပေးလိုက်လို့ ရန်ကုန်ရောက်ပြီးမှ ပြင်ရဦးမယ်ဆိုရင် ဝယ်သူဘက်ကCIF ဒေါ်လာ ၅၀၀၀ အပြင်တပ်ဆင်ခထပ်ကုန်ရဦးမယ်။ အပိုပစ္စည်းတွေထည့်ပေးလိုက်တယ်ဆိုပေမဲ့ ကိုယ့်အိမ်မှာတူနဲ့ထု၊ ပလာယာနဲ့ ကိုက်ပြီးတပ်လို့ရတာမျိုးမှမဟုတ်ပဲ၊ အဲဒီလိုထပ်ကုန်စရာမလိုအောင်သွင်းကုန်လိုင်စင်မှာကတည်းက သဘောာမတင်မီပြုပြင်ပြီးဖြစ်ရမည်ဟုသတ်မှတ်ပေးခဲ့ပြီးဖြစ်သည်။ ကားတန်ဖိုးထဲတွင် ထိုပြုပြင်စရိတ်အားလုံးပါဝင်ပြီဖြစ်သည်။

သတင်းထဲမှာ 'ဟိုမှာပြင်ပြီးသွင်းလာတဲ့ ကားကိုတော့ ခွင့်ပြုတယ်'ဟု ပါရှိရာ အပိုဒ် ၃ နဲ့ ညီညွတ်သဖြင့်ထုတ်ခွင့်ပြုပြီး မပြင်ဘဲ သွင်းလာလျှင် ခွင့်မပြုဟုအဖြေရပါသည်။

**သတင်းကောက်နုတ်ချက် (၂)**

'အခုဟာက ထုတ်ယူခွင့်မရဘူးဆိုရင်လည်း Custom Duty ကို မဆောင်နိုင်းနဲ့ပေါ့။ Custom Duty အပြည့်အဝထုတ်ပြီးမှ စာရွက်စာတမ်းတွေကို သိမ်းတာနားမလည်'

၎င်းကိစ္စနှင့် ပတ်သက်၍ပြည်ပမှကုန်ပစ္စည်းတင်သွင်းသူများသည်အကောက်ခွန်နှင့် ဆိပ်ကမ်းရှင်းလင်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကိုကြိုတင်သိထားရန်လိုပါသည်။ ကုန်ပစ္စည်း (ယခုကိစ္စတွင် မော်တော်ကား)ကို ကွန်တိန်နာခေါ် အလုံပိတ်ကုန်သေတ္တာဖြင့် ထည့်သွင်းသယ်ယူလာသည်ဆိုပါစို့။ မူလတင်ပို့လိုက်သော ဆိပ်ကမ်းမှ သယ်ယူလာသော သင်္ဘောသည်ရန်ကုန်ဆိပ်ကမ်းတွင်ချလိုက်ပြီး ဆိပ်ကမ်းဧရိယာအတွင်းတွင် ထားလိုက်သည်။ မိမိကုန်ပစ္စည်းရောက်ရှိကြောင်းသိပြီးသော ကုန်ဝယ်သူသည်သွင်းကုန်လိုင်စင်အပါအဝင်သင်္ဘောတင်စာရွက်စာတမ်းအပြည့်အစုံဖြင့် အကောက်ခွန်ဦးစီးဌာနတွင် သွင်းကုန်ကြေညာလွှာ (Import Declatation-ID) ပုံစံအမှတ် CUSDEC-1 ကိုတင်ရသည်။ ယင်း ID နှင့် စာရွက်စာတမ်းများပါအချက်အလက်များကိုက်ညီပါက အကောက်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ၊ အခြားအခွန်အခများ (ရှိလျှင်) ပေးသွင်းစေပြီး ကုန်ပစ္စည်းထုတ်ယူခွင့်ပြုသည်။ ၎င်းနေရာတွင် အဓိကမှတ်သားရမည့်အချက်မှာ အကောက်ခွန်ဦးစီးဌာနမှတာဝန်ရှိသူများနှင့် ကုန်ပစ္စည်းစစ်ဆေးသူများသည် ဆိပ်ကမ်းတွင်ရောက်နေသော ကုန်ပစ္စည်းသည်စာရွက်စာတမ်းပါအချက်အလက်များနှင့် မည်မျှကိုက်ညီ၍မည်သို့ ကွဲလွဲနေသည်ကို လုံးဝ (လုံးဝ) မသိနိုင်ကြခြင်းပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်ယင်းကုန်ပစ္စည်းသည်အကောက်ခွန်ဦးစီးဌာန၏လက်ဝယ်တွင်မရှိဘဲ သင်္ဘောမှချကတည်းကပင် ရန်ကုန်ဆိပ်ကမ်းအာဏာပိုင်၏ထိန်းသိမ်းမှုအောက်တွင် သာရှိနေဆဲဖြစ်သောကြောင့်တည်း။

ထို့ကြောင့် ၎င်းကိစ္စတွင် အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ ၁၀ ပါအချက်အလက်များနှင့် ပူးတွဲတင်ပြသော စာရွက်စာတမ်းများပါအချက်အလက်များ ကိုက်ညီနေသဖြင့် ကျသင့်သောအခွန်ငွေကို ပေးသွင်းခွင့်ပြုခြင်းဖြစ်သည်။ ယင်းစာရွက်စာတမ်းများကို အထောက်အထားပြု၍ ဆိပ်ကမ်းဝင်းအတွင်းရောက်နေသော ကုန်သေတ္တာသော့ကိုဖွင့်ပြီး ကုန်ပစ္စည်းကိုမျက်မြင်အနေအထားအတိုင်း ကုန်ပစ္စည်းပိုင်ရှင်သို့မဟုတ်၎င်း၏ကိုယ်စားလှယ်ရှေ့တွင် တိုက်ဆိုင်စစ်ဆေးသောအခါမှ ကွဲလွဲချက်များကို တွေ့ရပြီး ကုန်ပစ္စည်းထုတ်ပေးရန်ငြင်းပယ်ခြင်းဖြစ်သည်။ ပစ္စည်းရှင်ကိုယ်တိုင်လည်း ထိုအခါကျမှသာ 'ငါတော့ခံလိုက်ရပြီ'ဟု အော်ရတော့သည်။ အချို့ကားပိုင်ရှင်များမှာတုန်းက ဈေးကောင်းသော အပြူရောင်၊ ရောက်လာတော့ ရွှေဗမာတွေ ရွှေရောင်ကြိုက်မှာပဲ ဟု စေတနာတွေပိုပြီး ရွှေပြောင်ပြောင်ကားပို့လိုက်လို့ ဒဏ်ရိုက်ခံရတာမျိုးတောင်ရှိသေး။

**သတင်းကောက်နုတ်ချက် (၃)**

'ကားထုတ်မပေးလို့သွားမေးတော့လည်း သေသေချာချာရှင်းမပြကြဘူး။ ကားဝယ်တဲ့ငွေ သင်္ဘောခတွေဆုံးရှုံးတဲ့အပြင် Custom Duty ပါပြန်မရတော့ တင်သွင်းသူတွေထိခိုက်တာပေါ့'

အကောက်ခွန်ဦးစီးဌာန၏ တာဝန်မှာအထက်အပိုဒ်တွင် ဖော်ပြထားခဲ့အတိုင်း ID နှင့်စာရွက်စာတမ်းများပါအချက်အလက်များ ကိုက်ညီ၍အကောက်ခွန်၊ ကုန်သွယ်ခွန်နှင့် အခြားအခွန်အခများပေးပြီးပါက ကုန်ပစ္စည်းကို ထုတ်ယူခွင့်ပြုရန်ဖြစ်ပါသည်။ သို့သော်ရောက်ရှိလာသော ကုန်ပစ္စည်း၏မျက်မြင်အနေအထားနှင့် စာရွက်စာတမ်းပါအချက်အလက်များ ကွဲလွဲနေလျှင်မူထုတ်ပေးမည်မဟုတ်ပါ။ ၎င်းနေရာတွင် အကောက်ခွန်ဦးစီးဌာနက ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ဆုံးဖြတ်ချက်အမိန့်များသည်တည်ဆဲအကောက်ခွန်ဥပဒေများနှင့် ကိုက်ညီရမည်ဖြစ်ပြီး များစွာသိမ်မွေ့နက်နဲလှပါသည်။ အဘယ်ကြောင့်ပစ္စည်းထုတ်မပေးသည်ကို ခိုင်လုံသောအထောက်အထားအကြောင်းပြချက်များဖြင့် ကာယကံရှင်ကို ရှင်းပြရန်မှာ အကောက်ခွန်ဦးစီးဌာန၏ တာဝန်ပင်ဖြစ်သည်။ ငွေကျပ်သိန်းချီ၍ ရင်းနှီးထားသော ၎င်းကိစ္စတွင် ကုန်ပစ္စည်းပိုင်ရှင်က ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခြင်းမရှိဘဲ ဝယ်ရောင်းကြားပွဲစားများနှင့် လွှတ်ထားပုံရပါသည်။ မည်သို့ပျက်စီးလာသည်ကို သတင်းတွင် ဖော်ပြမထားသဖြင့် သတင်းတစ်ပုဒ်လုံး၏အားနည်းချက်ကိုဂရုပြုမိပါသည်။

'ဘာကြောင့်ထုတ်မပေးသည်ကို အကောက်ခွန်ဦးစီးဌာနကရှင်းမပြဘူး'ဆိုသော အချက်ကို ၎င်းစာရေးသူလက်မခံပါ။ အဘယ်ကြောင့်ဆိုသော် ကုန်ပစ္စည်းတင်သွင်းသူသို့မဟုတ်၎င်း၏ကိုယ်စားလှယ်သည်မိမိတင်ပြခဲ့သော ID နှင့် ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းအဆင့်ဆင့်အရာရှိအဆင့်ဆင့်တို့၏ရေးသွင်းချက်များ မှတ်ချက်များဆုံးဖြတ်ချက်များကို ID၏ နောက်ကျော၊ နောက်ကျောစာမျက်နှာတွင် မဆန့်ပါက နောက်ဆက်တွဲစာရွက်များပေါ်တွင် တရားဝင်ရေးသား၍ လက်မှတ်အသီးသီးရေးထိုးထားသော ရုံးတွင်းမှတ်စု (Notes) အများအခေါ် နုတ်တင် (Notings) များကို ဖတ်ရှုခွင့်ရှိသောကြောင့်ဖြစ်သည်။ သွင်းကုန်ဌာနမှဆောင်ရွက်ချက်အဆင့်ဆင့်ကို ရေးသွင်းသူအမိန့်ချသူအရာရှိ၏အမည်ကိုယ်ပိုင်အမှတ်နှင့် ရာထူးတံဆိပ်တုံးများဖြင့် မှတ်တမ်းတင်ရသည်မှာ နေ့စဉ်ဆောင်ရွက်နေကျရုံးတွင်းအလုပ်များဖြစ်ပါသည်။

၎င်းစာရေးသူသည်နိုင်ငံပိုင်ပို့ကုန်သွင်းကုန်လုပ်ငန်းကြီးတစ်ခုတွင် ဆယ်နှစ်ကျော်တာဝန်ထမ်းဆောင်ခဲ့ပြီး လုပ်သက်ပြည့်ပင်စင်ယူ၍ ပုဂ္ဂလိကသွင်းကုန်ကုမ္ပဏီတစ်ခုတွင်လည်းဆောင်ရွက်ခဲ့ပါသည်။ ယခုသတင်းပါမော်တော်ကားထုတ်မပေးသည့်ကိစ္စနှင့် ပတ်သက်၍နောက်ဆက်တွဲဆောင်ရွက်သင့်သည်များကို အကြံဉာဏ်ပေးနိုင်ပါသည်။ ပုဂ္ဂလိကပိုင်ဆိပ်ကမ်းများအပါအဝင်ရန်ကုန်ဆိပ်ကမ်းထဲတွင် ကွန်တိန်နာတစ်လုံး၊ ကုန်ပစ္စည်းတစ်ခုကို သင်္ဘောပေါ်မှချသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်းမထုတ်ယူပါက ဆိပ်ကမ်းစီမံခန့်ခွဲရေး၏အစီအစဉ်ဖြင့် ဆူးလေအမှတ် ၃ ဝင်းအတွင်းရှိလေလံဝင်းသို့ရွှေ့ပစ်ပါမည်။ ကားကိုနိုင်ငံပိုင်မသိမ်းဘဲမြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဆိပ်ကမ်းဥပဒေနှင့် အညီလေလံတင်ရောင်းချပါက မိမိ၏ကုန်ကျစရိတ်တချို့တစ်ဝက်ကိုပြန်ရနိုင်သည့်အခွင့်အရေးရှိသေးသည်။ ဆိပ်ကမ်းမူလကုန်ပစ္စည်းရှင် ၏အခွင့်အရေးမည်သို့ရှိသည်ကိုသိလိုပါက ဖုန်း ၀၉၄၂ ၁၁၈၂၀၃၆ သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

■

The HOT NEWS
Vol - 3, No - 140, 17- 23 May, 2013



# ရိုးသားတာကကျွန်တော်. . . အလုပ်ပြုတ်တာကသူ

❝ ဟောဒီမှာ အဖေကြီးရေ၊ ကားမှာကပ်ထားတာက ရေမွှေးတစ်ပု လင်း၊ ဒီမှာတစ်ပုလင်း၊ ဒါဆို မှားပါ လာတာပဲဖြစ်မယ်။ အဖေကြီးသွားပြန် ပေးလိုက်' မောင်မျိုးအလုပ်ပြုတ်သွားပြီ ဆရာ၊ ရေမွှေးတစ်ပုလင်းမရိုးမသားလုပ် လို့ လွန်ခဲ့တဲ့တစ်ပတ်လောက်က ဘော့စ် က အလုပ်ထုတ်ပစ်လိုက်ပြီ ❞

လှတင့်ဆွေ(ပိန်းဇလုပ်)

ဖြစ်စဉ်လေးက ဘာမှကြီးကြီးကျယ်ကျယ်မဟုတ်ပေမယ့် နမူနာယူစရာလေးဖြစ်လို့ ရေးလိုက်ရတာပါ။

ခုခေတ်ကားဈေးတွေကလည်းကျ၊ မမျှော်မှန်းခဲ့ဘူးတဲ့ဈေး၊ မထင်မှတ်ခဲ့တဲ့ဈေးလည်းဖြစ်လို့ မောင်တင့်ကား အဟောင်းလေးရောင်းပြီး ကားသစ်သေးသေးလေးတစ်စီးဝယ်စီးဖြစ်ပါတယ်။ အဲဒီကားသစ်လေးကိုပဲ ဟိုနိုင်ငံက ဘာတွေပြန်လုပ်လိုက်မှန်း၊ မန်းမှုတ်လိုက်မှန်းမသိပါဘူး။ ဟိုနိုင်ငံကကားဟောင်းကို ဒီမှာအသစ်လို့ဆိုပြီး ကျွန်တော်တို့ကို ရွှေမြန်မာတွေက "ကားထဲမှာ မွှေးနေတာပဲတဲ့၊ အသစ်နံ့ရတယ်တဲ့"။ ဒါနဲ့ပဲ ဝယ်ပြီး (၁၀) ရက်လောက်ကြာတော့ မယ်တင့်က "ရှင့်ကားထဲမှာ အနံ့တွေမကောင်းဘူး"တဲ့။ "အနံ့တွေမကောင်းရင် အနံ့စုပ်တဲ့အခဲဝယ်ထည့်ပေါ့ကွာ"လို့ပြောတော့ ကြွားချင်စိတ်ရှိတဲ့ဒေါ်မယ်တင့်က "အနံ့စုပ်တဲ့အခဲက အိမ်သာထဲမှာသုံးတာ"တဲ့၊ "ကားရေမွှေးတစ်ပုလင်းလောက်တော့ ဝယ်ထည့်ပေးပါ"တဲ့။

အဲဒါနဲ့ မောင်တင့်လည်း ဟံသာဝတီကားပွဲစားတန်းအနီး ကျွန်းတောလမ်းထဲက မျက်မှန်းတန်းမိသလိုလို၊ ကိုယ့်ကိုခင်သလိုလို (အမှန်က ဈေးရောင်းသူက ဈေးဝယ်လာသူအားလုံးကို ရင်းရင်းနှီးနှီးဆက်ဆံတာကိုပဲ ကိုယ့်ကိုပဲ ဦးစားပေးသလိုလို အထင်ခံနေမိတာပါ) နဲ့ဆိုတော့ အဲဒီဆိုင်မှာ ကားရေမွှေးတစ်ပုလင်းဝယ်ဖြစ်သွားတယ် ဆိုပါတော့။ မြန်မာပီပီ ရောင်းသူကလည်း ဈေးဆစ်ရင်ကိုက်အောင် ဈေးနည်းနည်းပိုတင်ထား၊ ဝယ်ယူသူကလည်း ဈေးမှမဆစ်လိုက်ရရင် အိပ်မပျော်စားမဝင်နဲ့ဆိုတော့ မောင်တင့်တို့ဇနီးမောင်နှံ ဈေးဆစ်ရင်းဆစ်ရင်း တစ်သောင်းကျပ်နဲ့ ဈေးတည့်ပါတော့တယ်။

အဲဒီကားရေမွှေးဈေးတည့်ပြီဆိုတော့ ဆိုင်ကလူငယ်အလုပ်သမားလေးတွေက ကားမှာတစ်ခါတည်း တပ်ဆင်ပေးပါတယ်။ ကျွန်တော့်ကားမှာ ရေမွှေးလာတပ်ပေးတဲ့ကောင်လေး (သူတို့အခေါ်က မောင်မျိုး)တဲ့။ ရေမွှေးတပ်မယ်လုပ်လိုက်၊ ဟိုတစ်ယောက်က ခေါ်လိုက်၊ ဒီတစ်ယောက်ကခေါ်လိုက်နဲ့ ကားဆီပြန်လာလိုက်နဲ့ မောင်မျိုးလည်း ရေမွှေးပုလင်းတပ်ဖို့ တော်တော်ကြာသွားပါတယ်။

ဒီလိုနဲ့ပဲ ကားမှာရေမွှေးပုလင်းတပ်ပြီး၊ ငွေရှင်းပြီးတော့ ပြန်လာခဲ့ပါတယ်။ အပြန်မှာ ကားအလှပြင်ပစ္စည်းဆိုင်နဲ့ (၆) ဆိုင် (၇)ဆိုင်ကျော်လောက်မှာရှိတဲ့ ထမင်းချက်တဲ့ Gas ရောင်းတဲ့ဆိုင်မှာ Gas အိုးဝင်တင်ပါတယ်။

ဒီနေရာမှာ ဒီ Gas ကိစ္စကို မောင်တင့်မသိတာက တစ်ချို့ကထမင်းချက်တဲ့ Gas ဝယ်ယူခွင့်ရဖို့ လျှောက်လွှာနဲ့ လျှောက်၊ ဝယ်ယူခွင့်ရရင် အစိုးရဈေးနဲ့ (ဈေးပေါပေါနဲ့)ဝယ်လို့ရတယ်လို့ဆိုပါတယ်။ အိမ်မှာချက်ပြုတ်ကြော်လှော်ပြီး ပိုတဲ့ဂတ်စ်ကို ပြင်ပကဝယ်တဲ့ဆိုင်တွေမှာ ပြန်ရောင်းကြတယ်လို့ သိရပါတယ်။ မောင်တင့်တို့က အဲဒီပိုတဲ့သူများပြန်ရောင်းထားတဲ့ ဂက်စ်တွေကို အပြင်ဈေး တစ်ပိဿာ ၂၂၅၀ ကျပ်နဲ့ ဝယ်သုံးရတာပါ။ မောင်တင့်တို့လို အများပြည်သူလည်း သက်သာတဲ့ဈေးနဲ့ ဝယ်ချင်ပါတယ်။ ဝယ်လို့ရမယ့်လျှောက်လို့ရမယ့် နည်းလမ်း၊ အချက်အလက်များနဲ့ အကပ်အရပ်လေးများရှိရင် ဒီလိုပွင့်လင်းမြင်သာတဲ့ခေတ်မှာ ပြောပေးကြပါလားဗျာ။ အပြင်ဈေးနဲ့ ဝယ်သုံးရတာမသက်သာလို့ပါ။ မောင်တင့်လည်း အလိုက်သိတတ်တဲ့သူတစ်ယောက်ပါ။ ဝယ်လို့ရရင် လိုင်းကြေး၊ ပွဲစားခ၊ လဖက်ရည်ဖိုး၊ သဒ္ဓါကြေး၊ မေတ္တာကြေးများ ပေးမှာပါခင်ဗျ။ တိတ်တိတ်လေးဆောင်းပါးထဲထည့်ရေးရုံကလွဲပြီး အိမ်ကဇနီးကိုတောင် မပြောပါဘူး။အဲဒီဂက်စ်ဖိုးပေးချေကာနီးမှ ဒေါ်မယ်တင့်က "ဟောဒီမှာ အဖေကြီးရေ၊ ကားမှာကပ်ထားတာက ရေမွှေးတစ်ပုလင်း၊ ဒီမှာတစ်ပုလင်း၊ ဒါဆို မှားပါလာတာပဲဖြစ်မယ်၊ အဖေကြီးသွားပြန်ပေးလိုက်" ဆိုပြီး မောင်တင့်ကို တာဝန်ပေးပါတယ်။ ဆိုင်ကလည်းမဝေးတာနဲ့ မောင်တင့်လည်း လမ်းလျှောက်သွားပြီး ပြန်ပေးလိုက်ပါတယ်။ လက်ထဲက ရေမွှေးပုလင်း(ဘူးခွံမပါ)ကိုမြင်တဲ့ဆိုင်ရှင်က "ဆရာရေမွှေးပုလင်းက မမြဲဘူးထင်တယ်"တဲ့၊ မမြဲတာမဟုတ်ဘူး၊ တစ်ပုလင်းအပိုပါလာလို့ လာပြန်ပေးတာ"လို့ဆိုတော့ သူတော်တော်မျက်နှာပျက်သွားပါတယ်။ သူ့လက်အောက်ကပစ္စည်းတပ်ဆင်နေတဲ့ အလုပ်သမားလေးတွေကို "ခုနကားမှာ ရေမွှေးတပ်တာ ဘယ်သူလဲဟေ့၊ မောင်မျိုးမို့လားကွ"ဟု လှမ်းမေးလိုက်ပါတယ်။ တစ်ယောက်က "ဟုတ်တယ်ဘော့စ် ကိုမျိုးပါ"လို့ဆိုလိုက်တော့ ဆိုင်ရှင်က "ဒီကောင်ကွာ"ဆိုပြီး၊ ကျွန်တော့်ကိုတော့ "ကျေးဇူးတင်ပါတယ်ဆရာ"တဲ့။

အဲဒီ "ဒီကောင်ကွာ"ဆိုကတည်းက ကျွန်တော်မှားသွားမှန်းသိလိုက်ပါတယ်။ ကျွန်တော့်အနေနဲ့ကလည်း လွန်ခဲ့တဲ့ (၅) နှစ်လောက်က လှိုင်မဟာစည်တရားစခန်းမှာ ငါးပါးသီလကို အလွယ်မှတ်သားလို့ရအောင် "သတ်၊ ခိုး၊ လိမ်ညာ၊ သူ့အိမ်ယာဖျက်၊ သေအရက်၊ ရှောင်လျက်ထိန်းပါမည်၊ နမောဗုဒ္ဓဿအရဟံ၊ သတ္တဝါတွေကျန်းမာ၊ ချမ်းသာကြပါစေ"လို့ဆိုပြီး ငါးပါးသီလ၊ ဘုရားကန်တော့တာအပါအဝင် မေတ္တာပို့တာမှာပါဝင်တဲ့ အတိုကောက်သီလယူနည်းသင်ထားတော့ အိပ်ရာဝင်၊ အိပ်ရာထ၊ လမ်းလျှောက်၊ ကားမောင်းနေရင်း ရွတ်ဆိုနေမိပါတယ်။ ကျွန်တော့်အနေနဲ့ ကိုယ့်ပစ္စည်းမဟုတ်လို့ ပြန်ပေးဖို့ကလွဲပြီး ကျန်တာမစဉ်းစားခဲ့မိဘူး။ ပြန်ပေးလိုက်မှပဲ ကိုယ့်ကိုယ်ကို သံသယရှင်းသွားမှာလို့ ယုံကြည်နေမိပါတယ်။

ဒါပေမဲ့ ဆိုင်ရှင်ရဲ့မျက်နှာအနေအထား၊ စကားအသွားအလာနဲ့ လေသံကိုကြားရုံမျှနဲ့ အဲဒီမောင်မျိုးဆိုတဲ့လူငယ်အလုပ်မှာမသေချာတော့မှာကို တွေးမိပါတော့တယ်။ ကားဆီပြန်လာပြီးဇနီးကို အခြေအနေပြောကြပါတယ်။ "တို့တော့ မှားသွားပြီလို့"ဘာဖြစ်လို့လဲလို့ ဇနီးက မေးတော့ "တို့ကတော့ မယူသင့်တဲ့ပစ္စည်းမို့လို့ ပြန်ပေးလိုက်တာပဲ၊ ဆိုင်ပိုင်ရှင်က ရေမွှေးလာတပ်ပေးတဲ့ အလုပ်သမားလေးကို ကျေနပ်တဲ့အနေအထားမှာမရှိဘူး။ ဒီကောင်လေးမရိုးမသားတာလည်း၊ ဘာမှမတွေ့ရဘူး။ တို့နဲ့လည်း အရင်က သိလည်းမသိဘူး၊ အချိတ်အဆက်လည်း မရှိခဲ့ဘူး။ ဒါပေမဲ့ သူ့အလုပ်ကမသေချာတော့ဘူးထင်တယ်"လို့။

နောက်တစ်ပတ်လောက်ကြာတော့ ကားသော့ချိတ်ဝယ်ဖို့ အကြောင်းနဲ့ ကျွန်တော်အဲဒီဆိုင်ကို ရောက်ပါတယ်။ မောင်တင့်လည်း သိချင်တာနဲ့ အလုပ်သမားလေးတစ်ယောက်ကို "မောင်မျိုးတစ်ယောက်ရောကွ၊ မမြင်မိပါလား"လို့ မေးလိုက်ပါတယ်။ အဲဒီအလုပ်သမားလေးက "မောင်မျိုးအလုပ်ပြုတ်သွားပြီဆရာ၊ ရေမွှေးတစ်ပုလင်းမရိုးမသားလုပ်လို့ လွန်ခဲ့တဲ့တစ်ပတ်လောက်က ဘော့စ်က အလုပ်ထုတ်ပစ်လိုက်ပြီ"တဲ့။

ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကို သံသယရှင်းစေလိုလို့ပါ၊ ငါးပါးသီလမြဲလိုလို့၊ ခိုးတယ်လို့အထင်ခံရမှာ စိုးရိမ်လို့၊ ဆိုင်ရှင်ကို ရေမွှေးတစ်ပုလင်းပြန်ရစေချင်လို့ ပြန်ပေးလိုက်ရပေမဲ့လို့ မောင်မျိုးတစ်ယောက်တော့ အလုပ်ပြုတ်သွားခဲ့ရှာပါပြီ။ကျွန်တော်တွေးခေါ်မှုအားနည်းခဲ့လို့ "ငါတည်းတစ်ယောက်ကောင်းဖို့ ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း"လို့။

# နေရာသစ်မှ သင်ယူခြင်း(၂)

မြန်မာနိုင်ငံနှင့်မတူသော အမေရိကားက လမ်းစည်းကမ်းတွေထဲက တစ်ခုကို ပြောပြချင်ပါတယ်။



အဝေးပြေးလမ်းမကြီး (Freeway) တွေဟာ များသောအားဖြင့် အနည်းဆုံး တစ်နာရီ ၆၅ မိုင်နှုန်းမောင်းရမှာပါ။ (Highway)ဆိုတာ တစ်မြို့နဲ့တစ်မြို့ကြား အမြန်မောင်းလို့ရတဲ့လမ်းတွေကို ခေါ်ပါတယ်။ ဖရီးဝေးလမ်းများမှာငွေကောက်ခံတဲ့ (Toll Gate)တွေမရှိပါဘူး။ သတ်မှတ် ၆၅ မိုင်ထက် ၅ မိုင်လောက်ပိုမောင်းရင် ရဲက သိပ်မဖမ်းလိုပါဘူး။ အနှေးမောင်းချင်ရင် ဒါမှမဟုတ် ဖရီးဝေးကနေထွက် (Exit)ချင်ရင် ညာဘက်ကပ်လျက်လမ်းကို (Lane Change)ပြောင်းသွားရပါမယ်။ ယေဘုယျအားဖြင့် ညာဘက်ကပ်လေလေ နှေးလေလေပါ။ ကားတွေကို ဘယ်ဘက်ကနေ ကျော်တက်ကြရတယ် ဆိုတာတော့ အားလုံးသိပြီးသားပါပဲ။

ကားမကျပ်ဖို့၊ လမ်းပေါ်ရှိကားတွေ လျှော့ချဖို့၊ ဓာတ်ဆီသက်သာဖို့တင်မက လေထုထဲကာဗွန်ထုတ်လွှတ်မှုသက်သာဖို့ ရည်ရွယ်ပြီးတော့ လူ (၂)ယောက်၊ လူ (၂)ယောက်ထက်ပိုတဲ့ ကားများသီးသန့် အမြန်မောင်းနိုင်ဖို့ ဖရီးဝေးနဲ့ ဟိုင်းဝေးလမ်းတွေရဲ့ ဘယ်ဘက်အစွန်ဆုံးလမ်းကို (HOV-High Occupancy Vehicle)လမ်းလို့ သတ်မှတ်ထားပါတယ်။ ဆိုင်းဘုတ်သင်္ကေတပေါ်မှာ ဒိုင်းမွှန်း (ဆန့်ွင်းမကင်းအတည့်ပုံ)နဲ့ ပြပါတယ်။ လူသိပိုများတဲ့အခေါ်ကတော့ ကားပူးလမ်း (Carpool Lane)ပါ။ မော်တော်ဆိုင်ကယ်၊ ဘတ်စ်ကား၊ ခရီးသည်တင်လေအိတ်ကားတွေကတော့ ကားပူးလမ်းပေါ်အချိန်မရွေးမောင်းလို့ရပါတယ်။ အရမ်းအဆင်ပြေတာတစ်ခုက ကားလမ်းပိတ်နေတဲ့အချိန်၊ ကိုယ့်ကားပေါ်မှာလည်း ဘေးမှာအဖော်တစ်ယောက်ပါတယ်ဆိုရင် ကားတွေအားလုံးကို ကားပူးလမ်းက ကျော်တက်သွားရတာ အရသာအရှိဆုံးပါပဲ။ ဒီနိုင်ငံရောက်မြန်မာတွေအများစု လုပ်ငန်းခွင်တူရင် ကားပူးစီးကြပါတယ်။ အသွားအပြန် ၅ ဒေါ်လာနဲ့ ၁၀ ဒေါ်လာကြားပေးပြီးစီးတဲ့သူတွေရှိသလို သူ့ကားတစ်လှည့် ကိုယ့်ကားတစ်လှည့်မောင်းတာတွေလည်းရှိပါတယ်။ ကိုယ့်ကားပေါ်မှာ လူ (၃)ယောက်အနည်းဆုံးပါရင် ဆန်ဖရန် စစ္စကိုတံတားဖြတ်ခကို ဈေးလျှော့ပေးပါတယ်။ ရဲကားရှိမရှိ ချောင်းကြည့်ပြီး ကားပူးလမ်းတက် မောင်း၊ ပိတ်နေတဲ့ကားတွေကိုကျော်ပြီးရင် ညာဘက်လမ်းထဲပြန်ဝင်တဲ့ကားတွေကိုလည်းတွေ့ဖူးပါတယ်။ လူတော်တော်များများ အရေးကြီးနေကြတာမို့လို့ ကားပူးလမ်းကို ခိုးမောင်းတဲ့သူကမောင်း၊ ရဲကားက ခဏခဏဖမ်းနဲ့ လျှင်သလိုလုပ်နေကြတာပါပဲ။ နံနက် (၆) နာရီကနေ (၁၀)နာရီ၊ ညနေ(၃)နာရီကနေ (၇)နာရီကြားကာလတွေမှာ မောင်းသူတစ်ယောက်တည်းပါတဲ့ကားက ကားပူးလမ်းကို တက်မောင်းလို့ ရဲကားက ဖမ်းမိသွားရင် အနည်းဆုံး ဒဏ်ငွေ ၄၉၁ ဒေါ်လာဆောင်ရပါလိမ့်မယ်။

ကားကျပ်တဲ့ဒဏ်ကို ရှောင်နိုင်ဖို့နဲ့ မတော်တဆ ထိခိုက်မှုမရှိစေဖို့ အလုပ်သွားတဲ့အချိန် အိမ်ကစောစောထွက်တာကတော့ အကောင်းဆုံးပါခင်ဗျား။

ကိုညီညီ(တောင်ကြီး)

The HOT NEWS
Vol - 3, No - 140, 17 - 23 May, 2013

# မစ္စစ္စပီမြစ်ကမ်းမှ ဧရာဝတီသို့အလွမ်း



မိုးဟိန်း(၈၈ အရေးတော်ပုံ)

**ယခင်အပတ်မှ အဆက်**

**အမေရိကန်တို့ဘောမဲ့စောင့်ရှောက်ထားသော ဘဲများ ဘဲသားဟင်းဖြစ်သွားရခြင်း**

အမေရိကန်တို့သည် သဘာဝအလျောက်ကမ္ဘာအရပ်ရပ်မှလာရောက်ဆောင်းခိုသောဘဲများ၊ ငှက်များကိုအထူးပင်ဂရုတစိုက်စောင့်ရှောက်လေ့ရှိသည်။ ကျွန်တော်အလုပ်လုပ်သော Long Island ဒေသသည် ပင်လယ်ကမ်းစပ်ဖြစ်သဖြင့် ပင်လယ်ကွေ့ရေအိုင်များအတွင်း ဘဲများလာနေလေ့ရှိသည်။ ကမ္ဘာ့ရှားပါးဘဲငှက်များဖြစ်သည်။နံနက်စောစောတွင်တစ်ခါ၊ ညနေစောင်းလျှင်တစ်ခါဘဲများကကမ်းပေါ်မှကားလမ်းကိုဖြတ်လျှောက်ကာ အိပ်တန်းဝင်မည့်ရေကန်ထဲသို့ပြန်ကြသွားကြသည်။

၎င်းဘဲအုပ်ကြီးတန်းစီ၍တက်လိုက်၊ ဆင်းလိုက်လုပ်တိုင်းကားအသီးသီးမီးပွိုင့်အနီမိထားသလို ရပ်ပြီးစိတ်ရှည်လက်ရှည်စောင့်ကြရလေလည်း။ ကျွန်တော်လည်းအကြိမ်များစွာကြုံဖူးလေသည်။

တစ်နေ့တွင် မြန်မာပြည်မှရောက်လာသော ကရင်လူမျိုးတစ်ဦးသည်၎င်းဘောမဲ့ပေးထားသော ဘဲကို ကန်ထဲသို့ဆင်းဖမ်းပြီး အိမ်တွင်းဘဲသားဟင်းချက်စားလိုက်လေသည်။ ဘဲကောင်ရေကိုသက်ဆိုင်ရာမှရေတွက်ထားခြင်းနှင့် လုံခြုံရေးကင်မရာတွင် တွေ့ရှိလိုက်ခြင်းတို့ကြောင့် ထိုမြန်မာပြည်သားအား ရဲမှလာရောက်ဖမ်းဆီးကာ အမှုဖွင့်လိုက်လေသည်။ ၎င်းသတင်းသည်ဒေသဆိုင်ရာသတင်းစာတွင်ပါခဲ့လေသည်။ ထိုမြန်မာပြည်သားမှလည်း တရားသူကြီးအားသူမှာအပြစ်မရှိကြောင်း၊ မြန်မာပြည်တွင်တောတောင်ကျေးလက်ဒေသတွင် သူနေထိုင်ခဲ့စဉ်ကာလတစ်လျှောက်လုံးပိုင်ရှင်မရှိသည့်ကြက်၊ ဘဲငှက်တို့ကို မည်သူမဆိုဖမ်းဆီးစားသောက်ခွင့်ရှိခဲ့ကြောင်းဖြင့် ထုချေရှင်းလင်းလေသည်။ နောက်ဆုံးတရားသူကြီးက ဤမြန်မာပြည်သားသည်အမေရိကန်မြေကို ရောက်သည်မှာလည်းရက်ပိုင်းလပိုင်းသာရှိသေးခြင်း၊ အမေရိကန်ဥပဒေနှင့် ယဉ်ကျေးမှုဓလေ့ကိုလည်းအသားမကျသေးခြင်းတို့ကို ငဲ့ညာ၍ဒဏ်ငွေအနည်းငယ်တပ်၍ အပြစ်မှလွတ်ပေးလိုက်သည်။

**ကျွန်တော်၊ မိုးသီးဇွန်၊ ဆရာတင်မိုးနှင့် အမေရိကန်အဝေးပြေးလမ်းများ**

အမေရိကန်တွင် ယာဉ်မောင်းလိုင်စင်ရပြီးနောက် နယူးယောက်မြို့တွင်းတွင်လအနည်းငယ်အတွင်းကျွမ်းကျင်စွာမောင်းနိုင်ခဲ့ပါသည်။ သို့ရာတွင် ပြည်နယ်ချင်းဆက်အဝေးပြေးလမ်းမများ 'Inter State Highway' တွင်မူ မမောင်းရဲသေးပေ။ ကျွန်တော်ပထမဆုံးနယူးယောက်မှ ဝါရှင်တန်ဒီစီမြို့တော်သို့မိုင် ၂၅၀ အဝေးပြေးလမ်းမှမောင်းမည့်ခရီးစဉ်ကို ပထမဆုံးကျွန်တော်ညာဘက်ဘေးတွင် စီးနင်းလိုက်ပါခဲ့သည့်လူသားမှာ မိုးသီးဇွန်ဖြစ်လေသည်။ ကျွန်တော့်ဘေးတွင် စကားပြောဖော်အဖြစ်ပြောဆိုရင်း ဘယ်လိုမောင်းညာလိုမောင်းဘယ်ကိုယူလိုက် ဒီလိုလေးလုပ်လိုက်ဖြင့် သတိရှိရှိလိုက်ပါခဲ့ခြင်းဖြစ်သည်။ လမ်းကြောင်းယူရာတွင် မှားယွင်းသွားသဖြင့် တခြားမြို့ငယ်ကလေးများသို့မှား၍ ရောက်သွားလိုက်၊ လမ်းမပေါ်ပြန်ရှာပြီးတက်လိုက်ဖြင့်အတူတူမောင်းခဲ့ကြရသည်။ တစ်ခါတစ်ရံသတိမမှတ်အရှိန်ထက်လျှော့မောင်းသဖြင့် တခြားကားများက ဟွန်းတီးကာမကျေနပ်ကြောင်းပြသသွားကြသည်။ မိုးသီးဇွန်ပထမဆုံးအဝေးပြေးလမ်းမပေါ်တက်မောင်းသည့်နေ့ကသူ၏ညာဘက်ထိုင်ခုံတွင်သတ္တိရှိရှိအပူပင်ကင်းကင်း လိုက်ပါစီးနင်းပေးခဲ့သောသူရဲကောင်းမှာ ကျွန်တော်တို့၏ ကဗျာဆရာကြီးတင်မိုးဖြစ်ခဲ့သည်။ မိုးသီးဇွန်၏ ဟိုမှားဝင်၊ ဟိုမှားထွက် ဟိုပြန်တက်၊ ဟိုပြန်ယူဒယိမ်းဒယိုင်ခရီးကြမ်းကို ဆရာကြီးတင်မိုးက မငြိုမငြင် အေးအေးလူလူဖြင့် ပင်လိုက်ခဲ့သည်။ ဆရာတင်မိုးကပြောလိုက်သေးသည်။ 'မိုးသီးမင်းကားမောင်းတာ တော်တော်စီးလို့ ကောင်းတယ်ကွာ' တဲ့။ ဆရာတင်မိုး သည် မိုးသီးဇွန်၏ ဝါရှင်တန်ဒီစီဝက်ပါ ခရီးစဉ်ကြီးကို အေးချမ်းပျော်ရွှင်စွာလိုက်ခဲ့သူဖြစ်သည်။

မိုးသီးဇွန်မောင်းသောအဝေးပြေးခရီးစဉ်များတွင် ကျွန်တော်အကြိမ်များစွာလိုက်ခဲ့ဖူးပါသည်။ မိုးသီးဇွန်မှာ အဝေးပြေးလမ်းများတွင် ကောင်းမွန်စွာမောင်းတတ်သလောက်နယူးယောက်ဝါရှင်တန်ချီကာဂိုအစရှိသောမြို့ကြီးများထဲတွင်မူ စိတ်ပျက်စရာကောင်းလောက်အောင်မောင်းတတ်သူဖြစ်သည်။

နောက်ဆုံး ၂၀၀၇ ခုနှစ်ထဲတွင် အင်ဒီယားနားပြည်နယ်တစ်နေရာတွင်သာကျော်မောင် (ရုပ်ရှင်မင်းသားကြီးဦးအောင်လွင်၏သား)၏ အသစ်စက်စက်ဝယ်ယူထားခါ စကားကြီးကို မိုးသီးဇွန်မောင်းလာစဉ် Accident ဖြစ်လေရာ အတော်ကြီးပင်ပျက်စီးသွားလေသည်။ ကားပေါ်တွင်ပါလာသူ ၄ ဦးစလုံးအသက်ရှင်သော်လည်း သာကျော်မောင်တို့ ၄ ဦးမှာတစ်ပတ်ခန့် ညဘက်ညဘက်များတွင်ကယောင်ကတမ်းဖြင့် တစ်ချက်တစ်ချက်လန့်ဖျန့်ရင်း ထထအော်နေခဲ့ရကြောင်းကြားသိရလေသည်။

**အမေရိကန်ပါဝါနှင့် အမေရိကား၏ Highway လမ်းများ**

နယူးယောက်မြို့လယ် (မန်ဟက်တန်) ချီကာဂိုမြို့လယ်၊ L.A D.C စသည့်မြို့ကြီးများ၏မြို့လယ်ကောင်တိုက်မြင့်ကြီးများမှလွဲ၍ ကျန်အမေရိကန်နိုင်ငံတစ်ခုလုံးပြည်နယ် '၅၀' စလုံးတွင် တစ်ထပ်အိမ် ၂ ထပ် အိမ်များခြံနှင့် အိမ်များဖြင့်သာအမေရိကန်တို့နေကြသည်။ နိုင်ငံမှာကျယ်ဝန်းသဖြင့် အိမ်အမြင့်များဆောက်၍မနေကြ။ ခြံအကျဉ်းအကျယ်သာကွာသည်။ တစ်ထပ်အိမ်သာများပါသည်။ သို့သော် ခြံနှင့် အိမ်များအားလုံးတွင်တူညီသောအချက်မှာ လူနေအိမ်များ၏နောက်ဘက်ခြံဝင်းထဲတွင် ဂိုဒေါင်တစ်လုံး စီတော့အနည်းဆုံးရှိကြစမြဲဖြစ်သည်။ ဂိုဒေါင်ဟုသာဆိုသည်။ တကယ်တော့ Workshop များပင်ဖြစ်သည်။ ပစ္စည်းသိမ်း၍ရသည်။ ကားပြင်ပစ္စည်းအားလုံးနီးပါးရှိသည်။ ကားဘော်ဒီပြင်၍ရသည်။ တချို့မှာ ဂဟေဆော်စက်၊ တွင်ခုံစသည်ဖြင့် အိမ်တွင်းစက်မှုစက်ဖြင့် အသေးစားသဘောမျိုးပင်ဖြစ်သည်။ မိမိကား၊ မိမိလယ်ထွန်စက်စသည်တို့ကို မိမိတို့မိသားစုကိုယ်တိုင်ဖြုတ်နိုင်တတ်နိုင်ပြင်နိုင်ကြသည်။

အမေရိကန်လယ်သမားမိသားစုများဆိုလျှင် မိသားစုတစ်ခုကလယ်ဧကရာထောင်ချီ၍ လယ်ထွန်စက်၊ ရိတ်သိမ်းစက်များ အကူအညီဖြင့် မိသားစုတစ်ခုထဲကလုပ်နိုင်သည်။ အမေရိကန်လယ်သမားကြီး၏ သမီးဖြစ်သူများက ကိုယ်တိုင်လယ်ထွန်စက်တက်မောင်း၊ ကိုယ်တိုင်ရိတ်သိမ်း၊ ကိုယ်တိုင်စိုက်ပျိုးရေးကိရိယာတန်ဆာပလာတို့ကို ကိုင်တွယ်သုံးစွဲတတ်ကြသည်။ အမေရိကန်လယ်သမား ယာသမားများတွင် အမျိုးသမီးငယ်ငယ်များသည်ပင် အားကောင်းမောင်းသန်သူများဖြစ်ကြသည်။

**ဂျပန်ဘုရင်တပ်မတော် (ရေ) ဦးစီးချုပ် General Yamamoto) ယာမာမိုတိုနှင့် အမေရိကား**

၁၉၄၁ ခုနှစ်တွင် ပစိဖိတ်သမုဒ္ဒရာထဲရှိ ပုလဲဆိပ်ကမ်းကို ဂျပန်ကဗုံးကြဲတိုက်ခိုက်ရန် အစည်းအဝေးကို ဂျပန်စစ်ဌာနချုပ်တွင်ပြုလုပ်ခဲ့သည်။ ၎င်းအစည်းအဝေးတွင် ဂျပန်ဘုရင့်ရေတပ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီးယာမာမိုတိုက ဂျပန်အနေဖြင့် အမေရိကန်နှင့် စစ်ဆင်နွှဲခြင်းကို ကန့်ကွက်ခဲ့ပါသည်။ ဂျပန်သည်အမေရိကန်နှင့် စစ်ဖြစ်ပါကနိုင်မည်မဟုတ်ကြောင်း အကျိုးအကြောင်းနှင့် ရှင်းပြပါသည်။ အမေရိကန်တစ်နိုင်ငံလုံး၏ အိမ်များတွင် စက်မှုလုပ်ငန်းစက်ရုံငယ်များအားလုံးရှိနေကြောင်း အမေရိကန်အားလုံးနီးပါးသည် စက်မှုလက်မှုကိုနားလည်နေသူများဖြစ်ကြောင်းစသည်ဖြင့်တင်ပြသည်။ သို့သော် ယာမာမိုတိုအဆိုရှုံးနိမ့်သွားသည်။

ယာမာမိုတိုသည်စစ်ကောင်စီနှင့် နိုင်ငံတော်က ပေးအပ်လာသော အမေရိကန်တို့အပေါ်စစ်ဆင်နွှဲရေးကို ဦးထိပ်ပန်ဆင်၍ ထမ်းဆောင်သွားပါသည်။ (ဗိုလ်ချုပ်ကြီးယာမာမိုတိုသည်အမေရိကန်ကားတွင်ပညာတော်သင်ဘဝဖြင့် ၅ နှစ်နီးပါးနေထိုင်ခဲ့ဖူးပြီး အမေရိကန်တွင် မိတ်ဆွေအများအပြား ရှိခဲ့လေသည်။ ၁၉၄၁ ဒီဇင်ဘာ ၇ ရက်တွင် ယာမာမိုတို၏ဂျပန်ရေတပ်က အမေရိကန်ပုလဲဆိပ်ကမ်းကို ဗုံးကြဲဖျက်ဆီးနိုင်ခဲ့သော်လည်း ၁၉၄၅ ဩဂုတ်လ ၁၅ ရက်နေ့တွင် ယူအက်စ်အက်စ်မစ်ဇူရီ(USS Missuri) စစ်သင်္ဘောကြီးပေါ်တွင် ဂျပန်က အမေရိကန်ဗိုလ်ချုပ်ကြီး မက်အာသာထံသို့ ခြွင်းချက်မရှိလက်နက်ချ(Un conditional Surrander) ခဲ့ရလေသည်။

**တပ်မတော်ထဲသို့ အမျိုးသားတိုင်း စစ်မှုထမ်းရခြင်းစနစ်**

အမေရိကန်ပြည်သည်စစ်မက်ထူပြောသောနိုင်ငံဖြစ်သည်။ အမေရိကန်တို့၏မြေပေါ်တွင် လွတ်လပ်ရေးစစ်ပွဲ (၁၇၇၆) နှင့် ပြည်တွင်းစစ် (၁၈၆၁-၆၅) မှလွဲ၍ မည်သည့်ကမ္ဘာစစ်ပွဲမျှဖြစ်ပွားခဲ့ဖူးခြင်းမရှိခဲ့ချေ။ အမေရိကန်တို့၏ စစ်မက်များမှာ (Oversea) ရပ်ဝေးမြေခြားတွင်သာဖြစ်သည်။

ပထမကမ္ဘာစစ် (၁၉၁၄-၁၈) ဒုတိယကမ္ဘာစစ် (၁၉၃၉-၄၅) ကိုရီးယားစစ် (၁၉၅၀-၅၂) ဗီယက်နမ်စစ်ပွဲ (၁၉၇၁-၇၉) အီရန်စစ်ပွဲ-အာဖဂန်စစ်ပွဲများတွင် အမေရိကန်တို့ အဓိကပါဝင်တိုက်ခိုက်ခဲ့သူများဖြစ်သည်။ အကျအဆုံးနှင့်ပျောက်ဆုံးဒဏ်ရာရအမေရိကန်လူငယ်တို့မှာ သန်းနှင့် သိန်းနှင့် ချီနေခဲ့သည်။

ထိုအကြောင်းများကြောင့် အသက် ၁၆ နှစ်ပြည့်ပြီးသော လူငယ်အမျိုးသားတိုင်း S.S.S တပ်မတော်မှဆင့်ခေါ်သည့်နေ့တွင် စစ်မှုထမ်းဆောင်ပါမည်ဟုဝန်ခံချက်ရေးထိုးကြရသည်။ ၁၆ နှစ်ပြည့်သည်မှ ၁၈ နှစ်အတွင်း မပျက်မကွက်တပ်မတော်စစ်သားစုဆောင်းရေး S.S.S သို့ အင်တာနက်မှုဖြစ်စေ၊ စာတိုက်မှုဖြစ်စေ၊ မိမိနေရပ်နှင့် ကိုယ်ရေးအချက်အလက်များသတင်းပေးပို့ထားကြရပါသည်။ တပ်မတော်ကလိုအပ်သောအချိန်တွင် စစ်သင်တန်းတက်ရောက်ရန် ဆင့်ခေါ်ပါသည်။ စစ်သင်တန်းတက်ပြီးပါက နိုင်ငံအတွက် ၂ နှစ်တိတိစစ်မှုထမ်းရပါသည်။ ၂ နှစ်ပြည့်မြောက်ပါက ဆက်လက်တာဝန်ထမ်းဆောင်ချင်လျှင်လည်းရသည်။ ဆန္ဒမရှိတော့ပါကတပ်မတော်မှ နုတ်ထွက်နိုင်ခွင့်ရှိသည်။

စစ်ပြန်များအနေဖြင့် ကောလိပ်တက္ကသိုလ်ပညာရပ်များအတွက်အခမဲ့ဆက်လက်ပညာသင်ယူခွင့်ခံစားနိုင်ခွင့်ရှိသည်။ အလုပ်အကိုင်ရှာဖွေသည့်အခါစစ်ပြန်များက စစ်ပြန်ခံစားခွင့်အမှတ် (ပွိုင့်)ထည့်ပေါင်း၍စဉ်းစားခံရသည်။

အမေရိကန်ပြည်တွင် တပ်မတော် ၄ ခုရှိသည်။ Army ကြည်းတပ်မတော်၊ Navy ရေတပ်မတော်၊ Airforce လေတပ်မတော်၊ Marine Corps မာရိန်းတပ်မတော်ဟူ၍ဖြစ်သည်။

ထူးခြားသည်မှာ Army မှလွဲ၍ ကျန်တပ်မတော်၃ခုစလုံးတွင် မိမိတို့၏ကိုယ်ပိုင်လေတပ်ဖွဲ့သီးခြားစီရှိပါသည်။ အမေရိကန်ပြည်တွင် တပ်သားအင်အား (၈၀၀၀) ဝန်းကျင်တင်ဆောင်ထားသောလေယာဉ်တင်သင်္ဘော (၁၈) စင်းရှိပါသည်။

**မစ္စစ္စပီမြစ်ကမ်းမှ ဧရာဝတီမြစ်ကမ်းသရက်မြို့သို့အလွမ်း**

တစ်ခုသော ညနေခင်းတွင် ကျွန်တော်သည်မစ္စစ္စပီမြစ်၏ကမ်းပါးတစ်ခုတွင် လမ်းလျှောက်ကာမြစ်အတွင်းမှတိုက်ခတ်လာသော လေပြည်လေညင်းကို မြတ်နိုးစွာရှူရှိုက်ရင်း ဇာတိမြေဧရာဝတီမြစ်ကမ်းပါး သရက်မြို့မြစ်ကမ်းသို့လွမ်းလျက် ရှိနေခဲ့သည်။

သရက်မြို့သည်ဧရာဝတီမြစ်၏အနောက်ဘက်ကမ်းတွင် ထင်ရှားအရေးပါသော ခရိုင်မြို့ဖြစ်သည်။ ဗြိတိသျှခေတ်က အုပ်ချုပ်ရေးအချက်အချာဖြစ်သလိုဖက်ဆစ်တော်လှန်ရေးကာလ (၁၉၄၅) က ဗိုလ်ချုပ်အောင်ဆန်း၏ စစ်ဌာနချုပ်တည်ရှိရာအရပ်လည်းဖြစ်ခဲ့သည်။

ထိုစဉ်ကဗိုလ်ချုပ်အောင်ဆန်း၏စစ်ဌာနချုပ်မှာ သရက်မြို့အနောက်ဘက်ပိတောက်ပင်ကျေးရွာအနီးတောနက်ထဲတွင်ရှိခဲ့သည်။ ကျွန်တော်သည် ၁၉၈၈ နှင့် ၁၉၉၂ ခုနှစ်များဆီက ထိုပိတောက်ပင်ကျေးရွာသို့ရောက်ရှိခဲ့ဖူးသည်။

သရက်မြို့သည် ၁၉၈၈ ရှစ်လေးလုံးအရေးတော်ပုံကာလက ကျွန်တော်တို့ DPNS လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ အင်အားတောင့်တင်းခိုင်မာသော အမာခံရဲဘော်များရှိခဲ့ရာ အရပ်ဒေသလည်းဖြစ်သည်။ အကြောင်းမှာ သရက်မြို့မြောက် မင်းတဲအရပ်နေ ဦးလှနွယ်၏သား ယုနိုင်မှာ ကျွန်တော်နှင့် ရန်ကုန်တက္ကသိုလ်တွင် အချစ်ဆုံးသူငယ်ချင်းများဖြစ်ကြသည်။ ယုနိုင်၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ အခြားသရက်မြို့မှရဲဘော်များ၏ကြိုးပမ်းမှုကြောင့် သရက်တွင် DPNS ရုံးဖွင့်နိုင်ခဲ့ပြီး သရက်မြို့လူထု၏ထောက်ခံမှုကို အခိုင်အမာရရှိခဲ့သည်။ သရက်မှ ရဲဘော်သန်းနိုင်မှာ DPNS တွင် ကျွန်တော်၏ သစ္စာရှိအမာခံရဲဘော်ဖြစ်လာခဲ့သည်။

ဆက်လက်ဖော်ပြပါမည်

The HOT NEWS

Vol - 3, No - 140, 17 - 23 May, 2013

လွတ်လပ်မှုအတော်အသင့်ရလာသော ဤဘက်ခေတ်တွင် မြို့ရွာအများအပြား၌ 'လူငယ်ပရဟိတအသင်း' များ ပေါ်လာသည်ကို ထင်ထင်ရှားရှားမြင်ရသည်။ ခေတ်အတွက် အပေါင်းလက္ခဏာဖြစ်၏။ စင်စစ်လူငယ်ဟူသည်တက်ကြွ၏။ အားမာန်ရှိ၏။ လုပ်ချင်ကိုင်ချင်စိတ်ရှိ၏။ တာဝန်ယူချင်၏။ ပါဝင်လှုပ်ရှားချင်၏။ ဤအချက်အားလုံးကို ယခင်ကလုပ်ခွင့်မသာခဲ့ပေ။ လူငယ်တွေ စုဝေးလျှင် တိုင်းပြည်ကို ပုန်ကန်မည်ထင်ခံရသည်။ အုပ်ချုပ်သူများကို ဆန့်ကျင်မည်ဟုစိုးရိမ်ကြသည်။ ထိုအခါလှုပ်ရှားချင်သော လူငယ်အင်အားစုသည်လုပ်၍ရသောကိစ္စများကို ဆိုးမှန်းကောင်းမှန်းမဝေခွဲနိုင်ဘဲ လုပ်ကြရာ မူးယစ်ဆေးစွဲလမ်းသရဲများ ပေါ်ပေါက်ခဲ့ရသည်။

ယခုအခါမှာ 'လမ်းသရဲ' ဟူသော ဝေါဟာရပင်ပပျောက်သွားပြီ။ 'လူငယ်' ဟူသော စုစည်းမှုဖြင့် 'ပရဟိတအသင်း' တံဆိပ်တပ်ကြသည်။ ရပ်ကွက်အလိုက် အဖွဲ့ဝင် ၅၀၊ ၁၀၀ ရှိကြသည်။ သူတို့ဘာလုပ်ကြသနည်း။ ရပ်ကွက်သာရေးနာရေးမှာပါဝင်ကြ၏။ ဆွမ်းလောင်းသင်း၊ နာရေးကူညီမှုအသင်း၊ သန့်ရှင်းရေးအသင်းစသဖြင့် အဆင်ပြေသလိုလုပ်ကြရာက ခေတ်ရှေ့ပြေးသောလူငယ်များက 'စာဖတ်

ပူးပေါင်းကျင်းပကြသည်။ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ထောက်ခံချက်ယူရန်အကြောင်းမရှိတော့ပေ။ မည်သည့်အဖွဲ့အစည်း၏ ဩဇာခံမှုမဟုတ်ဘဲ မိမိတို့ဘာသာစိတ်တိုင်းကျစာရေးဆရာများ ဖိတ်ကြားခြင်း ကြို့ဆိုခြင်း၊ ဧည့်ခံခြင်းစသည်တို့ကို ညီညီညွတ်ညွတ်နှင့် တာဝန်ခွဲဝေလုပ်ကိုင်နေကြလေပြီ။

ဤတွင် ပြဿနာတစ်ခုရှိလာ၏။

တစ်မြို့တည်းမှာပင်သဘောထားမတူသော အုပ်စုများရှိရာ၊ အုပ်စုတစ်ခုက စာပေဟောပြောပွဲလုပ်သွားလျှင် နောက်အုပ်စုတစ်ခုကလည်း သီးခြားတစ်ပွဲလုပ်ချင်သဖြင့် 'ပွဲခေါင်းစဉ်' ရှာကြရလေသည်။ ဤသို့ဖြင့် တစ်မြို့တည်းမှာပင် စာဆိုသော်လအထိမ်းအမှတ်သာမက အခြားခေါင်းစဉ်များပေါ်လာကြ၏။ ပညာရည်မြင့်မားရေးဟောပြောပွဲ၊ စာရိတ္တဟောပြောပွဲ၊ သဘာဝပတ်ဝန်းကျင်ဟောပြောပွဲစသဖြင့် အမျိုးမျိုးပေါ်လာလေသည်။

ယခုနှစ်ကျွန်မတို့သွားခဲ့ရသော ဘိုကလေးဟောပြောပွဲကား 'ဂျာနယ်ကျော်မမလေးအထိမ်းအမှတ်စာပေဟောပြောပွဲ' တည်း။ဘိုကလေးသည်စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေး၏ဇာတိဖြစ်၏။ ဤအကြောင်းရင်းကိုယူကာ စာပေဟောပြောပွဲပြုလုပ်ကြခြင်းဖြစ်၏။ ဦးဆောင်

ဘိုကလေးမျိုးဆက်သစ်လူငယ်များအဖွဲ့၏ ရန်ကုန်တာဝန်ခံက လှည်းတန်းမှာကျောင်းတက်နေသူဖြစ်ရာ ဖိတ်ကြားရေးကြို့ဆိုရေးအားလုံးလုပ်တတ်ကိုင်တတ်ရှိ၏။ သူတို့အဖွဲ့တွင် လူငယ်၊ လူလတ်ပိုင်းပန်းချီဆရာရှိသည်။ ဂျာနယ်ကျော်မမလေး၏ ဓာတ်ပုံကို သူတို့ကိုယ်တိုင်ပုံတူဆွဲသည်။ စာရေးဆရာများကို ကြို့ဆိုပြီး နေရာတိုင်းခင်းပေးရန်အတွက်ကလည်း လူငယ်များအားအမြဲပံ့ပိုးသော တည်းခိုခန်းပိုင်ရှင်ရှိသည်။ ရန်ကုန်မှ နိုင်ငံရေးဧည့်သည်များကို ဖိတ်လျှင်လည်း ဤတည်းခိုခန်းမှာပင် တည်းခိုနေရာချပေးကြမြဲဟုဆိုသည်။ ဤသို့ပြုလုပ်ရခြင်းကို တည်းခိုခန်းပိုင်ရှင်ကလည်းဂုဏ်ယူလေသည်။

ဆရာကြည်မင်း၊ ဆရာကိုရွှေအောင်သင်းနှင့် ကျွန်မတို့စာရေးဆရာသုံးဦးသည် ရန်ကုန်မှ ဘိုကလေးသို့ကားဖြင့် ထွက်ခဲ့ကြ၏။ ရန်ကုန်တာဝန်ခံလူငယ်က သွက်လက်စွာ ဖုန်းတစ်လုံးနှင့် ဆက်သွယ်နေသည်။ ဘာတစ်ခုမျှ မလစ်ဟင်းရပေ။ ရန်ကုန်-ဘိုကလေးကားလမ်းကလည်း ချောမွေ့နေပြီ။ လမ်းကောင်းသဖြင့် ခရီးတွင်သည်။ ဆရာကိုရွှေအောင်သင်းက နောက်ရက်နံနက်စောစောခရီးထွက်စရာရှိသဖြင့် သူ့မိဘအိမ်မှကားကိုယူလာသည်။

# ဂျာနယ်ကျော်မမလေး အမှတ်တရ



သင်း' များဟူ၍ အသွင်ပြောင်းကြလေသည်။ စာကြည့်တိုက်အဖြစ်ဖော်ဆောင်ရေးက ငွေကြေးလိုသဖြင့် စာဖတ်သင်းကလေးများကို ထူထောင်ပြီး လှုပ်ရှားမှုအဖြစ် 'စာပေဟောပြောပွဲ'များကို ပြုလုပ်ကြလေသည်။

၂၀၁၀ နောက်ပိုင်းဖွံ့ဖြိုးလာသော စာပေဟောပြောပွဲများကို မြို့နယ်၊ ရပ်ရွာအလိုက်ပြုလုပ်ကြရာ လူကြီးများကလည်း ပံ့ပိုးကြသည်။ ယခင်က အနည်းအကျဉ်းမျှသော ဟောပြောပွဲလေးများကို စာပေအဖွဲ့အစည်းတစ်ခုက ထောက်ခံချက်ပေးမှ လုပ်ခွင့်ရသလိုလို ယူဆခဲ့ကြ၏။ ဗဟိုကထောက်ခံရန်လိုသည်ဟုပင် တလွဲယူဆခဲ့ကြသေးသည်။ ဟောပြောပွဲကို စာပေအဖွဲ့အစည်းကသာဦးဆောင်ပြီး စင်ပေါ်တွင် သဝဏ်လွှာတွေဖတ်ခြင်း၊ အဖွင့်အမှာစကားပြောခြင်းစသော မလိုအပ်သည့်အပိုကိစ္စတွေလုပ်ခဲ့ကြရ၏။

ယခုအခါမူ ခေတ်ပြောင်းသွားပြီ။

စာပေဟောပြောပွဲကို လူငယ်များကဦးဆောင်နေကြသည်။ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးထံ တင်ပြပြီး ရပ်မိရပ်ဖများနှင့်

## ရွှေကူမေနှင်း

သူများမှာ လူငယ်များပင်ဖြစ်၏။ သူတို့မြို့မှာက လူငယ်ပရဟိတအသင်းရှိပြီးဖြစ်သည်။ ထိုလူငယ်များသည် နာရေးကူညီခြင်းလည်းလုပ်ကြ၏။ ဘုန်းကြီးတရားပွဲများလည်းလုပ်ကြ၏။ ယခုစာပေဟောပြောပွဲလုပ်ကြခြင်းဖြစ်သည်။ လုပ်ရည်ကိုင်ရည်အတွေ့အကြုံရှိပြီးဖြစ်သဖြင့် အစစအဆင်ပြေသည်။

စာရေးဆရာများဖိတ်ရန်သူတို့အချင်းချင်းညှိနှိုင်းတိုင်ပင်ကြ၏။ ဦးစားပေးစာရင်းပြုစုကြ၏။ ဘယ်သူမရလျှင် ဘယ်သူ့ကိုဖိတ်ရန်စသဖြင့် စာရင်းလုပ်ကြခြင်းဖြစ်၏။ ယခုခေတ်က မိုဘိုင်းဖုန်းတွင်ကျယ်ရာ ရန်ကုန်ရှိစာရေးဆရာများကို ဖုန်းဖြင့် ဖိတ်ကြားနိုင်သည်။ စာရေးဆရာများကို အိမ်တိုင်ရာရောက်သွားဖိတ်ရန်မလိုပေ။ ဆရာများ နံပါတ်များရယူပြီး ဆက်ရုံဖြစ်ရာရှေးကလို ရန်ကုန်ဆင်းရသော စရိတ်မရှိချေ။ အချို့လူငယ်အဖွဲ့များက ရန်ကုန်မှာလည်း သူတို့လူငယ်များရှိနေရာ ပို၍ပင်လွယ်ကူသွားသည်။

ဟောပြောပွဲပြီးပြီးချင်း ရန်ကုန်ပြန်လို၍ဖြစ်၏။ ဆရာကြည်မင်းကလည်း နံနက်ပိုင်းစာသင်စရာရှိသဖြင့် ညတွင်းချင်းပြန်ချင်သည်။ ကျွန်မလည်း ပင်ပန်းတာမမှုအား၊ သူတို့နှင့် လိုက်ပြန်ရ၏။

ဘိုကလေးလူငယ်များကားထောင့်စေ့လှသည်။ သူတို့မြို့ရောက်ရောက်ချင်း စကားပိုင်းလေးလုပ်သည်။ သတင်းထောက်တွေရောက်လာပြီး ကာလအဖြစ်အပျက်များနှင့် ပတ်သက်သည့်ကိစ္စအင်တာဗျူးလုပ်သည်။ မြို့ကိုအပြေးအလွှားပတ်ပြသည်။ ညစာမစားဖြစ်ဘဲဟောပြောပွဲခန်းမသို့သွားရသည်။ ခန်းမရှေ့မှာ စာအုပ်ရောင်းချလက်မှတ်ထိုးပွဲလုပ်သည်။ စာအုပ်အထူကြီးတွေ မရောင်းရမှာစိုးပြီး နည်းနည်းလေးယူသွားရာ မလောက်မငဖြစ်သွားသည်။ ဘိုကလေးတွင် စာဖတ်အားကားမသေးချေ။ စာအုပ်ဝယ်ယူဖို့လည်း လက်မနှေးဖြန့်ချိရေးမစေ့ငှသဖြင့် ကျွန်မတို့စာအုပ်များသူတို့ဆီမရောက်သဖြင့် ယခုသယ်လာသမျှ အကုန်ဝယ်ကြခြင်းဖြစ်၏။

မြို့လယ်ဓမ္မာရုံကြီး၌ ဟောရ၏။ ဂျာနယ်ကျော်မမလေးအကြောင်းအရာ ကြည်မင်းကဂုဏ်ပြုစကားပြောသည်။ ကျွန်မက ဂျာနယ်ကျော်မမလေး၏ စာများနှင့် ကြီးပြင်းခဲ့ရ၍ အားကျခဲ့ရပုံကိုပြောပါသည်။ ဂျာနယ်ကျော်မမလေး၏ သားမိုးဟိန်း (ကွယ်လွန်) နှင့် ကျွန်မက တက္ကသိုလ်သို့တစ်နှစ်တည်းရောက်သော ငယ်သူငယ်ချင်းဖြစ်ကြောင်းပြောရသည်။ ဆရာကိုရွှေအောင်သင်းက လူငယ်အားမာန်ကိုဟောသည်။ ဟောပြောပွဲကို ည ၁၂း၀၀ နာရီမှာ သိမ်းပြီးမှ ရန်ကုန်မပြန်မီညစာစားပါသည်။ သူတို့အားလုံးပျော်နေကြသည်။ တစ်ခုပဲကွက်လပ်ရှိနေ၏။ ဂျာနယ်ကျော်မမလေး၏ မိသားစုသားမြေးများမရှိခြင်းပါ။

# ကလေးများဘဝကို ဖျက်ဆီးနေသော ပဋိပက္ခများ

## ဒေါက်တာစိန်စိန်သိန်း

မကြာမီ ပဋိပက္ခကြားမှ ကလေးငယ်များ အရေးကကြီးထွားလာတော့မည့် ပြဿနာတစ်ရပ်ဖြစ်ရန်တာဆူနေလေပြီ။ လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်မှုများစွာထဲတွင် ကလေးများကိစ္စကို ထည့်သွင်းစဉ်းစားရတော့မည်ဖြစ်၏။ သိပ်ကိုအရေးကြီးပါသည်။ မိဘမဲ့ရခြင်း၊ အကြမ်းဖက်ခံရခြင်း၊ နေရာရွှေ့ပြောင်းခံရခြင်း၊ ဆင်းရဲနွမ်းပါးရခြင်း၊ စိတ်ဆင်းရဲဒုက္ခခံရခြင်း၊ အာဟာရဓာတ်ညံ့ဖျင်း လာခဲ့ခြင်းနှင့် တစ်ခါတစ်ရံတွင် အဓမ္မသိမ်းသွင်းခံရခြင်းတို့လည်း ပါဝင်သည်။ ကချင်နှင့်ရှမ်းမှာ ကြုံနေရပြီ။ ပဋိပက္ခဖြစ် ပွားနေစဉ်နှင့်ဖြစ်ပြီးနောက်တို့တွင် မိန်း ကလေးများကို လိင်မှုအကြမ်းဖက်ခြင်း၊ ညှဉ်းပန်းဖိနှိပ်စက်ခြင်း၊ မတရား အမြတ် ထုတ်ခြင်းများကိုလည်း ကြုံတွေ့နေကြရ၏။ မြင်နေရ၊ ကြားနေရပြီဖြစ်ပါ၏။ ငြင်းရန်ပင်မရှိပါ။ ပဋိပက္ခများ၏ရှေ့မှာ ဆင်းရဲနွမ်းပါးမှုကို ကလေးရော၊ လူကြီး ပါခံစားကြရတော့သည်။ ဆင်းရဲသော နိုင်ငံများ၊ ဆင်းရဲတွင်းမှ မတက်နိုင်ခြင်း မှာ ဤပြဿနာများကို အခြေခံသည်ဟု ဘောဂဗေဒပညာရှင်တို့က ဆိုကြသည်။ ဆင်းရဲနွမ်းပါးမှုကကလေးများကို ခြိမ်း ခြောက်နေကြ၏။ မိဘဆုံးရှုံးခြင်းကြောင့် အခြားဆုံးရှုံးမှုများ တန်းစီဝင်ရောက်လာ ခဲ့ရခြင်းဖြစ်သည်။ ၂၀၀၃ ခုနှစ်ထိ မူလ တန်းကျောင်းပင်မနေနိုင်ရှာသော ကလေးက ကမ္ဘာကလေးဦးရေ၏ ၁/၃ပုံရှိသည်။ ၂၀၀၆ ခုနှစ်အထိ ကိုယ်ခန္ဓာ အလေးချိန်အလွန်နည်းသော ကလေး (၅) နှစ်အောက်က သုံးပုံတစ်ပုံ ရှိသည်။ ၅နှစ် ကျော်လာပါက ကျောင်းနေခွင့်မရသော အခါ ကလေးသူငယ်တို့၏ ရပိုင်ခွင့်ဆုံး ရှုံးခြင်းနှင့်ကြုံရခြင်းဖြစ်ပါ၏။ ကျောင်းမနေရသောကလေးရှိသလို ဘကြီး၊ ဘထွေး၊ မိကြီး၊ မိထွေးတို့က ကျောင်း သားပေးပြန်လျှင်လည်း စိတ်ပိုင်းဆိုင်ရာ မကျန်းမမာဖြစ်နေခြင်းကြောင့်၎င်းကလေး ၏ အနာဂတ်မှာ ပြောင်လက်တောက်ပ ခြင်းမရှိနိုင်ချေ။ ဤကလေးများ ကြီးလာလျှင် မည်သို့သော နိုင်ငံကိုတည်ဆောက် ကြမည်နည်း။ စဉ်းစားပေးရန် သင့်မသင့် ဆုံးဖြတ်ကြစေချင်ပါသည်။ ထိုသို့သော ကလေးများမှာ စိတ်ကျဝေဒနာရှင်များ ဖြစ်လာလေ့ရှိကြ၏။ ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုများကြောင့် ကလေးမှာ စိတ်ဒဏ်ရာအပြည့်နှင့် ကျော်ဖြတ်လာရာမှ ဆယ်ကျော်သက်ဘဝသို့ဝင်လာခဲ့ရသည်။ ဒေါက်တာဆေပါကဆစ်ဆိုသူ စိတ်ရောဂါဆရာဝန်က ဆယ်ကျော်သက်မိန်းကလေးများ ၁၅. ၁၇ နှစ်အရွယ်မှာ စိတ်ကျရောဂါခံစားရလေ့ရှိပြီး ယောကျ်ားလေးများမှာ ၁၅. ၂၉ နှစ်အရွယ်တွင် အများဆုံးခံစားရလေ့ရှိသည်ဟု ကိန်းဂဏန်းနှင့် တင်ပြခဲ့ဖူးသည်ကို သတိရမိပါ၏။ ကုသ၍ ပြန်ကောင်းသွားသောကလေးတွေလည်း ရှားရှားပါးပါးတွေ့နိုင်ပါသည်။ သေကြောင်းကြံစည်ပြီဆိုလျှင် ရောဂါ ရင့်နေကြောင်း တွေ့ရပြီဖြစ်၏။ အာရှ နိုင်ငံအတော်များများမှာ စိတ်ကျရောဂါ ကုသသည့် ဆရာဝန်ကတော်ပင် နည်းသည်ဟုလည်း Reader's Digest တွင် ဖတ်ခွင့်ရလိုက်ပါသည်။ ကလေးစိတ်ကျ ရောဂါများသည် မျိုးရိုးလိုက်တတ်သည်ဟုလည်း ကြားသိခဲ့ရဖူးရာ၊ စိတ်ကျရောဂါရှိသော ကလေးမှလူကြီးဖြစ်ပြီး ဆက်လက်ပေါက်ဖွားလာမည့် သားသမီးများကိုလည်း အမွေပေးနိုင်သည်ဟုယူဆသော်ရနိုင်ပါ၏။

စစ်ဘေးဒဏ်ကြောင့် ဆင်းရဲရသည့် အထဲမှာ ပထဝီအနေအထားအရ ဖွံ့ဖြိုးမှုနည်းပါးနေသေးသော အခြေအနေကြောင့် အာဖရိကတိုက်ရှိ ၅ နှစ်အောက် ကလေးများ သေဆုံးမှုမှာ ကမ္ဘာ့ပျမ်းမျှ ကလေးသေဆုံးမှုနှုန်းထက် ၂ ဆရှိကာ OEDC ဝင်ငွေမြင့် နိုင်ငံများထက် အဆ ၃၀ ပိုခဲ့ရသည်ဟု သိရပြန်ပါသည်။ ထိုထိုသော ဖြစ်ရပ်တို့က ကလေးတို့၏သက်တမ်းကို တိုစေသည်ကိုပါ နောက်ဆက် တွဲဖြစ်စဉ်အဖြစ် တွေ့ရသည်။ ဆာဟာရအာဖရိကတိုက်၌ ကလေးတို့ ရှင်သန်ကြီးထွားလာရန်မှာ သက်တမ်း ၄၆ သာ ရှိသည်ဟု ခန့်မှန်းခဲ့ကြသည်။ အဆင်းရဲ ဆုံးနိုင်ငံများမှာအပေါမျာဆုံးက ကလေး ဦးရေပင်ဖြစ်သည်။ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများတွင် လူဦးရေ၏ ထက်ဝက်ကျော်မှာကလေးများသာဖြစ်သည်။ OEDC နိုင်ငံများတွင် ကလေးဦးရေက ၂၂ % သာရှိ၏။ ဤအချက်တို့က မြွေ ပူရာကင်းမှောင့်ဖြစ်ရပြန်သည်။

ကမ္ဘာကြီးက မိမိရင်သွေးကလေးများအတွက် ကုလသမဂ္ဂကို အမိန့်ပေးနေပြီဖြစ်ပါ၏။ ပဋိပက္ခကိုမဖြစ်ရန် တားဆီးခြင်းကိစ္စကို အရေးပေါ်စဉ်းစား၍ စီမံချက်ရေးဆွဲရန်ဖြစ်သည်။ စစ်၏တစား ခံကလေးငယ်များကို စောင့်ရှောက်ပေး နိုင်သည့် အခွင့်အလမ်းများကို ဆောင်ရွက်ပေးသင့်သည်။ လက်နက်ကိုင်ပဋိ ပက္ခတို့တွင် ကလေးသူငယ်များပါဝင်လာ ရခြင်းကိစ္စအတွက် ကုလသမဂ္ဂညီလာခံသဘောတူ စာချုပ်ကို အတည်ပြုလက် မှတ်ရေးထိုးစေခဲ့သည့် လက်နက်ကိုင် ပဋိပက္ခတို့ကြားမှ ကြားညပ်ခဲ့ရသူကလေး ငယ်များ၏ပညာရေးကို ဦးစားပေး ဆောင်ရွက်ပေးရန် လိုနေ ပြီဖြစ်၏။ သို့ပေသိလန်ဒန်စီးပွားရေးတက္ကသိုလ်မှဘယ်လာမီဆိုသူပညာရှင်က "ကလေးအရွယ်တွေကို ထိခိုက်စေတဲ့ လမ်းစဉ်တွေကို သိသိကြီးနဲ့ တမင်လုပ်နေကြတဲ့ အစိုးရ တွေသိပ်များလာပြီ၊ ဆင်းရဲနွမ်းပါးမှုတွေ သူ့ဘာသာသူ ပေါ်လာတာမဟုတ်ဘူး။စစ်ပွဲ တွေဆိုတာလည်း သူ့ဘာသာသူထဖြစ်တာမဟုတ်ဘူး။ ဒါအားလုံးဟာ ကျွန်မတို့လူ သားတွေကြောင့်ဖြစ်ရတာ၊ စစ်ပွဲအများစုမှာ နိုင်ငံအချင်းချင်း ကြား ဖြစ်ရသည်မရှိ၊ နိုင်ငံတွင်းမှာသာဖြစ်နေကြောင်း" ၎င်း၏အစီရင်ခံစာတွင်ဖတ်ခဲ့ရသည်။ စစ်ပွဲများကြောင့် သေဆုံးရသူများ၏ ၃. ၆ သန်း၏ တစ်ဝက်မှာကလေးသူငယ်များ ဖြစ်ကြသည်။ **စာ ၃၅ သို့**

The HOT NEWS
Vol - 3, No - 140, 17 - 23 May 2013

# အပယ်ခံကလေးများအတွက် အနာဂတ်ဖန်တီးပေးသူ



မအေးဆေး

အပယ်ခံအုပ်စုလိုက်နေထိုင်ကြပြီး မေ့လျော့ခြင်းခံနေရတဲ့ ကိုယ်ရေပြား ရောဂါသည်တွေရှိတယ်။ ပစ်ပယ်ထား ခြင်းခံရတဲ့ သူတို့ကလေးတွေရဲ့ အနာ ဂတ်ကို ပြောင်းလဲပေးသူကတော့ Chang Ping-i ချမ်ပင်းအိုင်ဆိုသူဖြစ်ပါတယ်။

တရုတ်ပြည်က ကိုယ်ရေပြားရောဂါ သည်တွေရဲ့ရွာကို ပထမဦးဆုံးရောက်ခဲ့ တာကို ချမ်ပင်အိုင် မမေ့နိုင်တော့ပါဘူး။ အဲဒါဟာ ၁၉၉၉ ခုနှစ်ကပေါ့။ ချမ်ဟာ တိုင်းပေက China Time သတင်းစာရဲ့ ထင်ပေါ်ကျော်ကြားဆုရတဲ့ သတင်း ထောက်တစ်ယောက်ဖြစ်တယ်။

သူရွာထဲကို ဝင်သွားတဲ့အခါမှာ ကလေးတွေဟာ ကိုယ်လုံးတီးနဲ့ ညစ် ပတ်ပေရေပြီး ယင်ကောင်တွေကလည်း သူတို့မျက်နှာတွေပေါ်မှာ နားလိုက်ပျံ လိုက်နဲ့ဖြစ်နေတယ်။ ရွာထဲက ထွက်လာ တဲ့လူကြီးတွေကလည်း ပြင်းထန်တဲ့ အနံ့ ဆိုးတွေကလည်း သူတို့ဆီက ထွက်လာ ပါတယ်။

ချမ်ဟာ ပထမဦးဆုံး ထိတွေ့လိုက် ရတဲ့ ကိစ္စရပ်ကတော့ နာတာရှည်ကိုယ် ရေပြားရောဂါသည်တွေရဲ့ ပိုင်းရုံမှုပါပဲ။ သူတို့ဟာ အကြောတွေ၊ အရေပြားတွေ၊ ခြေလက်အင်္ဂါတွေ ထာဝရဖျက်ဆီးခံရ မှာဖြစ်ပါတယ်။

ဩစတီးယားက ဘုန်းကြီးတစ်ပါးက လည်း Losheng မှာရှိတဲ့ မသန်မစွမ်း ဆေးရုံကို လာကြည့်ဖို့ခေါ်ပါတယ်။ တိုင် ပေရဲ့ကိုယ်ရေပြားရောဂါသည်တွေကို စောင့်ရှောက်တဲ့နေရာဖြစ်ပါတယ်။ အဲဒီ ဘုန်းကြီးကပဲ တရုတ်ပြည်က ကိုယ်ရေ ပြားရောဂါသည်တွေရဲ့ရွာကို သွားဖို့ ချမ်ကို တိုက်တွန်းပါတယ်။ သူကလည်း မဆိုင်းမတွ ဆုံးဖြတ်လိုက်ပါတယ်။

ကြောက်ရွံ့ဖွယ်ကောင်းတဲ့အဖြစ် တွေကို သူတွေ့ရသော်ငြားလည်း ချမ်း ဟာ ရွာသားတွေရဲ့ ဆိုးဝါးတဲ့ အခြေ အနေတွေကို တွေ့ရတဲ့အခါ အလွန်ပဲ စိတ်ထိခိုက်သွားပါတယ်။

အပယ်ခံအစုလိုက် ကိုယ်ရေပြား ရောဂါသည်တွေ တရုတ်ပြည်တလွှားမှာ မိသားစုစဝဝမကာရှိကြပါတယ်။ ဒီလူတွေ ဟာသူတို့ကလေးတွေအတွက် အနာဂတ် ကောင်းမွန်စေချင်ပါတယ်။ ကလေးတော် တော်များများကလည်း ရောဂါကူးစက် ခြင်း မရှိကြပါဘူး။ ပညာတတ်ပြီး လူ့ အသိုင်းအဝိုင်းကလက်ခံစေချင်ပါ တယ်။ ဒီအမျိုးတူ အုပ်စုတွေထဲမှာ ထက်ဝက် ကျော်ကျော်ဟာ ငယ်ရွယ်ပြီး ကျန်းမာ တဲ့လူတွေဖြစ်နေတယ်။ ချမ်ကူညီချင်တာ ကတော့ သူတို့ရဲ့ အနာဂတ်အတွက်ဖြစ် ပါတယ်။

ချမ်ဟာ တိုင်ပေကို ပြန်သွားပြီး လခ ကောင်းကောင်းရတဲ့ China Time သတင်းစာကနေ ထွက်လိုက်ပါတယ်။ သူကိုယ်တိုင်လည်း ကြွယ်ဝတဲ့မိသားစုက ကြီးပြင်းလာသူပါ။ သူပိုင်တဲ့ဝင်းခြံကျယ် နဲ့ အိမ်ကြီးကိုရောင်းပြီး တရုတ်ပြည်က ကိုယ်ရေပြားရောဂါသည်ရွာက ကလေး တွေကို ကူညီဖို့ဖြစ်ပါတယ်။

၁၉၅၀ ခုနှစ်များကတည်းက တရုတ် အစိုးရဟာ ကိုယ်ရေပြားရောဂါသည် အုပ်စုတွေကို ပစ်ထားတာဖြစ်ပါတယ်။ ဒါကြောင့် ရောဂါတွေဟာ ကုမရ၊ ကာကွယ်ပေးမှုမရှိဘဲ အသိုင်းအဝိုင်းထဲ မှာ ပျံ့နှံ့နေတာဖြစ်ပါတယ်။ စီချွမ်အန် ပြည်နယ်က လီအင်ရှမ်မှာဖြစ်ပါတယ်။ နေထိုင်သူအများစုက Yi မျိုးနွယ်စုတွေ ဖြစ်တယ်။ အသက်မပြည့်တဲ့အရွယ်တွေ အများစုဖြစ်တယ်။ ကိုယ်ရေပြားရောဂါ သည်တွေဟာ ဆိုးဝါးတဲ့အခြေအနေတွေ မှာရှိနေပါတယ်။

ဒီရွာက လူတွေဟာ အာဏာပိုင် တွေရဲ့ အသိအမှတ်ပြုခြင်းကိုလည်း မခံ ရပါဘူး။ ရွာသားတွေဟာ အစိုးရရဲ့ အသိအမှတ်ပြုမခံရတဲ့အတွက် မှတ်ပုံ တင်လည်း မရှိဘူး။ နေစရာ ကျောင်း လည်းမရှိဘူး၊ အလုပ်အကိုင်လည်းမရှိ ကြဘူး။ ချမ်သိလိုက်တာကတော့ ဒီရွာ ကကလေးတွေဟာ အသက် ၅ နှစ် လောက်ကတည်းက စီးကရက်စွဲနေကြ တယ်။ တချို့ကလည်း အရက်သမား၊ ဆေးသမား၊ ရာဇဝတ်မှုတွေကျူးလွန်ကြ ပါတယ်။

ကလေးတွေရဲ့အခွင့်အရေးနဲ့ အနာ ဂတ်ကောင်းဖို့အတွက် ချမ်ဟာ ကျောင်း တစ်ကျောင်းဆောက်လိုက်ပါတယ်။ ရံပုံ ငွေလည်းရှာ၊ ဒေသ အာဏာပိုင်တွေနဲ့ လည်း ပူးပေါင်းပြီး ၂၀၀၂ ခုမှာ ကျောင်း ဖွင့်နိုင်ခဲ့ပါတယ်။ ကျောင်းပရိဘောဂ တွေ၊ ဆရာတွေနဲ့ အလုပ်သမားတွေ ပြည့်ပြည့်စုံစုံပါပဲ။ နောက်နှစ်ကျတော့ ကျောင်းကို တိုးချဲ့ ထူထောင်တယ်။ Wings of Hope ဆိုတဲ့အမည်နဲ့ ပရဟိ တလုပ်ငန်းတည်ထောင်လိုက်တယ်။

၂၀၀၅ ခုနှစ်ဆုံးလောက်မှာတော့ Wings of Hope ဟာ အမိကမှတ်တိုင် သုံးခုရရှိခဲ့တယ်။ ပထမဂျွန်နီဝတ်ကာ ရံပုံငွေကနေ ဆုအဖြစ် အမေရိကန်ဒေါ် လာ ၅၀၀၀၀ ရရှိတယ်။ အဲဒီနောက် မတ်လ ၂၀၀၅ မှ အာဏာပိုင်တွေက ရွာမှာနေထိုင်သူတွေကို ပထမဦးဆုံးမှတ် ပုံတင်လုပ်ပေးတယ်။ တတိယအနေနဲ့ ၂၀၁၀ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၄၁၀၀၀၀ အကူအညီနဲ့ ဒိုင်ယံပင်း အလယ်တန်းကျောင်းဆောက်လုပ်နိုင်ခဲ့ တယ်။

ဒိုင်ယံပင်းကတော့ ဂုဏ်ယူစရာဖြစ် ပါတယ်။ ရုပ်သံသင်ကြားမှုအပါအဝင် မီးဖိုဆောင်၊ စာကြည့်ခန်းနှစ်ခု၊ ရေ အရင်းအမြစ်၊ စိုလာပါဝါတို့ပါဝင်တယ်။ ရွာမှာ အများဆုံးအိမ်သာလည်းရှိတယ်။ ကျောင်းဆရာ ၁၇ ယောက်နဲ့ ကျောင်း သား ၃၅၅ ယောက်ဖြစ်လာပါတယ်။ ကိုယ်ရေပြားရောဂါသည်ရွာက ကလေး တွေချည်းမဟုတ်ပါ အပြင်ကကလေးများ လည်း ပါဝင်ပါတယ်။

အာရှတိုက်ရဲ့ ဂုဏ်ပြုသူ တစ် ယောက်အနေနဲ့ Reader's Digest က ရွေးချယ်ဆုပေးတဲ့အခါမှာ ချမ်ဟာ ဒါ တွေကို သူမျှော်ကိုးပြီးလုပ်ခဲ့တာမဟုတ် ပါဘူးတဲ့။ တစ်ဦးတစ်ယောက်ရဲ့ လုပ် ဆောင်ချက်ကို လူတွေဟာ တန်ဖိုးထား တာသာဖြစ်ပါတယ်။ ဒီလိုဆုရတယ်ဆို ပြန်တော့ ပိုပြီးအလုပ်ကြိုးစားရမှာဖြစ် ပါတယ်။

ပီပြင်တဲ့ ကျောင်းဆိုတဲ့ ပရဝုဏ်မှာ နေဖူးသူတွေမဟုတ်တော့ ကျောင်းသား တွေနဲ့က ပြဿနာတစ်ရပ်ဖြစ်ပါတယ်။ ကျောင်းသားတွေဟာ ကျောင်းကို အာရုံ မစိုက်ဘဲ စည်းကမ်းဆိုတဲ့ကိစ္စရပ်တွေနဲ့ ရင်ဆိုင်ရပါတယ်။ ခိုးမယ်၊ ကျောင်းပြေး မယ်၊ကျောင်းထွက်သွားမယ်ဆိုတဲ့အခက် အခဲကလေးတွေနဲ့တော့ရင်ဆိုင်ရပါတယ်။

များသောအားဖြင့် မိသားစုတွေ ဟာလည်း သားသမီးတွေရဲ့ လုပ်အားကို မှီခိုနေကြရပါတယ်။ မိသားစုတိုင်းမှာ လည်း အနည်းကလေး ၅ ယောက်လောက် ရှိပါတယ်။ ကျောင်းပညာဆိုတဲ့ ရင်းနှီး မြှုပ်နှံမှုကလည်း သူတို့အဖို့ အလှမ်းဝေး တယ်မဟုတ်လား။ အလယ်တန်းကျောင်း ကိုတက်တဲ့ကျောင်းသား ၄၈ ယောက် တက်တဲ့အထဲမှာ စာသင်နှစ် အဆုံးမှာ ၂၆ ယောက်ပဲ ကျန်တယ်။

ကျန်းမာရေးကလည်း နောက်ပြဿ နာတစ်ခုဖြစ်တယ်။ ကျောင်းသားတွေ ဟာ ရေကောင်းကောင်းမချိုးတဲ့အတွက် သန်းတွေ ချေးတွေတွယ်နေတယ်။ သူတို့ ကိုယ်မှာလည်း အနံ့အသက်တွေ မကောင်း ဘူး။ ကျောင်းအလုပ်သမားတွေဟာ ကလေးတွေကို အခြေခံကျန်းမာရေး သင်ပေးရပါတယ်။ အပေါ့အလေးကို တောင် အိပ်ဆောင်အပြင်ဘက်မှာသွား ဖို့ သင်ရပါတယ်။

ချမ်အဖို့ အကြီးဆုံးစိန်ခေါ်မှုက တော့ အစိုးရအာဏာပိုင်တွေနဲ့ဖြစ်ပါ တယ်။ နှစ်တော်တော်ကြာကြာ သူ့ရဲ့ အားထုတ်မှုတွေကို ပိတ်ဆို့ထားတာပဲ ဖြစ်တယ်။ သူ ဆုတွေရတဲ့အခါမှာမှ သူတို့သဘောထားတွေပြောင်းသွားတာ ဖြစ်ပါတယ်။ ၂၀၁၁ ခုမှာ တရုတ် CCTV ကနေ ထိုင်ဝမ်သူ ဂုဏ်ပြုလွှာ ရရှိကြောင်း ကြေညာတဲ့အခါမှ သဘော ထားတွေပြောင်းသွားတယ်။

ချမ်ရဲ့သားနှစ်ယောက်နဲ့ ခင်ပွန်းက လည်း သူ့ကို ပံ့ပိုးကူညီကြပါတယ်။ သူ ဒီလုပ်ငန်းကို မစွန့်လွှတ်ဘဲ ဆက်လက် လုပ်သွားမယ်ဆိုတဲ့အကြောင်းပြောပါ တယ်။ ဒိုင်ယင်ပန်းမှာ လုပ်ခဲ့တဲ့လုပ် ဆောင်ချက်တွေဟာ သူ့ကိုရောင်ပြန် ဟပ်တယ်လို့ဆိုပါတယ်။ ချမ်ယုံကြည် တာကတော့ ဒီကလေးတွေကို မှန်ကန် တဲ့ ပညာရေးပေးခြင်းဟာ မေတ္တာတရား တွေအများကြီးပေးလိုက်တာပါပဲ။ လူ့ အသိုင်းအဝိုင်းမှာလည်း ပုံမှန်နေသွားဖို့ ပါပဲ။ ချမ်အနေနဲ့ လူတွေကို ချဉ်းကပ်တဲ့ အခါ "ဒီလူတွေဟာ အရမ်းဆင်းရဲတယ်။ ပိုက်ဆံနည်းနည်းလောက်ပေးကြပါ" လို့ ကျွန်မပြောမှာ မဟုတ်ဘူးတဲ့။ ကျွန်မရဲ့ ရည်မှန်းချက်ပန်းတိုင်က သူတို့ကို စိတ် ဓာတ်မြှင့်ပေးဖို့ပဲ။

ကျွန်မဖြစ်စေချင်တာက မကောင်း တဲ့အခြေအနေရှိတဲ့ကလေးတွေကို ဘဝ ကိုမြတ်နိုးဖို့ သင်ယူစေချင်တယ်။ ဘာ ကြောင့်လဲဆိုတော့ ဘဝဆိုတာ အမျိုး မျိုးအထွေထွေပဲ။ မချမ်းသာလာနိုင်သည့် တိုင်အောင် မြင့်မြတ်တဲ့စိတ်နဲ့ဘဝကို ကျေနပ်ပျော်ရွှင်စေချင်ပါတယ်။ ကျွန်မ စိတ်ထဲမှာခံစားရတာကတော့ သူတို့ အပေါ်မှာ မိုးမိုးကလေး မိခင်တစ်ယောက် ရဲ့ အကြွင်းမဲ့မေတ္တာထားပြီး ကျွန်မကို ဘာမှပြန်မပေးစရာမလိုဘဲ သူတို့ ကောင်းစွာနေနိုင်ဖို့လိုလားပါတယ်။

Ref;Dec. R.D. 2012

---

*စာမျက်နှာ (၂၆)မှ*

ခုနကပြောသလိုရည်ရွယ်ချက်နဲ့ စေတနာပါဘဲ။ လူအများစုရဲ့သဘော ကိုတင်ပြချင်တယ်။လူဆိုတာမိမိကိုယ် မိမိလှည့်စားတတ်သူလို့ ငယ်ငယ် ကဖတ်ခဲ့ဖူးတယ်။ လူတစ်ယောက်မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြား ကာလသည် ထိုလူရဲ့ဘဝပါပဲ။ မသေခင်အမိပ္ပာယ်ရှိအောင် နေကြရင် ပို၍ကောင်းမှာပါ။အခုတော့ဗျာလူပေါ် လူဇော်တွေလည်းတွေ့ရတယ်။နိုင်ငံ ထူထောင်ရာမှာ ရိုးသားမှုပေါ် အခြေခံရင်ပိုကောင်းမှာပါ။တွေ့နေရတာ တွေကဖြတ်လမ်းနည်းနဲ့လျှောက်နေကြတယ်။ ပွဲလန့်တုန်းဖျာခင်းချင်ကြ တယ်။ပွဲမလန့်လန့်အောင်လုပ်နေကြသူတွေလည်းတွေ့နေရတယ်။ ဒါက ကျွန်တော်လက်ရှိမြင်နေရတဲ့အမြင်ပါ။ နိုင်ငံအနေနဲ့အခြားနိုင်ငံတွေနဲ့ ယှဉ်ရင်အစစအရာရာနောက်ကျတယ်။ဒီထက်မကအားထည့်ရင်နောက်မကျ သေးပါဘူး။ တိုင်းပြည်နဲ့လူမျိုးအပေါ် ရည်ရွယ် ချက်မှန်ပါ စေ၊စေတနာ မှန်ပါစေ ဒီစိတ်ဓာတ်နဲ့သွားရင် တိုင်းပြည်ထူမတ်နိုင်ပါတယ်။

**မေး– စေတနာအရင်းခံမရှိဘူးလို့ဆရာက ပြောချင်တာလား။**

**ဖြေ–** ပွင့်ပွင့်လင်းလင်း ပြောရရင် တိုင်းပြည်ထူမတ်တယ်လို့သာ ပြောနေတာဗျ။ မိမိနဲ့ မိမိအသိုင်းအဝိုင်းအကျိုးစီးပွား တိုးပွားရေးကိုသာ ရှေ့ရှုလုပ်ဆောင်နေကြတယ်။ မလိုလားအပ်တဲ့ အကြောင်းတရား တွေဖြစ်ပေါ်လာတယ်။ အချိန်တွေကုန် ငွေကုန်ရှေ့မသွားဘဲနောက်ကို ပြန်သွားနေတယ်။ ဒီကိစ္စအတွက်စိတ်မကောင်းဖြစ် နေရတယ်ဗျာ။

**မေး– မြန်မာနိုင်ငံဟာလည်း အစုဆိုတဖြည်းဖြည်းနဲ့ ကမ္ဘာ့စီးပွားရေး ထဲကို ဦးတည်လျှောက်လှမ်းနေတဲ့ကာလ ရောက်ပါပြီ ဒီအချက်ကိုရော ဘာပြောချင်ပါသလဲ။**

**ဖြေ–** အနီးစပ်ဆုံး တရုတ်ပုံစံ အိန္ဒိယပုံစံကို ပြန်ကြည့်ရတော့မယ်။ သူတို့က (Nationalinterests) ကိုယ့်အကျိုးစီးပွားကို ကိုယ်ကြည့်ကြ တယ်။ ဒါအလွန်သဘာ ဝကျတယ်။ သဘောတရားအယူအဆတွေကို လူကြားကောင်းအောင် အော်နေကြတာ လက်တွေ့မှာ ကိုယ့်အကျိုး စီးပွားကိုယ်လုပ်နေကြတာပဲဗျ။ ဒါကိုပဲ (Realpolitics) နောက်ပြီး (Pra- tical Politics) ဆိုပြီးပါးစပ်တွေ လာပြောနေကြတာလေ။ ဒီအချက်ကို မမြင်ဘဲနားမလည်ဘဲ ဝါဒရေးရာတွေကို ဆက်လက်အော်နေကြရင် ကတော့မျက်ကန်းနိုင်ငံရေးသမားများလို့ဘဲခေါ် ရတော့မယ်။ ကျွန်တော် ပြောချင်တာက နိုင်ငံတကာနဲ့ ဆက်ဆံရင်ကိုယ့်အကျိုးစီးပွားကို ကြည့် ကြတော့နိုင်ငံတကာကိုလှည့်ပတ်နေရရုံနဲ့ မကျေ နပ်ကြပါနဲ့။လှည့်ပတ် နေလိုကျေနပ်တဲ့ ခေတ်ကကမ္ဘာစစ်ပြီးနောက်တုန်းက ခေတ်။ ဒီနောက် ပိုင်းကျတော့ အကျိုးစီးပွားခေတ်လေနိုင်ငံအကျိုးစီးပွားကို ကြည့်ကြပါ။ မူလကတည်းကရည်ရွယ်ချက်နဲ့စေတနာကိုအရင်းတည်လုပ်ကြရင်တောင်း မှာဘဲလို့ဘဲပြောချင်ပါတယ်။ ဒါကျွန်တော်ရဲ့အမြင်တွေပါဘဲ။

Hot News
Vol - 3, No - 140, 17 - 23 May 2013

# ဒေါ်အောင်ဆန်းစုကြည် သမ္မတလုပ်မည်ဟုဆိုသည်မှာ အာဏာရလိုမှုကြောင့် မဟုတ်ဟုဆို



ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ၂၀၁၅ ၌ ပြည်သူလူထုမှ ရွေးချယ်တာဝန်ပေးအပ်ပါက ပြည်သူလူထုအားအလုပ်အကျွေးပြုရန်အတွက် သမ္မတလုပ်မည်ဟု မကြာခဏပြောဆိုပြီးယင်းသို့ပြောဆိုခြင်းမှာလည်း အာဏာရလိုမှုကြောင့်မဟုတ်ဘဲ၊ ပြည်သူလူထုနစ်နာနေသည်များ လူအခွင့်အရေးဆုံးရှုံးနေသည်များနှင့် လူထုအားအလုပ်အကျွေးပြုရန် ရည်ရွယ်ချက်သက်သာဖြစ်ကြောင်း NLD ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်နှင့် တရားဥပဒေစိုးမိုးရေးကော်မတီအတွင်းရေးမှူးဝင်းမြင့်ကပြောကြားလိုက်သည်။

'ကျွန်တော်တို့ဥက္ကဋ္ဌသမ္မတလုပ်မယ်ဆိုတဲ့ စကားဟာ နိုင်ငံရေးအာဏာရလိုမှုနဲ့ ပြောတာလုံးဝမဟုတ်ပါဘူး။ ဒီလိုမျိုးပြောဆိုဝေဖန်မှုတွေရှိလာရင်လည်း သူ့ရဲ့ပြောရေးဆိုခွင့်ရှိသူတစ်ယောက်အနေနဲ့ လုံးဝလက်မခံပါဘူး။ တကယ်တော့ ပြည်သူတွေလိုချင်တဲ့ စစ်မှန်သောဒီမိုကရေစီဆိုတာ ပီပြင်ဖို့ ပြည်သူတွေနဲ့ အခွင့်အရေးရပိုင်ခွင့်တွေကို အပြည့်အဝအကာအကွယ်ပေးနိုင်ဖို့ ပြည်သူကိုအလုပ်အကျွေးပြုနိုင်ဖို့က အာဏာရှိမှရမှာ ဒါကြောင့် သမ္မတလုပ်မယ်လို့ပြောတာ လက်ရှိမှာက ဝေဖန်ထောက်ပြတာကလွဲပြီး ဘာမှလုပ်ပိုင်ခွင့်မရှိတဲ့အခါကြတော့ မြင်တွေ့နေရတဲ့ ဥပဒေနဲ့ မညီတာလေးတွေ ပြည်သူလူထုနစ်နာတာလေးတွေကို လုပ်ပေးချင်ပေမယ့်မရဘူးဖြစ်နေတယ်။ မသိတဲ့လူတွေကတော့ အာဏာလိုချင်လို့ သမ္မတလုပ်ချင်တာလို့ ပြောကြမယ်။ ပြည်သူကိုအလုပ်အကျွေးပြုဖို့နဲ့ ဥပဒေနဲ့ မညီတာတွေကို ဥပဒေနဲ့ အညီလုပ်ပေးဖို့က အာဏာရှိမှရမှာ ပြီးတော့ ဒီမိုကရေစီရဲ့ အရသာကို ပြည်သူတွေအပြည့်အဝခံစားစေချင်လို့ ဒါအရိုးရှင်းဆုံးပြောတာဘဲ'ဟု NLD၊CECဦးဝင်းမြင့်ကHotNews နှင့်တွေ့ဆုံစဉ် ပြောကြားသွားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်လည်း လူထုမှရွေးချယ်တာဝန်ပေးအပ်ပါက သမ္မတလုပ်မည်ဟု မကြာခဏဆိုသလို ပြောကြားခဲ့ပြီး ယင်းနှင့်ပတ်သက်၍ ဝေဖန်မှုအချို့ ရှိလာသည့်နောက်ပိုင်းတွင်ဒေါ်အောင်ဆန်းစုကြည်၏။ ပြောရေးဆိုခွင့်ရှိသူတစ်ဦးဖြစ်သူ ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးကော်မတီဝင်ဦးဝင်းမြင့်က ယခုကဲ့သို့ ပြန်လည်ချေပပြောဆိုလိုက်ခြင်းဖြစ်သည်။

**ခနဲ့ခနဲ့(ဒသသနိက)**

# NLDနိုင်ပြီးမှ PR အသံထွက် ပါတီအတွင်း အကွဲအပြဲတွေဖြစ်လာနိုင်ဟုဆို



မကြာသေးမီ ကာလအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံ၍ ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲကြီး၌ PR (ပါတီ အချိုးကျစနစ်)ဖြင့် သွားမည်၊ မသွားမည်ကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးပွဲသို့တက်ရောက်ခဲ့သူ NLD ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းမြင့်မှ PR စနစ်သို့သွားမည်ဆိုသည်မှာ ကြားဖြတ်ရွေးကောက်ပွဲ NLD အနိုင်ရပြီးမှ ပေါ်ထွက်လာခြင်းဖြစ်ပြီး PR အချိုးကျစနစ်ဖြင့် သွားမည်ဆိုပါကလည်း NLD အနေဖြင့် မည်သို့မျှ စိုးရိမ်စရာမရှိကြောင်း ဆိုသည်။

"PR ကို သွားမယ်ဆိုတာ ကြားဖြတ် ရွေးကောက်ပွဲမှာ NLD အနိုင်ရပြီးမှ အသံတွေထွက်လာတာ။ ကျွန်တော်တို့ NLD က ဒီ ရွေးကောက်ပွဲစနစ်ကို PR အချိုးကျနဲ့သွားမယ်ဆိုရင် ဘာလို့ပြင်း ပြင်းထန်ထန်ကန့်ကွက်သလဲဆိုရင် ကျွန်တော်တို့ ပါတီနေရာမရမှာစိုးလို့မဟုတ်ဘူး။ ဒီအတွက်လည်း ဘာမှစိုးရိမ်စရာ မရှိဘူး။ တစ်ချို့လူတွေအတွက်ပဲ စိုးရိမ်စရာရှိရင် ရှိမယ်။ သူတို့အတွက် နေရာမရမှာစိုးလို့ ဖြစ်ရင်ဖြစ်မယ်။ ကျွန်တော်တို့ကတော့ နေရာရ ရေးအဓိကမထားဘူး။ ဘာလို့ဆို တော့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေအာဏာတည်ပြီး ၁၉၄၈ ကစပြီး ပြီးခဲ့တဲ့ကြားဖြတ် ရွေးကောက်ပွဲအထိ နိုင်သူအကုန် ယူစနစ်အမှား၊ မှန်ခြစ်စနစ်နဲ့ သွားခဲ့တာ။ ဒါတောင် ပြည်သူက မဲမပေးတက်သေးဘူး။ PR သွားမယ်ဆိုရင် ဘာအားနည်း ချက်တွေရှိလာမလဲဆိုတော့ ပြည်သူတွေအနေနဲ့ ကိုယ့်ကိုယ်စားလှယ် ဘယ်သူမှန်း မသိဘဲ တစ်စုံတစ်ရာ အကူအညီလိုရင် ဘယ်သွားတင်ပြရမလဲမသိဖြစ်နေမယ်။ နောက်ပါတီကို မဲပေးပြီးရလာတဲ့ မဲအရေအတွက်ပေါ်မူတည်ပြီး ကိုယ်စားလှယ်အချိုးကျတာဝန်ပေးရတာဖြစ်တဲ့အတွက် ပါတီတစ်ခုက ကိုယ်စားလှယ် ၁၀၀ ရတယ်ဆိုရင် ၁၀၁/၁၀၂ ယောက်မြောက်တွေက ဘယ်ကျေနပ်တော့မလဲ။ ဒီလိုဆိုတော့ ပြည်သူလူထုအကျိုး၊ တိုင်းပြည် အကျိုး ထိရောက်စွာမဆောင် ရွက်နိုင်တော့ဘဲ ပါတီတွင်း အကွဲအပြဲတွေဖြစ်ကုန်မယ်။ ဒါကြောင့် ကျွန်တော်တို့က ဒါစနစ် ကို ကန့်ကွက်တာ"ဟု ဦးဝင်းမြင့်က Hot News နှင့်တွေ့ဆုံစဉ် ပြောကြားသွားခဲ့သည်။

ယင်းမှဆက်လက်၍ ပြောကြားရာတွင်ယင်းစနစ်သို့သွားပါက ပါတီကြီးများသာ အချိုး အရေအတွက်များစွာရပြီး လူနည်းစုတိုင်းရင်းသားကိုယ်စားပြုပါတီငယ်လေးများအနေဖြင့် အချိုးရရှိမှု မရှိတော့ဘဲ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကိုပါ ထိခိုက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်သူ အကုန်ယူစနစ်သည်ပင်လျှင် ပြည်ထောင် စုဖက်ဒရယ်ပုံစံမကျသေးသည့်အတွက် PR ကိုသာသွားပါက ပြည်ထောင်စုဆိုတာ မဖြစ်လာနိုင်တော့ကြောင်း ပြောသည်။

**ခနဲ့ခနဲ့(ဒသသနိက)**

# ကျောက်ဖြူ မဒေးကျွန်းသဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း လယ်သိမ်းခံလယ်သမားများကို ဦးဆောင်ဆန္ဒပြသူ ၁၀ဦးတရားစွဲခံထားရ

ရခိုင်ပြည်၊ ကျောက်ဖြူမြို့၊ မဒေးကျွန်း၌ ဧပြီလ ၁၈ရက်က သဘာဝဓာတ်ငွေ့ပိုက်လိုင်းတည် ဆောက်ရာနေရာတွင် ဆန္ဒပြမှုနှင့် ပတ်သက်၍ ခေါင်းဆောင် ၁၀ ဦးအား မေ ၁၆ ရက်တွင် ပုဒ်မ ၁၈ ဖြင့်ရုံးချိန်းရှိကြောင်း သိရသည်။

ကျောက်ဖြူမြို့နေ ကိုထွန်းနိုင်က ပြောကြားရာတွင် "အခုအရေးယူခံထားရတဲ့သူတွေက သက်ဆိုင်ရာဌာနကိုဆန္ဒပြခွင့်ပြုချက်တောင်းခံသူတွေပါ။ အခုဆိုရင် သူတို့ကို မဒေးကျွန်း ရဲစခန်းက အာမခံနဲ့ လွှတ်ထားတယ်"ဟု ပြောကြားခဲ့သည်။

ဒေသခံတစ်ဦးက ပြောကြားရာတွင်လည်း "အခုလို ဆန္ဒပြပွဲဖြစ်ရခြင်းက ကျွန်တော်တို့ လယ်မြေတွေကို မတရားသိမ်းဆည်း၊ တရားမျှတမှု မရှိတဲ့အတွက် ကျွန်တော်တို့ဒေသခံ ၂၀၀ ကိုယ်တိုင် ဆန္ဒပြခဲ့တာပါ။ အခုအရေးယူထားတော့ ပုဒ်မ၁၈ နဲ့"ဟု ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ မဒေးကျွန်းရှိ ရွာမရွာ၊ ပန်တိမ်သည်ရွာ၊ ကျောက်တန်းရွာနှင့် ပြိန်ရွာတွင် နေထိုင်ကြသော ကျွန်းသူကျွန်းသားများမှာ ဥယျာဉ်ခြံမြေနှင့် လယ်ယာမြေများအား လုပ်ကိုင်ကြပြီး အများစုမှာ ရေလုပ်ငန်းလုပ်ကိုင်ကြကြောင်း ယင်းတို့ လုပ်ကိုင်လာကြစဉ် စီမံကိန်းတစ်ခုအဖြစ် China National Petroleum co-operation (CNPC)ကုမ္ပဏီမှ မဒေးကျွန်းပေါ်တွင် အာဖရိကနှင့် အရှေ့ တောင်အလယ်ပိုင်းမှယူလာမည့် ရေနံစိမ်းတင်ဆိပ်ကမ်းတစ်ခု တည်ဆောက်လာပြီး နောက်ပိုင်းမြေယာသိမ်းမှုများဖြစ်ပေါ်လာကာ စီးပွားရေးအဆင်မပြေဖြစ်ကြောင်း ဒေသခံများ၏ ပြောစကားအရ သိရသည်။

**ဖြိုးအောင်**

# အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ အိန္ဒိယနိုင်ငံသို့ သွားရောက်လေ့လာ

အမျိုးသမီးခေါင်းဆောင်မှုနှင့် အမျိုးသမီးအခွင့်အရေးများကို ဆောင်ရွက်နေသော ဖန်မီးအိမ် လူမှုရေး အဖွဲ့အစည်းနှင့် နယ်သာလန်နိုင်ငံမှ BCN တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များမှ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီအချို့မှ ခေါင်းဆောင်များသည် မေလ ၁၂ ရက်က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သွားရောက်လေ့လာခဲ့ကြောင်းသိရသည်။



အဆိုပါခရီးစဉ်သည် ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး၊ ယင်းခရီးစဉ်သို့ မန္တလေးတိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်ဒီမိုကရေစီတစ်ပါတီမှ ဒေါ်နန်းငွေငွေ၊ ဧရာဝတီတိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဒေါက်တာဒေါ်ခင်ခင်စီ၊ ကရင်ပြည်သူ့ပါတီမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နော်ဆာထူး၊ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီမှ ဥပဒေအကြံပေး ဒေါ်မြင့်မြင့်ဝေ၊ ခေတ်သစ်ပြည်သူ့ပါတီမှတွဲဖက်အထွေထွေ အတွင်းရေးမှူး ဒေါ်ရီရီစံ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဗဟိုကော်မတီဝင် ဒေါ်တင်တင်ထွေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လူငယ်အဖွဲ့ဝင် ဆက်သွယ်ရေးနှင့် ပြန်ကြားရေးတာဝန်ခံ ဒေါ်နီနီမေမြင့် ဖန်မီးအိမ်လူမှုရေးအဖွဲ့အစည်းမှ ဒါရိုက်တာ ဒေါ်ရွှေရွှေစိန်လတ်နှင့် ဒေါ်ကေဇာကျော်တို့လိုက်ပါသွားကြောင်းသိရသည်။

အဆိုပါ ခရီးစဉ်တွင် National commission for women၊ National Mission for Empowerment of women၊ Delhi commission for women and child Development သို့ လေ့လာရေးသွားရောက်ခဲ့မည်ဖြစ်ပြီး ယင်းခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံမှ လွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသမီး အခွင့်အရေးလှုပ်ရှားသူများ၊ ပညာရှင်များ၊ ဥပဒေပညာရှင်များနှင့် ရဲအရာရှိများနှင့်လည်း တွေ့ဆုံမည်ဖြစ်ကြောင်းကိုလည်း သိရသည်။ ခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာအမျိုးသမီးများအရေးပါသော အခန်းကဏ္ဍတွင်ပါဝင်မှု၊ အခန်းကဏ္ဍအားလုံးတွင် ကျား၊ မတန်းတူအခွင့်အရေးတန်းတူညီမျှ ရရှိရေး နိုင်ငံရေး၊ စီးပွားရေး အခန်းကဏ္ဍများတွင် အမျိုးသမီးများ ပါဝင်လာရေး အိမ်တွင်း အကြမ်းဖက်မှုများအားလေ့လာရန်ဖြစ်ကြောင်း သိရသည်။

**ဖြိုးအောင်**

# တရုတ်စစ်ဘက်အရာရှိများ၏ မော်တော်ယာဉ်ကို မိသားစုစီးနင်းခွင့်ကန့်သတ်မည်




တရုတ်နိုင်ငံစစ်တပ်တွင် တပ်မတော်အရာရှိကြီးများသို့ ထုတ်ပေးထားသည့် ယာဉ်များကို မိသားစုဝင်များ သွားလာစီးနင်းခွင့်မပြုရန် ဗဟိုစစ်ကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတကြီး ရှီကျင့်ဖျင်က သတိပေးအမိန့်ထုတ်လိုက်သည်။ ထို့အပြင် နိုင်ငံတော်သမ္မတသည် စစ်တပ်သုံး မော်တော်ယာဉ် နံပါတ်ပြားများ ထုတ်ပေးထားသည့် စစ်ယာဉ်များကိုလည်း မှတ်ပုံတင်ရန် အမိန့်ပေးလိုက်သည်။ အကြောင်းတစ်ခုမှာ တပ်မတော်အရာရှိကြီးများအတွက် ထုတ်ပေးထားသည့် ရုံးသုံးမော်တော်ယာဉ်များကို စစ်တပ်သုံး မော်တော်ယာဉ်နံပါတ်များထုတ်ပေးထားသည်။အဆိုပါမော်တော်ယာဉ်အမျိုးအစားများကို ထုတ်ပေးထားသည့်အရာရှိ၏ မိသားစုများသာမက အရပ်ဘက်ဌာနဆိုင်ရာအကြီးအကဲများ၏မော်တော်ယာဉ်များကိုလည်း စစ်တပ်သုံးမော်တော်ယာဉ်နံပါတ်ပြားအသွင်တူများပြုလုပ်စီးနင်းလာကြ၍ဖြစ်သည်။ ထိုသို့ စစ်သုံးနံပါတ်ပြားများ အသုံးပြုခြင်းဖြင့် တံတားဖြတ်ခ၊ ယာဉ်ရပ်နားခ၊ မြို့ဝင်ခ၊ ဘီးခွန်များကင်းလွတ်ခွင့်နှင့် မိုင်နှုန်းကန့်သတ်ချက်များကင်းလွတ်ခွင့်ရသည်ဟုဆိုသည်။ ၎င်းတားမြစ်ချက်ကို ပြည်သူများဝိုင်းဝန်းကူညီကြရန်လည်း ဆော်ဩထားကြောင်း ပီအယ်လ်အေနေ့စဉ်သတင်းစာကဆိုသည်။

**ကျော်စိန်**



# အစ္စရေးဝန်ကြီးချုပ်၏တရုတ်ခရီး

အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုသည် မေ ၈ ရက်က တရုတ်နိုင်ငံ ဘေဂျင်းသို့ ရောက် ရှိလာသည်။ ၎င်းကို နိုင်ငံတော်သမ္မတကြီး ရှီကျင့်ဖျင်၊ ဝန်ကြီးလီကီကျန်းတို့က လှိုက်လှဲပျူငှာကြိုဆိုဧည့်ခံခဲ့ပြီး ဝန်ကြီးချုပ်၏ခရီးစဉ်သည်အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက်များစွာအထောက်အကူပြုမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ထို့နောက် တရုတ်ဝန်ကြီးချုပ်လီကီကျန်းနှင့်တွေ့ဆုံရာ ဒေသတွင်းအခြေအနေများအား အမြင်သဘောထားချင်းဖလှယ်ခဲ့ကြသည်။ နေတန်ယာဟုသည် ၆ နှစ်အတွင်းတရုတ်တို့လာရောက်သည့် ပထမဆုံးအစ္စရေးဝန်ကြီးချုပ်ဖြစ်ပြီးပါလက်စတိုင်းခေါင်းဆောင် အဘာ့စ်ဘေဂျင်း သို့ရောက်ရှိပြီး ၂ ရက်အကြာတွင်ရောက်ရှိလာခြင်းဖြစ်သည်။ တရုတ်ခေါင်းဆောင်များသည်မာမွတ်အဘာ့စ်နှင့်လည်းကောင်း၊ ဝန်ကြီးချုပ်နေတန်ယာဟုနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံခဲ့ကြသော်လည်း မာမွတ်အဘာ့စ်နှင့်ဝန်ကြီးချုပ်နေတန်ယာဟုတို့ တွေ့ဆုံခဲ့မှုမရှိဟုဆိုသည်။ မာမွတ်အဘာ့စ်ဘေဂျင်း ရောက်ရှိချိန်တွင် နေတန်ယာဟုမှာ ရှန်ဟိုင်း တွင် ရောက်ရှိနေခဲ့ပြီး တရုတ် ခေါင်းဆောင်များနှင့် စီးပွားရေးဆိုင်ရာ စာချုပ်များချုပ်ဆိုခဲ့ကြောင်းနှင့်အီရန်၏နျူကလီးယားထုတ်လုပ်ရေးကိစ္စများဆွေးနွေးခဲ့ကြသည်။ တစ်ချိန်တည်းတွင် ဝန်ကြီးချုပ်နေတန်ယာဟုသည်ရုရှားကဆီးရီးယားသို့ လက်နက်များမထောက်ပံ့ရေး ကိစ္စများ ကိုလည်း ဖိအားပေးပြောကြားခဲ့သည်။

နေတန်ယာဟု၏ ယခု ခရီးစဉ်အတွင်း တရုတ်-အစ္စရေး နှစ်နိုင်ငံကုန်သွယ်မှုတွင် နှစ်စဉ်ဒေါ်လာ ၈ ဘီလီယံထိမြင့်မားရေး၊ အစ္စရေးသည်တရုတ်နိုင်ငံ၏နည်းပညာဆိုင်ရာ အဓိကဖောက်သည် နိုင်ငံကြီးဖြစ်ရေးအတွက်မျှော်မှန်းထားကြောင်းတရုတ်ကပြောပါတယ်။ ပါလက်စတိုင်း အရေးနဲ့ပတ်သက်လို့ ပြောကြား ရာမှာတော့တရုတ်က "မိမိတို့ အနေဖြင့် နှစ်နိုင်ငံအကြား သမာသမတ်ရှိရှိ ဆောင်ရွက်မည်ဖြစ်ကြောင်း အစ္စရေး-ပါလက်စတိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲများမှာ တရုတ်ကဦးဆောင်မှုကဏ္ဍကပါဝင်မည်မဟုတ်ကြောင်းပြောကြားသွားသည်ဟုဆိုသည်။

**ကျော်စိန်**

# အနောက်နိုင်ငံများစောင့်ကြည့်နေသည့် အီရန်ရွေးကောက်ပွဲ



၄ နှစ်တစ်ကြိမ်ကျင်းပလေ့ရှိသည့်အီရန်နိုင်ငံ၏ သမ္မတရွေးချယ်ပွဲကို ၂၀၁၃ ခုနှစ် ဇွန်လ ၁၄ ရက် (သောကြာနေ့) တွင် ကျင်းပမည်။ ၁၁ ကြိမ်မြောက်အီရန်သမ္မတရွေးကောက်ပွဲလည်းဖြစ်သည်။ သမ္မတရွေးကောက်ပွဲဝင်နိုင်ရန်အတွက် ရွေးချယ်ခံမည့်သမ္မတလောင်းများသည်မေလ၁၁ ရက်နေ့ နောက်ဆုံးထား၍ ပြည်ထဲရေးဝန်ကြီးဌာန၌ ဖွင့်လှစ်ထားသည့်ရွေးကောက်ပွဲ ကော်မရှင်ရုံး၌ အမည်စာရင်းတင် သွင်းကြရမည်။

သမ္မတလောင်းတင်သွင်းခံရမည့်ပုဂ္ဂိုလ်များ၏ သတ်မှတ်အရည်အချင်းမှာ

(က) အသက် ၄၀ထက်မငယ် အသက် ၇၅ နှစ် ထက်မကြီးရ၊

(ခ) နိုင်ငံအတွက်ယုံကြည်အားကိုးထိုက်ပြီးဘာသာရေးကိုင်းရှိုင်းသူဖြစ်ရမည်။

(ဂ) ပြည်နယ်အုပ်ချုပ်ရေးမှူးအဆင့်ထက်မနိမ့်သော ဝန်ထမ်းအကြီးအကဲ (ဝန်ကြီး၊ ဒုတိယဝန်ကြီး) တာဝန်ထမ်းဆောင်ခဲ့ဖူးသူနှင့် အထက်အဆင့်ရှိသူများဖြစ်ရမည်။

(ဃ) ပြစ်မှုကင်းရှင်းသူ လုပ်ရည်ကိုင်ရည်ရှိသူဖြစ်ရမည်။

(င) အီရန်နိုင်ငံ၏ အခြေခံစည်းမျဉ်းများအပေါ် ယုံကြည်ချက်၊ ခံယူချက်ခိုင်မာစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(စ) အီရန်နိုင်ငံတွင် မွေးဖွားကြီးပြင်းသည့်အီရန်နိုင်ငံသားဖြစ်ရမည်ဟူ၍ သတ်မှတ်ထားသည်။

အမည်စာရင်းတင်သွင်းသူ ၆၈၆ ရှိရာ၎င်းတို့အထဲတွင် ယခင်အစိုးရလက်ထက်ဝန်ကြီးဟောင်းများ၊ သမ္မတဟောင်းရာဆန်ဂျာနီနှင့် ဝန်ထမ်းအကြီးအကဲဟောင်းအချို့ပါဝင်ကြောင်း သိရသည်။

အီရန်သမ္မတရွေးကောက်ပွဲမတိုင်မီပါရှန်ပင်လယ်ကွေ့အတွင်း အမေရိကန်ပြည်ထောင်စုဥရောပသမ္မတနိုင်ငံများနှင့် ပါရှန်ပင်လယ်ကွေ့မှအမေရိကန်မဟာမိတ်နိုင်ငံအချို့ပါဝင်သော နိုင်ငံ ၄၀ ခန့်သည်ပါရှန်ပင်လယ်ကွေ့အတွင်း ရေမြှုပ်မိုင်းရှင်းလင်းရေးကြီးကျယ်သည့်ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို မေလကုန်ထိကျင်းပလျက်ရှိရာအနောက်အုပ်စုနိုင်ငံများအီရန်ကို ဖိအားပေးသည့်ပူးတွဲစစ်ရေးလေ့ကျင့်မှုဖြစ်စဉ်ဆိုကာ စစ်ရေးအကဲခတ်များက ထောက်ပြလျက်ရှိသဖြင့် အီရန်နှင့် အမေရိကန်ပြည်ထောင်စုအကြားတင်းမာမှုအရှိန်မြင့်မားလျက်ရှိသည်။ ၎င်းသို့အရှေ့အလယ်ပိုင်းဒေသ၌တင်းမာမှုအရှိန်မြင့်မားနေဆဲတွင် အီရန်သမ္မတရွေးကောက်ပွဲအား ဒေသတွင်းနိုင်ငံများ ဥရောပသမ္မတနှင့် အမေရိကန်ပြည်ထောင်စုတို့က မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**ကျော်စိန်**

# ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ရသော ပါကစ္စတန်ရွေးကောက်ပွဲ



ပါကစ္စတန်အထွေထွေရွေးကောက်ပွဲကိုမေလ ၁၁ ရက်တွင် ကျင်းပသည်။ ရွေးကောက်ပွဲဝင်ရန် ယခင်သမ္မတဟောင်း ဗိုလ်ချုပ်ကြီးဟောင်း ပါဗက်စ်မူရှာရက်ဗ်လည်း ၄ နှစ် ကြာပြည်ပတွင် ခိုလှုံခဲ့ရာမှ ယခင်လအတွင်း ပါကစ္စတန်သို့ပြန် ရောက်လာသည်။ သူပြန်ရောက်ချိန်မှစ၍နိုင်ငံအတွင်းဆူပူအုံကြွမှုဝရုန်းသုန်းကားဖြစ်မှုများ ပြန်လည်ဦးမော့လာသည်။ သူ့ကိုဘူတိုလုပ်ကြံခံရမှုတွင်တာဝန်ရှိမှုဖြင့်တရားစွဲထားပြီး၊ ဖမ်းဆီးမိန့်ထုတ်ထားသည်။ ရမန်ယူထားရသည်။ ရွေးကောက် ပွဲမဝင်ရန်လည်း တားမြစ်ထားသည်။ ထိုအတွင်း မေလ ၃ ရက်နေ့က မစ္စဘူတိုသေဆုံးရမှုအတွက်စုံစမ်းစစ်ဆေးဖော်ထုတ်နေသည့် ဘူတို၏အကျိုးဆောင်ရှေ့နေချောင်ဒရီလုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။ ထိုနေ့မှာပင်အဝါမီ အမျိုးသားပါတီ(အေအင်န်ပီ)မှလွှတ်တော်ကိုယ်စားလှယ်လောင်းဆာဒစ်နှင့် ၎င်း၏ ၃ နှစ်သားအရွယ်တို့ဘုရားဝတ်ပြုပြီးအပြန်လမ်းတွင် ပစ်သတ်ခံရသည်။ မေလ ၈ ရက်ကလည်း ကရာချိတွင်အသေခံ ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ကြောင့်လူ၈ ဦးသေပြီး လူ ၃၀ ခန့်ဒဏ်ရာရသည်ဟုသိရသည်။ ရွေးကောက် ပွဲနေ့အတွင်း အဆိုးရွားဆုံးသောအကြမ်းဖက်တိုက်ခိုက်မှု (The worst election day violence) တစ်ရပ်နှင့် ကြုံဆုံခဲ့ရပြီး၊ ကရာချီမြို့ရဲ့ ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ရတဲ့နေ့တစ်နေ့(Marred by Karachi Unrest) အဖြစ်မှတ်တမ်းတင်ရမယ့်နေ့တစ်နေ့ပဲလို့ သတင်းဌာနများကဆိုသည်။

**ကျော်စိန်** Ref;Reuters

# ပါကစ္စတန်ရွေးကောက်ပွဲ နာဝပ်ရှာရစ်ဖ် အနိုင်ရ



ပါကစ္စတန်နိုင်ငံအထွေထွေရွေးကောက်ပွဲကို မေလ ၁၁ ရက်မှာပြုလုပ်ခဲ့ရာမှာ ဗုံးခွဲတိုက်ခိုက်မှုကြောင့် လူတစ်ဒါဇင်ထက်မနည်းသေဆုံးခဲ့ရပြီး လူ ၃၀ ကျော်ဒဏ်ရာရခဲ့ပါတယ်။

သို့သော်လည်း ရွေးကောက်ပွဲကော်မရှင်ကတော့ အခု ရွေးကောက်ပွဲဟာ လွတ်လပ်၍ တရားမျှတမှုရှိပြီး မျှော်မှန်းထားသည်ထက်ပင် အောင်မြင်ကြောင်း၊ ၆၆ နှစ်တာကာလအတွင်း ပထမဆုံးအရပ်သားအစိုးရကို အာဏာလွှဲပြောင်းပေးနိုင်မည့် ရလဒ်ကောင်းများထွက်ပေါ်လာသော ရွေးကောက်ပွဲပင်ဖြစ်ကြောင်း ကော်မရှင်ကပြောသည်။

ရွေးကောက်ပွဲမဲစာရင်းများအပြီးတိုင် မရေတွက်ရသော်လည်း စုစုပေါင်း မဲစာရင်း ၈၀% ကို ရေတွက်ပြီးချိန်တွင် ယခင်ဝန်ကြီးချုပ်ဟောင်း နာဝပ်ရှာရစ်ဖ် (Nawaz Sharif)က မဲအရေအတွက်၏ ၆၀%ကျော်ရရှိထားသဖြင့် ဝန်ကြီးချုပ်ဖြစ်ရန် အလားအလာအကောင်းဆုံးဖြစ်လျက် ရှိပါတယ်။ ယခု နာဝပ်ရှာရစ်ဖ်ရရှိသည့် မဲအရေအတွက်သည် ၁၉၇၇ ခုနှစ်မှစ၍ ပြုလုပ်ခဲ့သမျှသော ရွေးကောက်ပွဲများအတွင်း စံချိန်တင် မဲရရှိသူဖြစ်တယ်လို့ သိရပါတယ်။

သူဟာ ပါကစ္စတန်မူဆလင်လိဂ်-အင်န်(Pakistan Muslim League-N (PML-N) ပါတီခေါင်းဆောင်ဖြစ်ပြီး ၎င်းအား ထောက်ခံသူများအား ကျေးဇူးတင်ကြောင်း ပြောကြားသွားသည်။ အကယ်၍ သူသာဝန်ကြီးချုပ်ဖြစ်လာမည်ဆိုပါက ပါကစ္စတန်သမိုင်းတွင် တတိယအကြိမ်မြောက် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်သူဖြစ်မည်ဟု သတင်းများက ဆိုပါတယ်။ အယ်လ်ဂျာဇီယာသတင်းဌာနကမူ ဝန်ကြီးချုပ်ဟောင်း နာဝပ်ရှာရစ်ဖ်ဦးဆောင်သော (PML-N)ပါတီသည် မကြာမီ အစိုးရဖွဲ့နိုင်မည်ဟု ဆိုသည်။ တာလီဘန်တို့က အကြမ်းဖက်တိုက်ခိုက်မှုများဆက်လက်ပြုလုပ်သွားမည်ဟုခြိမ်းခြောက်ထားသည်။

**ကျော်စိန်** Ref; Reuters

The HOT NEWS
Vol - 3, No - 140, 17 - 23 May, 2013

# ဆီးရီးယားသူပုန်တွေကို ငွေကြေးထောက်ပံ့နေတဲ့ ဗြိတိန်နှင့်အမေရိကန်



အမေရိကန်ပြည်ထောင်စုသည် ဆီးရီးယားနိုင်ငံတွင်သမ္မတဘာရှာအာဆတ်ခေါင်းဆောင်သည့် အစိုးရအဖွဲ့အဆုံးသတ်ရေးအတွက် ဗြိတိန်နိုင်ငံနှင့် တစ်သဘောတည်းဖြစ်သည်ဟု ယနေ့ မေလ ၁၃ ရက် ဝါရှင်တန်သမ္မတအိမ်တော်၌ ဗြိတိန်ဝန်ကြီးချုပ်နှင့်တွေ့ဆုံစဉ်သမ္မတအိုဘားမားက အခိုင်အမာပြော ကြားသည်။ခေါင်းဆောင်နှစ်ဦးသည် တုန်လှုပ်ချောက်ချားဖွယ်ကောင်းနေသည့်ဆီးရီးယားပြည်တွင်းစစ်အကြောင်း အလေးထားဆွေးနွေးခဲ့ကြပြီး၊ အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေးကိစ္စများ အမြင်သဘောထားခြင်းဖလှယ်ခဲ့ ကြသည်။ ထို့အပြင်လာမည့်လအတွင်း မြောက်အိုင်ယာလန်၌ပြုလုပ်သည့်စက်မှုထိပ်သီး ၈ နိုင်ငံဆွေးနွေးပွဲအရေးနှင့် ဥရောပတွင်လွတ်လပ်သည့်ကုန်သွယ်မှုဆိုင်ရာစာချုပ်များချုပ်ဆိုရေးအဆိုပြုချက်များကိုလည်းဆွေး နွေးခဲ့ကြသည်။ ဝန်ကြီးချုပ်ကင်မရွန်းကဆီးရီးယားအရေးနှင့်ပတ်သက်၍ဆီးရီးယားနိုင်ငံသူပုန်များအား လူသားချင်းစာနာသည့်အထောက်အပံ့အဖြစ် ဒေါ်လာ ၄၅သန်းထုတ်ပေးမည်ဖြစ်ကြောင်းနှင့် လက်နက်ခဲယမ်းမဟုတ်သောစစ်သုံးကိရိယာအထောက်အပံ့ ဒေါ်လာ ၁၅ သန်းကို ထောက်ပံ့ပေးသွားမည်ဟုကြေညာသွားသည်။ သမ္မတအိုဘားမားကလည်းမိမိတို့အနေဖြင့်လွန်ခဲ့သည့်သီတင်းပတ်ကဆီးရီးယားသူပုန်များအား အမေရိကန်ဒေါ်လာ ၁၀၀ ဖိုးရှိ အထောက်အပံ့ များပေးခဲ့သည်ဟုပြောကြားခဲ့သည်။ ထိုသို့ထောက်ပံ့ရာတွင် ဆီးရီးယားလက်နက်ကိုင်သူပုန်များအားလက်နက်ခဲယမ်းမဟုတ်သောစစ်သုံးကိရိယာများဖြစ်သည့်ထောက်လှမ်းရေးပစ္စည်းများ၊ ဓာတုလက်နက်ကာကွယ်ရေးပစ္စည်းများပါဝင်သည်ဟုဆိုသည်။ ဆီးရီးယားနိုင်ငံမြို့တော်ဒမတ်စကတ်တွင် မေလ ၁၂ ရက်နေ့က အစိုးရတပ်နှင့် သူပုန်များအကြားတိုက်ပွဲများ ပြင်းထန်လျက်ရှိရာအစိုးရတပ်ဖွဲ့များကအသာစီးရရှိနေကြောင်းနှင့်သူပုန်များအား တစ်အိမ်တက်ဆင်းလိုက်လံရှာဖွေလျက်ရှိကြောင်းသတင်းရရှိသည်။

**ကျော်စိန်** Ref;World News

# လေ့ကျင့်ပြီးရင်းလေ့ကျင့်နေတဲ့ အမေရိကန်နဲ့တောင်ကိုရီးယား




အရှေ့မြောက်အာရှကိုရီးယားကျွန်းဆွယ်အတွင်း အမေရိကန်ပြည်ထောင်စုနဲ့ တောင်ကိုရီးယားတို့ ကြီးကျယ်သော အနာဂတ်စစ်ဆင်ရေးတစ်ရပ်ကို မျှော်မှန်းကာ ဖောင်းလ်အီးဂဲလ် (Foal Eagle)ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ဧပြီလ တစ်လလုံးပြုလုပ်ခဲ့ပါတယ်။ ဒီစစ်ရေးလေ့ကျင့်မှုကြောင့် မြောက်ကိုရီးယားနဲ့ ထိပ်တိုက်ရင်ဆိုင်ရမှုတွေ မြင့်မားခဲ့ပြီး ဒေသတွင်းတင်းမာမှုအရှိန်တက်ခဲ့ရပါတယ်။ Foal Eagle ပူးတွဲစစ်ရေးလေ့ကျင့်မှုဟာ မေလ ၁ ရက်မှာ အပြီးသတ်ခဲ့ပေမဲ့၊ မေလ ၁၂ ရက်မှာ ရေကြောင်းဆိုင်ရာ ပူးတွဲစစ်ရေးလေ့ကျင့်မှု (Maritime drills)တစ်ရပ်ကို ပြုလုပ်မယ်လို့ တောင်ကိုရီးယားယွန်ဟပ်သတင်းတစ်ရပ်အရသိရပါတယ်။

အမေရိကန်နဲ့ တောင်ကိုရီးယားတို့ အခုပြုလုပ်မယ့် ရေကြောင်းဆိုင်ရာပူးတွဲစစ်ရေးလေ့ကျင့်မှုအတွက် အမေရိကန်ပြည်ထောင်စုရဲ့ ယူအက်စ်အမ်နီးမစ်ဇ်အမျိုးအစား တန်ချိန် ၁၀၀၀၀၀ ခန့်ရှိ နျူကလီးယားစွမ်းအင်သုံးလေယာဉ်တင်သင်္ဘောကြီးဟာ မနက်ဖြန် မေလ ၁၁ ရက်မှာ တောင်ကိုရီးယား ပူဆန်ဆိပ်ကမ်းကို ရောက်ရှိမယ်လို့ သိရပါတယ်။ ပူးတွဲစစ်ရေးလေ့ကျင့်မှုဟာ ၅ ရက်ခန့်ကြာမယ်ဖြစ်ပြီး မေလ ၁၃ ရက်ကစပြီး ပင်လယ်ဝါမှာ ပြုလုပ်မယ်လို့ သိရပါတယ်။

မြောက်ကိုရီးယားကတော့ ဒါဟာ မြောက်ကိုရီးယားကို ခြိမ်းခြောက်တာဖြစ်လို့ "သူတို့ရဲ့ ရေပြင်ပိုင်နက်ကို ပြင်းပြင်းထန်ထန်ခုခံကာကွယ်သွားမယ်" (Mercilessly Avenge)သို့ ပြောကြားသွားပါတယ်။ အခုပူးတွဲစစ်ရေးလေ့ကျင့်မှုရည်ရွယ်ချက်ဟာ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးအတွက် လေ့ကျင့်တာဖြစ်တယ်လို့ တောင်ကိုရီးယားနဲ့ အမေရိကန်တို့ကဆိုပါတယ်။

ဒီအတွင်း တောင်ကိုရီးယားသမ္မတ မစ္စပါ့ခ်ဂွန်ဟဲဟာ အမေရိကန်ပြည်ထောင်စုကိုရောက်ရှိကာ အမေရိကန်ကွန်ဂရက်မှာ မိန့်ခွန်းပြောကြားရာမှာ အမေရိကန်နဲ့ တောင်ကိုရီးယားဟာ မြောက်ကိုရီးယားရဲ့ ခြိမ်းခြောက်မှုများကို ရင်ဆိုင်ကျော်လွှားသွားမယ်လို့ ဆိုသွား တာကြောင့် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးဟာမှုန်ဝါးနေဆဲပဲဖြစ်နေပါလေဦးမယ်။



**ကျော်စိန်**
Ref;Yonhap

The HOT NEWS
Vol - 3, No - 140, 17 - 23 May, 2013



# ကမ္ဘာတစ်လွှား အံ့ဖွယ်ထူးခြား ပြတိုက်များ











ကမ္ဘာတစ်လွှားရှိ ပြတိုက်တိုင်းလိုလိုပင် စိတ်ဝင်စားဖွယ်ရာအကြောင်းအရာများ၊ ရှားပါးသောယဉ်ကျေးမှုအမွေအနှစ်များ အံ့ဩဖွယ်ရာ တင်ဆက်ပြသပုံများထူးခြားလှပသောအနုပညာပစ္စည်းများအပြင် တန်ဖိုးမဖြတ်နိုင်သော ဗဟုသုတများပြည့်နှက်လျက်ရှိသည်။ အချို့သောပြတိုက်များသည် ပြတိုက်တွင် ပြသထားသောအကြောင်းအရာများသာမကပြတိုက်အဆောက်အအုံကပင် ထူးခြားလှပသောအနုပညာလက်ရာတစ်ခုဖြစ်နေတတ်သည်။

ကမ္ဘာတစ်လွှားရှိပြတိုက်များမှ အံ့ဩဖွယ်ရာထူးခြားလှပဆုံးပြတိုက်(၉) ခုကို ဆင်ဟွာသတင်းဌာနက Nine Marvellous art Museums in world ဟူ၍ ရွေးချယ်ထားသည်များထဲမှတစ်ချို့ကို စာဖတ်ပရိသတ်များ အတွက်တင်ပြလိုက်ရသည်။ HN-NI

# တိုင်တန်းနစ်၂ တည်ဆောက်သူ ဒိုင်နိုဆောဥယျာဉ် တည်ဆောက်ပြန်

ကြမ္မာဆိုးနှင့်ရင်ဆိုင်ခဲ့ရသော တိုင်တန်းနစ်သင်္ဘော၏ ပုံတူအား တည်ဆောက်နေသည့်ဩစတြေးလျသတ္တုတွင်းသူဌေးကြီးကလစ်ပါမားသည် ၎င်း၏ နောက်ဆုံးစိတ်ကူးဖြစ်သည့် အလွန်ကြီးမားသော စက်ရုပ်ဒိုင်နိုဆောဥယျာဉ်တည်ဆောက်မည့် အစီအစဉ်ကို ထုတ်ဖော်ပြောကြားလိုက်သည်။

တိုင်တန်းနစ် ၂ သင်္ဘောအား ရွက်လွှင့်နိုင်ရန် ဂုဏ်ယူဝံ့ကြွားစွာတည်ဆောက်နေသည့် ပါးမားက ၎င်းသည် သက်ရှိဒိုင်နိုဆောအရွယ်အစားရှိ ဒိုင်နိုဆောစက်ရုပ် ၁၀၀ ကျော်အား ၎င်း၏ မြောက်ပိုင်းဩစတြေးလျ အပမ်းဖြေကမ်းခြေအတွက် တရုတ်နိုင်ငံမှ မှာယူထားကြောင်း ပြောကြားလိုက်သည်။



ထိုအပမ်းဖြေစခန်းတည်ဆောက်ပြီးစီးသွားပါက လှုပ်ရှားနိုင်သော ဒိုင်နိုဆော ၁၆၅ ကောင်ပါ ကမ္ဘာ့ဒိုင်နိုဆောပြတိုက်ကြီးဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားပြီး ပါမားသည်လက်ရှိတွင် ဂျက်ဖ်ဟုအမည်ပေးထားသော တီ-ရက်စ်ရုပ်အပါအဝင် သမိုင်းမတီမီခေတ်က သတ္တဝါနှစ်ကောင်၏ အရုပ်များအား ပိုင်ဆိုင်ထားကာ ဆန်းရှိုင်းကမ်းခြေရှိ ၎င်း၏ ပါမားကူလွန်အပမ်းဖြေကမ်းခြေ၌ ပြသထားသော်လည်း အများပြည်သူအား ကြည့်ရှုခွင့်မပြုသေးကြောင်း မော်ကြွားလျက်ရှိသည်။ ဒိုင်နိုဆောရုပ်များသည် ဇူလိုင်လကုန်တွင် ရောက်ရှိလိမ့်မည်ဟု မျှော်လင့်ရပြီး အချို့မှာ အမြင့်(၇)မီတာ၊ အလေးချိန် (၁၂၀၀)ကီလိုဂရမ်ကျော်လေးကာ အမြီးလှုပ်ခြင်း၊ ရင်ဘတ်လှုပ်ခြင်းနှင့် မျက်စေ့မှိတ်ခြင်းတို့ ပြုလုပ်နိုင်ကြမည်ဖြစ်သည်။

ထိုကဲ့သို့ တိုင်တန်းနစ် ၂ တည်ဆောက်ခြင်း၊ ဒိုင်နိုဆောဥယျာဉ်တည်ဆောက်ခြင်းလုပ်ငန်းများလုပ်ဆောင်နေခြင်းမှာ ၎င်းရှာဖွေထားသောငွေကြေးများအား ၎င်းမကွယ်လွန်မီ အသုံးပြုသွားလို၍ဖြစ်ကြောင်း သူဌေးပါးမားက ဆက်လက်ပြောကြားလိုက်သည်။ ဥက္ကာအောင်

# မက္ကဆီကို ပင်လယ်ကွေ့တွင် ရတနာသေတ္တာပျက်ကို ရှာဖွေတွေ့



ပင်လယ်ရေအောက်ရှာဖွေရေးသမားများသည် လွန်ခဲ့သောနှစ်ပေါင်း ၄၀၀ နီးပါးကနစ်မြုပ်ခဲ့သည်ဟု ယူဆရသော သင်္ဘောတစ်စီးကို ရှာဖွေတွေ့ရှိခဲ့သည်။

မက္ကဆီကိုပင်လယ်ကွေ့ရှိ တစ်မိုင်၏လေးပုံတစ်ပုံရေအနက်ရှိ ပင်လယ်ကြမ်းပြင်တွင် ထိုသင်္ဘောအားတွေ့ရှိခဲ့ရခြင်းဖြစ်ပြီး ၁၆၂၂ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်က ဟာရီကိန်းမုန်တိုင်းကြောင့် နစ်မြုပ်ခဲ့သည့် သင်္ဘော ၈ စင်းအနက်မှ ရိုစာရီယိုသင်္ဘောဖြစ်သည်ဟု ယုံကြည်ရသည်။ ထိုသင်္ဘော ၈ စင်းမှာ သင်္ဘောစင်းရေ ၂၈ စင်းရှိသော စပိန်သင်္ဘောအုပ်စုမှဖြစ်သည်။

ထိုသင်္ဘောပျက်အား တွေ့ရှိရမှုတွင် စိတ်ဝင်စားစရာအကောင်းဆုံးအချက်မှာ ရတနာပစ္စည်း ၁၇၀၀၀ ကျော်ပါရှိနေခြင်းပင်ဖြစ်သည်။ ၎င်းရတနာများအနက် ရွှေချောင်း ၃၉ ချောင်း၊ လက်ဝတ်ရတနာများ၊ အဖိုးတန်ကျောက်မျက်များ၊ ငွေဒင်္ဂါးများ နှင့် ကြယ်တာရာများကို အသုံးပြုရသည့် ရေကြောင်းလမ်းညွှန်ကိရိယာတစ်ခုပင်ပါဝင်နေသေးသည်။ ထိုသင်္ဘော၌ ကြက်တူရွေးများကိုလည်း မွေးမြူထားခဲ့ဟန်တူသည်။ ၎င်းရိုးများကို သင်္ဘောပေါ်၌ တွေ့ရှိရပြီး ထိုကဲ့သို့ ကြက်တူရွေးအရိုးများကို သင်္ဘောပေါ်တွင် တွေ့ရှိရခြင်းသည်ပထမဦးဆုံးအကြိမ်ဖြစ်သည်။

ထိုသင်္ဘောနှင့်ရတနာပစ္စည်းများကို ကာလကြာမြင့်စွာပျောက်ဆုံးနေသော ရေအောက်ပစ္စည်းများကို ရှာဖွေသည့်အိုဒက်ဆီအဏ္ဏဝါရှာဖွေရေးကုမ္ပဏီက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယခုရှာဖွေတွေ့ရှိမှုမှာ ၎င်း၏ လက်ထက်တွင် အဓိကရှာဖွေတွေ့ရှိမှုဖြစ်ကြောင်း အိုဒက်ဆီက ဥက္ကဋ္ဌဖြစ်သူ ဂရက်စတင်းမ်က ပြောကြားလိုက်သည်။

ထိုရိုစာရီယိုသင်္ဘောနှင့် အခြားသောသင်္ဘော ၈ စင်းတို့အား ဆုံးရှုံးလိုက်ရမှုက စပိန်အင်ပါယာကျဆုံးမှုအတွက် တစ်စိတ်တစ်ဒေသအထောက်အကူပြုနေသည်ဟုလည်း ယူဆရသည်။ သင်္ဘောမှတွေ့ရှိရသော ပစ္စည်းများအား အိုဒက်ဆီ၏ဌာနချုပ်ဖြစ်သည့် ဖလော်ရီဒါပြည်နယ် တမ်ပါမြို့တွင် ပြသထားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။ ဥက္ကာအောင်



# အချစ်အတွက် မိမိကိုယ်မိမိ မီးရှို့သူ

အင်ဒိုနီးရှားနိုင်ငံမှ အသက် (၃၀)အရွယ်ရှိ ကုန်တင်ကားသယ်ယူပို့ဆောင်ရေးအလုပ်သမား မို ချန်မတ်ဇီခရာသည် ဂျာကာတာ မြို့ရှိ ၎င်း၏ရုံးခန်း၌ မိမိကိုယ်မိမိမီးရှို့ခဲ့ပြီး အခြားအိမ်ထောင်ရှင် အမျိုးသမီးတစ်ဦးကိုလည်း မီးတွင်းထဲသို့ဆွဲသွင်းရန် ကြိုးပမ်းခဲ့သည်။

ဇီခရာသည် မိမိကိုယ်မိမိဓာတ်ဆီလောင်း၍ မီးရှို့ခဲ့ပြီး ၎င်းစိတ်ဝင်စားနေခဲ့သည်ဟု ယူဆရသည့်အသက် ၂၆ နှစ်အရွယ်ရှိ စန်တီဒီယိုစာကာဂူမေလာအားမီးတွင်းသို့ဆွဲယူရန်ကြိုးပမ်းခဲ့သည်ဟုအခြား လုပ်ဖော်ကိုင်ဘက်အမျိုးသမီးတစ်ဦးကဝင်ရောက်၍ဂူမေလာအား ဝေးရာသို့ဆွဲယူသွားနိုင်ခဲ့သည်။

အမျိုးသမီးနှစ်ဦးလုံးမှာဇီခရာ၏ဆုတ်ကိုင်ထားမှုမှရုန်း ထွက်နိုင်ခဲ့ကြပြီးရုံးခန်းပြင်ပသို့ထွက်ပြေးနိုင်ခဲ့ကြသော်လည်း မီးလောင်ဒဏ်ရာများအသီးသီးရရှိ သွားကြောင်းရဲတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူ ရီကွမ်တိုကပြောကြားလိုက်သည်။ ၎င်းအမျိုးသမီးနှစ်ဦးအား ဆေးရုံသို့ပို့ဆောင်ပေးခဲ့ ရပြီး ဇီခရာမှာမူ သေဆုံးသွားခဲ့ သည်။ ထိုကိစ္စမှာချစ်မှုရေးရာနှင့်ပတ်သက်လိမ့်မည်ဟု ရဲတပ်ဖွဲ့ကယူဆသော်လည်း အသေးစိတ်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမပြုပေ။ ဂျာကာတာအရှေ့ပိုင်းရှိ ခရိုင်ခွဲရဲစုံထောက်အကြီးအကဲ အန်တောင်းကဇီခရာသည် စန်တီနှင့်ချစ်ကြိုက်နေသည်မှာ (၂)နှစ်ခန့်ရှိနေခဲ့ပြီး စန်တီက လက်ထပ်သွားကာ ဇီခရာအားငြင်းပယ်ခဲ့ကြောင်း ပြောကြား လိုက်သည်။ ဥက္ကာအောင်

# ခွေးနှင့် မြွေပါကတိုးကောင် မှားဝယ်ခဲ့သူ





အာဂျင်တီးနားနိုင်ငံ၊ ကာတာ မာကာမြို့မှ အငြိမ်းစားတစ်ဦး သည် ဗျူနိုအေးရီးစ်မြို့ရှိ အာဂျင် တီးနားနိုင်ငံ၏ အကြီးမားဆုံး ဈေးဖြစ်သည့် လာဆာလာဒါလေဟာပြင်ဈေးမှ'တွိုင်းပိုဒလာ' အမျိုးအစားခွေးနှစ်ကောင်အားဝယ်ယူ၍နေအိမ်သို့ ပြန်လည်သယ်ဆောင်လာခဲ့ပြီး တိရစ္ဆာန် ကုဆရာဝန်အားပြကြည့်ရာ၊ ၎င်းတို့မှာခွေးများမဟုတ်ဘဲ မြွေပါ ကတိုးကောင်များဖြစ်ကြောင်းသိရှိခဲ့ရသည်။

တိရစ္ဆာန်ကုဆရာဝန်ကထိုမြွေပါကတိုးကောင်များအားမွေးစကပင် အကောင်ကြီးထွားစေရန်အတွက်ဟိုမုန်းများတိုက်ကျွေးထားပြီး ပိုဒလာခွေးနှင့်တူအောင်ပြုပြင်မှုအနည်းငယ်ပြုလုပ်ထားကြောင်းရှင်းပြခဲ့သည်ဟုဒေးလီးမေးလ်သတင်းစာတွင်ဖော်ပြလိုက်သည်။ အငြိမ်းစားကထိုမြွေပါကတိုးကောင်များအား တစ်ကောင်လျှင် ဒေါ်လာ ၁၅၀ ဖြင့်ဝယ်ယူလာခဲ့ခြင်းဖြစ်သည်။

ဒေးလီးမေးလ်သတင်းစာကမြွေပါကတိုးကောင်များနှင့် ပိုဒလာခွေးများ၏ကွာခြားမှုကိုလည်းဖော်ပြပေးထားသည်။ မြွေပါကတိုးကောင်များသည် အညိုရောင်၊ အဖြူရောင်၊ အကြားရောင်များရှိပြီး ၁၃ စင်တီမီတာရှည်လျားသောအမြီးအပါအဝင် အလျား ၅၁ စင်တီမီတာပတ်ဝန်းကျင်ရှိကြသည်။ ၎င်းတို့၏ကိုယ်အလေးချိန်မှာ ၃ ပေါင် ခန့်လေးပြီး အသက် ၇ နှစ်မှ ၁၀ နှစ်အထိအသက်ရှင်နေထိုင်နိုင် ကြသည်။

တွိုင်းပိုဒလာခွေးများမှာ၎င်းတို့၏အသိဉာဏ်ကြောင့်ကျော်ကြားပြီး ၂၅ စင်တီမီတာ ခန့်ရှည်လျားကာအလေးချိန် ၉ ပေါင်ခန့်လေးသည်။ နှစ်ပေါင်း ၂၀ အထိ အသက်ရှင်နေထိုင်နိုင် ကြပြီး လူတို့နှင့်ပူးပူးကပ်ကပ်နေလိုကြကြောင်းဒေးလီးမေးလ် သတင်းစာတွင်ဖော်ပြထားသည်။ ဥက္ကာအောင်

# အကူအညီပေးမရရင် ရတဲ့နည်းနဲ့ ပြည်သူကို အကူအညီပေးမှာပဲဟု ဦးသိန်းညွန့်ဆို

စာ ၂၅ သို့




❝ အစိုးရနဲ့ဒေသခံပြည်သူများ မကြာမီ ရောက်လာတော့မယ့် မဟာစင် ဆိုင်ကလုန်းမုန်တိုင်းကို အန်တုဖို့ အစီအမံတွေပြုလုပ်နေချိန်မှာပဲ…

မေ ၁၄ ရက် ညနေ ၉ နာရီခွဲ တိုင်းတာတွက်ချက်မှုအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ် ပိုင်းမှာဖြစ်ပေါ်နေသောဆိုင်ကလုန်းမုန်တိုင်းသည် စစ်တွေမြို့အနောက်ဘက်မိုင် ၄၉၀၊ ကျောက်ဖြူမြို့အနောက် တောင်ဘက်မိုင် ၅၀၀ အကွာတွင်ဗဟိုပြုနေ၊ အမြင့်ဆုံးလေတိုက်နှုန်း မိုင်၆၀၊ စစ်ကိုင်းတိုင်းဒေသကြီး… လက်ရှိအခြေအနေ လိမ္မော်ရောင်၊ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းနှင့် ဘင်္ဂလားဒေ့ရှ်ကမ်းခြေဒေသကို ဦးတည် နေပါတယ်… ❞

စာ ၂၃ သို့

## ဒီမိုကရေစီနိုင်ငံအများစုတွင် အစိုးရပိုင်မီဒီယာမရှိဟုဆို

စာ ၄ သို့

## ဘုရားပူးလုပ်ငန်းများကို ချုပ်ကိုင်ထားခြင်းမရှိ ဥပဒေနဲ့ ညီညွတ်ပါကခွင့်ပြုပေးမည်

စာ ၄ သို့

## ဒီ/မိတ်ဆယ်ပါတီ၏ တင်ပြချက် လွှတ်တော်တင်မည်ဟူသော ဦးတင်အေး၏ပြောစကား ဖွဲ့စည်းပုံပါကော်မရှင်၏ လုပ်ပိုင်ခွင့်၌ ပါ/မပါ အဓိပ္ပာယ်ဖွင့်ရန်လို

စာ ၂၂ သို့

## ၂၀၁၅ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဖုန်းသိပ်သည်းဆ ၅၀ရာခိုင်နှုန်းထိရှိလာမည်

စာ ၄ သို့




## မြေယာလျော်ကြေးကိစ္စ ဘယ်တော့ပြီးမှာလဲ




## ပဋိပက္ခသတင်းများရေးသားရာတွင်သတိထား ရေးသင့်ကြောင်း ပြန်ကြားရေးဒုဝန်ကြီးဆို




## ပဋိပက္ခများဖြစ်ပေါ်နေခြင်းသည် ဒီမိုကရေစီအရေးကို အနှောင့်အယှက်ဖြစ်စေနိုင်

